# ဂုဏ်တော်နဝရတ်နှင့် သူမြတ်ကျင့်စဉ်

အရှင်သုသောဘ

နန္ဒာစာအုပ် အမှတ် -၈

နန္ဒာ စာပေ

တိုက် ၃၇၀၊ အခန်း ၁၁၊

အနောက် ရန်ကင်း၊

ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

ပထမအကြိမ်

[ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၁၀၀၈၇)]


အုပ်ရေ .... ၂၀၀၀
ထုတ်ဝေနှစ် .... စက်တင်ဘာလ၊ ၁၉၇၇
မျက်နှာဖုံးပန်းချီ .... မောင်ငွေထွန်း
ဘလောက် .... သောင်းလှ
အဖုံးရိုက် .... ဇွဲ
စာအုပ်ချုပ် .... အေးမိသားစု

ထုတ်ဝေသူ ဒေါ်တင်တင်ရွှေ-ကုဿလာစာပေ(၀၁၇၈၀)
အမှတ် ၁၉၅၊ ၇ လမ်း၊ ၄-ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ခင်စီ၊ မေတ္တာမိုး ပုံနှိပ်တိုက်(၀၁၄၈၀)
အမှတ် ၂၂၊ဓမ္မဝိဟာရလမ်း၊ကျောက်မြောင်း၊
ရန်ကုန်မြို့။

ဖြန့်ချိရေး နန္ဒာ စာပေတိုက် ၃၇၀၊ အခန်း ၁၁၊
အနောက် ရန်ကင်း [ရန်ကင်း စာတိုက်]
ရန်ကုန်မြို့။

တန်ဖိုး ၁၈–ကျပ်

# ဂုဏ်တော်ပုဝရွတ်နှင့်သူမြတ်ကျင့်စဉ်

# ဘရှင်သုသုက


တည်းဖြတ်သူ

ဓမ္မာစရိယ ဦးခင်မောင်လင်း ဓမ္မာစရိယ ဦးစိန်ခို

## နန္ဒာစာပေ / ထုတ်ဝေပြီးစာအုပ်များ

ချစ်ကိုယ်တွေ့ ....ရှုမဝ စာတည်းအဖွဲ့

လမင်းငယ်ငယ်အပြုံးရှင် ....သိန်းသန်းထွန်း

အင်္ဂလိပ်သူလျှို ....ရွှေစကြာ

မဟာမြိုင်အုန်းပေါက် ....ဇော်ဇော်အောင်

သောကပင်လယ်ကို
အချစ်တံတားနှင့်ဖြတ်မည် ....မောင်အောင်မွန်

လေနှင်တိမ်နှင့်လွမ်းပွင့်အိမ် ....တင့်ဇော်

နေကလဲမြင့်မြင့် အချစ်ကလဲရင့်ရင့်....မောင်အောင်မွန်

ဂုဏ်တော်နဝရတ်နှင့်သူမြတ်ကျင့်စဉ်....အရှင် သု သု က

# ကိုးကားသောကျမ်းရင်းများ

## ဘာသာရေးဆိုင်ရာ ကျမ်းများ

၁။ ဓမ္မပဒ အဋ္ဌကထာ။
၂။ ထေရဂါထာ အဋ္ဌကထာ။
၃။ ထေရီဂါထာ အဋ္ဌကထာ။
၄။ အပဒါန် ပါဠိ။
၅။ ဝိမာန ဝတ္ထုပါဠိ။
၆။ စူဠပန္ထကဂါထာ(သန်လျင်တောရ)
၇။ ဝိသုဒ္ဓိမဂ် မြန်မာပြန်များ(ဘုရားသုံးဆူ ဆရာတော်)
၈။ ပဏ္ဍိတဝေဒနိယဒီပနီကျမ်း(သစ်ချတောင် ဆရာတော်)
၉။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း(လယ်တီ ဆရာတော်ဘုရားကြီး)
၁၀။ ။ ။ (ပထမ မဟာဂန္ဓာရုံဆရာတော်)
၁၁။ ရတနာ့ဂုဏ်ရည် (မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ အမရပူရ)
၁၂။ မင်းဘူး ဦးဩဘာသနှင့် ဆရာတော်ကြီးများ စီစဉ် အပ်သော ဂုဏ်တော်ဖွင့်ပေါင်းချုပ် (ဟံသာဝတီမှ)
၁၃။ ဘာဝနာ တံခွန်ကျမ်း (ဦးကေတုမာလာ)
၁၄။ ဗုဒ္ဓဂုဏပကာသနီ (ဦးဟေဇာနန္တ)
၁၅။ သုဂတော မဂ္ဂဒီပနီကျမ်း (အရှင်အာဒိစ္စ ရံသီ)

## ပုတီးစိပ်နည်းကျမ်းများ။

၁၆။ ဂုဏ်တော်ပုတီးစိပ်နည်း(အနောက်ပရက္ကမ ဆရာတော်)
၁၇။ ဂုဏ်တော်ကိုးပါး ပုတီးစိပ် စေတီတည်နည်း– အကျဉ်းချုပ်။

၁၈။ ဘုရားရှိခိုး အမျိုးမျိုးနှင့် ဂုဏ်တော်
ကိုးပါး ကိုးဌာနပွားနည်း။
၁၉။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်း(ဆဋ္ဌမြောက်-
မုံရွေးဆရာတော်)
၂၀။ ပါရမီရှင် သာသနာပြု ပုဂ္ဂိုလ်ကျော် (ဆေးဝက်ဘာ
ဦးသုရိယ)
၂၁။ ဂုဏ်တော် ကွန်ချာကြီးနှင့် သရဏဂုံ
ကွန်ချာကြီး (သီရိ မင်္ဂလာပရိတ်တော်အဖွဲ့)
၂၂။ လက်တွေ့ကျင့်စဉ်ကျမ်း(သာသနာ့တပ်ဦး ရသေ့ထူး)
၂၃။ ရတနာသိဒ္ဓိအန္တရာယ်ကင်း ပရိတ်တော် (ဦးဘတင်)
၂၄။ သုတေသန ရုပ်ပြ အဘိဓာန် (အရှင်-
ဩဘာသာဘိဝံသ)
၂၅။ ဂတိ ဝိသုဒ္ဓိ ကျင့်စဉ် တရား (မိုးညှင်း--
ဆရာတော်ကြီး)
၂၆။ အရိယာ လက်စွဲစာတမ်း

<u>လူမှုရေး ကျမ်းများ</u>

၂၇။ ကလျာဏီကျောက်စာ (ကျိုက္ကဆံ ဦးအာစရ)
၂၈။ တရား ရှစ်ကွက် စက်လက္ခဏာ ပြချက်
လင်္ကာကြီး (ရှင်မဟာရဋ္ဌသာရ)
၂၉။ ပါရမီတော် ခန်းပျို့ (ရှင်မဟာ သီလဝံသ)
၃၀။ ဓာတ်တော်ဘုရား ရှိခိုး (ရေလဲ-ဦးပဏ္ဍိ)
၃၁။ ရတနာ့ အလင်းရောင် (ကျိုက္ကဆံဆရာတော်)
၃၂။ အလင်္ကာရ နိဿျသစ်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆန္ဒမှန် | ၉-၁၀ |
| ၂။ | စာရေးသူ၏ ဥယျောဇဉ် | ၁၁ |
| ၃။ | ကန်တော့ပန်း | ၁၅ |
| | (က) အောင်ခြင်းမင်္ဂလာ | ၁၆ |
| | (ခ) ဂုဏ်တော်ယန္တံ | ၁၇ |
| ၄။ | ဘုရား၊တရား၊သံဃာ ဟူသောအသံများ | ၁၉ |
| ၅။ | ခြောက်သွယ်အဆင်း ရောင်ခြည်ဝင်း | ၂၄ |
| | (က) မြတ်စွာဘုရား၏ကိုယ်တော်ရောင် ၇-ပါး | ၂၀ |
| | (ခ) ရောင်ခြည်တော်ဖွင့် | ၃၁ |
| | (ဂ) ညိုသောရောင်ခြည်တော် | ၃၂ |
| | (ဃ) ရွှေသောရောင်ခြည်တော် | ၃၃ |
| | (င) ဖြူသော ရောင်ခြည်တော် | ၃၄ |
| | (စ) မောင်းသောရောင်ခြည်တော် | ၃၅ |
| | (ဆ) တခဲနက်သော ရောင်ခြည်တော် | ၃၅ |
| ၆။ | ဗုဒ္ဓဂုဏ်ရောင် | ၃၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (က) ကောင်းကင်တခုလုံးရောင်ခြည်ဖုံး | ၄၉ |
| ၇။ | ဘုရားဆိုတာဘာလဲ | ၅၃ |
| ၈။ | အချိန်ကောင်း အချိန်မြတ် | ၆၁ |
| ၉။ | ပထမဦးစွာ ပြင်ဆင်မှုများ | ၆၄ |
| ၁၀။ | ဘေးရန်ကင်းကွာ စည်းချဂါထာ | ၆၉ |
| ၁၁။ | အနန္တငါးပါး တို့အားထား | ၇၈ |
| | (က) အာဇီဝဋ္ဌမကသီလ | ၈၁ |
| | (ခ) ဂါရဝ တရားကိုင်နည်း | ၈၅ |
| | (ဂ) မလျော့မတင်း | ၈၉ |
| | (ဃ) စကားသစ္စာ | ၉၀ |
| | (င) သီလ ကံနှစ်ပါး | ၉၃ |
| | (စ) သစ္စာ၏အောင်ပွဲ | ၉၇ |
| ၁၂။ | ပထမဦးစွာ သိထားစရာ | ၉၈ |
| | (က) ရွတ်ဘတ်သရဇ္ဈာယ်ပုံ အသံအနေအထားများ | ၁၀၀ |
| ၁၃။ | ပုတီးသမားနှင့် အာရုံလေးပါး | ၁၀၅ |
| ၁၄။ | ဂုဏ်တော်ကိုးပါး ပွားများအားထုတ် ပုတီးစိပ်က ရရှိနိုင်သောအကျိုးကျေးဇူးများ | ၁၀၇ |
| ၁၅။ | ဂုဏ်တော်ကိုးပါး ဟိတ်နှင့် အောင်သိဒ္ဓိတန်ခိုး | ၁၀၉ |
| ၁၆။ | ရတနာသုံးပါးဂုဏ်ကျေးဇူး | ၁၁၉ |
| ၁၇။ | အရဟံ ဂုဏ်ဟိတ် | ၁၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အရဟံဂုဏ်၊ ပွားများတုန်၊ ကုန်လုံကြွယ်ဝ၊ ပေါ်မနေ။ | ၁၂၀ |
| | (က) အရဟံ သုံးမျိုး အာရုဏ်သုံးပါး ပုတီးစိပ် | ၁၃၁ |
| ၁၉။ | အခက်အခဲဟူသည် အောင်မြင်စရာ | ၁၃၃ |
| | (က) အရဟံလေးပါး ပွားများ အားထုတ်နည်း | ၁၃၅ |
| ၂၀။ | ဘုရားကိုတမ်းတ၍ ရွတ်ဆိုသောဂါထာ | ၁၃၀ |
| ၂၁။ | ရတနာသိဒ္ဓိအန္တရာယ်ကင်း ပုတီးစိပ် | ၁၃၉ |
| ၂၂။ | အကွယ်အကာ ပုတီးစိပ် | ၁၄၀ |
| ၂၃။ | သောကကင်းဝေး ပုတီးစိပ်နည်း | ၁၄၁ |
| ၂၄။ | မနောမယိဒ္ဓိ ဂုဏ်တော်ပုတီးစိပ် | ၁၄၁ |
| ၂၅။ | ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း (တရားရှစ်နဝင်း)ပုတီးစိပ်နည်း | ၁၄၂ |
| | (က) ဘုရားဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပါယ်အကျဉ်း- | ၁၅၀ |
| ၂၆။ | ဆင်းရဲခြင်းကင်း၍ လုံခြုံမှုကို ပေးစေတတ်သော ဂုဏ်တော် | ၁၅၃ |
| ၂၇။ | ဂုဏ်တော် ပွားများ အားထုတ်သည့် အတွက် မင်္ဂဖြစ်ပုံ | ၁၅၆ |
| ၂၈။ | ဦးအောင်၏ ပုတီးစိပ်နည်းများ | ၁၅၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (က) ဦးအောင်၏ ပုတီးစိပ် နည်းလမ်းညွှန် | ၁၆၁ |
| ၂၉။ | ပုတီးဖြင့် စေတီတည်နည်း | ၁၆၃ |
| ၃၀။ | နေ့အလိုက်ဂုဏ်တော် ပဒေသာ သုံးနည်းများ | ၁၆၈ |
| ၃၁။ | ဘုရားဂုဏ်တော် ရှိခိုးဆုတောင်းနည်း | ၁၇၂ |
| | (က) တရားဂုဏ်တော် ရှိခိုး ဆုတောင်းနည်း | ၁၇၅ |
| | (ခ) သံဃာ့ဂုဏ်တော်ကိုးပါး ရှိခိုး ဆုတောင်းနည်း | ၁၇၈ |
| | (ဂ) ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပါယ်အကျဉ်း | ၁၈၃ |
| | (ဃ) တရားဂုဏ်တော်၆-ပါး ရှိခိုး ဆုတောင်း အကျဉ်း | ၁၈၄ |
| | (င) သံဃာ့ ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပါယ် အကျဉ်း | ၁၈၆ |
| ၃၂။ | ကိုးဌာန ဂုဏ်တော် ပုတီးစိပ် | ၁၈၈ |
| ၃၃။ | ဂုဏ်တော်များကို ပွားများအားထုတ် ရသောအကျိုး | ၁၉၂ |
| ၃၄။ | မဟာ ရတနာ ဂုဏ်တော် | ၁၉၃ |
| ၃၅။ | ဣတိပိသော တပုဒ်လုံး အသုံး ချနည်း လက်ာကြီး | ၂၀၂ |
| ၃၆။ | သေရွှာပြန် တဦး၏ မှတ်တမ်း | ၂၀၉ |
| ၃၇။ | ဂုဏ်တော် ကွန်ချာကြီးများ | ၂၂၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | (က) ကွန်ချာကြီး တရားရှစ်နဝင်းကိုက် ပုတီးစိပ် | ၂၂၉ |
|---|---|---|
| | (ခ) အရဟံဂုဏ်တော် ကိုးပါးကွန်ချာကြီး | ၂၃၅ |
| ၃၈။ | သရဏဂုံတည်ကျိုး အကျိုးရှစ်မည် | ၂၄၁ |
| | (က) သရဏဂုံ ကွန်ချာကြီး | ၂၄၄ |
| | (ခ) သရဏဂုံ သုံးဆယ်ပါ၌ | ၂၅၀ |
| | (ဂ) သရဏဂုံ အကျိုး | ၂၅၅ |
| ၃၉။ | စုံပွင့်၊ စုံပေါက် ဂုဏ်တော် ပုတီးစိပ်ကြီး | ၂၅၈ |
| ၄၀။ | စုံပွင့် စုံပေါက် ပဋ္ဌာန်းဒေသနာတော်ကြီးနှင့် နဝရတ်ဂုဏ်တော် ရွတ်ဖတ် ပုတီးစိပ်ရသော အကျိုး | ၂၇၉ |
| ၄၁။ | ပဋ္ဌာန်း ၂၄ ပစ္စည်း အဓိပ္ပါယ်အကျဉ်း | ၂၈၇ |
| ၄၂။ | ခရောင်းတော့မှသည်မင်္ဂလမ်းသို့ | ၂၉၁ |
| ၄၃။ | ဘွဲ့တော် ရှစ်ပါး ဂုဏ်တော်ပုတီးစိပ်ကြီး | ၃၀၉ |
| | (က) သရဏဂုံသုံးပါး၌ သစ္စာပြု ဆုတောင်းခြင်း | ၃၂၂ |
| | (ခ) ဘုရား၌ သစ္စာပြု ဆုတောင်းခြင်း | ၃၂၄ |
| | (ဂ) တရား ။ ။ | ၃၂၅ |
| | (ဃ) သံဃာ ။ ။ | ၃၂၅ |
| | (င) ငါးပါးသီလတော်မြတ်၌ သစ္စာပြု ဆုတောင်း | ၃၄၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (စ) အသာဓါရဏ ဂုဏ်တော်၌ သစ္စာပြု ဆုတောင်း | ၃၂၇ |
| | (ဆ) သဗ္ဗညုတ ဉာဏ်တော်၌ သစ္စာပြု ဆုတောင်း | ၃၂၇ |
| | (ဇ) ရောင်ခြည်တော်၌သစ္စာပြု ဆုတောင်း | ၃၂၈ |
| | (ဈ) လေးပါးသော ပစ္စည်းတော်၌ သစ္စာပြုဆုတောင်း | ၃၂၉ |
| | (ည) ရူပကာယ ကိုယ်တော်မြတ်၌ သစ္စာပြု ဆုတောင်း | ၃၂၉ |
| | (ဋ) သမာပတ် ဝင်စားခြင်း၌ သစ္စာပြု ဆုတောင်း | ၃၃၀ |
| ၄၄။ | တရားရှစ်ကွက် စက်လက္ခဏာပြချက် | ၃၃၁ |
| ၄၅။ | လက္ခဏာတော်ကြီး ၃၂-ပါး ဘုရားရှိခိုး | ၃၃၂ |
| ၄၆။ | လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး | ၃၄၂ |
| ၄၇။ | အာဝေဏိက ဂုဏ်တော် | ၃၅၁ |
| | (က) အာဝေဏိက ဂုဏ်တော်၏ စွမ်းပကား | ၃၅၇ |
| ၄၈။ | ဂုဏ်တော်ဟိတ်နှင့် အောင်သိဒ္ဓိတန်ခိုး | ၄၅၈ |
| ၄၉။ | ဘုရားဂုဏ်တော် ကိုးပါးပါဠိ | ၃၈၁ |
| ၅၀။ | တရားဂုဏ်တော် ခြောက်ပါးပါဠိ | ၄၂၄ |
| ၅၁။ | သံဃာ့ဂုဏ်တော် ကိုးပါးပါဠိ | ၄၃၆ |

# ဆန္ဒမွန်

- စိတ်အကြံ ပေါက်ကြပါစေ။
- အဓိဋ္ဌာန် မြောက်ကြပါစေ။
- ဗိမာန် ပေါက်ကြပါစေ။
- နိဗ္ဗာန် ရောက်ကြပါစေ။

# ဆန္ဒမွန်

— စိတ်အကြံ ပေါက်ကြပါစေ။

— အမိဌာန် ပြောက်ကြပါစေ။

— ဗိမာန် ပေါက်ကြပါစေ။

— နိဗ္ဗာန် ရောက်ကြပါစေ။

# စာရေးသူ၏ ဥပယျောဇဉ်

''လူ့ဘဝ ဟူသည် တိုတောင်းစွတကား

ထို့ကြောင့် ရှေးသူတော်စင်တို့က လူ့ဘဝကို ရေပွက်ပမာ ကဲ့သို့လည်းကောင်း၊ တံလျှပ်ကဲ့သို့ လည်းကောင်း၊ ခိုင်းနှိုင်း တင်စားကြသည်။ အမှန်စင်စစ်လည်း လူ့ဘဝဟူသည် ခဏ ကလေး ဘဝပါတကား။ ဤခဏကလေးသာ ကြာသော ဘဝ၌ကျွန်ုပ်တို့သည် လူဖြစ် လာရသည်။

လူ့ဘဝကိုလည်း ရခဲဘိခြင်းဟု သူတော်စင် သူတော် မြတ်များက ဟောပြောဖွင့်ဆိုကြသည်။

လူ့ဘဝဟူသည် ရတောင့် ရခဲပါကလား၊ ဤသို့ရတောင့် ရခဲလူ့ဖြစ်လာရသော ဘဝကို အချီးအနှီး မဖြစ်စကောင်း၊ အလ ဟဿမဖြစ်စကောင်း၊ အချိန်ကုန်၍ အကျိုးမဲ့မဖြစ်စကောင်း။

အချိန်တို့သည် တရွေ့ရွေ့ကျွမ်းလောင်၍ကုန်ကြသည်။

ရက်တို့သည် တရက်ပြီး တရက် ခရီးဆက်ကြသည်။နှစ်တို့သည် တနှစ်ပြီး တနှစ် တဖြုတ် ဖြုတ်ကုန်လွန်ခဲ့ကြပေပြီ။

ကျွန်ုပ်တို့ရှေ့တွင် ကြွေလွင့်၍ သေကြေကြကုန်သော ချစ် မိတ်ဆွေတို့သည် လည်းကောင်း၊ ကျွန်ုပ်တို့၏ နောက်တွင် ညီ အကိုမောင်နှမများသည်လည်းကောင်း၊တယောက်ပြီး တယောက်

ကြွေလွင့်ကြ လေကုန်ပြီ၊ သူတို့သည် ရှည်လျားသော သံသရာဝဋ်လမ်းရှောက် ကြရဦးမည်၊ သူတို့နှင့် ဘယ်တော့ ပြန်တွေ့ကြရဦးမည်မသိ။

“အချိန်တွေ အလကား မကုန်စေရာ”ဟု ဆရာကြီးဦးပြုံးချိုက တေးဘုမ္မာတွင် ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့နှင့်ငယ်စဉ်တောင်ကျေး ကလေး ဘဝကပင် ကျွမ်းဝင် ရင်းနှီး၍ အစဉ်အမြဲအမြတ်ထားခဲ့သော ရတနာမြတ် သုံးပါးကို ဤနေရာ၌ အမွှမ်းတင်ပြလိုပါသည်။

ကျွန်ုပ်တို့၏ ဘဝသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးဖြင့် မွှမ်းထုံ၍ နေပါသည်။ ရတနာမြတ်သုံးပါး၏ ဂုဏ်ထူး ဝိသေသလက္ခဏာ များဖြင့် ရောင်ပြန် ဟပ်၍ မတောင့်မတ၊မကြောင့်မကျရသော ဘဝများစွာ ကိုလည်း ရရှိခဲ့ပါသည်။ ဤရတနာမြတ် သုံးပါး၏ ဂုဏ်ကျေးဇူးများ ကြောင့်လည်း အန္တရာယ်အသွယ်သွယ်မှလွန်မြောက် ခဲ့ပေါင်းလည်း များပေပြီ၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားဟူသောရတနာ၊ တရားဟူသောရတနာ၊ သံဃာဟူသော ရတနာမြတ်သုံးပါးမှလွဲ၍ မှီခိုအားထား စရာမရှိပါ။

ဤသို့ ကျွန်ုပ်တို့၏ဘဝကို လူဖြစ်လာသည်၏ အစမှသည် သံသရာသို့ တိုင်အောင် တန်ဆောင် ဆီမီး ထိန်ထိန်ညီးသည့် ပမာအလင်းရောင်ကို ပေးတော်မူသော ကျေးဇူးရှင် အနန္တဂိုဏ်းဝင်ကြီးများအား ဦးခိုက်ပါ၏။ ပျတ်ဝပ် ကျိုးနွံစွာရှိခိုးပါ၏။

ရတနာမြတ် သုံးပါးသည်သာ ကိုးကွယ်ရာ ရတနာ သုံးပါးသည်သာ မှီခိုရာဖြစ်သည်၊ ထိုရတနာ မြတ်သုံးပါးကား ဘုရားတည်းဟူသော ရတနာ၊ တရားတည်းဟူသော ရတနာ၊ သံဃာတည်းဟူသော ရတနာပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ငယ်စဉ်တောင်ကျေး ကလေးဘဝမှ သည် သေလွန်သည်အထိ—

မရဏကာလံ-ဗုဒ္ဓံသရဏံ ဂစ္ဆာမိ

။ ။ -ဓမ္မံ ။ ။

။ ။ -သံဃံ ။ ။

တည်းဟူသော သရဏဂုဏ် မြတ်သုံးပါးကို ဝပ်တွားရှိခိုး လေးမြတ်မှုကို တယုတယ ပြုသည်။

အဘယ်ကြောင့် ရတနာမြတ်သုံးပါးကို အလေးအမြတ် ပြုရသနည်း။

— ရတနာမြတ် သုံးပါးဆိုတာ ဘာလဲ။

— ရတနာမြတ် သုံးပါး၏ ဂုဏ်ထူးဝိသေသ များကဘာလဲ။

စသည်ဖြင့် ရတနာမြတ် သုံးပါးနှင့် ပတ်သက်သော မေးခွန်းများကို မေးလျှင် "ရတနာမြတ် သုံးပါးဆိုတာ ဘုရား၊ တရား၊ သံဃာပဲ၊ ဒါဆန်းလို့လား"ဟု ဖြေမည်၊ - ဤသည်မှာ သာမန် အဖြေ၊ ဝတ်ကြေ တန်းကြေ အဖြေသာဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့၏ အလေးအနက် ထား၍ ကိုးကွယ် ဆည်းကပ်ခဲ့သော ရတနာမြတ် သုံးပါးကား အဘယ်မျှ နက်နဲ သည်၊ အဘယ်မျှသိမ်မွေ့သည် ဆိုသည်ကိုကား သိရှိနားလည်သူ နည်းပါသည်။ ထို့ကြောင့် ဤစာအုပ်ငယ်၌ ဘုရားဆိုသည်၏ သွင်ပြင်လက္ခဏာနှင့် ဂုဏ်ထူးဝိသေသများ၊ တရားတော်၏နက်နဲ သိမ်မွေ့မှုများ၊ အရိယာ သံဃာတော်များ၏ ဖြူစင်မွန်မြတ်သော အကျင့် သီလများ စသည်တို့ကို အံ့မခန်းတွေ့ရှိရမည်ဖြစ်ပါသည်။

ဤစာအုပ်ငယ်တွင် ရှေးသူတော်စင် သူတော်မြတ်များ ကျင့်ကြံအားထုတ်သော ရတနာမြတ်သုံးပါးကို အမျိုးမျိုး ခွဲခြမ်းစိပ်ဖြာ၍ ပြသ ထားပါသည်။

ရှေး သူတော်စင်တို့ ရတနာမြတ်သုံးပါးကို ကြည်ညိုလေးစားပုံ တို့အား စနစ်တကျ တင်ပြထားပါသည်။

ထို့အပြင်-

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ မြတ်များကို သာဓကဆောင် လူငယ်များ သိရှိနားလည် သဘော ပေါက်စေရန် အတတ်နိုင်ဆုံးရှင်းလင်းတင်ပြထားပါသည်။ ရတနာမြတ်သုံးပါး၏ ဟိတ်များကိုလည်း အသေးစိပ် ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ရတနာမြတ် သုံးပါး၏ဂုဏ်ထူးဝိသေသများသည် ရောင်ပြန်ဟပ်၍ ဤစာအုပ်ဘတ်သူအား အကျိုးထူးကို ပေးမည် ဖြစ်ပါသည်။

ဤအကျိုးထူးတရားတို့သည် စာဘတ်သူ ဓမ္မမိတ်ဆွေ၏ အသဲနှလုံးနှင့်တကွ ရိုးတွင်း ချဉ်ဆီသို့တိုင်အောင် ပြန့်နှံ့၍သွားမည်သာဖြစ်ပါသည်။

ထို့ကြောင့် ဤတိုတောင်းလှသော လူ့ဘဝ၌ အချိန်တွေ အလကား မကုန်စေပဲ ''ဂုဏ်တော် နဝရတ်နှင့် သူမြတ်ကျင့်စဉ်'' ကို ကျင့်ကြံအားထုတ်၍ အကျိုးထူး အကျိုးမြတ်များကိုခံစား၊ စံစား နိုင်ကြပါစေ ဟု ဆုမွန်ကောင်းတောင်းလိုက်ရ ပါသတည်း။

အရှင်သုသုက

# ကန်တော့ပန်း

နမောတေ သဗ္ဗဒဿာဝိ၊
နမောတေ ကရုဏာကရ၊
နမောတေ တိဏ္ဏ သံသာရ၊
နမောတေ အမတံ ဒဒ။

* တရား အလုံးစုံကို အကုန်အစင် သိတော်မူသော ဘုရားရှင်အား ဦးညွှတ်ပါ၏။
* ကရုဏာစေတ် သမာပါတ်ဖြင့် မပြတ် လွှမ်းခြုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ဦးညွှတ်ပါ၏။
* သံသာရာဝဋ်မှ လွှဲထွက် လွတ်မြောက်တော်မူသော၊ ဘုရားရှင်အား ဦးညွှတ်ပါ၏။
* "နိဗ္ဗာန်" တရားလမ်းကို ညွှန်ကြားပြသ ဆုံးမတော်မူ၍ သတ္တဝါတို့အား ကယ်တင်တော်မူသော ဘုရားရှင်အား ဦးညွှတ်ပါ၏။

# အောင်ခြင်း မင်္ဂလာ

မာရာရိ ဗလ ဝိဿဋ္ဌာ၊
ကုဉ္ဇာ နာနာဝိဓါ ယုဓါ။
လဇ္ဇမာနာ ညဝေသေန၊
ဇိန ပါဒါနိတာ၊ တဝ။

=အို မြတ်စွာ ဘုရား။

မာရာရိ ဗလ ပိဿဋ္ဌာ =မာရ်နတ်၊ မာရ်နတ်မင်း၏ စစ်သည် ဗိုလ်ပါအပေါင်းတို့သည် ပစ်လွှတ် အပ်ကုန်သော။

နာနာဝိဓာ =အထူးထူး အပြားပြား များစွာ ကုန်သော။

အာယုဓာ =လက်နက် တို့သည်။

ကုဉ္ဇာ =အစွမ်းသတ္တိ မရှိကြကုန်သည် ဖြစ်၍။

လဇ္ဇမာနာ =ရှက်စနိုးကြကုန်လျက်။

အညဝေသေန =လက်နက်အသွင်မှတပါးအခြားသော ပန်းပေါက်ပေါက်အသွင်ဖြင့်။

တဝ =အရှင်မြတ် ဘုရား၏၊

ပါဒါနိတာ =ခြေတော်ရင်း၌ ဝပ်စင်း ကျရောက် ကုန်၏။

# ဂုဏ်တော်ယန္တ

* ပဒုမံ ယထာ ကောကနုဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လံ မဝီတဂန္ဓံ။

* အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။ ။

ပါတော၊နေအရုဏ် တက်နံက် အခါကာလ၌၊ ဖုလ္လံ၊အမှုံ ရင့်၍ ပွင့်ခြင်းသို့ ရောက်သော၊ ကောကနုဒံ၊ စက္ကဝက်တို့၏၊ နှစ်သက် ရင့်ရှူး ကွန့်မြူး မြည်ကြွေးခြင်းကို ဖြစ်စေတတ်သော ကြောင့်၊ ကောကနုဒအမည်ရှိသော၊ ပဒုမံ၊ ထိန်ဝေနီမြန်း၊ ပဒုမ္မာ ရွှေကြာပန်းသည်၊ သုဂန္ဓံ၊ မွှေးပျံ့ကြိုင်လှောင်း၊ ကောင်းသော ယန္တရှိသည်၊ သိယာယထာ၊ ဖြစ်သကဲ့သို့၊ ပါတော၊ ကဆုန်လပြည့်နေ့နံက် အာရုံတက် ခါနီးကာလ၌၊ ဖုလ္လံ၊သစ္စာလေးဆင့် မဂ်ခြည်သင့်၍ ပွင့်တော်မူသော၊ သုဂန္ဓံ၊ ကိုယ်တော် ယန္တ၊ ဂုဏ်တော်နံ့တို့ဖြင့် သင်းပျံ့ ကြိုင်လှောင်း၊ ကောင်းမြတ်တင့်တယ် နှစ်သက် ဘွယ်သောယန္တ ရှိတော်မူ

ထသော၊အဝိဓာတဂန္ဓံ၊မပြတ်ထုံသင်း၊မကင်းသောကိုယ်တော်ယနံ့၊ ဂုဏ်တော် ယနံ့လည်း ရှိတော်မူထသော–

အင်္ဂီရသံ၊တဆယ့်ရှစ်ထောင် အမြင့်ဆောင်သည့် ရွှေရောင်ပြက်ပြက် တခဲနက်သော ကိုယ်တော် အလုံးမှ တဖိတ်ဖိတ်တလက်လက် ထွက်ဓောာ်မူသော ရောင်ခြည်တော်အယာဉ်လည်း ရှိတော်မူထသော–

အန္တလိက္ခေ၊ အဇဋ္ဌာပြင် မိုးကောင်းကင်၌၊ တပန္တံ၊ ထွန်းလင်းတောက်ပသော၊ အာဒိစ္စမိဝ၊ နေမင်းကိုယ်ကဲ့သို၊ တပန္တံ၊ ထွန်းလင်း တောက်ပတော်မူသည်ဖြစ်၍၊ဝိရောစမာနံ၊ တင့်တယ်တော် မူလှသော၊ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို၊ ပဿ၊ ဉာဏ် စက္ခုဖြင့်“သတိပို”၍ ကြည့်ရှု ပါလော့။ အဟံ၊ ဘုရား တပြည့်တော်သည်၊ ပဿာမိ “ဉာဏ်သတိ”ဖြင့် ကြည့်ရှုသွတ်နူး၊ ဖူးမြှော် ပါ၏ အရှင်ဘုရား။

(စူဠပန္တကဂါထာ)



# ဘုရား တရား သံဃာ
# ဟူသောအသံများ

ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော၊
အတိ ဒုလ္လဘာ တရော၊
ကာကထာ ဗုဒ္ဓဘာဝေါ။

ဘုရား-ဘုရား ဟူသော အသံကိုမျှ အလွန်တရာ ကြားရခဲ ပေသည်။ အဘယ် သာဓကကို ဆောင်၍ သိရအံ့နည်း ဆိုသော်–

ဟိုရှေးယခင်က ကုက္ကုဋဝတီ ပြည်ကြီးရှင် ဘုရင်မဟာ ကပ္ပိနမင်းကြီးအမှူးရှိသော၊ ဗိုလ်ပါမှူးမတ်ပရိသတ်တထောင် တို့သည် လူ့ဘောင် လောက၌ ကောင်းသော သတင်းစကား

များကြားရအောင်၊ထိုမှ ဤမှ၊ မြင်းစီးပြီး လှည့်လည် စုံစမ်း မေးမြန်း ကြလေရာ သာဝတ္ထိပြည်မှ ကုန်ရောင်းခြင်း ငှာလာ ကြသော ငါးရာသောကုန်သည်တို့ စခန်းချ၍ မြို့အပ၌တွေ့ကြို သဖြင့်၊ စုံစမ်းကြရာ၊ ၎င်းကုန်သည် ငါးရာတို့က အခြားဟာ ကိုတော့ ကျွန်ုပ်တို့ မသိကြပါ“ဘုရားပွင့်လာခြင်း၊တရားတော် ပေါ်လာခြင်း၊ သံဃာတော်မြတ် ထွန်းကား လာခြင်းများ ကိုယ်တိုင်ဒိဋ္ဌ သိရပါကြောင်း” ပြောသည်ကို ကြားရသော မင်းကြီးမှာ ငါးဖြာသော ပီတိ ကိုယ်အလုံး၌ လွှမ်းဖုံးတွေ့ ထိသဖြင့်–

သတိကင်းချို့ ဝမ်းသာလုံးဆို့သောကြောင့် ထပ်လို့ချည်း သုံးခါမေးမြန်းသဖြင့် မှတ်မိရာတွင် ငါးရာကုန်သောကုန်သည် များအား သတင်းကောင်း ကြားရပေသည်ဟု ကျေးဇူးဆပ် သဘောဖြင့် ငွေအပြာသုံးသိန်း ပေးသနား တော်မူပြီးလျှင် ကုန်သည် ငါးရာတို့ကိုပင် အနော်ဇာမိဘုရားကြီးအားနန်းထီး ပါမကျန် အလုံးစုံ လွှဲပုံအပ်နှံသော သဝဏ်စာ ရေးသား၍ ဘုရားထံ မင်းကြီးသွားပေါ့လို့ ပြောလေတော့ဟု စေခိုင်း မှာထားပြီးလျှင် စီးမြဲတိုင်း သိန္ဓဝတို့ကို ခတ်သုတ်သုတ်ကြီး ပြင်လျက် ချိန်သမယ မရပ်မဆိုင်းပဲ မတ်သဇိုင်းရွှေရွှေအရံနှင့် ရေမြေ အတန်တန် ခရီးယူဇနာ နှစ်ရာ သီခေါင်ကွာသည့် ပြည်အောင်ချာ ဘဂဝါ အထွဋ်ရှိပေသော သာဝတ္ထိ ဇေတဝန် ကျောင်းသို့ နေ့ဝင်မစောင်းခင် အဆောတလျင်ရောက်အောင် လို တောတခွင် တလျှောက် အကြမ်းစီးကာ အကျော်တွင်–

စောဘုရင် တယောက်မှာ ဝမ်းနည်းစရာ မလျော်တာက လမ်းခရီးမှာနော် သိတာ ကန့်လန့်ဖြင့် သိတာ အတန့်တန့် တွေ့လျက်ကြုံသောအခါ "ပရမေ ဓမ္မ စက်ဂုဏ်" ငါယုံလို့ထွက် ခဲ့တာကဘဲ ဇလာယမုန်အနက် အတင်းလာကူးသောအခါ—

ရတနာဂုဏ် အထွက် အခြင်းအရာထူးပုံက သဒ္ဓါ အာရုံ သက်လို့ မြင်းခွာ မလူးပေဘူး တင်းမာအထူး မြစ်သုံးတန်ပ ချစ်ဘုန်းလျှံက ခြောက်ရောင်ပန်းပြီး အရောက် ညောင်စခန်း မှာ ကြိုကာ နေနှင့်တာနှင့် ဗိုလ်ပါခတွေ အနားကပ် ဖူးကြရော့ တရားမြတ်အထူး ဇောသဒ္ဓါသန့်လို့မို့ သောတာပန်အမှန် ဖြစ်ပါရော—

ကျန်ရစ်ခဲ့တဲ့ မိဘုရား အနော်ဇာ ဒေဝီတို့ကိုလဲ ကုန်သည် များ ပြောပြစေသည်နှင့် သောကပွေလီ မြတ်ဘုရား အခေါင် ဖူးမြော်ချင်လွန်းလို့ သနပ်ခါး အရောင်နှင့် မူးပျော်လို့ မရှင်နိုင်ကြပဲ အမှူးခေါ် ဘုရင်သော်မှ တရားယုံကြည် မယား စုံအညီ ဘမရာစမုတ် ကြာကနက်ကို ဘုရားဂုဏ်ရည်ပြီး ဒွါဆုတ်ခါ ထွက်သေးတာပဲ ဘာ လုပ်စရာအတွက် ငါတို့မက် လို့ ပျော်မွေ့မှာလဲ ခွါစို့ထွက်စို့နော်....၊ ယခု ဘုရားမှာ ဆုံမည်ဟု ငါးရာကုန်သည်တို့အားလဲ စကားကျန်ကာမကြွင်း စေဘဲ၊ ဘုရား၊ သံဃာ သတင်း ပို့သလာပေသည်ဟု တို့က အသပြာငွေ မင်းကြီးထက်သုံးဆကဲပြီးလျှင်—လုံး၀ မနည်း တသန်း နှစ်သိန်း ဆုလာဘ်အသပြာနှင်းပြီးတော့ လူ့ရပ်ရွာ သတင်းအကျော်မှာ တင်္ကာရိပ နှုဖတ်ဝါဝင်း လျော်ရာ အာခြ ညီလို့မို့၊ အနော်ဇာ ဒေဝီ မတ်မယား အခြံအရံနှင့်

ထပ်မနား တဖန် အညီ အ ညာ လိုက် ပြန် တော့ မြတ် ရ ထား အတန်တန် နုဒိအခါ အဆိုက်မှာ ဝပ်တွား အရဟံ မနသိမှာ ဟိုက်သောကြောင့် မဟိ ပထဗျာ၌ မောင်းလျှက် စီးရတာလို ပုံတောင်းစက် ဘီးမမြှုပ်မပါ အဟုတ်မငြိ မစွန်းပဲ "ဗုဒ္ဓါနုဿတိ" ကမ္မဌာန်း ဆင်ခြင် ကူးခတ်တာနှင့် ရှင်ဘုရင်မူးမတ် တို့လို ကမ်းပေါ်တက်ပြီးလျှင် လှမ်းမျှော်လျှက် ကြည့်ကြငြား သော်လည်း ဇိန ဘုရားက ဘေးမရှိ စိတ်မပူရသည့် ဟေဟိဘိက္ခု ခေါ်ကာ ချွတ်တာနဲ့ မလျော်ရာ အဝတ် မလှမ်းမခြုံ ရတဲ့ရဟန်းဘုံ ဘဝရောက်နေတာ အရင်သိသွားခဲ့လျှင် မရှင် မချိန့်၍ သော က များ ပြီး ဟောပြတရား နှလုံး မပိုက်ကြမှဖြင့် အဆုံးအမြိုက် ဖလ မတွေ့ မရောက်မည်ကြောင့် ရှေ့မှောက်တွင် တန်ခိုးနှင့် ဖျောက်ကာ ကွယ်ထားသဖြင့် အညှိုးနှင့် ရောက် လာ တဲ့ မိဘုရားတွေက မမြင်ရတဲ့၍ အရင်စကာ ဘယ်သို့မေးသလဲဆို–

"မြတ်စွာဘုရား၊ မဟာကပ္ပိန္န မင်းကြီးမလာဘူးလား ဘုရား့ အရှင်ဘုရား ရည်မှန်းပြီး ထီးနန်းတော်နှင့် တကွ တပြည့်တော်မ ပစ်ထားခဲ့ပြီး ထွက်ခွာ သွားပါတယ် ဘယ်မှာလဲ ဘုရား့ မဟာ ကပ္ပိန္န တပြည့်တော်မ တွေ့ချင်လှချင်ရဲ့" ဘုရားလို့ လျှောက်ကြားသောအခါ–

ဘုရားမြတ်စွာက ဤနေရာမှာ သာ ထိုင်ကြပါအုန်း ခဏနေပြီးတွေ့ရလိမ့်မယ်ဟု မိန့်တော်မူလိုက်လျှင် သူတို့လင်တွေ့ရလိမ့်မည်ဆိုတာနဲ့ ထိုနေရာတွင်ပင်ဝမ်းသာအားရထိုင်ကြလေရာ–

ဒေသနာ အမြိုက် တိုက်ကျွေးတော်မူလိုက်သဖြင့် ကျွတ်ထိုက်သည့် ပါရမီ လုံလောက်စွာရှိကြသည်ကြောင့် အနော်ဇာ ဒေဝီနှင့် တကွတထောင်သော မိန်းမတို့သည် သောတာပန် တည်ကြလေသတည်း။

ကပ္ပိန္နရာဇာ၊ တထောင်သောအမတ်တို့မှာလည်း ကိလေသာကုန်ခမ်း၍ ရဟန်းကိစ္စ ဤတခါမှ ပြီးဆုံးကြသဖြင့် နှစ်ဘက်စလုံး စိတ်ချရသောအခါ တန်ခိုးကို မထားပဲ ဘုရားကန် ပြလိုက်ရာတွင် ရဟန္တာက တထောင် ယောကျ်ားသောတာပန်များကလဲ ထို့အတူ အရိယာအမြတ် ပြောင်းပြီး ဇာတ်ပေါင်း လိုက်ကြလေသတည်း။

ဤသို့ဖေါ်ပြ၊ "ကပ္ပိန္နအနော်ဇာ" မူးမတ်အပေါင်း ညီစွာတို့သည် ဘုရား၊ တရား၊ သံဃာ သုံးပါးသောရတနာ လောကမှာ ဖြစ်ပေါ်လာပြီဟု၊ သတင်းစကား ပြောကြားသူတို့အား တသန်း နှစ်သိန်းသော၊ ငွေဓနတို့ဖြင့် ဆုလာဘ်တော် ချဘူးသည်ကို လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ၊ ရှိရာဌာနသို့၊ ကာလမနား၊ကာမ ဂုဏ်ပစ် ထားခဲ့ပြီး၊ကြားရာကသွားသည်ကို လည်းကောင်း၊ သွားရာအရပ်မှာ၊ "ဘုရား တရား၊ သံဃာဂုဏ်" ယုံကြည်လေးမြတ်၍ ကိုးကွယ်ရာ မှတ်ပါလျှင်ငါးဖြာရန်မျိုး လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတရားတိုးပွားနိုင်သည်၏အဖြစ်ကို လည်းကောင်း အကြောင်းစေ့ငု၊ ဆင်ခြင်ကာ နှိုင်းရှုလျှက် ဂုဏ်တော်ကို အာရုံပြုပြီး ရွတ်ကြပါကုန်လော့-။

× × ×

# ခြောက်သွယ် အဆင်း
# ရောင်ခြည်ဝင်း

၁။ မနသာ ကာသိ ဘဂဝါ၊ ပဌာနဥ္စ သရေ ယဒါ၊
သရီရာသတ္တု နိက္ခန္တာ၊ ဆဗ္ဗဏ္ဏာရံ သယောတုလာ။

၂။ အာဘာ လောကေ နာနာဝိဓာ၊ နိက္ခန္တာပိ သ
ကာသယာ၊
အဋ္ဌံသု တာ နိလီယိတွာ၊ နိပ္ပဘာဝ အနုဇ္ဇလာ။

၃။ သတ္တုကာယာ ပကာသန္တာ၊ နီ လာ ပီ တာ စ
လောဟိတာ၊ ဩဒါတ ကာစ မဉ္ဇိဋ္ဌာ၊ ဆဗ္ဗဏ္ဏိမာ
ပဘာသရာ။

၄။ ပက္ခန္ဒိံ သုံ ဒိသံဒိသံ၊ တာဟိသုဘံ သိရိန္ဒရံ၊ အင်္ဂီ
ရသံ မိတံ ဇိနံ၊ တီဟိ ဝန္ဒာမိ သာဒရံ။

၁။ ဘ ဂ ဝါ–ဣ သာ ရိ ယ၊ စ သည့် ခြောက် ဖော်
ရှေ့ဘုန်းတော်သခင်ဘုရားရှင်သည်၊ ယဒါယသို့၊ အကြင်
ပိဋကတ်သုံးပါးမြတ်တရားတို့ကို ဆင်ခြင်နှလုံးသွင်းတော်မူရာ

စတုတ္ထသတ္တဟာ၌၊ ဿရေ၊ ရတနာခုနှစ်သွယ်၊ ဆန်းတကြယ်လျှင်၊ စီခြယ်လက်ဝေ၊ ကြက်သရေ ထင်ပေါ် ရတနာဃရ စံအိမ်တော်၌၊ ပဋ္ဌာန၌၊ လွန်ကြယ်နက်ဝှမ်း၊ နည်းစုံဆန်းသည့်၊ ပဋ္ဌာန်းကျမ်းကြီးကိုလည်း၊ မနသာ ကာသိ၊ စိတ်တော်ကြည်လင်၊ ဉာဏ်သဗ္ဗညုဖြင့်၊ ဆင်ခြင်နှလုံးသွင်းတော်မူလေပြီ၊ တဒါကသို့၊ ထိုသို့ ကြီးကျယ်နက်ဝှမ်း နည်းစုံဆန်းသည့်၊ ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းဆင်ခြင်ဉာဏ်သဗ္ဗညုဖြင့် ကြည်လင်စွာနှလုံး သွင်းတော်မူသည်ရှိသော်၊ သတ္တု၊ သုံးလူ ဦးကိုင်မြတ်ဘုန်းလိုင်၏။ သရီရာ၊ သွေးသားကြည်လင် ရောင်တော်လင်၍ သန့်စင်လေသော်၊ ရွှေကိုယ်တော်မှ၊ အတုလာ၊ မယှဉ်ဆပ်နိုင် ပြိုင်ဆိုင်ကင်းဘိ၊ အတုမရှိကုန်သော၊ ဆဗ္ဗဏ္ဏရံသယော၊ ခြောက် သွယ် အဆင်း၊ ရောင် စုံကျင်း လျှက်၊ လင်း လင်း တောက်ကြယ် ခြောက်သွယ်သော ရောင်ခြည်တော် တို့သည်၊ နိက္ခန္တာ၊ ဆယ်မျက်နှာလျှင်၊ ဝန်းကျင်ပတ်ကုန်း ရောင်တော်ဘုန်းဖြင့် မဆုံးအံ့ဘွယ် စံပယ်လွန့်ထူး ကွန့်မြူးတွက်ကြွတော်မူလေကုန်ပြီ။

၂။ လောကေ၊ ကာမ ရူပ အရူပ ဟု သုံးဖြာ သတ်မှတ် လောကဓါတ်၌၊ သကာသယာ၊ နေလနှစ်ဖြာ ကြယ်များစွာနှင့် တာရာ နက္ခတ်၊ ထက်နတ်မကျန်၊ ရောင်စုံလျှံသည့် ဝိမာန်ပဒေသာ ဥယျာဉ်သာလျှင် တန်ဆာမကြွင်း ဗြဟ္မာမင်းစသော မိမိတို့၏ တည်နေရာအရပ်မှ၊ နိက္ခန္တာ၊ တထိန်ထိန် တပြောင်ပြောင် တရှိန်ရှိန် အရောင်ဖြင့် တောက်လောင်ဘနန်း၊ ကမ္ဘာကြီး တခုလုံးကို အုပ်လွှမ်း၍ အံ့မခန်းတက်

သောက်၊ လျှမ်းတက် မှောင်ထွေ ကွာအောင်၊ ရောင်ဝေဆာ ထွက်ပေါ်၍ နေကြကုန်သော၊ နာနာဝိဓ၊ အဆန်းဆန်း အဖုံဖုံ အံ့ဩ၍ မကုန်အောင် ရောင်မျိုးစုံ ကွန့်မြူး အထူးထူး အထွေထွေ များပြားလှပေကုန်သော၊ ယာအာဘာဝိ၊ နေ ရောင် လရောင် ကြယ်ရောင်၊ နက္ခတ် တာရာ အရောင် နတ်ဘုံဗိမာန် ပဒေသာပင်တို့၏ အရောင်ရှန်းပြောင် လက်ဝေ၊ ကြက်သရေနှင့် သိန်းကုဋေသချေ စကြာဝဠာကို ကိုယ်ရောင် ကိုယ်ဝါဖြင့်၊ မှောင်ကွာရှင်းအောင် ထွန်းလင်းတောက်ပစေ နိုင်သော မဟာဗြဟ္မာကြီးတို့၏ ကိုယ်ရောင် စသော အဆင်း အရောင်တို့သည်လည်း၊ သန္တိ၊ ရှိကားရှိပါပေကုန်၏။တထာဝိ၊ ထိုသို့ဂုဏ်ပေါ် ရှိကြကုန်သော်လည်း၊ တာအာဘာ၊ ထိုနေ ရောင်–လရောင် - မဟာဗြဟ္မာကြီးတို့၏ ကိုယ်ရောင် စသော အဆင်း အရောင်မျိုးစုံ တို့သည်၊ နိပ္ပ-ဘာဝ၊ မှောင်အတိခြုံ သဖြင့် အရောင်မရှိကုန်သကဲ့သို့၊ အနုဇ္ဇလာ၊ ရောင်ရှိန်လင်း ရောင်ထွန်းမပြောင်နိုင်ကြတော့ပဲ၊ နိလီယိတွာ၊ ရှင်တော်မြတ် ဘုရားကြီး၏ ကြီးမားသော ဂုဏ်ရောင်ကို ဖယ်ရှောင်ပုန်းလျှိုး ကြကုန်သည်ဖြစ်၍၊ အဌသု၊ ရောင်ဟုန်ကင်းကွာ၊ သက်သာ မရ တည်ကြရကုန်ပြီ။

၃။ သတ္တုကြာယာ၊ သုံးလူ့ဦးကိုင် မြတ်ဘုန်းလှိုင်၏ ကြိုင်နံ့ရွှေလှော် မြတ်ကိုယ်တော်မှ၊ နိက္ခန္တာ၊ ရောင်စုံ လျှမ်း လျှမ်း အံ့မခန်းအောင် ထူးဆန်းတက်သက် ထိန်ထိန်လက်၍ ထွက်ကြွတော်မူကုန်သော၊ နီလာစ၊ထိန်ထိန်ရှောင် ယှက်သန်း လွန်တင့်ဆန်းသည့် ညိုသောအဆင်း ရှိကုန်သော၊ ညိုသော...

ရောင်ခြည်တော် ပန်းကိုလည်း ကောင်း၊ ပီတာစ၊ ရွှေပုဆိုး အရောင်ကဲ့သို့၊ ပြောင်ပြောင်ယှက်သန်း၊ လွန်တင့်ဆန်းသည့် ဝါရွှေသော ရောင်ခြည်တော်ပန်းတို့လည်းကောင်း၊ လောဟိတာစ၊ ထိန်ပြောင်ယှက်သန်း လွန်တင့်ဆန်းသည့် နီမြန်းသော အဆင်း ရှိကုန်သော နီသော ရောင်ခြည်တော် ပန်းတို့ကိုလည်း ကောင်း။ သြဒါတကာစ၊ ပြောင်လင်းယှက်သန်း လွန်တင့်ဆန်းသည့် ဖြူလျှမ်းသော အဆင်း ရှိကုန်သော ဖြူသောရောင်ခြည်တော်တို့ကိုလည်းကောင်း။ မဉ္ဇိဋ္ဌာစ၊ ညိုမှိုင်းမှည့်မောင်း၊ လွန်တင့်ညောင်းသည့် မှည့်မောင်းသော ရောင်ခြည် ပန်းတို့လည်းကောင်း၊ ဣတိ၊ ဤသို့၊ ဆဗ္ဗဏ္ဏာ၊ ညိုရွှေနီ ထွေး၊ ညိုမောင်းသွေးနှင့်၊ ဖြူဖွေးပြိုးလက်၊ အရောင်တည်းဟူသော ခြောက်ပါးသော အဆင်း ရှိကုန်သော၊ ဣမာပဘာ၊ ပဋ္ဌာန်းတရားကျယ်နည်းများသည့် ကြီးမားသောဒေသနာရှိန်တေဇာကြောင့်၊ ထိန်ဝေဖြာ တင့်ဆန်း၊ ဤရောင်ခြည်တော် ပန်းတို့သည်၊ ပကာသန္တော၊ စွမ်းရည်ရှိသမျှ ဂုဏ်ဖေါ်ကြွေလျှက် သဒ္ဒါထက်၍အားတက်သရေတအံ့တသြနှင့်၊မနောကြည်လင် ဖူးမြင်ကော်ရော် နှုတ်ဖေါ်ဆက်ကြွ ထင်ရှား ပြကုန်သည် ဖြစ်၍၊ ဒိသံဒိသံ၊ အဆုံးမထင် လောကဓါတ်အပြင်၌ ဝန်းကျင် ပတ်ဝိုင်း ထိုသို့အရပ်မျက်နှာတိုင်းသို့၊ ပက္ခန္ဒိံသု၊ တင့်ကြွား လျှံကြွ မှန်တကယ်လျှင်၊ စံပါယ်လွန့်ထူး၊ ကွန့်မြူး ပျံ့သန်း တော်မူကြလေကုန်ပြီ။

၄။ တာဟိ အာဘာဟိ၊ ပဋ္ဌာန်း တရား ကြီးမားသော ဒေသနာရှိန် တေဇာကြောင့်ထိန်ဝေဖြာတင့်ဆန်းထိုရောင်ခြည်

ပန်းတို့ဖြင့်၊ သုဘာ၊ လက်ဖြစ်ခတ်တီးသံစုံညည်း၍ အုံ့ချီးရိုက်ချုန်း
သုံးတိုက်လုံး၌ မဆုံးအံ့ဘွယ် အလွန်တင့်တယ်တော်မူထသော၊
သိရိနန္ဒရုံ၊ မျှားဘုံဘင့်ညောင်း ကြက်သရေအပေါင်းကိုဆောင်
တော်မူထသော၊ အင်္ဂီ ရသံ၊ သိင်္ဂီ ရွှေလျှပ် ကိုယ်တော်မြတ်မှ
မပြတ်လျှံရှိန် ထိန်ထိန်ဖြိုးလက် ပြိုးပြိုးပြက်သော အရောင်
အဆင်း ရှိတော်မူသသော၊ အမိတံ၊ မနှိုင်းယှဉ်အပ် ကြီးမြတ်
သော ဂုဏ်တော် အနန္တနှင့်လည်း ပြည့်စုံတော်မူသသော၊ ဗိန်၊
ဒေဝပုတ္တ စသည့်မယွင်း မာန်ငါးစင်းကို ပယ်ရှင်း သုတ်သင်
သန့်ရှင်း စင်အောင် အောင်မြင်တော်မူတတ် ဂုဏ်သကတ်
ကြောင့်၊ ဇိန၊ မည်ငြား မြတ်ဘုရားကို၊ အဟံ၊ နှစ်ဖြာ နာမ်ရုပ်
သမုတ် ငါခေါ်တပြည့်တော်သည်၊ တိဟိ၊ သုံးဖြာ စေဘနာ၊
သုံးဖြာ ဒွါရ၊ ပဏာမ တို့ဖြင့်၊ သာဒရံ၊ အလွန် ရိုသေစွာ၊
ဝန္ဒာမိ၊ ဘယလာဘ၊ ကုလကြဉ်အေး၊ သံသရာဘေးမှ လွတ်
ရေးရည်မြှော်၊ ရောင်ခြည်တော်ကို ထုတ်ဖော်ချီးကြူး အထူး
မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

× × ×

## မြတ်စွာဘုရား၏
## ကိုယ်တော်ရောင် ၇ ပါး။

မြတ်စွာဘုရား၌ ကိုယ်တော်ရောင် ၇ ပါး ရှိပါသည်။ ယင်းကိုယ်တော် ရောင်များသည် သီရိဘုန်းတော်တွင် ပါဝင်ထင်ရှားသော ရောင်လျှံတော် များသာ ဖြစ်ပါသည်။

ထို့အပြင် မြတ်စွာဘုရား၌ များပြားလှစွာသောရောင်လျှံ တော်လည်း ရှိပေသေးသည်။

၁။ အင်္ဂီရသ ပဘာ =တန်ခိုးယမိုက်ပြာဋိဟာမပြုပဲရှိစဉ် ပကတိ သော ကိုယ်တော်အလုံးမှ အမြဲတစဉ်ပြိုးပြိုးပြက်ပြက် ထွက် နေ သော ရောင် ခြ ည် တော် ၆ သွယ်။

၂။ ဗျာမ ပဘာ =ပကတိ ကိုယ်တော်မြတ်မှ အမြဲ မပြတ် လေးတောင် ပတ်လည် အတွင်း၌ ဝန်းဝိုင်း ထွန်းလင်း တောက် ပ နေ သော အ တွင်း ရောင်ခြည်တော်။

၃။ အသိတိ ပဘာ =အတွင်းရောင်ခြည်တော်၏ အပြင် ဘက်မှ အတောင် ရှစ်ဆယ်အရပ် တိုင် အောင် ထက် ဝန်း ကျင် ၌ ဝန်းဝိုင်း ထွန်းပနေသော ရောင် ခြည်တော်။

၄။ ကေတုမာလာ ပဘာ=ရောင်လျှံတော် ဦးခေါင်းတော် အထက်မှ ထွက်ပ ထွန်းတောက် သော ရောင်ခြည်တော်။

၅။ ဥဏ္ဏာ ပဘာ =ဥဏ္ဏာလုံမွေရှင်တော်မှထွက်မြူးကွန့် ကြွသော ရောင်ခြည်တော်။

၆။ ဒါဌာ ပဘာ =နှုတ်တော်ဖွင့်ခိုက် စွယ်တော်မြတ် လေးဆူမှ ထွက်မြူးကြွမြန်းသော ရောင်ခြည်တော်။

၇။ အနန္တ ပဘာ =ရတနာဃရ တိုက်ခန်း၌ ပဋ္ဌာန်း ကျမ်းမြတ်ကို သုံးသပ် ဆင်ခြင် တော်မူသောအခါ တန်ခိုးပြာဋိ ဟာတို့ကို ပြသတော်မူသောအခါ စသည်တို့၌ အရပ် ဆယ်မျက်နှာ လုံး ပိတ်ဖုံး၍ထွက်ကြွသည့် အဆုံး မရှိသော ရောင်ခြည်တော် ၆-သွယ်။

## ရောင်ခြည် တော်ဖွင့်

အနန္တ ဂုဏ သမ္ပန္နံ၊
လောကနာထံ မုနိဿရံ။
ဆဗ္ဗဏ္ဏ ရုစိသောဘန္တံ၊
ဇိနံ ဝန္ဒာမိ အာဒရံ။

အနန္တဂုဏ သမ္ပန္နံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ထွက်ကိန်းများစွာ ရှေးအခါက၊ သုံးဖြာစရိယ၊ ငါးဝစာဂ ပါရမီတော်ဆယ်ပါး ကျင့်တရားကို မနားခါခါ ပြုခဲ့တာကြောင့် သင်္ချာတွက်ဆ ဂဏန်းချ၍ မရနိုင်ချေ၊ အပ္ပမေ အနန္တဂုဏ ဥဿုံ၊ အလုံးစုံတို့နှင့် ပြည့်စုံတော်မူပေသော၊ လောကနာထံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူမြတ်နိုး သဒ္ဓါဖြိုး၍၊ ကိုးကွယ်ရာ အစစ်ကြီး ဖြစ်တော် မူပေထသော၊ မုနိဿရံ၊ ပစ္စေကဗုဒ္ဓာ၊ သေက္ခာ သေက္ခအာစာရဟု အိမ်ထောင်သူနှင့် တဆူနာဂါ ငါးဖြာမုနိ၊ သာမိဂုဏ်မိုး အစိုးရတော်မူပေထသော၊ ဆဗ္ဗဏ္ဏရုစိသောဘန္တံ၊ နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကို

ညာဏ်စွမ်းဖွင့်လတ် သုံးသပ်ဖန်ဖန် စုန်ဆန်ထက်အောက် ပေါက်ရောက်ကျက်စား မြတ်ဘုရား၏ မှတ်သားမပျက်....

## ညိုသော ရောင်ခြည်တော်

(က) မဲနက်ညိုမှောင် ပိတုန်းရောင်ကဲ့သို့ တောက်ပြောင်လှပတော်မူပေသောဆံတော်မုတ်ဆိတ်တော်မျက်ခုန်းတော်နှင့် မျက်လုံးတော်တခို ညိုရာ ညိုရာရပ်ဌာနာမှာ ညီညာယှက်သန်း၊ ထွက်မြန်းတော်မူပေသော ကြာညို၊ ခွာညို၊ ပုလဲညိုနှင့် မဲညိုတင့်လျှမ်း အောင်ပန်းအညို၊ ပုဆိုးညိုနှင့် မိုးညိုတန့်၊ မဲညိုမှောင်မှောင် မြစိမ်းညိုရောင်ကဲ့သို့ ညိုမှောင်တင့်ဆန်း ရှုမခန်းမျှ နီလရောင်ခြည်တော်....။

၁။ ငါးမာရ်အောင်ခန်း၊ ညောင်နန်းမဏ္ဍိုင်။ မဟာပဋ္ဌာန်း၊ မြတ်ကျမ်းပိုင်ပိုင်၊ဆန်စုန်ကျက်စား။ ဉာဏ်အားကိုယ်တိုင်၊ မြတ်ဘုရား ထွက်ငြား ရောင်ခြောက်ဆိုင်။ ။

၂။ ဆံတော်၏မုတ်ဆိတ်၊ ဖိတ်ဖိတ်ညိုမှောင်။ မည်းနက်လို့မှုန်း၊ မျက်ခုန်း မျက်တောင်။ ညိုရာအရပ်၊ ထွတ်လပ်ပြောင်ပြောင်၊ ညိုမှောင်လှ....နီလတန်ခိုးရောင်။ ။

၃။ ရောင်တော်နီလ၊ ထွက်ကြွလေသော်။ ကြာညိုအောင်ပန်း၊ပြောင်လျှမ်းထင်ပေါ်။ခွာညိုဖူးပွင့်၊ ထူးတင့်သနော်။ ကမ္ဘာတိုင်း၊ ညိုမှိုင်း ရောင်ခြည်တော်။ ။

## ရွှေသော ပီတ ရောင်ခြည်တော်

ရွှေစင်တမျှ တောက်ပထိန်ဝေ ဝါရွှေရာရာ ဆင်းရူပါမှာ ညီညာဖျဖျ ထွက်ကြွတော်မူပေသော နေရောင် ရွှေရောင် ပယင်းရောင်နှင့် ထိန်ပြောင်ဝါဝါ မဟာလှေခါး ရွှေစကားနှင့် တပါးဖဲဝါ ကတ္တိပါရောင် အဆင်းကဲ့သို့ ပြောင်ဝင်းညီမျှ ပီတ ရောင်ခြည်တော်....။

၄။ ရွှေရောင်အလား၊ အသားတော်ဆိုင်။ ရွှေရာအရပ်၊ ထွက်လတ်မှိုင်မှိုင်။ အသွေးရွှေခါ၊ ပျံ့ဝံမညှိုင်။ ရွှေရောင်ကြွ၊ ပီတရောင်ခြည်လှိုင်။ ။

၅။ ရွှေရည်ရွှေမိုး၊ စွေပြိုးလေရောင်။ မဟာလှေခါး၊ ရွှေသား ရွှေတောင်။ စကားရွှေပွင့်၊ လွင့်လွင့်ထိန်အောင်။ ရွှေရောင်ဖုံး၊ တိုင်လုံးရွှေပြောင်ပြောင်။ ။

## နီသော လောဟိတ ရောင်ခြည်တော်

(ဂ) ပတ္တမြားနီလာ ကျီးအာ သီးမှည့်အလား ဟသ်ာပြဒါး အသွေးနီထွေး တောက်ပတော် မူပေထသော၊ အသားတော် အသွေးတော်၊ အာတော်၊ လျှာတော်၊ နှုတ်ခမ်းတော် တလီ၊ နီရာနီရာ ရပ်ဌာနာမှ ညီညာယှက်သန်း ထွက်မြန်းတော်မူပေသော ကြာနီ သာကီသန္တာနီနှင့်စိန်နီတိမ်နီ ဖိတ်ဖိတ်ညီသား ချိတ်နီကမ္ဗလာ နီစွာခေါင်ရမ်း ကသစ်ပန်းတမျှကဲ့သို့ ရစ်သန်းပျံ့ဝံ နီရဲတောက်ပ လောဟိတ ရောင်ခြည်တော်....။

၆။ ချိတ်ရည်အသွေး၊ နီထွေးလွန်စွာ။ ဟင်္သာပြဒါး၊ မခြားပမာ။ ကိုယ်တော်အစိတ်၊ ဖိတ်ဖိတ်လည်ကာ။ လောဟိတ၊ နီစွာ့ရောင်ခြည်ဖြာ။ ။

၇။ ရောင်တော်လောဟိ၊ ထွက်ဘိလေတုံ။ ကြာနီပွင့်ဘုန်း၊ တောလုံးဝေမှုံ။ ပတ္တမြားယပ်၊ လွှဲခတ်တဖုံ။ နီရောင်သန်း၊ တင့်ဆန်းဤလူ့ဘုံ။ ။

## ဖြူသော ဩဒါတ ရောင်ခြည်တော်

(ဿ) စိန်ဝဇီရာ၊ ဘော်သာခွာနှင့် သော တာ ဝန်း နှယ်၊ ပန်းစပယ်ကဲ့သို့ဆန်းကြယ်ဖြူဖွေးသွားတော်လေးဆယ် စွယ်တော်လေးပါး ရိုးတော်များနှင့် တပါးတွက်ယူ မျက်ဖြူတော်အပါ ဖြူရာရာမှသော်တာလဝန်း၊ လဲဝါဂုမ်းနှင့်၊ မကဲ့ာရိုးတသွယ်၊ပန်းစပါယ်ဖြူဘော်ငွေဖြူနှင့် ကြယ်ရောင်ဆင့်လျက် ဆန်းတင့်ခတ္တာ ထပ်တရာနှင့် ရတနာစိန်တလိန်လိန်ဆန်း တိမ်ပန်းအဖြူ စံနမူကင်း၊ ခရုသင်းတမျှ ဖြူဖွေးလှသော ဩဒါတ ရောင်ခြည်တော်....။

၈။ သွားတော်ရိုးခတ်၊ လေးရပ်စွယ်တော်၊မျက်ဖြူစက္ခု၊ ထွက်မှုထင်ပေါ်၊ ဖြူရာအရပ်မှ၊ ထွက်ကြကုန်သော်၊ ဩဒါတ ဖြူစွာရောင်ခြည်တော်။

၉။ ဖြူရောင်ယှက်သန်း၊ ထွက် မြန်း ခါဝယ်၊ ကြာဖူးကြိုင်ကုံး၊ မှိုင်လုံးတင့်တယ်၊ သော်တာစန်းမျှ၊ ပန်းလှစပါယ်၊ ဖြူရောင်ကြွ၊လောကလွှန်ဆန်းကြယ်။

## မောင်းသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်

(င) ထိုထိုသို့သော ကိုယ်တော် အစိတ်အစိတ်မှ ယိုဖိတ်ပြောင်ပြောင် သပြေရောင်သို့မည်းမှောင်၊ နီရောင်ထည့်လောင်း သုံးစုပေါင်း၍ မှည့်မှောင်မှိုင်းညို မှုံရီတင့်ဆန်း၊ ရှုမခန်းမျှ၊ မဉ္ဇိဋ္ဌရောင်ခြည်တော်....။

၁၀။ ဆံတော်ဖျားမှ၊ ဘဝါးတော်တိုင်။ အစိတ်စိတ်မှ၊ ဖိတ်ဖိတ်ညိုလှိုင်။ သပြေရောင်သို့၊ မို့မို့ဝေမှိုင်။ မဉ္ဇိဋ္ဌ ထွက်ကြွ ရောင်မောင်းဆိုင်။ ။

၁၁။ ရောင်တော်မောင်းမောင်း၊ ကွန့်ညောင်း ကာလေ။ ခရမ်းအပွင့်၊ ဆန်းတင့်ပုံနေ။ မိုးကြိုးရည်သွန်း၊ ရှန်းရှန်းဝေဝေ။ ရောင်ခြည်မောင်းစုပေါင်းဇမ္ဗူမြေ။

## ပြိုးပြိုးပြက် တခဲနက်သော ပဘဿရ ရောင်ခြည်တော်

(စ) ထိုထိုသို့သော ကိုယ်တော်အစိတ်အစိတ်မှ ယိုဖိတ်အစုံလကာဆုန်ဝယ် အမှုန်ထစ်ကျိုး၊ သန်းကာပြိုး၍၊ ထက်မိုးအာကာ ကောင်းကင်သာမှ လွန်စွာတင့်ဆန်း လျှပ်ပန်းထိန်မြူး နတ်မီးရှူးသဏ္ဍာန်၊ မီးပန်းတွေ

ပုံသလို အလှျံတလက်လက်၊ တက် သက် ကွန့် လည် ထို ဤပြိုးပြက် တခဲနက်သော ပဘဿရ ရောင်ခြည်တော်....။

၁၂။ ကိုယ်တော်အလုံး၊ စုရုံးပြိုင်ဆိုင်။ ပြိုးပြိုးပြက်ပြက်၊ လက်လက်ဝေမြိုင်။ ရောင်စုံယှက်သန်း၊ ကွက်ဆန်းထွေလိုင်။ ပြိုးပြိုး ပြက်ပြက်၊ မြန်း ထွက် ရောင်တော်ဆိုင်။ ။

၁၃။ ပဘဿရ၊ ထွက်ကြခါလေ။ လျှပ်နွယ်ပန်း သို့၊ တင့်ဆန်းဝေဝေ။ မီးပန်း မီး ရှူး၊ အ ထူး မ သေ့။ ရောင်စုံသန်း၊ တင့်ဆန်း ဤလူ့ပြေ။ ။

ဤသို့ဆိုအပ်ခဲ့ပြီးသောခြောက်သွယ်သော့ရောင်ခြည်တော်တို့ဖြင့် ပြောင်ကြည်ထိန်ဝေ၊ တင့်တယ်တော်မူပေထသော၊ ဇိန်၊ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ၊ ခန္ဓ မစ္စု၊ မာရ်ငါးခုကို တခုမကျန်ပယ်လှန်ဖြိုခွဲ-အောင်ပွဲရလတ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းအစစ် အသားနှစ်ကို အားသစ်ပေတောင်း၊ ရကြောင်းကြံစည်၊ နှစ်လီရှပ်နာမ်၊ ပေါင်းစုဖန်လုပ် ကိုယ်သမုတ်သည့်အကျွန်ုပ်သည်၊ အာဒရံ၊ ဂုဏ်တော်အပေါင်းကို စိတ်ပေါင်းညွတ်မှီ ယုံကြည်လေးစား ကောင်းမွန်ရိုသေစွာ၊ ဝန္ဒာမိ၊ ဒုက္ခအပေါင်း၊ လွတ်ကြောင်းဆုပန် စိတ်ရည်သန်၍ သုံးတန်ဒွါရပဏာမဖြင့် ဦးချ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

× × ×



# ဗုဒ္ဓ ဂုဏ်ရောင်

သမလ မင်းမှစ၍ မင်းဆက် ၁၆ ဆက်တိုင်အောင် ဟံသာဝတီ ပြည်ကြီးဟာ သာယာ ဝပြောခဲ့သတဲ့။

ထိုမင်း ၁၆ ဆက် လွန်မြောက်ပြီး သက္ကရာဇ် ၆၆၇ ခုနှစ်၊ မင်းဆက် ၁၇ ဆက် မြောက်မှာ တိဿ အမည်ရှိသော မင်း နန်းစံတယ်။

ထိုမင်း လက်ထက်မှာ ရေခြားမြေခြား တကျွန်း တနိုင်ငံသား ဖြစ်သော ဒွန်းစဏ္ဍား လူမျိုးတို့ဟာ တောင်းရမ်း စားသောက် လှယ်ကူစေခြင်းငှါ သိက္ခာမတင်၊ သိမ်မဝင်သော ရဟန်းအသွင်ပြု၍ ဟံသာဝတီပြည်သို့ ဝင်ရောက်လာကြတယ်။

အဲဒီ ရဟန်းယောင်ဆောင် တစုဟာ သာသနာ ကြီးပွားရေးကို လေသံပေးပြီး ငွေစုဆောင်းရေးအတွက် သက်နှင်း ဝတ်ကြသောကြောင့် ဟံသာဝတီနေပြည်အထွင်း မှိုတင်းနေ

ထိုင်ကြကုန်သော သူဌေးသူကြွယ် ကုန်သည်လယ်လုပ်၊ စသော အိမ်တို့နှင့် မိတ်ဆက် ပေါင်းသင်းကြတယ်။

ဒီလိုနဲ့ သူတို့ဟာ....ဘုရင်နဲ့ သိကျွမ်းလာပြီး သာသနာ ယိုင်လဲအောင် အမြစ်က ကိုင်ဆွဲမည် အကြံနှင့် မင်းထံဝင်ပြီး ဒီလိုလျှောက်သတဲ့....။

"တကာတော် မင်းမြတ် ဘုန်းကံကြီးခြင်းကို ဆရာတော် များ အလိုရှိသည့်အတွက် အကြံတချက် ပေးလိုပါတယ်၊ လောကမှာ မင်္ဂလာနဲ့ အမင်္ဂလာ နှစ်ပါး ရှိပါတယ်၊ မင်္ဂလာ အလိုရှိသော သူဟာ မင်္ဂလာရှိသောအမှုကိုပြုမှ မင်္ဂလာရှိနိုင် ပါတယ်။

အခု တကာတော် မင်းမြတ်မှာ မင်္ဂလာ အလိုရှိပါလျက် မင်္ဂလာမှုတို့ကိုမပြုပဲ အမင်္ဂလာမှု ပြုနေတဲ့အတွက် ဘုန်းတန်ခိုး မကြီးထွားပဲ နေပါတယ်၊ အကယ်၍ တကာတော် မင်းမြတ် ဘုန်းရောင်တိုး၍ တန်ခိုးကြီးလိုပါလျှင်ဘုရင်မင်းမြတ် ပိုင်ဆိုင် သော၊ ဟံသာဝတီ မြို့တွင်းမြို့ပြင်တို့၌ လူသေကောင်အသွင် စီရင် ထုလုပ်ထားတဲ့ အမင်္ဂလာ ရုပ်ပွားတော် အပေါင်းကို မကောင်းသော အညစ်အကြေး ရှိရာ အရပ်သို့ စွန့်ပစ်၍၊ မင်းအာဏာဖြင့် ခိုင်းစေတော်မူလျှင် မကြာခင် ဘုန်းရောင် တိုး၍ တန်ခိုး ထွက်ပါလိမ့်မည်" လို့ လျှောက်သတဲ့။

တိဿမင်းသည် ရဟန်းတုတို့ရဲ့ စကားကိုယုံပြီး ဘုရား ရုပ်ပွားတော် ဟူသမျှ မကောင်းသော ဌာနသို့ စွန့်ပစ်ရမယ်ဟု ဟံသာဝတီမြို့ပေါ် မောင်းဆော်ကြေငြာသတဲ့။

မင်း အာဏာကြောင့် တိုင်းသူ ပြည်သားတွေဟာ မိမိတို့ အမြတ်တနိုး ကိုးကွယ်ထားတဲ့ ဘုရားရှင်ကိုယ်စား ရုပ်ပွားဆင်းတုတော် အပေါင်းတို့ကို မကောင်းသော အညစ်အကြေးရှိရာအရပ်သို့ စွန့်ပစ်ကြရတယ်။

အဲဒီအခါ ဟံသာဝတီ ပြည်သူ မွန်သူဌေးသမီး ၁၆ နှစ်အရွယ်ရှိတဲ့ သုဘဒ္ဒါဟာ ဒီလိုအကြံပေါ်လာသတဲ့။ ဘယ်လိုအကြံဖြစ်ပေါ်လာသလဲ ဆိုတော့ အခု "ငါတို့ ကိုးကွယ်တဲ့ ရုပ်ပွားတော် အပေါင်းတို့ကို မကောင်းသော အရပ်သို့ စွန့်ပစ်ရမယ်၊ မစွန့်ပစ်ရင် သတ်မယ်ဆိုတဲ့ အမိန့် အာဏာကို ကြောက်ရွံ့တာကြောင့် စွန့်ပစ်ကြရတယ်။

ငါ ယနေ့ ဘုရင့်အာဏာကို လွန်ကျူးအံ့၊ ထိုသို့လွန်ကျူးမိ၍ ငါ့အား သတ်မူကား ရတနာသုံးပါး အတွက် ဆောင်ရွက်၍ သေရခြင်းသည် မြတ်၏" ဟု ကြံပြီးလျှင် မိမိကဲ့သို့ ရဲဝံ့သော အစေခံ ကျေးကျွန်တို့ကို ခေါ်၍ ရှေးဦးစွာ ယာယီ တဲမဏ္ဍပ်ကြီး ဆောက်စေတယ်၊ ထိုမဏ္ဍပ်အတွင်းမှာသဲဖြူခင်း၊ ရာဇမတ်ကာပြီး လှပ ဆန်းကျယ်သော တံခွန်၊ ကုက္ကားတို့ကို စိုက်ခြင်း၊ ပန်းမျက်နှာကြက်ပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်ကြသတဲ့၊ အဲဒီနောက် ဘုရင့် အာဏာကြောင့် စွန့်ပစ်ထားတဲ့ ရုပ်ပွားတော်တွေကို ကောက်ယူပြီး၊ ရေကောင်းခရသန့်တို့နဲ့ အထပ်ထပ် သန့်စင်ပြီး မဏ္ဍပ်ကြီးအတွင်းရှိ သဲပုံကြီးပေါ်မှာ သိတင်းသုံးစေသတဲ့။

အဲဒီ သုဘဒ္ဒါနဲ့နောက်ပါတသင်းတို့ရဲ့ သတင်းကိုနန်းတော်ကကြားလျှင် ကြားခြင်း မင်းချင်းတို့ ရောက်လာပြီး တင်းနေ

အောင် နှောင်ကြိုးတဲပြီး 'ခေါ်သွားသတဲ့။ ဘုရင့်ရှေ့တော်မှောက်ကိုရောက်တဲ့အခါ–

တိဿမင်း=အိုသူငယ်မ၊ သင် ဘာလူမျိုးလဲ။

သုဘဒ္ဒါ =ဗုဒ္ဓဘာသာ မွန်လူမျိုး ဖြစ်ပါတယ်။

ဘုရင် =သင့် မိဘတွေက ဘယ်သူလဲ။

သုဘဒ္ဒါ =မင်းမြတ်ပိုင် တဲယော် သူဌေး၏သမီးဖြစ်ပါတယ်။

မင်း =သင့်နာမည် ဘယ်လိုခေါ်သလဲ။

သုဘဒ္ဒါ =သုဘဒ္ဒါလို့ ခေါ်ပါတယ်။

မင်း =အမင်္ဂလာ အစစ် ဖြစ်သော လူသေ ပုံသဏ္ဍာန်ရုပ်ပွားတို့ကိုသင်ဆယ် ယူသည်ဟူသောစကားမှန်သလော။

သုဘဒ္ဒါ =လူသေသဏ္ဍာန်နှင့် တူသော ရုပ်ပွားတို့ကို ကျွန်ုပ်မဆယ်ယူပါ။ မြတ်စွာဘုရား ကိုယ်စား ရုပ်ပွားတော်တို့ကိုသာ ကျွန်ုပ် ဆယ်ယူခြင်း ဖြစ်ပါတယ်။

မင်း =ဂေါတမ မြတ်စွာဘုရားဟာ ဘယ်ဂုဏ်နဲ့ ပြည့်စုံပါသလဲ။

သုဘဒ္ဒါ =အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံပါတယ်။

မင်း =ယခု သင် ကိုးကွယ်နေသော ဂေါတမဘုရားကိုယ်စား ရုပ်ပွားတော်တို့မှာ ဂုဏ်တော် ကိုးပါးရှိသလော။

သုဘဒ္ဒါ =ရှိပါသည်။

မင်း =အကယ်၍ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံပါလျှင် ကောင်းကင်သို့ ပျံနိုင်ကြ၍ ရောင်ခြည်တော် ခြောက်သွယ်လွှတ်ရန် သင်ကိုးကွယ်သော ရုပ်ပွားတော်တို့ကို လျှောက်ထားပါ။ လျှောက်ထားသည့်အတိုင်း ကြွခဲ့လို့ရှိလျှင် ငါမင်းမြတ် တသက်လုံး ယုံကြည်ကိုးကွယ်၍ သင်သူဌေးသမီးကိုလည်း တောင်ညာခံ ထားပြီး မိဖုရားအရာ မြှောက်မယ်။ အကယ်၍ သင် ကိုးကွယ်သော ရုပ်ထုများက တစုံတရာ မထူးခြားပဲရှိက သင်နှင့်တကွ သင့်မိသားစု တစုလုံးကို သတ်ရမယ်။ ဘယ်နှယ်လဲ" လို့ မေးသတဲ့။

သုဘဒ္ဒါနှုတ်ဖျားမှာ သာသနာစောင့် နတ်များ စောင့်နေတဲ့အတွက် ရဲဝံ့စွာ ဝန်ခံပုံကတော့-

"အရှင်မင်းမြတ် ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တ" တည်းဟူသော ဘုန်းတော်ခြောက်ပါး၊ အစိုးရတော်မူသော မြတ်စွာဘုရား၏ ကိုယ်စား၊ ဓာတ်တော်၊ သံတော်၊ အံတော်၊ အပေါင်းတည်ရာ ရုပ်ပွားတော် အပေါင်းတို့သည် အဘယ်မှာ ကောင်းကင်သို့ မပျံနိုင်ဘဲ ရှိပါအံ့နည်း၊ ယခု အရှင်မင်းမြတ်ကြီး ရှေ့တော်တွင် ကောင်းကင်သို့ ပျံဖြင့် ကြွရန် လျှောက်ထားပါမည်" ဟု လျှောက်ထားသတဲ့။

သမတိံ သတိပါရမိ- သမ္ဘရဏံ၊
ဝရ- ဗောဓိ- ဒုမေ စတု- သစ္စာ- ဒသံ။
ဝရ မိဒ္ဓိ- ဂတံ-နရ ဒေဝ-ဟိတံ၊
တိဘဝူ ပသမံ ပဏမာမိ ဇိနံ။

သမတိံသတိပါရမိ-သမ္ဘရဏံ။ကြီးကျယ် နက်သန်၊ ဗောဓိဉာဏ်ကို ရည်သန်တောင့်တ၊ အမျှ သုံးဆယ်သော ပါရမီတော်တို့ကို၊ ဖြည့်ကျင့် တော်မူပြီးထသော၊ ဝရ-ဗောဓိဒုမေ၊ မဗ္ဗျချက်ချာ၊ မြေမျက်နှာ၌ ဝေဆာပွားစီး၊ မြတ်သောဗောဓိပင် အနီး၌၊ စတုသစ္စ ဒသံ၊ သစ္စာ လေးပါး၊ မြတ်တရားကို ပိုင်းခြားထင်ထင်၊ သိမြင်တော်မူပြီး ထသော၊ ဝရ မိဒ္ဓိဂတံ၊ မြတ်လှတုံစွာ၊ တန်ခိုးအဖြာဖြာတို့၏၊ မှီတွဲရာအစစ်၊ ဖြစ်ကြီးဖြစ်တော် မူထသော၊ နရ-ဒေဝ-ဟိတံ၊ နတ်လူများစွာ သတ္တဝါတို့၊ ချမ်းသာဘို့ရေး၊ မြော်တွေးတောင့်က၊ အစီးအပွားကိုဆောင်တော်မူတတ်ထသော၊ တိဘဝူ ပသမံ၊ သုံးဘုံတိုက်ကြီး၊ လောင်စာမီးမှ၊ အပြီးထာဝရ၊ ငြိမ်းအေးတော်မူပြီးထသော၊ ဇိနံ၊ ငါးမာရ်အောင်ပြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ ပဏမာမိ၊ ရှိသေ မြတ်နိုး၊ လက်စုံမိုး၍ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သုဘဒ္ဒါသတို့သမီးဟာ အဲဒီလို ဘုရားဂုဏ်တော် ကိုးပါးကို ဉာဏ်သွားဖြင့် ထင်အောင်ပုံ၍ ရှိခိုး ကန်တော့ပြီးလျှင် ဤသို့ အဓိဋ္ဌာန် ပြုပြန်သတဲ့။

“ငါသည်ယခုဘုရားကိုယ်စား ရုပ်ပွားတော်အပေါင်းတို့ကို မကောင်းသောဒေသမှ ကောင်းသောဌာနသို့ ပင့်ဆောင်ချဉ်းသည်မှာ မိမိအကျိုးအတွက် ငဲ့ကွက်၍ ပြုလုပ်ခြင်း မဟုတ်ပါ။ မြတ်စွာဘုရား သာသနာတော် ထွန်းပေါ် ပွံ့ပွား စည်ကားစေရန် ရည်သန်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အို .... သာသနာစောင့်နတ်၊ လောကစောင့် နတ်မြတ်အပေါင်းတို့၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကိုလည်းကောင်း၊ ပရိ နိဗ္ဗာန် စံလွန်တော် မူပြီးသော မြတ်စွာဘုရား၏ ကိုယ်စား ရုပ်ပွား ဆင်းတုဟူသော ဥဒ္ဒိဿက-စေတီတော်၊သရီရဓာတ်ဟူသော ဓာတုစေတီတော်၊ဗောဓိပင် စသော ပရိဘောဂ စေတီတော်၊ ဤစေတီသုံးပါးတို့၏ ရှေ့တော်ပြင်၌ သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့၊ သဒ္ဓါကြည်ညိုရှိသေလေးမြတ်စွာ လှူဒါန်း ပူဇော်သော စေတနာနှစ်ရပ် တူမျှခဲ့ပါလျှင် အကျိုးပေး အတူ ရနိုင်ကြောင်းကို ဝိမာနဝတ္ထု၌ ဟောခဲ့ပါသည်။

ဤသို့ ဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော်သည် မှန်ခဲ့ပါလျှင် ဘုရား တပည့်တော်မနှင့် တကွ နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးသာသနာ ပွင့်လင်းခြင်း၏ အကျိုးမြော်ကိုးတောင့်တ၊ မေတ္တာမျှ၍ ကောင်းကင်ဝ အထက်စခန်းသို့ ကြွမြန်းတော်မူပါဘုရား။

ဘုရားတပည့်တော်မ သုဘဒ္ဒါ မွေးဖွားသည်မှ ရတနာသုံးပါး ကြည်ညိုရမှန်း သိသည့်နေ့ကစ၍ မြတ်စွာဘုရား၏ ဂုဏ်တော်မြတ်ကို၊ မပြတ်ပွားများ အာရုံထား၍ သွားလာ

အိပ်စက်ခြင်း ပြုခဲ့ပါသည်။ ထိုစကား မှန်ပါ၏။ ထိုသစ္စာ စကား မှန်ခဲ့ပါလျှင်.... ရုပ်ပွားတော် အရှင်မြတ်တို့သည် ကောင်းကင်ဘုံ အထက်သို့ ကြွမြန်းတော်မူပါ ဘုရား"။

"သစ္စာနှုတ်သီး၊ မန္တာန်ကြီး" ဟူသော စကားအတိုင်း ဘုရားရှင်ကိုယ်စား၊ ရုပ်ပွားတော်အပေါင်းတို့သည် ကောင်းကင်သို့ ကြွ၍ ဟိုမှသည်မှ စကြ်န်ကြွလျက် ရောင်ခြည်တော် ခြောက်ဝတို့ကို ထွန်းပ စေတော်မူတယ်။ ထိုအခါ ဘုရင်နှင့် တကွ၊ မှူးမတ် အပေါင်းတို့ဟာ အံ့အံ့ ကြက်ကြက်၊ တခဲနက် ပူဇော် ကန်တော့ကြတော့တယ်။

ရောင်စုံကွန့်မြူး ရောင်ခြည်ထူး

နီလာ ယောနီလ ဌာနေဟိ၊
ပီတော ဒါတာဝ လောဟိတာ။
တမ္ဗာ တမ္ဗာ တု မဉ္ဇဋ္ဌာ၊
နိက္ခမိံ သု ပဘာဿရာ။

ယဿ ယာဒိသဿ။ အကြင်သို့ သဘောရှိတော်မူသော၊ ဗုဒ္ဓဿ၊ နှစ်ဆယ့်လေးကျမ်း ရွှေတိုက်ခန်း၌ ဝိုက်သန်းယှက်ဖြာ ရတနာမျိုးမှန် ဓမ္မက္ခန်ကို ဉာဏ်တော်စက္ခု သဗ္ဗညုဖြင့် ကြည့်ရှုသိမြင်ဘုရားရှင်၏၊ သရီရတော၊ စိန်တခဲနက်၊ကွဲအက် ရေကြောင်း၊မရှိတောင်းသို့၊ ညက်ညော ချောမွေ့၊ သိမ်မွေ့ နုဖပ်၊ မြူမကပ် ကိုယ်ရေရွှန်း၊ ဝေထိန်လင်း ရွှေအဆင်း

ထင်ပေါ်၊ ရွှေကိုယ်တော်ကြီးမှ၊ နီလဝ္ဏာ နေဟိ၊ ညိုရာ အရပ်ဟုဆိုကုန်သော၊ တမှာတမှာ၊ မုတ်ဆိတ်တော်တဝန်း၊ ဆံတော်တချက်၊ မျက်နက်တော် တခို၊ ထိုထို ဒေသရပ်ဌာနမှ၊ နီလာယော၊ ကောင်းကင်အလုံး၊ ပိတုံးပျံ့ဝဲ၊ ကြာညိုကြဲသို့ အောင်မဲပွင့်ချပ်၊ မြသားယပ်ဖြင့်၊ လွှဲခပ်သလို မိုးလုံးစိုမျ ညိုသော အဆင်းရှိသောရောင်ခြည်တော်တို့သည်၊ နိက္ခမိံသု၊ လနေထိန်ဝင်း၊ ရှိန်အဆင်းကိုနှိမ်နင်းချိုးဖျက် ကွန့်မြူးယှက်၍၊ ထွက်ကြွတော် မူကြကုန်လေပြီ။

ပိတဝ္ဏာ နေဟိ၊ ရွှေရာအရပ်ဟု၊ ဆိုအပ် ကုန်သော၊ တမှာ တမှာ၊ မျက်သား ရွှေလှော်၊ ရေတော်တခို၊ ထိုထိုဒေသ ၊ရပ် ဌာနမှ၊ ပိတာစ၊ ဝန်းကျင်ယှက်ဖြာ၊ ဆယ်မျက်နှာဝယ်၊ မဟာလှေကား၊ ရွှေသား ဗိမာန်ရွှေပိတာန်တူ၊ ဇမ္ဗူ မှုံရွှေ ကြဲဖြန့်လေသို့၊ ရွှေသော အဆင်းရှိသော၊ ရောင်ခြည်ဇော် တို့သည်လည်း၊ နိက္ခမိံသု၊ မင်းစံဂိဝါ ရတနာကို မခံသာမူ ပြက်ရယ်ပြုကုန်လျက်ကွန့်မြူးယှက်၍ ထွက်ကြွတော် မူကြ လေ ကုန်ပြီ။

လောဟိတဝ္ဏာ နေဟိ၊နီရာအရပ်ဟုဆိုအပ်ကုန်သော၊တမှာ တမှာ၊ သန္တာ သွေးသား၊ မျက်သားတော် တခို၊ ထိုထို ဒေသ ရပ်ဌာနမှ လောဟိတာစ၊ နီ ကမ္ဗလာခြုံ၊ သန္တာဝင့်ကို လေဘုန် သိမ်းပွဲ၊ တိမ်းငဲ့ငဲ့နှင့် ယိမ်းနွဲ့ရစ်သန်း၊ ကသစ်ပန်း သို့နီမြန်းသောအဆင်းရှိသောရောင်ခြည်တော် တို့သည်လည်း၊ နိက္ခမိံသု၊ ပတ္တမြားမျက်ပျံ၊ အနဂ္ဃနှင့်၊ ဘက်စံပြိုင်ကင်း၊

ဗျူဟာ ကျင်းလျက်၊ ကွန့်မြူးယှက်၍ ထွက်ကြွတော် မူကြလေကုန်ပြီ။

ဩဒါတ ၅ နေဟိ၊ဖြူရာ အရပ်ဟုဆိုကုန်သော၊တမှာတမှာ ဘော်ငွေအလား၊ သွားတော်ရိုးတော်၊ မျက်လုံးတော်တခို၊ ထိုထို့ဒေသ၊ရပ်ဌာနမှ၊ဩဒါတာစ၊မြတ်လေးစပယ်၊သွယ်သွယ် မြှောက်ကြဲ ပုလဲတိန်ပြစ်၊စိန်စစ်ဗိတာန်၊ ခြယ်စီမံသည့် ဗိမာန် ငွေသား၊ ရွှရွှတွားသို့၊အလားစံယူ၊ပမာတူမျှ၊ ဖွေးဖြူလှသော၊ အဆင်းရှိသော၊ ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိ သု၊ ဘော်ငွေသာခွာ၊ ရတနာ အလုံး တိမ်းရှောင် ပုန်းအောင်း၊ ကြုံးဝါးဆိုလျက်၊ ရောင်မြူးယှက်၍၊ ထွက်ကြွတော်မူကြလေ ကုန်ပြီ။

တု၊ တင့်တယ်ထူးခြား၊ ထိုမှ တပါးဖြစ်ကုန်သော၊ တမှာ တမှာ၊ လက္ခဏာကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ တင့်တယ်နုပျို ဖိတ်ဖိတ်ယိုသည့် ထိုထိုသော ကိုယ်တော်၏၊ ဟစိတ် တဒေ သမှ၊မဥ္ဇိဋ္ဌာစ၊ ဥတု ဇမျိုး၊ခေတ်ခိုးရည်မှောင်၊သဒြေရောင်ဟု၊ တိမ်တောင်ဆင့်ဆင့်၊ တံခွန်လွင့်သို့၊ လွန်တင့်စုပေါင်း၊ မှုမ ညောင်းမျှ၊ မောင်းလှသော အဆင်းရှိသော ရောင်ခြည်တော် တို့သည်လည်း၊ ဝါ၊ မဥ္ဇိဋ္ဌာစ၊ မဲနီ ညိုလောင်း၊ ရောယှက် ပေါင်းဟု၊ မှည့်မောင်းမှိုင်းအုံ၊ ရည်မှုံသော အဆင်း ရှိသော ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိ သု ဥတုစိက္ခ၊ ပစ္စယ ကြောင့် ရှင်ပြုဖိုးဖိုး သဒ္ဒါမိုးကို၊ ရွာကျိုးစေလျက် ကွန့်မြူး ယှက်၍ ထွက်ကြွတော် မူကြလေကုန်ပြီ။

တမှာ တမှာ၊ ရောင်ခြည်ဝန်းပတ်၊ လျှပ်လျှပ်ထက်အောက်၊ ရွှေနောက်နံ့ဖိ တလံညီလျက် သိင်္ဂီစံလို၊ လွန်နှုပျိုသည်၊ ထိုထို သောကိုယ်တော်၏၊ တစိတ်တဒေသမှ၊ ပဿသရာစ၊ သံကျောက်မကာ၊ အခိုးထလျက်၊ မိုးဝနဘန် ရေအလျှံကိုရေပျံ့ခွဲတိုက်၊ ဓာတ်ချင်းခိုက်မျှ၊ လှိုင်းတိုက်ပုံညွန့်၊ ဝေအကွန့်နှင့်၊ ခွေတွန့်ပြေးသန်း၊ လျှပ်ပန်းပမှာ၊ ဥက္ကာပျံမြူး၊ နတ်မီးရှူးကဲ့သို့၊ အထူးထူးသောအရပ်၊ ဝန်းကျင်ထပ်လျက်၊ နှံ့စပ်လွှမ်းမိုး၊ လျှပ်လျှပ်ဖြိုးမျှ၊ ပြိုးပြိုးပြက်၊ တခဲနက်သော ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိသု၊ ကံအကြောင်းပြု၊ ဥတုစီမံ၊ နတ်ဗိမာန်၏၊ ဖိတ်လျှံမြူတော၊ ကြက်သရေနှင့်၊ နှစ်ထွေစစ်ပြိုင်၊ မယိမ်းယိုင်ပဲ၊ သိမ်းပိုင်လွှယ်ကူ၊ အောင်တော်မူလျက်၊ ကွန့်မြူးယှက်၍ထွက်ကြွတော် မူကြလေကုန်ပြီ။

ဣတိ၊ ဤသို့၊ ဆဗ္ဗဏ္ဏရံ သိယော၊ ညိုရွှေဖြူနီ၊ မှောင်ရည်ပြကာ၊ တခဲနက်ဟု၊ ရောယှက်ပတ်ကုံး၊ အိမ်လုံးမကာ၊ တောင်လုံးကြွဖြင့် များလှပြေးဟုန်၊ အနန္တ စကြာ၊ ထိုးကာသီတွယ်၊ အရပ်ဆယ်တွင်၊ ခြောက်သွယ်စီတန်း၊ ခြောက်ခန်းစီသွင်း၊ အဆင်းခြောက်ဘော်၊ ရှည်ထွားသော ရောင်ခြည်တော်တို့သည်၊ နိက္ခမိသု၊ ပ ဌာန်း ကျမ်း မြတ် သုံး ဿပ်လတ်သော်၊ စိဘ်တော် ဓာတ်ကြည်၊ သွေး သား ကြည် ၍၊ ကြည်ကြည် သိမ့်သိမ့်၊ တညိမ့်ညိမ့်၊ တနွဲ့နွဲ့၊ တကြွကြွ၊ တဖွဖွ ဘရုန်းရုန်း၊ လှိုင်းလုံးအဆိုင်ဆိုင်၊ သာသနာတည်သ၍ယနေ့တိုင်အောင်၊ မထိုင်မနား၊ ပြေးသွားလျက်သာ၊ ထွက်ခွာတော် မူကြလေကုန်ပြီ။

တံ၊ တာဒိသံ၊ ထိုသို့ သဘောရှိတော်မူသော၊ ဗုဒ္ဓံ၊ ခြောက်ပါးရောင်ခြည်၊ မြူးလည်ကွန့်ခြုံ၊ ရူပါရုံတို့ဖြင့်၊ ပြည့်စုံကြွယ်ဝင်း၊ အဆင်းသူမြေး ၊ ရောင်သွေးတအိအိ၊ မနိုထွဋ်ထား၊ မြတ်ဘုရားကို၊ အဟံ၊ သဒ္ဓါပညာ၊ ညီစွာအမျှ၊ ဝီရိယ သမာဓိ၊ အညီပြည့်၍ သဟိကဲထိန်၊ ဣန္ဒြေငါးမျိုး၊ ပြည့်ဖိုးလိုကြောင်း၊ ကောင်းမှုမွမ်းထုံ ဓမ္မာရုံတို့ဖြင့်၊ လွမ်းခြုံစိုးအုပ်၊ အကျုန်ုပ်သည်၊ နမာမိ၊ ဇမ္ဗူရာဇ်ရွှေ၊ နှလုံးရေဖြင့်၊ သုံးထွေဒွါရ၊ ကရိုကျိုးပြလျှက်၊ ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ ဘုရား။ ဟူ၍ သုဘဒ္ဒါကညာပျိုသည် ကြည်ညို သဒ္ဓါကဲ ပိုကာ ပူဇော်ကန်တော့လေသတဲ့။

✓ အဲ–ဤကဲ့သို့ ညိုရွှေဖူနီ မှည့်ရည့်ပြိုးပြက်၊ တခဲနက် အားဖြင့် ခြောက်ပါးသော ရောင်ခြည်တော်များ ကွန့်မြူး၍ တိမ်ဦး၌ ခေတ္တ သီတင်းသုံးကြပြီးလျှင် မြို့၏အနောက် တောင်ထောင့် ရွှေရောင်အဆင်းကဲ့သို့ သန့်ရှင်းစင်ကြယ်သော သဲပုံကြီး အထက်သို့ ဆင်းသက် ကြွမြန်းတော် မူကြဟယ်။

အဲဒီအခါ တိဿမင်းကြီးလဲ အံ့ဩ တုန်လှုပ်မှုများနှင့်တူ၊ ကြည်ညို သဒ္ဓါ ဆပွားကာ ယခင် ပြစ်မှားမိသောအပြစ်များကို တောင်းပန်ကန်တော့ခြင်းပြုပြီးလျှင် ကျေးဇူးရှင် သူဌေးသမီး သုဘဒ္ဒါကို မိဖုရားအရာ မြှောက်လိုက်သတဲ့။

နောက် မြို့တော်၏အနောက်တောင်ထောင့် သဲစုသဲပုံကြီး အထက်သို့ ဆင်းသက် သီတင်း သုံး တော် မူ ကြ ကုန် သော ရုပ်ပွားတော်အပေါင်းကိုလဲ ကျောင်းဆောက်လှူဒါန်းတယ်၊ ထိုနောက်စေတီတော်ကြီးတဆူတည်၍ ရုပ်ပွားတော်အပေါင်း

တို့ကို ဥာပနာသွင်းတော်မူတယ်၊ ထိုစေတီတော်ကိုမွန်ဘာသာအားဖြင့် ကျိုက်ပရော်–စေတီတော်ခေါ်တယ်။ မြန်မာလို ကျိုက် က ဘုရား၊ ပရော်က ပုံ့၊ ဘုရားပုံ့ဟုတွင်တယ်၊ ထိုဘုရာပုံ့စေတီအနီး၌ သိမ်ကျောက်တိုင်ရေကန်အစုံပြု၍ ကျောက်တိုင်ကန် ဘုရားဟုခေါ်ပြန်တယ်။

ထိုနေ့ထိုအချိန်ကစပြီး ဟံသာဝတီပြည်ကြီးဟာ–စည်ပင်ဝပြောလာတယ်။ ဘုရား၊ တရား၊ သံဃာ၊ စသည့် ရတနာမြတ်သုံးပါးကို ကြည်ညိုသူတွေပေါများလာတယ်၊ သာသနာ့ရောင်ဟာနေရောင်လရောင်တမျှ ထွန်းလင်းတောက်ပခဲ့တယ်။

## ကောင်းကင်တခုလုံး

### ရောင်ခြည်ဖုံး

### နီလ–ရောင်ခြည်တော်

– ညိုရာဥာန၊ မြန်းကြွရောင်ရှင်၊
နီလာမြခိုး၊ သွန်းဖြိုးသွင်သွင်၊
မျက်စဉ်းညိုမှို့၊ မဲမှို့ညိုလွှင်၊
ကောင်းကင်လုံး၊ ဝိတ်ဖုံးညိုရောင်ထင်။

– အောင်မဲညိုပြန်း၊ ကြာပန်းရာထောင်၊
ပန်းဗိတာန်ကပ်၊ မြယပ်လွှဲယောင်၊
တိမ်ညိုထွင်းက၊ နေမင်းညိုပြောင်၊
ညိုရောင်ကွန့်၊ မြူးကွန့်အာကာဘောင်။

— နီပြာမီးစိမ်း၊ သောင်းသိန်းညိုဟန်၊
မြတောင်နေဟပ်၊ ထိန်လျှပ်နေပြန်၊
ဒေါင်းမြီးသွေးမို့၊ ယဉ်ကျေးရောင်လျှံ၊
ကောင်းကင်လုံး၊ ဝိတ်ဖုံး မြဟဲ့ပုံ။

## ပီတ ရောင်ခြည်တော်

— ဝါရွှေရာရပ်-ထွက်လတ်ရောင်ခြည်၊
ရွှေဝါပန်းပွင့်-ဆန်းတင့်ဖွဲ့ချည်၊
ယင်းမာရွှေယပ်-လွှဲခတ်တလီ၊
ဝါရွှေမိုး၊ သွင်းဖြိုး ရွှာပုံညီ။

— မဟာလောကား၊ ထင်ရှားပန်းထွေ၊
အနိုင်အကုံး၊ စုရုံးဝါရွှေ၊
ရွှေတောင်နေဟပ်၊ ထိန်လျှပ်မသွေ၊
ဝါရွှေမီး ထိန်၊ ငြိးရောင် တော်ဝေ၊

— ဖလ်ဝါမီးလုံး၊ သီကုံးညိုယောင်၊
အာကာပြင်ထဲ၊ ရောင်စွဲ ဝါရောင်၊
ထိန်ဝါပြက်လို့၊ လျှပ်စက်ပုံဆောင်၊
ဝါရောင်ပြေး၊ အသွေးသိင်္ဂီရောင်။

## လောဟိတ ရောင်ခြည်တော်

— အသားအသွေး-နီထွေးရာရာ
နီရောင်ပြက်သန်း-ကြွမြန်းဖန်ခါ
ပတ္တမြားလုံး-ရွှဲကုံးပမာ
နေရောင်ခွဲ—နီရဲရောင်ခြည်ဖြာ။

## ဗုဒ္ဓဂုဏ်ရောင်

— ဟင်္သာပြဒါး-နီထွားရောင်သွင်၊
ချိပ်ရည်သွန်းလောင်း၊ နီမောင်းထိန်လွင်
နီလာကျောက်မျက်-နေဟပ်ရောင်ထင်
ပန်းခေါင်ရမ်း-နီမြန်းရောင်တော်ရှင်။

— ထွေထွေနီမိုး-သွန်းဖြိုးပမာ၊
ကမ္ဘာတလွှား-နီးသားရောင်ဖြာ
ဗာလ်နေမီးသို့- ထိန်ငြီးဝေဆာ၊
နီရောင်ကွန့်-တိမ်ညွန့်စွဲလောင်ပါ။

## ဩဒါတ–ရောင်ခြည်တော်

— သွားတော်စွယ်ဓါတ်-လွှတ်လပ်ရောင်ရှင်
ဘော်ဖြူငွေသပ်-လွှဲခတ်ပုံသွင်၊
စိန်အိုးစိန်ခွက်-ဖြန်းပက်ဖြူလွင်
စမွယ်ရုံး - ကြက်ရိုးပန်းရောင်ထင်။

— ဘဲဖြူပုဆိုး-ဖြန့်မိုးလွှားကာ
စိန်ပုလဲမိုး၊ ငွေမိုးသွန်းရွာ
ဥက္ကာမြူးသို့၊ မီးရှူးပမာ၊
ဖြူဖွေးထွား၊ စိန်သွား ရောင်ခြည်ဖြာ။

— ဖလ်ဖြူသလင်း၊ လမင်းရာထောင်၊
စိန်ဘောင်နေဟပ်၊ ထိန်လျှပ်တောက်ပြောင်
ဖြူရောင်လက်လို့၊ လျှပ်ပြက်ပုံဆောင်၊
ဩဒါတ- ဖြူဆွတ် စိန်သားရောင်။

## မဥ္ဇူဌနှင့်–ပဘာဿရ ရောင်ခြည်တော်

— နီမောင်းပြိုးပြက်၊ ထိန်လက်ရောင်ဝင်
ပတ္တမြားမိုး- သွန်းဖြိုးပုံသွင်
နီမောင်းတော်က်လို့၊ ထက်အောက် ရောင်ထင်
ဓွာညိုပြန်း၊ ဖြန့်တန်းရောင်နီလွှင်။
— ဆန်းဆန်းပြားပြား၊ ငါးပါးရောင်ခြည်
လုံ့ဝေရောယှက်၊ ထိန်လက်စုံညီ
ဝါရွှေညိုမောင်း၊ စုပေါင်းဖြူနီ
စိမ်းပြာလဲ့၊ ထူးတဲ့ရောင်ခြောက်လီ။
— ရောင်စုံခေတ်မီး၊ ထိန်ညီးတောက်ပြောင်
ကျောက်စုံချယ်သန်း- လျှပ်ပန်းရာထောင်
ပြိုးပြိုးပြက်လို့- ဘဝဂ်ကိုဆောင်
ကောင်းကင်လုံး- စိန်တုံး မြတုံးရောင်။
— ရောင်ခြည်ခြောက်ပါး- ကြွသွားမျက်နှာ
ဖြူနီပြာသန်း၊ လျှပ်ပန်းရွှေဝါ
မြေရေဖောက်လို့၊ လေအောက်စိမ်းပြာ
ဘဝဂ်ကျ- ထွန်းပရောင်ခြည်ဖြာ။
— နေမင်းလမင်း၊ ထိန်လင်းရောင်ဝါ
ရောင်ခြည်ကွန့်မြူး၊ မီးရှူးပမာ
ဘုန်းရောင်ကြွလို့၊ ကြီးလှတေဇာ
ကမ္ဘာလုံး၊ မဆုံးရောင်ခြည်ဖြာ။
— မြဟ္မာနတ်မင်း၊ ထွန်းလင်းကိုယ်ရောင်
ခြောက်လီရောင်မြတ်၊ တွေ့လတ်မဲမှောင်
ဘုန်းတော်တိုးလို့၊ တန်ခိုးထိန်ပြောင်
မြတ်ဘုရား၊ ထူးခြားအံ့ဘွယ်ဆောင်။

× × ×

# ဘုရား ဆိုတာ ဘာလဲ

အချင်း သူမြတ်

ဤ "ဂုဏ်တော် နဝရတ်နှင့် သူမြတ် ကျင့်စဉ်" များကို မရေးသားမီ ပထမဦးစွာ ဘုရားဟူသည်ကို တိတိကျကျ သိရှိထားရန် လိုပါသည်။ အဘယ်ကြောင့် ဆိုသော် ဤဂုဏ်တော် နဝရတ် ဂုဏ်တော်ကိုးပါးသည် မြတ်စွာဘုရား၏ ဂုဏ်ထူးဝိသေသ သွင်ပြင်လက္ခဏာရပ်များကို ဖေါ်ကျူးထားသော ဟိတ်များကြောင့်ပင် ဖြစ်ပါသည်။ ဤ ဂုဏ်တော်ဟိတ်များသည် မြတ်စွာဘုရား၌ရှိသော ဂုဏ်ထူးဝိသေသ လက္ခဏာရပ်များ ဖြစ်ပါသည်။

ဤ လက္ခဏာထူး, ဝိသေသများဖြင့် ပြီးပြည့်စုံသော မြတ်စွာဘုရားအား ဦးစွာသိရှိမှသာ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်၊ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံ အားထုတ်ကြသည့် အရိယာ သံဃာတော်များအပေါ် ကြည်လင်ပြတ်သားစွာ ရှုမြင် သုံးသပ်၍ ကြည်ညိုလေးမြတ်မည် ဖြစ်ပါသည်။

ထို့ကြောင့် ပထမဦးစွာ ဘုရားဟူသည် အဘယ်နည်းဟု မေးလာလျှင်–

ဘုရားဟူသည် ( ဗုဒ္ဓါ ) ( ဗုဒ္ဓ ) ဟူသော ပါဠိစကားမှ ဆင်း သက် လာ ပြီး ဗုဒ္ဓါးဟု သက္ကဋ ဘာ သာ ရော လျက် ခေါ်ဝေါ်ကြောင်း ဖြေရပါမည်။

သက္ကဋ သက်သက် ရေးမူ ဗုဒ္ဓါး ဖြစ်သည်။ ဝိသဇ္ဇနီအသံ နှင့် ဗုဒ္ဓါးဟု ခေါ်ဝေါ်ပါသည်။

## သဗ္ဗာ လေးပါး

မြန်မာစကား သက်သက် ခေါ်လျှင်ကား သဗ္ဗာလေးပါးကို သိသော ပညာရှိ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဟု ခေါ်ဆိုပါသည်။ သို့ရာတွင် ယခုမူ ပါဠိ- သက္ကဋ နှစ်ဘာသာ ရောလျက် ရှိနေပါသည်။ အချို့သတ်ပုံ သဒ္ဒါဆရာတို့က ဘဂဝန္တ ပါဠိဘာသာမှ ဘုန်းရှိသော ပုဂ္ဂိုလ်မြတ် ဖြစ်၍ဘုရားဟု ရေးကြပါသည်။

## ထူးပုံ မြတ်ပုံ

ပညဝန္တ ပါဠိဘာသာမှ ကုသိုလ်ပညမျှားကြောင့် ပညား စသည်မှ ပညား=ပရား=ဘုရား= ဟူသော မြန်မာစကားဖြစ် လာကြောင်းကို ပြောဆို ရေးသားကြပါသည်။ ဘုရားဟူ၍ မည်သို့ပင်ရေးရေး အဓိက မဟုတ်ပါ။ အဓိကမှာ ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို သိ၍ ကိုယ် တော် မြတ် ၏ ရုပ်ခေတ်၊ နာမ်ခေတ်၊ ဉာဏ်တော်မြတ်တို့၏ ထူးပုံ၊ မြတ်ပုံ၊

အားကိုးထိုက်ပုံ စသည်များကို သိရှိရန်သာ ပမာဏ ပဌာန ဖြစ်ပါသည်။

ကျေးဇူးတော်

ဤသို့ အားကိုးထိုက် ယုံကြည်ထိုက်သော ဗုဒ္ဓ အစစ် အမှန်၏ ဂုဏ်တော်- ကျေးဇူးတော်တို့သည်--

အသင်္ခေယျာနိ နာမာနိ၊ သဂုဏေန
မဟေသိနော။
ဂုဏေန နာမ မုဒ္ဒေယျံ၊ အပိနာမ
သဟ ဿတော။

မဟေသိနော၊ မြတ်စွာဘုရား၏ သဂုဏေန၊ ကိုယ်တော်၏ ဂုဏ်ကျေးဇူးဖြင့် လဒ္ဓါနိ၊ ရအပ်ကုန်သော၊ နာမာနိ၊ အမည် တော်တို့သည်၊ အသင်္ခေယျာနိ၊ ရေတွက်ခြင်းငှာ မတတ်နိုင် ကုန်၊နာမ သဟဿ တောအပိ၊တပါးမကများလှသောအမည် တော်တို့ဖြင့်လည်း၊ ဂုဏေန၊ ဂုဏ်တော်ဖြင့်၊နာမံ၊ အမည်တော် ကို၊ ဥဒ္ဒေယျံ ဥဒ္ဒိရိတဗ္ဗံ၊ ထုတ်ဖော်အပ်၏။ (ပြည်ဆရာတော် ၏ အနက်)

ဂုဏ်တော် အနန္တ

တဖန် သာရိပုတ္တထေရ- အပဒါန်နှင့် သာရိပုတ္တ ထေရ ဂါထာ ပါဠိတော်တွင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကိုယ်တိုင် ဟောကြား တော်မူရာ၌ လည်းကောင်း၊ ထို့အပြင်--

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိစေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃ- မန္တရေ၊
ဝဏ္ဏော န ခီယေထ တထာ ဂတဿကိ။

ဗုဒ္ဓေါပိ၊ သဗ္ဗညုတ ဉာဏထင်ရှား တဆူသောဘုရားသည်၊ ဗုဒ္ဓဿ၊ သဗ္ဗညုတ ဉာဏထင်ရှား၊ တဆူသောဘုရား၏၊ ဝဏ္ဏံ၊ ကျေးဇူးတော်ဟုန် ဂုဏ်တော်အပေါင်းကို၊ ကပ္ပမ္ပိ၊ နှစ်ရာ့ လေးဆယ် ကပ်ငယ်အပေါင်း အန္တရလေးဝ အသင်္ချေယျ တွက်ရေ အဆုံး ဘကမ္ဘာပတ်လုံးလည်း၊ အညံ၊ ဂုဏ်တော်မှ တပါး၊အခြားသောတရားကို၊အဘာ သမာနော၊ ရုံခါမပြော၊ မဟောကြားဘဲ၊ ဘဏေယျ၊ အကယ်ကြိုးပမ်း၊ ချီးမွမ်း လေညာအံ့၊ အန္တရေ၊ အကြား၌၊ ကပ္ပေါ၊ တွက်ရေ အဆုံး၊ ဘကမ္ဘာလုံးသည်၊ စိရဒီဃံ၊ ကာလအရှည်၊ ရောက်လေသည် ဖြစ်၍၊ခီယေထ၊ ကုန်လွယ်ရာ၏။တထာ ဂတဿ၊ ရှေးဘုရားတို့ ကဲ့သို့ မခြားအတူ လာတော်မူသော တဆူသခင် သုံးလူ့ရှင်၏၊ ဝဏ္ဏော၊ ကျေးဇူးတော်ဟုန် ဂုဏ်တော် အပေါင်းသည် နခီယေထ၊ မကုန်နိုင်ရာ—

အဘိဓါန်ကျမ်းလာ

တဖန် မဇ္ဈိမ ပဏ္ဏာသ သုတ်သီလက္ခန် စသော ဆိုင်ရာ ဆိုင်ရာ အဋ္ဌကထာတို့၌ လာသော အဗ္ဘုတကပ္ပန ဂါထာအရ သော်လည်းကောင်း၊ အသင်္ချေယျ - အပ္ပမေယျ ဖြစ်၍ များပြားလှပါသည်။

ဗုဒ္ဓေါ ဒသဗလော သတ္ထာ၊
သဗ္ဗညူ ဒွိပဒုတ္တမော၊
မုနိန္ဒော ဘဂဝါ နာထော စက္ခု
မင်္ဂီရသော မုနိ။
လောကနာထော နဓိဝရော၊
မဟေသိစ ဝိနာယကော၊
သမန္တစက္ခု သုဂတော၊
ဘူရိပညော စ၊ မာရဇိ။

အစရှိသဖြင့် ဆိုအပ်သော အဘိဓာန် ကျမ်းလာ ဂုဏ်တော်တို့သည်လည်း များပြားလှပေ၏။ ဤသို့ များပြားလှသည့်အတွက် ဘုရားတဆူ၏ ဂုဏ်ကျေးဇူးကို ဘုရားတဆူ ဖြစ်တော်မူ၍ အာယုကပ်ပတ်လုံး ဟောကြားငြားသော်လည်း မကုန်နိုင်၊ မဆုံးနိုင်ကြောင်းကို ကျမ်းဂန်တို့၌ မိန့်ဆိုလျက်ရှိပါသည်။ ဤမျှ များပြားလှသော်လည်း၊ အကျဉ်းအားဖြင့် နဝရတ်ဂုဏ်တော်မြတ် ကိုး ပါး သာ ရှိ ပါသည်။ ထိုဂုဏ်တော်မြတ်ကိုးပါးကို ရှေးသူတော်စင် သူတော်မြတ်အပေါင်းတို့သည် အမျိုးမျိုးစီစဉ်ကြလျက် စိတ်ဖြင့်လည်းကောင်း၊ စိပ်ပုတီးဖြင့်လည်းကောင်း ပွားများအားထုတ်ခဲ့ကြပါသည်။ အားထုတ်ခဲ့သည့် အလျောက်လည်း အကျိုးကျေးဇူး ထူးသော တရားများခံစား စံစား ရပုံကို ရေးသားမည် ဆိုသော် ရေးသား၍ ကုန်နိုင်စွမ်း ရှိမည်မဟုတ်ပါ။

သဂါထာဝဂ္ဂ ဒေဝတာသံယုတ်၊ သတုလ္လပကာသိကဝဂ်၊ မဟာသမယသုတ်နှင့် သုတ်မဟာဝါ ပါဠိတော်၌ ဤသို့ ဟောခဲ့ပါသည်။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

## အထွင့်အမြွက်ဘာဝသို့

အဝိပ္ပာယ်ကား ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အောင့်မေ့ပွားများသော သူတို့သည် အပါယ် ၄ ဘုံမှ ကင်းလွတ်ခြင်း၊ လူ့ဘဝကိုစွန့်ပစ်၍ ခန္ဓာအသစ်ဖြစ်ပေါ်မည်ဆိုလျှင် နတ်ဘုံ နတ်ဘဝတို့၌ နတ်တို့၏ ရူပ ကာယ၊ လှပတင့်တယ် ရှုမငြီးသော၊ နတ်သမီး နတ်သား နတ်စည်းစိမ်ကြီးများကို မလုပ်ကိုင်ပဲ၊ မချက်မပြုတ် မယက်လုပ်ပဲ၊ စားသောက်ဝတ်ဆင်၍ နှစ်ပေါင်းကိုးသန်း စတုမဟာရာဇ်ဘုံ၌ နတ်ဖြစ်ရသည်။ တဖန်—

## ဂုဏ်တော်တန်ခိုးကြောင့်

— တာဝတိံသာ၌ နှစ်ပေါင်း ၃ ကုဋေ ၆ သန်း အသက်ရှည်သော နတ်ဖြစ်ရသည်။

- ယာမာဘုံ၌ -၁- ကုဋေ ၆ သန်း - ၄ လီ အသက် ရှည်နိုင်သည်။
- တုသိတာဘုံ၌ ၅၇ ကုဋေ အသက်ရှည် သော နတ်ဖြစ်နိုင်သည်။
- နိမ္မာနရတိဘုံ၌ ၅၇ ကုဋေ အနှစ် ၆ သန်း ၄ လီ အသက်ရှည်နိုင်သည်။
- ပရနိမ္မိတ ဝသဝတ္တိဘုံ၌ ကုဋေ ၉၆ သန်း အသက်ရှည် သော နတ် ဖြစ် နိုင် သည်။ နတ် ပြည် ခြောက် ထပ် တို့ ၌ ဤ သို့ အ ကြောင်း အား လျော်စွာနတ်ဖြစ်ရခြင်းသည် ဂုဏ်တော် တန်ခိုး ကြောင့်ဖြစ်ပါသည်။ လူတို့၏စည်းစိမ်ချမ်းသာ ထက် သာလွန်သော နတ်စည်းစိမ်ကို ခံစားစံစား ရသည်။

## ဆယ်ပါးသောအကျိုး

ဤသို့ဂုဏ်တော်၏ တန်ခိုးတော်ကြောင့် နတ်ဖြစ်ရခြင်း သည်၊ တခြားသော၊ ဒါနသီလ၊ ပစာယန၊ ဝေယျာဝစ္စ စသော ကုသိုလ်ကြောင့် နတ်ဖြစ်သောသူတို့ထက် အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံ များခြင်း၊ အစိုးရခြင်း၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗ အားဖြင့် ပေါင်းဆယ်ပါးသောအကျိုးကို ခံစားနိုင်၏ဟု အရှင်မဟာမောဂ္ဂလန် မထေရ်မြတ်သည် သင္ဂာယာနဝဂ္ဂ သံယုတ်၊ သက္ကသုတ်၌ ဟောကြားတော်မူခဲ့ပါသည်။

## မကြံစည်နိုင်သောအကျိုးပေး

တဖန်–သံယုတ်ပါဠိတော်၌ ဘုရား၊ တရား၊ သံဃာ တို့၏ ဂုဏ် ကျေးဇူးတို့ကို ဤသို့ ဖွင့်ဆိုခဲ့ပြန်ပါသည်။

(၁) ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓ ဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၂) ဧဝံ အစိန္တိယာ ဓမ္မာ၊
ဓမ္မ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၃) ဧဝံ အစိန္တိယာ သံဃာ၊
သံဃ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

## သုံးဂါထာအနက်အကျဉ်း

ဤသို့ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါး တို့သည်မကြံစည်နိုင်ကုန်။

ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးတို့သည်လည်း မကြံစည် နိုင်ကုန်။

ထိုသို့ မကြံစည်နိုင်ကုန်သော ရတနာသုံးပါးနှင့် ဂုဏ် ကျေးဇူး တို့ကို ကြည်ညို လေးမြတ်သူတို့အား မကြံစည် နိုင်သော အကျိုးကျေးဇူးကို ရရှိခံစားရမည်သာတည်း။

# အချိန်ကောင်း အချိန်မြတ်။

အချင်းသူတော်ကောင်း

ရှေးသူတော်စင် သူတော်မြတ်တို့သည် လောကီ အမှုကိစ္စများ ကို ဆောင် ရွက် လုပ် ကိုင် ရာ တွင် လည်း ကောင်း၊ လောကုတ္တရာ အမှုကိစ္စကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ နောင်အစဉ်သဖြင့် အောင်မြင် ကောင်းမွန်ရေး၊ အစဉ်သဖြင့် ခိုင်မာတည်မြဲရေး စသည်တို့အတွက် အချိန်ကောင်းအချိန်မြတ်များကို ရွေး၍ အစဉ် သုံးလေ့ရှိပါသည်။

ဤကဲ့သို့ အချိန်ကောင်း အချိန်မြတ်များကို ရွေး၍ အမှုကိစ္စများကို ဆောင် ရွက် လုပ် ကိုင် ခဲ့ သော ကြောင့် . အ စဉ် အောင်မြင်ခဲ့သည်ချည်း ဖြစ်ပါသည်။

ဤသို့သော အချိန်ကောင်း အချိန်မြတ်ကို နောင်းလူတို့ အသုံးပြုနိုင်ရန်အတွက် အချိန်ပိုင်းဖြင့် ရှေး သူတော်စင်တို့ ထားရှိခဲ့ပါသည်။ ဤသူမြတ် ကျင့်စဉ်၌ ပထမဦးဆုံး မိမိ

စ,သောရက်၊ မိမိကျင့်ကြံ အားထုတ်မည့်ရက်၌ မိမိသည်
မည်သည့်အရာကို အဓိဋ္ဌာန်၍ဆုတောင်းသနည်း၊ထိုဆုတောင်း
ချက်နှင့် လိုက်ဖက်၍ မိမိစတင်၍ အားထုတ်မည့်အချိန်သည်
"သတ္တာဗိသ" ကြေရန် လိုပါသည်။

ထိုသတ္တာဗိသ ကြေသော အချိန်များတွင်လည်းကောင်း၊
နေ့အလိုက် ကောင်းမွန်သော အချိန်များတွင်လည်းကောင်း၊
စတင်၍ ကျင့်ကြံ အားထုတ်ပါက ပို၍ ကောင်းမွန်ပေသည်။
ပို၍ အောင်မြင်စူးရှပေသည်။ (အခြား လူမှုရေးကိစ္စများတွင်
လည်း ဤ အ ချိန် ပိုင်း များ အတိုင်း ဆောင်ရွက် ပြီးမြောက်
အောင်မြင်စေပါသည်)။

ထိုကြောင့် ရှေးသူတော်စင်တို့ ထားရှိသော အချိန်ပိုင်း
များကို ဤသူမြတ် ကျင့်စဉ်၌ ပိုမိုပြည့်စုံရန် တင်ပြလိုက်ရ
ပါသည်။

နေ့စဉ်အလိုက် အမှုကိစ္စ ဆောင်ရွက်ရန်

၁။ အောင်၊ သာ၊ နေမွန်းတည့်။
၂။ ငါ့၊ ရှင်၊ သုံးချက်တီး။
၃။ ဆွေ၊ ပြည်၊ တက်၊ သုံးခါ။
၄။ နံ၊ လာ၊ နေထွက်ဝင်။

* * *

(၁) အောင်=တနင်္ဂနွေနေ့ )မွန်းတည့်ချိန်သည်
သာ =သောကြာနေ့ )အချိန့်ကောင်း

(၂) ငါ့ =တနင်္လာ )နေ့သုံးချက်တီးသည်
ရှင် =ရာဟု )အချိန်ကောင်း

(၃) ဆွေ =အင်္ဂါ )နံနက် သုံးချက်တီးသည်
ပြည် =ကြာသာပတေး)အချိန်ကောင်း

(၄) နံ =စနေ )နေထွက်ချိန်နှင့် နေဝင်ချိန်
လာ =ဗုဒ္ဓဟူး )သည်၊ အချိန်ကောင်းများ
)ဖြစ်သည်။

# ပထမဦးစွာ ပြင်ဆင်မှုများ

အချင်းသူမြတ်

ဤသူမြတ်ကျင့်စဉ်ကို ကျင့်ကြံအားမထုတ်မီ ပထမဦးစွာ အောက်ပါအချက်အလက်များကို လိုက်နာရန် သတိမမေ့ပါလင့်....သို့မှသာ သူမြတ်ကျင့်စဉ်ကို အားထုတ်၍ပေါက်ရောက်အောင်မြင်နိုင်ပေမည်၊ ထက်မြက်စူးရှသော ဂုဏ်တော်နဝရတ်တို့၏ အကျိုးထူးအကျိုးမြတ်များကို ခံစားရပေမည်။

(၁) သူမြတ်ကျင့်စဉ်ကို ကျင့်ကြံမည့်ပုဂ္ဂိုလ်သည်အမြဲတစေ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ရွှင်လန်းချမ်းမြေ့ နေစေရန် ဂရုစိုက်ပါ။

(၂) ဤသူမြတ်ကျင့်စဉ်ကို မကျင့်ကြံမီ ပထမဦးစွာ ကိုယ်လက် သုတ်သင်ပါ။ ဒွါရများကို စင်ကြယ်အောင် ဆေးကြောပါ၊ ပြီးနောက် သန့်ပြန့်သော အဝတ်ကို ဝတ်ပါ။ (ပိတ်ဖြူလုံချည်နှင့်၊ အင်္ကျီများ၊ ယောဂီ

လုံချည်နှင့် အင်္ကျီများကို သီးသန့်ထား၍ဝတ်ဆင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ )

(၃) မိမိထိုင်မည့်နေရာသည် ဆိတ်ငြိမ်၍ အနှောက်အယှက် မရှိသောနေရာ ဖြစ်ရပါမည်။

(၄) မိမိ နေ့စဉ် ထိုင်မည့်နေရာသည် သန့်ရှင်း စင်ကြယ်ရ ပါမည် ပတ်ဝန်းကျင်လည်း သန့်ရှင်း နေရပါမည်။ မကောင်းသော အနံ့အသက်နှင့် ဝေးရပါမည်။

(၅) မိမိ အိမ် ကျောင်းဆိုလျှင် အနည်းငယ် သန့်ရှင်းမှု ပြုလုပ်ရန်သာလိုသည်၊ သို့သော် တောရ ဆောက်တည် သူများအဖို့မူ ထိုင်ရမည့်နေရာမှာ အစဉ် သန့်ပြန့်နေ ရန်လိုပါသည်။ တောကြမ်းသောနေရာများ ပိုးကောင် မွှားကောင် ပေါများသောနေရာများ ကျားရဲ ကြမ်း သောနေရာများတွင် အောက်၌ ဖော်ပြမည့် စည်းကို သာမန် (၁)ထပ်၊ အရေးကြီးလျှင် (၇)ထပ် ချပြီးမှ စိတ်ချလက်ချ သူမြတ်ကျင့်စဉ်ကို အားထုတ်ပါ။

(၆) ထိုသို့ အားမထုတ်မီ အနန္တော အနန္တငါးပါးတို့အား ကန်တော့ပန်းဆင်ပါ။ ထို့နောက် "အာဋာနာဋိယ" သီလကို ဆောက်တည်ပါ။ ပြီးလျှင် ဆရာတော်ကြီး များနှင့် ဆရာကြီးများအား ကန်တော့ပန်း ဆင်ပါ။ ထို့နောက် မေတ္တာပို့ အမျှဝေပါ။ ပြီးမှ ဂါရဝ တရား ထိုင်နည်းအတိုင်း စနစ်တကျထိုင်ပါ။

(၇) ပုတီးစိပ်နေစဉ် အတွင်း အာရုံငါးပါး ပေါက်ပြီးမှ မနေသာအာရုံကို နှောင့်ယှက် ဖျက်ဆီးစေမည့်—

(က) စက္ခုဒွါရ
(ခ) သောတဒွါရ
(ဂ) ဃာနဒွါရ
(ဃ) ဇိဝှါဒွါရ

(င) ကာယဒွါရမှ ဝင်ရောက်မလာနိုင်အောင် ပိတ်ဆို့ထားပါ။ ထိုဒွါရပေါက်မှ ဝင်ရောက်လာသော အာရုံများကိုလည်း ချက်ခြင်းမောင်းနှင်ထုတ်ပစ်ပါ။ပြီးလျှင်- ဂုဏ်တော်ကသိုဏ်းဝန်းပေါ်သို့ အာရုံပြန်၍ စိုက်ထားပါ။

မရှေ့မလျှား ကျောက်သားကျောက်တိုင်

= ဂုဏ်တော်သည် မှတ်စရာ အာရုံဖြစ်ပါသည်။
= ထို ဂုဏ်တော်ပေါ်သို့ ညွှတ်၍ ကျသောစိတ်က အာရမ္မဏိက ဖြစ်ပါသည်။

(၈) ပုတီးစိပ်နေစဉ်အတွင်း (အဓိဋ္ဌာန်ချက်အတိုင်း) ဘာခုခု အနှောက်အယှက်တွေ့ပါက၊ လာရောက်ဖျက်ဆီးပါက မိမိ အဓိဋ္ဌာန်အတိုင်း မ ရွေ့၊ မ လျှား၊ ကျောက် သား ကျောက်တိုင်ကဲ့သို့ ပြီးဆုံးသည်အထိ ဂုဏ်တော်များကို ပွားများအားထုတ်ပါ။

## တောချောက်ခြင်း

ဤသည်မှာ အချင်းသူမြတ်- ပထမဦးစွာ —သိထားရမည့် အချက်များဖြစ်ပါသည်။ မိမိ နေအိမ်၊ မိမိ ကျောင်းတို့၌ ကျင့်ကြံရာတွင် ကြီးကျယ်သော အခက်အခဲ ပြဿနာများ မပေါ်ပေါက်နိုင်သော်လည်း၊ အချို့အရပ်ဒေသတောတောင် များမှာ၊ တောကြွမ်းခြင်း၊ တောချောက်ခြင်း၊ တောကောင် သားရဲတိရစ္ဆာန်များ ပေါများခြင်း စသော ဘေးဒဏ်များ ၏ အနှောက်အယှက်၊ အဖျက်အဆီးကို ခံစားရတတ်ပါသည်၊ ထို့ကြောင့် ရှေးသူမြတ်များ၊ တောရ ဆောက်တည်သော ပုဂ္ဂိုလ်များ လက်သုံးထားသော စည်းချခြင်းအမှုကို ပြုရန် မမေ့ပါလင့်ဟု အထပ်ထပ် သတိပေးအပ်ပါသည်။ အဆိုပါ စည်းသည် မကောင်းသော အနှောက်အယှက်ဆိုး၊ အနံ့ အသက်ဆိုး၊ အသံဆိုး၊ အရုပ်ဆိုး စသည့် အနိဋ္ဌာရုံများမှ ကင်းဝေးစေပြီး တိရစ္ဆာန်ပိုးမွှား၊ ကျားရဲနှင့်၊ ဒါးမြ၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူတို့၏အန္တရာယ်ဘေးမှလည်း ကင်းဝေး စေပါသည်။ ထို့ကြောင့် ပထမဦးစွာ သူမြတ် ကျင့်စဉ်ကို မကျင့်ကြံမီ စည်းသုံးထပ်ချပါ။ အရေးကြီးသောအရပ်ဒေသ များ၌ (၇)ထပ်ချလျှင် စိတ်အချရဆုံးဖြစ်ပါသည်။

## ဣဋ္ဌာရုံများသာ

မိမိနေသော အိမ်ကျောင်းတို့၌လည်း နေ့စဉ် စည်း ချပြီးမှ ပုတီးစိပ်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊

အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဘတ်ခြင်း စသည်များကိုပြုပါ။

ဤစည်း၏ဟန်ခိုးတော်သည်၊ဘုန်းကြီးခြင်း၊အန္တရာယ်ဆိုးဘေးဆိုးမှ ကင်းဝေးခြင်း၊ အိပ်မက်ကောင်း မက်ခြင်း၊ စသော ဣဋ္ဌာရုံများကို အစဉ် ခံစား စံစားရမည်သာ ဖြစ်ပါသည်။

## ဆန္ဒမွန်

– စိတ်အကြံ ပေါက်ကြပါစေ။

– အမိဌာန် မြောက်ကြပါစေ။

– ဝိမုတ္တိ ပေါက်ကြပါစေ။

– နိဗ္ဗာန် ရောက်ကြပါစေ။

# ဘေးရန်ကင်းကွာ

## စည်းချဂါထာ

(အရှေ့မြောက်ထောင့်အရပ်၌ ရွတ်ရန်)

(၁) အဋ္ဌင်္ဂေ၊ ပါကာရုပေတံ
သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိ ပတ္တာ
ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန
ရက္ခံ ဗန္ဓာမိ၊ သဗ္ဗသော။ ။

(၂) (အရှေ့အရပ်၌ရွတ်ရန်)
အဋ္ဌင်္ဂေ၊ ပါကာရုပေတံ
သဗ္ဗေ ဗုဒ္ဓါ ခေမပတ္တာ
ပစ္စေကာနဉ္စ ယောခေမော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၃) (အရှေ့တောင်ထောင့်အရပ်၌ရွတ်ရန်)
အဋ္ဌင်္ဂေ၊ ပါကာရုပေတံ
သဗ္ဗေဗုဒ္ဓါ ဇိနပတ္တာ၊
ပစ္စေကာနဉ္စ ယောဇိနော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၄) (တောင်အရပ်၌ရွှတ်ရန်)

အဋ္ဌတဂ္ဂေ၊ ပါကဋုပေတံ
သဗ္ဗေဗုဒ္ဓါလာဘပတ္တာ
ပစ္စေကာနဉ္စ ယောလာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ ။

(၅) (အနောက်တောင်ထောင့် အရပ်၌ ရွှတ်ရန်)

အဋ္ဌတဂ္ဂေ၊ ပါကဋု ပေတံ၊
သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ
ပစ္စေကာနဉ္စ ယောတေဇော၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

(၆) (အနောက်အရပ်၌ရွှတ်ရန်)

အဋ္ဌတဂ္ဂေ၊ ပါကဋုပေတံ၊
သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ
ပစ္စေကာနဉ္စ ယံဗလံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

# ဘေးရန်ကင်းကွာ

(၇) (အနောက်မြောက်အရပ်၌ရွတ်ရန်)

အဋ္ဌတဂ္ဂေ ပါကာပေတံ၊
သဗ္ဗဗုဒ္ဓါ ယသပတ္တာ
ပစ္စေကာနဉ္စ ယောယသော၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

(၈) (မြောက်အရပ်၌ရွတ်ရန်)

အဋ္ဌတဂ္ဂေ ပါကာပေတံ၊
သဗ္ဗဗုဒ္ဓါ သိရိပတ္တာ
ပစ္စေကာနဉ္စ ယာသိရိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

(၁၀) (အရှေ့မြောက်ထောင့်အရပ်၌ရွတ်ရန်)

အဋ္ဌတဂ္ဂေ ပါကာပေတံ၊
သဗ္ဗဗုဒ္ဓါ၊ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယာဣဒ္ဓိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

(၁၀) (အောက်အရပ်၌ရွတ်ရန်)

သဗ္ဗဗုဒ္ဓါ နိစ္စပတ္တာ၊
ပစ္စေကာနဉ္စ ယံနိစ္စံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။ ။

## (၁၁) (အထက်အရပ်၌ ရွတ်ရန်)

သဗ္ဗေဗုဒ္ဓါ ဗျာနုပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံဗျာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

## (၁) (အရှေ့မြောက်ထောင့်အရပ်သို့)

အဇ္ဇတဂ္ဂေ၊ ယနေ့မှအစပြု၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး၊ ဣဒ္ဓိပတ္တာ၊ ဣဒ္ဓိပတ္တာနံ၊ တန်ခိုးရှိန်စော်၊ အာနုဘော်သို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ မြတ်စွာဘုရားတို့၏လည်းကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေက ဗုဒ္ဓါတို့၏လည်းကောင်း၊ ယာဣဒ္ဓိ၊ အကြင်တန်ခိုး အာနုဘော်သည်၊ အတ္ထိ၊ ရှိတော်မူပေ၏။ တဿာဣဒ္ဓိယာစ၊ ထိုတန်ခိုးအာနုဘော်ဖြင့်လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင်အရပ်ဆယ်မျက်နှာမှ၊ ဝါ၊ အလုံးစုံသော အရှေ့မြောက်ထောင့် အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၂) (အရှေ့အရပ်သို့)

အဇ္ဇတဂ္ဂေ၊ ယနေ့မှအစပြု၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး ခေမပ္ပတ္တာ၊ ခေမပ္ပတ္တာနံ၊ ခပ်သိမ်းများစွာ၊ ဘေးကင်းရာသို့

ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း၊ ယောခေမော၊ အကြင်ဘေး မရှိခြင်းသည်၊ အတ္ထိ၊ ရှိ၏။ တေနခေမေန၊ ထိုဥပဒ္ဒဝေါမရှိ ခြင်းဖြင့်လည်းကောင်း၊ အရဟန္တာနံ၊ရဟန္တာတို့၏၊တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း၊သဗ္ဗသော၊ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ၊ ရက္ခံ၊အစောင့် အရှောက်အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၃) (အရှေ့တောင်ထောင့်အရပ်သို့)

အဋ္ဌတင်္ဂေ၊ ယနေ့မှအစပြု၍၊ ပါကာပေတံ၊ အာသက် ထက်ဆုံးဇိနပ္ပတ္တာ-ဇိနပ္ပတ္တာနံ၊မာရ်ငါးပါးကို အောင်ခြင်းသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း၊ ပစ္စေကာနဉ္စ- ပစ္စေကာ ဗုဒ္ဓါတို့၏လည်းကောင်း၊ ယောဇိနော၊ အကြင် အောင်ခြင်းသည်၊ အတ္ထိ။ ရှိ၏၊ တေနဇယေန၊ ထိုအောင်ခြင်း ဖြင့်လည်းအောင်း၊ အရဟန္တာနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ တေဇေနစ၊ တန်ခိုးတော် အာနုဘော်ဖြင့် လည်းကောင်း၊ သဗ္ဗသော ထက်ဝန်းကျင်အရပ်ဆယ်မျက်နှာမှ၊ ရက္ခံ၊ အစောင့် အရှောက်၊ အရံအဘားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၄) တောင်အရပ်သို့

အဋ္ဌတင်္ဂေ။ ယနေ့မှ အစပြု၍၊ ပါကာပေတံ၊ အာသက် ထက်ဆုံး လာဘပ္ပတ္တာ - လာဘပ္ပတ္တာနံ၊ လာဘ်ရခြင်းသို့

ရောက်တော်မူကုန်သော၊ သဗ္ဗေ - သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ - ဗုဒ္ဓါနဥ္စ၊ မြတ်စွာဘုရားတို့၏လည်းကောင်း၊ ပစ္စေကာနဥ္စ—ပစ္စေက ဗုဒ္ဓါတို့၏ လည်းကောင်း၊ ယောလာဘော၊အကြင်လာဘ်ရခြင်းသည်၊အတ္ထိ၊ရှိ၏။တေနလာဘေန၊ ထိုလာဘ်ရခြင်းဖြင့် လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေနစ၊ တန်ခိုး အာနုဘော်ဖြင့် လည်းကောင်း၊ သဗ္ဗဒေသာ၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ၊ ·ဝါ၊ အလုံးစုံသော တောင် အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့် အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၅) အနောက် တောင်ထောင့်အရပ်သို့

အဂ္ဂေတေဇေ။ ယန္နေမှအစပြု၍၊ပါကျပေတံ၊အသက်ထက်ဆုံး၊ အောဇပတ္တာ တေဇ ပတ္တာနံ၊ တန်ခိုးရှိန်စော် အာနုဘော်သို့ ရောက်တော်မူကုန်သော သဗ္ဗေ-သဗ္ဗေသံ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဥ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း၊ ပစ္စေကာနဥ္စ၊ ပစ္စေက ဗုဒ္ဓတို့၏ လည်းကောင်း၊ ယော တေဇော၊ အကြင်တန်ခိုးရှိန်စော် အာနုဘော်သည်၊အတ္ထိ၊ရှိ၏။တေန တေဇေန၊ ထိုတန်ခိုး အာနုဘော်ဖြင့် လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေနစ၊ တန်ခိုး အာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ် ဆယ်မျက်နှာမှ၊ ဝါ၊ အလုံးစုံသော အနောက်တောင်ထောင့် အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့် အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၆) အနောက် အရပ်သို့

အဇ္ဇတဂ္ဂေ၊ ယနေ့မှ အစပြု၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး ဗလပ္ပတ္တာ-ဗလပ္ပတ္တာနံ၊ အားတော် ဆယ်ပါးသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံး စုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါ နဉ္စ၊ ဘုရားရှင်တို့၏ လည်း ကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေကာ ဗုဒ္ဓါတို့၏ လည်းကောင်း၊ ယံဗလံ၊ အကြင်အားတော် ဆယ်ပါးသည်၊ အတ္ထိ၊ ရှိ၏။ တေနဗလေန၊ ထိုအားတော် ဆယ်ပါးဖြင့် လည်းကောင်း၊ ရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏၊ တေဇေနစ၊ တန်ခိုးအာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ၊ ဝါ၊ အလုံးစုံသော အနောက်အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံ အတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၇) အနောက် မြောက်ထောင့် အရပ်သို့

အဇ္ဇဂ္ဂေ။ ယနေ့မှ အစပြု၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး၊ ယသပ္ပတ္တာ၊ ယသပ္ပတ္တာနံ၊ အခြံအရံ အကျော်အစောသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေကာ ဗုဒ္ဓါတို့၏ လည်းကောင်း၊ ယော ယသော၊ အကြင် အခြံအရံ အကျော် အစောသည်၊ အတ္ထိ၊ ရှိတော်မူ၏၊ တေန ယသေနစ၊ ထို အခြံအရံ အကျော်အစော ဖြင့်လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေနစ၊

တန်ခိုး အာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ၊ ဝါ၊ အလုံးစုံသော အနောက်မြောက်ထောင့် အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက်၊ အရံအတားကို အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၈) မြောက် အရပ်သို့

အဋ္ဌတာဠေ၊ ယန္နေမှ အစပြု၍၊ ပါကာ ပေတာံ၊ သသက် ထက်ဆုံး၊ သိရိပဗ္ဗတာ-သိရိပဗ္ဗတာနံ၊ အသေရေသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ-သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဥ္စ၊ ဘုရားရှင်တို့၏လည်းကောင်း ပစ္စေကာနဥ္စ၊ ပစ္စေက ဗုဒ္ဓါတို့၏ လည်းကောင်း၊ ယာသိရိ၊ အကြင် အသရေတော်သည်၊အတ္ထိ၊ ရှိ၏။ တာသာ သိရိယာစ၊ ထိုအသရေတော်ဖြင့် လည်းကောင်း၊ အရဟန္တာဂနံ၊ ရဟန္တာတို့၏၊ တေဇေန၊တန်ခိုး အာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော-ထက်ဝန်းကျင်အရပ် ဆယ်မျက်နှာမှ၊ဝါ၊ အလုံးစုံသောမြောက်အရပ် မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၉) အရှေ့ မြောက်ထောင့် အရပ်သို့

အနက် နောက်က ရေးပြီးပြီ။

## (၁၀) အောက် အရပ်သို့

အဋ္ဌတာဠေ၊ ယန္နေမှ အစပြု၍၊ ပါကာပေတာံ၊ အသက် ထက်ဆုံး၊ နိစ္စပဗ္ဗတာ-နိစ္စပဗ္ဗတာနံ မြဲခြင်းသို့ ရောက်တော်

မှုကုန်သော၊ သဗ္ဗေ - သဗ္ဗေသံ အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း၊ ယံနိစ္စံ၊ အကြင် မြဲခြင်းသည်၊ အတ္ထိ၊ ရှိ၏။ တေန နိစ္စေနစ၊ ထိုမြဲခြင်းဖြင့် လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေန၊ တန်ခိုး အာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ် ဆယ်မြက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## (၁၁) အထက်အရပ်သို့

အဒ္ဓဘာဂေ၊ ယနေ့မှ အစပြု၍ ပါဏုပေတံ၊ အသက်ထက်ဆုံး၊ ဈာနပ္ပတ္တာ၊ ဈာနပ္ပတ္တာနံ၊ ဈာန်သို့ရောက်တော်မူကုန်သော၊ သဗ္ဗေ - သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ-ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း၊ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါ တို့၏လည်းကောင်း၊ယံဈာနံ၊ အကြင်ဈာန်သည်၊ အတ္ထိ၊ ရှိ၏။ တေန ဈာနေနံစ၊ ထိုဈာန်ဖြင့် လည်းကောင်း၊ အရဟန္တာနံ၊ ရဟန္တာတို့၏၊ တေဇေနစ၊ တန်ခိုး အာနုဘော်တော်ဖြင့် လည်းကောင်း၊ သဗ္ဗသော ထက်ဝန်းကျင် အရပ် ဆယ်မျက်နှာမှ၊ဝါ၊ အလုံးစုံသောအထက်အရပ် ဆယ်မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို၊ အဟံ၊ ငါသည်၊ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

× × ×

# အနန္တငါးပါး တို့အားထား

အထက်ပါ စည်းကို ချပြီးနောက် အောက်၌ ဖော်ပြထားသော ကန်တော့ခန်းအား သုံးကြိမ်တိုင်တိုင် ရွတ်ဆို၍ ကန်တော့ပါ၊ (မည်သည့် နေရာ၌ သူမြတ်ကျင့်စဉ်ကို ကျင့်-ကျင့် ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ အမွှေး နံ့သာများကို မိမိစွမ်းနိုင်သလောက် နေ့စဉ်ဝတ်မပျက် လှူဒါန်းနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။)

## အနန္တငါးပါးဂုဏ်

(၁) အနန္တဂုဏ်ထိုက်တော်မူသော ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်ဘုရားရှင် အပေါင်းတို့အား လည်းကောင်း။

(၂) အနန္တဂုဏ် ထိုက်တော်မူသော ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်း လေးထောင် သော တရားမြတ်အပေါင်းတို့အား လည်းကောင်း။

(၃) အနန္တဂုဏ် ထိုက်တော်မူသော အရိယာသံဃာ သမုတိသံဃာ သံဃာတော် အရှင်မြတ်တို့အား လည်းကောင်း။

(၄) အနန္တဂုဏ် ထိုက်တော်မူသော ဤဘဝ ထိုဘဝ ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဘူးသော မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင် အပေါင်း တို့အား လည်းကောင်း။

(၅) အနန္တဂုဏ် ထိုက်တော်မူသော ဤဘဝ ထိုဘဝ ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဘူးသော ဆရာ့ သရာတော်မြတ်များကို လည်းကောင်း။

အဟံ၊ ဘုရား တပည့်တော်သည်၊ဥဒ္ဒိဿ၊ ရည်မှန်း ၍ (ဩကာသ)၃ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ တပည့်တော်၏ ကိုယ်တွင်းကိုယ်ပ တို့၌ ဤဘဝ ထိုဘဝ အဆက်ဆက်မှ ပါလာ ခဲ့သော ကာယ ဒုစရိုက် အမျိုးမျိုး ဝစီ ဒုစရိုက် အမျိုးမျိုး၊ မနော ဒုစရိုက် အမျိုးမျိုး၊ အလုံးစုံ ကုန် သော အကုသိုလ် ဝိပါက် ဝိတိက္ကမ၊ မရိယာ ဥာန၊ အနုသယ ကိလေသာ တို့ သည် ပျောက်လိုပါ၏။ ကင်းလိုပါ၏။ ရှင်းလိုပါ၏။ ကျွတ်လိုပါ၏ အရှင်ဘုရား (သုံးခေါက် ပူဇော် ကန်တော့ပါ) ထို့နောက် အာဇီဝ ဋ္ဌမက သီလကို ခံယူပါ။

## အာဇီဝ ဋ္ဌမကသီလ

⁜ သီလဟူသည်–
အားလုံးသော ကုသိုလ်တရားတို့၏ ဖြစ်ကြောင်းအစ မူလတည်း–
⁜ သီလဟူသည်–
ကုသိုလ် တရားတို့၏ တည်ရာ ဗိမာန် လည်းဖြစ်ပါသည်။
⁜ သီလဟူသည်–
အလုံးစုံသော ကုသိုလ်တရားတို့၏ ဘေးရန်ကင်းငြား လွန်ကြီးထွားအောင် ထိန်းသိမ်း စောင့်ရှောက်တတ်သောကြောင့် ကောင်း မွန် သော အမိလည်းမည်ပါသည်။
⁜ သီလဟူသည်–
အလုံးစုံသော ကုသိုလ်တရားတို့၏ အကြီးအမှူးလည်း ဖြစ်ပါသည်။ ဖြစ်ပွားရာဌာန ခံ တွင်း ဝ လည်း မည်ပါသည်။ ထို့ကြောင့်–
ငြိမ်သက် တည်ကြည် သိမြင် ထိုးထွင်းခြင်းသို့ ရောက်လိုသော ပညာရှိ ပုဂ္ဂိုလ်သည် သီလကို စင်ကျယ်အောင် သုတ်သင်ရာသည်။

ရှေးသူတော်စင် သူတော်မြတ် အပေါင်းတို့သည် အခါကြီး ရက်ကြီးများ၌ “အဋ္ဌင်္ဂသီလ” များကို ဆောက်တည်ကြ၍ ကျန်သောရက်များ၌ အမြဲထိန်းသိမ်းစောင့်ရှောက်

အပ်သည့် နိစ္စသီလဟုဆိုအပ်သော "အာဇီဝ ဠမကသီလ"ကို ဆောက်တည်ကြလေသည်။ ငါးပါးသီလသည် အာဇီဝ ဠမကသီလ၏ အတွင်းဝင်ဖြစ်သည်၊ ထို့ကြောင့် အာဇီဝ ဠမကသီလကို ဆောက်တည်ပါဟု သူမြတ်အား တိုက်တွန်းလိုက်ရပါသည်။

အာဇီဝဠက သီလ ဆောက်တည်ရန်

(၁) အဟံဘန္တေ တိသရဏေန သဟ အာဇီဝဠမက သီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ — (ရှေ့အတိုင်းဆို)

(၃) တတိယမ္ပိ အဟံ ဘန္တေ — (ရှေ့တိုင်းအဆို)
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးခေါက်ဆို)

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

(၂) ဒုတိယမ္ပိ (ရှေ့အတိုင်းဆို)

(၃) တတိယမ္ပိ ၎င်း

(အာမ ဘန္တေ)

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ။ ။ ။
(၃) ကာမေသု မိစ္ဆာစာရာ။ ။ ။
(၄) မုသာဝါဒါ ။ ။ ။
(၅) ပိသုဏာယ ဝါစာယ ။ ။ ။
(၆) ဖရုသာယ ဝါစာယ ။ ။ ။
(၇) သမ္ဖပ္ပလာပါယ ။ ။ ။
(၈) မိစ္ဆာဇီဝါ ။ ။ ။

(အာမဘန္တေ)

## သီလတောင်းပုံအနက်

၁။ ဘန္တေ အရှင်ဘုရား၊ အဟံ၊ ဘုရားတပည့်တော် (တပည့်တော်မ) သည် တိသရဏေန သရဏဂုံ သုံးပါးနှင့် သဟ တက္ခ အာဇီဝ ဋ္ဌမကသီလံ၊ အသက်မွေးခြင်းလျှင် ရှစ်ခုမြောက်သော သီလဟု ဆိုအပ်သော၊ ဓမ္မံ၊ သိက္ခာပုဒ်တော်ကို၊ ယာစာမိ တောင်းပန်ပါ၏ အရှင်ဘုရား၊ တုမှေ၊ အရှင်ဘုရား တို့သည်၊ မေ၊ တပည့်တော် တပည့်တော်မအား၊ အနုဂ္ဂဟံ၊ချီးမြှောက်ခြင်းကို(ကတွာ)ပြုတော်ကြမူ၍၊ သီလံ၊ အာဇီဝ ဋ္ဌမကသီလကို၊ဒေထ၊ပေးသနားတော် မူကြပါ ကုန်ဘုရား။

၂။ ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း — (ဆိုမြဲ)

၃။ တတိယမ္ပိ သုံးကြိမ်မြောက်လည်း — (ဆိုမြဲ)
(အာမ ဘန္တေ အနက်)

ဘန္တေ အရှင်ဘုရား၊ အာမဝဒါမိ၊ အော် အရှင်ဘုရား ဆိုတိုင်း ချပေးတိုင်း အတုလိုက်၍ ဆိုပါမည် အရှင်ဘုရား။

(နမောတဿ – အနက်)

အရဟတော၊ လူနတ်ပြဟ္မာတို့၏ ပူဇော် အထူးကိုခံတော်မူထိုက်သော၊ သမ္မာ သမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင် သိတော်မူသော၊ တဿ ဘဂဝတော၊ ထို ဘုန်းတော်ခြောက်ပါးသခင် မြတ်ဘုရားရှင်အား၊ နမော၊ ရှိခိုးပါ၏အရှင်ဘုရား။

(သရဏဂုဏ်သုံးပါးအနက်)

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို သရဏံ ကိုးကွယ် လည်း လျှောင်း ပုန်းအောင်းရာ မှီခိုရာဟူ၍ ဂစ္ဆာမိ မှီခဲ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ သံဃံ၊ မဂ္ဂဋ္ဌာန် လေးယောက်၊ဖလဋ္ဌာန် လေးယောက်၊ ဤရှစ်ယောက်သော အရိယာ သံဃာတော်မြတ်များကို (ဆိုမြဲ)

၂။ ဒုတိယမ္ပိ နှစ်ကြိမ် မြောက်လည်း (ဆိုမြဲ)

၃။ တတိယမ္ပိ သုံးကြိမ် မြောက်လည်း(ဆိုမြဲ)

(အာမ ဘန္တေအနက်)

ဘန္တေ၊ အရှင်ဘုရား၊ အာမ၊ သရဏဂုဏ် သုံးပါးနှင့် ပြည့်စုံပါပြီဘုရား။

၁။ ပါဏာတိပါတာ = သူတပါး၏ အသက်ကို သတ်ခြင်းမှ ဝေရမဏိသိက္ခာပဒံ ရှောင်ကြဉ်ကြောင်းကောင်းမြတ်သော သိက္ခာပုဒ်တော်ကို သမာဒိယာမိ၊ စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ = အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ (ဆိုမြဲ)

၃။ ကာမေသု မိစ္ဆာ စာရာ = မသွားလာအပ်သော သူတပါး အိမ်ယာကို သွားလာခြင်း ကျူးကျော်ခြင်းမှ (ဆိုမြဲ)

၄။ မုသာဝါဒါ = မဟုတ် မမှန် သော စကားကို ပြောဆိုခြင်းမှ (ဆိုမြဲ)

၅။ ပိသုဏာယ ဝါစာယ = သူနှစ်ယောက်တို့၏ အချစ်ကို ဖျက်ဆီး ကုန်းတိုက် သော

စကား ပြောဆိုခြင်းမှ (ဆိုမြဲ)

၆။ ဖရုသာဝါစာယ = ရုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ (ဆိုမြဲ)

၇။ သမ္ဖပ္ပလာပါ = စီးပွားမဲ့ကို ဖျက်ဆီးတတ်သော ရုန့်ရင်းသောစကားကို ပြောဆိုခြင်းမှ (ဆိုမြဲ)

၈။ မိစ္ဆာဇီဝါ ဒုစရိုက် (၇) ပါးကို ကျူးလွန် မှား သော အသက်မွေး မှု ခြင်း မျိုးမှ (ဆိုမြဲ)

× × ×

ဂါရဝတရားထိုင်နည်း

ဤသို့ သီလနှင့်တကွ ကန်တော့ ခန်းများကို ကန်တော့ပြီးနောက် ထိုင်ရန် ပြင်ဆင်ပါ။ ထိုင်သောအခါတွင် ဂါရဝတရားဖြစ်စေသော တင်ပလ္လင်ခွေ ထိုင်နည်းကို မထိုင်ပါနှင့်။ ဤ တင်ပလ္လင်ခွေ ထိုင်နည်းသည် ရုပ်နာမ်ဓမ္မ-နှစ်ဝကို ရှာဖွေသော ဝိပဿနာသမား အတွက်သာ ဖြစ်ပါသည်။

ဤ နေရာတွင် ဥပမာ အနည်းငယ် တင်ပြလိုသေးသည်။

သူတော်စင် သူတော်မြတ်ကြီး တဦး၏ ရှေ့တွင် မိမိ ရောက်ရှိသွားသောအခါ မည်သို့ ကိုယ်နှုတ် နှစ်ပါးပြုကျင့်ရပါမည်နည်းဟု မေးလျှင် ဖြေရန်လွယ်ပါသည်။ ထိုသော အခါ ကိုယ် အမူအရာ နှုတ်အမူအရာ သိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံရမည်သာ ဖြစ်ပါသည်။

ဤသို့ ပင်ဖြစ်ပါသည်။ ပုတီး စိပ်ခြင်းသည် ဗုဒ္ဓါနုဿတိကို ပွားများခြင်းဖြစ်၍ မိမိရှေ့၌ ရှိသော သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားတင်ထင် သိမြင်သော ကိုယ်တော်မြတ်ကြီးအား ကိုယ်လက်၏ အမူအရာ၊ နှုတ် အမူအရာ သိမ်မွေ့ရန်လိုပါသည်။ ထိုသို့ သိမ်မွေ့သည့်အလျောက်လည်း အကျိုးပေးသန်ပါသည်။ ထို့ကြောင့် အချင်း သူတော်ကောင်းအားဂါရဝတရားဖြင့် ပြည့်စုံသော ထိုင်နည်းအတိုင်း ထိုင်ရန်လိုပါသည်။

ထိုဂါရဝထိုင်နည်းမှာ ကြုံ့ကြုံ့ထိုင်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း အမျိုးသမီးများ ထိုင်သကဲ့သို့ ဒူးနှစ်လုံးကို ထပ်၍ မနေစေပဲ၊ ဒူးနှစ်လုံးကို ညွှတ်ချိုး၍ ဘယ်လှဲသန်လျှင် ဘယ်လှဲ၊ ညာလှဲသန်လျှင် ညာလှဲ ပေါင်ကို အနည်းငယ်ခွ၍ ကြုံ့ကြုံ့ထိုင်ပါ။

ရေးက စာရေးသူသည် တင်ပလ္လင်ခွေ ထိုင်နည်းဖြင့် ထိုင်၍ ပုတီး စိပ်ခဲ့ပါသည်။ သို့သော် အကျိုး ရှိသင့်သလောက် မရှိသဖြင့် ဆရာတော်တပါး၏ ညွှန်ကြားချက်ဖြင့် ထို ဂါရဝတရား ထိုင်နည်းအတိုင်း ထိုင်၍ ပုတီးစိပ်ရာ အကျိုးပေးသန်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဤ

သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်သူအပေါင်းအား ကြုံ့ကြုံ့ထိုင်ရန် ပန်ကြားပါသည်။

## မေတ္တာပို့

ထို့နောက် မိမိကိုယ်ကို စောင့်သောနတ်၊တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ ကျောင်းစောင့် နတ်၊ တောလမိုင်း၊ တောင်လမိုင်း၊ ကွင်းလမိုင်း၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးကြီးများနှင့် သမ္မာဒေဝ နတ်မြတ် အပေါင်း တို့အား လည်းကောင်း၊ မေတ္တာပို့ပါ။

## ပညာအန္တရာယ်

ဤ နေရာ၌ သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်မည့် ပုဂ္ဂိုလ်များအား တောစောင့်နတ်၊ တောင် စောင့် နတ်၊ တောလမိုင်း၊ တောင်လမိုင်း များက မနှစ်သက်ပါ။ အဘယ် ကြောင့်ဆိုသော် ဤသူမြတ်ကျင့်စဉ်သည် နတ်တို့၏ တန်ခိုး လွှမ်းမိုးပါဒ်တို့နှင့် တူမျှသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါနတ်များ၊ လမိုင်းများအား မေတ္တာ ပို့ပါ။ ချစ်ကျွမ်းတဝင် ရှိအောင် အမျှအတမ်း အမြဲပေးဝေ ပါ၊ အထူးသဖြင့် သာသနာဆိုင်ရာ သာသနာစောင့် နတ်မင်းကြီး (၄) ပါးအား အမြဲချဉ်းကပ်၍ မေတ္တာပို့ခြင်း၊ အမျှအတမ်း ပေးဝေခြင်းများကို အစဉ်ပြု၍ အသိအမှတ် ပြုအောင် ကျင့်ကြံအားထုတ်ပါ။ အထူးသဖြင့် မေတ္တာကို ရောက်အောင် စူးရှစွာပို့ပါ။

ဤ သူတော်စင်များ၏ မေတ္တာနှင့် အစောင့်အရှောက်ကို ခံယူမှသာ ပညာစခန်းဝယ် ဆူးညှောင့်ခလုတ်များ မရှိပဲ လိုသော ပန်းတိုင်သို့ ရောက်ရှိနိုင်ပါသည်။

## ပုတီးကို ဘယ်လိုကိုင်မလဲ

တချို့ကလည်း ပုတီးကို ကြီးကြီးကြိုက်သည်။ အချို့ကလည်း ပုတီးကိုသေးသေး ကြိုက်သည်။ ပုတီးကြီးခြင်း သေးခြင်းသည် အဓိကမဟုတ်ပဲ သမာဓိရရှိရေး သည်သာ အဓိက ဖြစ်ပါသည်။

မိမိ ဒူးတုပ်၍ထားသော ရှေ့တွင် အဝတ်တခုကို ခင်းထားပါ၊ သို့မှသာ ပုတီး အောက်ခြေနှင့် မြေမထိမည် ဖြစ်ပါသည်။တချို့က တဘက်ခင်းထားပါသည်။ ထို့နောက် ပုတီးကို တပါတ်လိမ်၍ ပုတီးခေါင်းကို ညာဘက်လက်ညှိုး လက်မဖြင့် စတင်၍ စိပ်ပါ။ ဘယ်လက် လက်ညှိုး လက်မဖြင့် လည်း စိပ်ပါ။ ဤသို့ဖြင့် ပုတီးပတ်သည် လိမ်၍ သွားနေ ပါမည်။ ညာဘက်သို့ ပုတီးခေါင်း ပြန်ရောက်တိုင်း ပုတီး တပတ် ရပြီဟုမှတ်ပါ။

## တရာ့ရှစ်လုံးပုတီး

အထူးသဖြင့် ဤ သူမြတ်ကျင့်စဉ်၌ တရာ့ရှစ်လုံးရှိသော ပုတီးဖြင့် စိပ်မှ နဝင်းကိုက်မည်ဖြစ်ပါသည်။ နဝင်းကိုက် အောင်လည်း စီစဉ်ထားပါသည်။ ထို့ကြောင့် သူမြတ် ကျင့်စဉ် စိပ်မည့် ပုတီးသည် တရာ့ရှစ်လုံး ပုတီးသာ ဖြစ်ရ ပါမည်။

## မလျော့မတင်း

ပုတီးကို စတင်စိပ်သည့်အခါ အလောသကြီး မရှိပါနှင့်။ လျော့လျော့ရဲရဲ လည်းမရှိပါနှင့်။မလျော့လွန်း, မတင်းလွန်း မှန်မှန် ပုတီးတလုံးချင်းကို ဂုဏ်တော်ပေါ်တင်၍ လိမ့်ချ သွားပါ။ ပထမ-ပုတီးကိုသာ အာရုံစိုက်နေရသဖြင့် အာရုံ မရနိုင်ပဲရှိနေတတ်ပါသည်။ သို့ပါသော်လည်း အလေ့အကျင့် ရလာသောအခါ ပုတီးကို အာရုံရောက်မနေတော့ပါ။ ဂုဏ်တော်ဟိတ်၏ ကသိုဏ်းခန်းဝယ်သာ ကျက်စား၍ နေသည် ကို တွေ့ရှိရပါမည်။

ထို့ကြောင့်-

(၁) ဂုဏ်တော်ကိုဟိတ်နှင့်တကွ မှတ်ဝရေအာရုံဖြစ်ပါ သည်။

(၂) ထို အာရုံပေါ်သို့ ညွတ်၍ ညွတ်၍ ကျသော စိတ်က အာရမ္မဏိက ဖြစ်ပါသည်။

(၃) ထို စိတ်သည် ဂုဏ်တော်အာရုံပေါ်တွင် အစဉ် ဆက်၍ ကျသောအခါ နီဝရဏ တရားကင်းသိတ် နေသည်။

(၄) ထို နီဝရဏတရားကင်းသော စိတ်ကို စိတ္တဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

## အချင်းသူမြတ်

ဤသို့စိတ္တဝိသုဒ္ဓိစိတ်၏ စင်ကြယ်ခြင်းသို့ ရောက်အောင် မလျော့မတင်း မပျင်းမရိ သမာဓိ ရရှိအောင် မှန်မှန်တက်ပါ။

သမာဓိ တရားဟူသည် ရရှိရန် ခက်ခဲသလောက် ပျက်ပြယ်ရန် လွယ်ကူပါသည်။ ထို့ကြောင့် ဤ သူမြတ်ကျင့်စဉ်များကို ကျင့်ကြံအားထုတ်၍ သမာဓိတရား ရရှိလာပါလျှင် ရရှိလာသော သမာဓိအားကို မယုတ်လျော့သွားအောင် မွေးမြူပါ။ သမာဓိသည် မွေးမြူ၍ ယူရသော အရာဖြစ်ပါသည်။ ထိုသို့မွေးမြူ၍ ရအပ်သော သမာဓိတရားကို အဘယ်ခါမျှ မပျက်အောင် သတိထားပါ၊ သမာဓိ တရားလက်ကိုင်ရှိမှသာ ရှေ့သို့ တက်လှမ်းနိုင်ပါမည်။ ထို့ကြောင့် သမာဓိကို ရအောင် မွေးမြူပါဟု အထပ်ထပ် တိုက်တွန်းပါသည်။ သမာဓိရကြောင်း နည်းလမ်းကောင်းများကိုလည်း ရှေ့အခန်းများတွင် တင်ပြထားပါသည်။

## စကားသစ္စာ

ဤ သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ် သူတိုင်း ကတိသစ္စာကို သိရှိ နားလည်ထားရန် လိုပါသည်။

ကတိသစ္စာကို ရှေး သူတော်စင်များက "သစ္စာနှုတ်သီး မန္တန်ကြီး" ဟူ၍ လည်းကောင်း၊ သစ္စာသည် "အပြင်းထန်ဆုံး လက်နက်" ဟူ၍လည်းကောင်း တင်စားခဲ့ကြပါသည်။ ရှင်မဟာသီလဝံသ၏ စကားသစ္စာကို သူ၏ပါရမီခန်းပျို့တွင်–

> "စကား သစ္စာ၊ တည်သောခါဝယ်၊ ဩဇာ
> လေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်
> ဝင်၏"

ဟူ၍ ခကားသစ္စာ တည်သောအခါ၌ နွယ်မြက်သစ်ပင်တို့သည် ပင်လျှင် ထက်မြက်စူးရှ၍ ဆေးဘက်ဝင်တော့သည် ဟု ဖွင့်ဆိုထားသည်။

ထို့ကြောင့် ဤသူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်သူသည် သစ္စာ၏ တန်ဘိုး၊ သစ္စာ၏ အလေးအနက်ကို သိရှိနားလည်ထားပါမှ ပိုမိုထက်မြက်၍ လိုရာခရီးသို့ သွက်လက်စွာ ရောက်နိုင်ပါသည်။

## သုဝဏ္ဏသာမ

ဤနေရာ၌ သစ္စာစကား၏ စူးရှထက်မြက်ပုံ၊ သစ္စာစကား၏ နက်နဲပုံ၊ သစ္စာစကား၌ အစွမ်းသတ္တိ ရှိပုံ၊ စသည်တို့ကို လူတိုင်းသိသော သုဝဏ္ဏသာမ ဇာတ်တော်ကြီးဖြင့် တင်ပြလိုက်ရပေသည်။

ဒုကူလသည် သုဝဏ္ဏသာမ၏ ဦးခေါင်းကို ရင်မှာပိုက်ပွေ့၏။ ပါရိကာသည် သား၏ ခြေတို့ကို ရင်မှာပွေ့လျက် အို အချင်းတို့ မတရားပြုရက်လေစွ တကား ဟုဆို၍ ငိုကြွေးလေသည်။

အို....ချစ်သား တခွန်းသော စကားကိုမျှလည်း ပြောဘော်မရ မေ့လျော့ လေပြီလော။

မျက်မမြင် ငါတို့အား လုပ်ကျွေးသော ချစ်သားသာမ၊ သေခဲ့သည်ရှိသော် ငါတို့၏ မြေမှုန့်လိမ်းသော ဆံပင်ကို မည်သူ လာ၍ ရှင်းပါအံ့နည်း။ ကျောင်း သခ်မ်းကို မည်သူ လာ၍ တံမြက်လှည်းပါမည်နည်း။ ရေပူ ရေချမ်း

မည်သူလာ၍ ပေးကမ်းပါမည်နည်း။ သစ်သီး သစ်ဖုတို့ဖြင့် မည်သူ လုပ်ကျွေးပါမည်နည်း။

ဤသို့ တကျုံကျုံငိုကြွေးမြည်တမ်းပြီးလျှင် မယ်တော် ပါရိကာသည် သုဝဏ္ဏသာမ၏ ရင်ငွေ့ကို စမ်းမိရာ ငါ၏ သားသည် မသေသေးပါတကား။ အဆိပ်မှုန်၍ မေ့မြော နေခြင်းသာ ဖြစ်ရာ၏။ အဆိပ် ပြယ်စေခြင်းငှာ သစ္စာပြုအံ့ ဟု တွေးလျက် သစ္စာစကား ဤသို့ဆို၏။

- ငါ့သား သာမသည် မြတ်သည်ကို ပြုခဲ့၏။
- ငါ့သား သာမသည် မှန်သည်ကို ပြောခဲ့၏။
- ငါ့သား သာမသည် မိဖကို လုပ်ကျွေးခဲ့၏။
- ငါ့သား သာမသည် ကြီးသူကို ရိုသေခဲ့၏။
- ငါ့သား သာမကို ငါ အသက်ထက် ချစ်ခဲ့၏။

မိခင်ဖခင်တို့သည် ကောင်းမှုတို့ကို ပြုဘူး၏။ ထို ကောင်းမှု တို့ကြောင့် မြွေဆိပ် ပျောက်ပါစေသတည်း ဟု သစ္စာ စကားကိုဆို၏ သစ္စာတိုင်တည်၏။

ဤ မှန်ကန်သော သစ္စာစကားချက်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် သုဝဏ္ဏသာမသည် လူးလွန့်၏။ ထိုအခါ ခမည်းတော်ဒုကုလသည် တဖန်ပါရိကာ ကဲ့သို့ပင် သစ္စာစကား တိုင်တည်ပြန်၏။

ဤသို့ သစ္စာကို အထပ်ထပ် တိုင်တည်ပြီး ငိုကြွေးနေစဉ် သုဝဏ္ဏသာမ၏ ကိုယ်တွင်း၌ တက်ကျွက်ရှိသော မြွေဆိပ်

သည် ဟုတ်မှန်တိကျသော သစ္စာကြောင့် ကြာဖက်မှ ရေလျှောကျသကဲ့သို့ ပျောက်ကင်းလေသည်။

ဤသည်မှာ မြွေဆိပ်တက် ပြင်းထန်သော "သစ္စာနှုတ်သီး မန္တန်ကြီး" ကြောင့်ဖြစ်ပါသည်။ သစ္စာဟူသည် အပြင်းထန်ဆုံး လက်နက်၊ သစ္စာဟူသည် အထက်မြက်ဆုံးပင် ဖြစ်ကြောင်းသိထားပါ။ သို့မှသာ သစ္စာ၏ အတိမ် အနက်ကို သူမြတ် သိမည်ဖြစ်ပါသည်။

## သီလကံနှစ်ပါး

ဤ သူမြတ်ကျင့်စဉ်ကို အဝိုးကြေကြေ အခရေခန်းခန်း ကျင့်ကြံအားထုတ်မည့် ပုဂ္ဂိုလ်ထူးသည် အနည်းဆုံး သီလကံ နှစ်ပါးကို အစဉ်စောင့်ထိန်းရန် လိုပါသည်။ ထို သီလကံများသည် သစ္စာ ပန္နက်ပေါဝယ် ရိုက်နှက်ထားရပည်ဖြစ်ပါသည်။

ထို သီလသစ္စာ ကံ ပန္နက်သည် ခိုင်မြဲသလောက် သူမြတ်၏ ပညာစက်သည် ထက်မြက် စူးရှမည်သာ ဖြစ်ပါသည်။ ထို ပညာစက် ထက်မြက်စူးရှ သလောက် မိမိ၏ ပါရမီစခန်း ပညာလမ်းဝယ် တက်လှမ်း၍ အခက်အခဲအပေါင်းကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သီလ-သစ္စာ ကံနှစ်ပါးကို ပန္နက် ရိုက်ထားပါ။ ထိုကံမှာ—

(၁) သေရည် သောက်ခြင်းနှင့်-

(၂) သူတပါးအိမ်ယာကို ကျူးလွန်၍ အိပ်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ရန် ဖြစ်ပါသည်။

ဤ ကံနှစ်ပါးကို အသက်ထက်ဆုံး ထိန်းရန် သူမြတ်အား မေတ္တာရပ်ခံပါသည်။ ထိန်းနိုင်လျှင် မြတ်စွာဘုရား ရှေ့တော်၌ ဤ ကံနှစ်ပါးကို အသက်ထက်ဆုံး စောင့်ထိန်းမည် ဖြစ်ပါကြောင်း အဓိဋ္ဌာန်သစ္စာပြု၍ လှူပါ။

ထို့နောက် ဤကံနှစ်ပါးကို မြတ်စွာဘုရား၌ လှူကြောင်းကိုလည်း သာသနာစောင့် ပုဂ္ဂိုလ်များ၊ သာသနာဆိုင်ရာ အရိယ ဝိဇ္ဇာကြီးများ၊ သာသနာစောင့် နတ်မင်းကြီးများကို တိုင်တည်၍ အသိအမှတ် ပြုထားပါ။ ဤ သီလသစ္စာ ကံများကို မကျိုးမပေါက်စေရန် အစဉ် သတိထားပါ။ တခါ ကျိုးပေါက်ဘူးလျှင် မကြာခဏ ကျိုးပေါက် တတ်ပါသည်။ ထို့ကြောင့် ထို သီလသစ္စာ ကံများကို အသက်တမျှ ထိန်းသိမ်းစောင့်ရှောက်ပါ။

## အဓိဋ္ဌာန်သစ္စာ

ဤ သူမြတ်ကျင့်စဉ်တွင် အဓိဋ္ဌာန် ပါရမီလည်းအရေးကြီးလှပါသည်။ထို့ကြောင့် အဓိဋ္ဌာန်ပြုပုံ ပြုနည်းကို အနည်းငယ် တင်ပြလိုပါသည်။ သစ္စာအဓိဋ္ဌာန် ပြုသည့်အခါ တိုင်း "လိုသောဆု တခုတည်း" ကိုသာ တောင်းပါ။ မတရား လောဘဇော တိုက်၍ တောင်းသောဆုသည် အဘယ်ခါမျှ ပြည့်ဝမည် မဟုတ်ပါ။

— ထို့ကြောင့် သူမြတ်သည် မိမိနှင့် ထိုက်သင့်သော ဆုကို တောင်းပါ။

— အဓိဋ္ဌာန်ကို အောက်ပါအတိုင်း စနစ်တကျ ပြုလုပ် အဓိဋ္ဌာန်ပါ။

အဓိဋ္ဌာန် ဝင်သောရက်သည် အနည်းဆုံး ကိုးရက်၊ ဆန်းကိုးရက် ဆုတ်ကိုးရက် ကစလျှင် ပို၍ ကောင်းပါသည်။ အချိန်ပိုင်းကို ရှေ့က တင်ပြထားသည့်အတိုင်း မိမိလိုသောဆုနှင့် ညီ၍ အချိန်ကောင်းကို ရွေးခြယ် ပြုလုပ်ပါ။

(၁) ပထမဦးစွာ တိကျသော နေရာကို ရွေးပါ။
(၂) ဒုတိယ တိကျသောအချိန်ကို သတ်မှတ်ပါ။
(၃) တတိယ တိကျသောရက်ကို သတ်မှတ်ပါ။
(၄) စတုတ္ထ တိကျသော ပုတီးပတ်ကို သတ်မှတ်ပါ။
(၅) ပဉ္စမ တိကျသော ဆု တခုတည်းကိုသာ တောင်းပါ။

ဥပမာ။

မိမိ စတင်မည့်ရက်တွင် မြတ်စွာဘုရားအား လှူဘွယ် ဝတ္ထုများကို လှူဒါန်းပြီး "အရှင်မြတ်ကြီးဘုရား တပည့်တော် ယနေ့သွားသည်၊ ဤနေ့ ဤရက်မှ ဘယ်ရက်နေ့ အထိအဓိဋ္ဌာန် ဝင်ပါမည်။ နေ့စဉ် ဘယ်နာရီအတွင်း ဂုဏ်တော် ကုန်ချာကြီးအား (၁၀) ပတ် ပုတီး စိပ်ပါမည် ဟု သစ္စာ အဓိဋ္ဌာန် ပြုပါသည် ဘုရား ဟု သုံးခေါက်ဆိုပါ။

ဤသို့ သစ္စာ အဓိဋ္ဌာန်အတိုင်း ကျင့်ကြံ အားထုတ်၍ ပြီးမြောက် အောင်မြင်ပါက တ ဂည့် တော်အား (............................) ကို ပေးသနားတော် မူပါဘုရားဟု သုံးခေါက်ဆိုပါ။

## တိုင်တည်ခြင်း

ထို့နောက် ဤသို့ သစ္စာအဓိဋ္ဌာန် ပြုထားကြောင်းကို သာသနာဆိုင်ရာပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များအားတိုင်တည်ပါ။

အဓိဋ္ဌာန် ပြီးဆုံးသည့် အခါတွင်လည်း အထက်ပါ အရိယာ သူတော်စင်များ၊ သာသနာ ဆိုင်ရာပုဂ္ဂိုလ် ထူးများ သာသနာဆိုင်ရာ သမာဒေဝ နတ်မြတ်များအား ပြီးဆုံး ကြောင်း တိုင်တည်ပါ။ ပြီးမှ ထိုပူဇော်ပွဲရသမျှ ကုသိုလ်များ ကိုလည်း အမျှဝေပါ။ နောက် မေတ္တာပို့ အမျှပေးပါ။ ဤသည်မှာ အဓိဋ္ဌာန်ခန်းကို အတိုဆုံးနှင့် အရှင်းဆုံး ကြိုးစား တင်ပြခြင်း ဖြစ်ပါသည်။

ဤသို့ သီလ သစ္စာ ကံများကို စောင့်ထိန်းခြင်း၊ အဓိဋ္ဌာန် ပါရမီကို ဖြည့်ကျင့်ခြင်းဖြင့် သူမြတ်၏ သူမြတ်ကျင့်စဉ်သည် အစဉ် ဖြောင့်ဖြူး၍ အောင်ပန်းသို့ ဆွတ်လှမ်းရမည်မှာ မလွဲပါ။

အကယ်၍ အခက်အခဲများ အကြပ် အတည်းများနှင့် မလွဲမရှောင်သာ ရင်ဆိုင်ရပါက ရေသန့်သန့် တခွက်ကို ကိုင်၍ ဘုရား ရှေ့တော်၌ သရဏဂုံနှင့် သီလများကို ဆောက် တည်၍ မိမိ စောင့်ထိန်းခဲ့သော သီလ သစ္စာ ကံများနှင့် မိမိပြုကျင့်သော အဓိဋ္ဌာန် ပါရမီများကို မကျိုးမပေါက် စောင့်ထိန်းခဲ့ကြောင်း အောင် မြင် ပြီး မြောက် သည် အထိ အဓိဋ္ဌာန်ပါရမီများကို ဝင်ခဲ့ကြောင်း၊ ဤသစ္စာ မှန်ပါ၏၊ ဤသစ္စာ မှန်ခဲ့ပါလျှင် ယခု တွေ့ကြုံနေရသော( )မှ လွတ်မြောက်နိုင်ပါစေသတည်းဟု သစ္စာ အဓိဋ္ဌာန်ပြု၍

ထိုရေကို သောက်ပါ (ဝေဒနာရှင်နှင့် တွေ့ကြုံရပါကလည်း ဝေဒနာရှင်ကိုလည်းရေကိုတိုက်၊ မိမိကိုယ်တိုင်လည်း သောက်ပါ)

သစ္စာ၏အောင်ပွဲ

ဤသို့ သီလသစ္စာ ကံများဖြင့် ပြီးပြည့်စုံသော ပုဂ္ဂိုလ်အား မကောင်းသော ပညာဆိုး၊ မကောင်းသော နတ်ဆိုး၊ မကောင်းသော အန္တရာယ်ဆိုးတို့ ဘေးမှ လွတ်ကင်း စေပါသည်။ ထို့အပြင် လောကဓံ တရားကိုလည်း ကြံ့ကြံ့ခံနိုင်ပါသည်။

အကယ်၍ မကောင်းသော ပညာဆိုး၊ မကောင်းသော နတ်ဆိုး၊ မကောင်းသော ဘေးဆိုး အန္တရာယ်ဆိုး တို့နှင့် ရင်ဆိုင်ရသည့် တိုင်အောင်လည်း မိမိစောင့်ထိန်း ခဲ့သောသီလ ကံများ မကျိုး မပေါက် သရေ့ မနိုပ်စက် မနှောက်ရှက်နိုင်ပါ။ မိမိကသာ အောင်ပွဲခံ၍ အောင်နိုင် လိုက်ရမည်မှာ မလွဲပါ။

ဤသည်မှာ မိမိ စောင့်ထိန်းခဲ့သော သီလ ကံများ၏ ကြီးမားသော သစ္စာ ပန္နက်ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် အချင်း သူတော်ကောင်း—

ဤသူမြတ် ဂျင့်စဉ် မေတ္တာလမ်းဝယ် သီလသစ္စာတည်းဟူသော ပန္နက်ကို စွဲမြဲစွာရိုက်၍ ထူးမြတ်သော စိတ္တဝိသုဒ္ဓိဖြင့် တက်လှမ်းနိုင်ပါစေ ဟု ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း။

× × ×

# ပထမဦးစွာ
# သိထားစရာ

အချင်းသူမြတ်–

ဤဂုဏ်တော် နဝရတ်နှင့် သူမြတ်ကျင့်စဉ်ဝယ် ကျင့်ကြံအားထုတ်နည်း အပိုင်းများကို ဦးစွာမတင်ပြမီ ပထမဦးစွာ ဂုဏ်တော်များနှင့် ပတ်သက်၍ သိထားစရာများကို သိရှိထားမှသာ ကျင့်ကြံ အားထုတ်သောအခါ၌ ပို၍ ထက်မြက်စူးရှ စေပါသည်။

အချင်းသူမြတ်–

တနည်းအားဖြင့် တင်ပြရသော် ဂုဏ်တော်များကို စနစ်တကျ ရွတ်ဘတ်သရဇ္ဈာယ် တက်ပါမှ အကျိုးအာနိသင်များကို ခံစားရပါမည်။

နောက် ရွတ်ဘတ်သည့်အခါ ဝါကျအဖြတ် အတောက် မှန်ကန်ပါမှသာ ပိုမိုစူးရှ ထက်မြက်စေပါသည်။

နောက် ဂုဏ်တော်များကို ရွတ်ဆိုရာ၌ အသံနေအသံထား မှန်ပါမှ အကျိုးပေးသန်ပါသည်။

နောက် ဂုဏ်တော်များကို ရွတ်ဘတ် သရဇ္ဈာယ်နေစဉ် ဂုဏ်တော်၏ အနက် အဓိပ္ပာယ်များကို ဂုဏ်တော်နှင့်အတူ တထပ်တည်း ပေါ်လာပါမှ ဗုဒ္ဓါနုဿတိ မည်ပါသည်။ ထိုသို့ ပေါ်လာစေရန် လေ့ကျင့်၍ ယူလျှင် ရရှိစေပါသည်။

ထို့ကြောင့် ဂုဏ်တော်များ၏ အဖြတ် အတောက်နှင့် အသံထွက် မှန်ရေး ပီပီသသ ရွတ်ဆိုနိုင်ရေး အတွက် ကြိုတင် လေ့ကျင့်ထားပါ၊ ကြိုတင်ပြင်ဆင်ပါ။ ဤသည်မှာ အချင်း သူမြတ် အတွက် ပထမဦးစွာ သိထားစရာ ဖြစ်ပါသည်။

သို့မှသာ လိုသောအကျိုး၊ အဓိဋ္ဌာန်သော အကျိုးဆုံး အကျိုးမြတ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

## ဘုရားဂုဏ်တော်ကိုးပါး

(၁) အရဟံ
(၂) သမ္မာ သမ္ဗုဒ္ဓေါ
(၃) ဝိဇ္ဇာ စရဏ သမ္ပန္နော
(၄) သုဂတော
(၅) လောကဝိဒူ
(၆) အနုတ္တရောပုရိသ ဒမ္မသာရထိ
(၇) သတ္ထာ ဒေဝ မနုဿာနံ
(၈) ဗုဒ္ဓေါ
(၉) ဘဂဝါ

## ရွတ်ဘတ် သရဇ္ဈာယ်ပုံ

### အသံအနေအထားများ

(၁) အရဟံကို 'အယဟံ' ဟု ယသံနှင့် မှား၍ ရွတ်မိတတ်ကြသည်။ ထို့ကြောင့် သတိထား၍ 'အရဟံ' ဟု ရကောက်သံနှင့် လျှာကိုလိပ်ပြီး တလုံးချင်း ပိပိ သသ ရွတ်ဆိုပါ။

(၂) သမ္မာ သမ္ဗုဒ္ဓေါကို 'သမ္မာသမ္ဗုဒေါ' ဟု ပေါ့ပေါ့ ဆဆ သံယုဂ်သံမပါဘဲ ရွတ်လေ့ရှိကြသည်။ သတိထား၍ 'သမ်မာသမ်ဗုဒ်ဓေါ' ဟု သံယုဂ်သံနှင့် လေးလေးနက်နက် ရွတ်ပါ။

(၃) ဝိဇ္ဇာ စရဏ သမ္ပန္နောကို 'ဝိဇ်ဇာ စရဏ သံပန်နော' ဟု ရွတ်ပါ။ 'ဝိဇ္ဇာ စယဏ' မဖြစ်စေနှင့်။ သတိပြုပါ။

(၄) အနုတ္တရော ပုရိသ ဒမ္မသာရထိ ကို "အနုတယော ပုယိသ ဒမသာယထိ" ဟု နုတ်၌ သံယုဂ်ပျောက် "ရော" ၌ "ယော" "ပု" ၌ ပု "ဒမ္မ" ၌ "ဒမ" "သာရထိ" ၌ သာယထိ ဟု မှားလွင်း၍ရွတ်ဘတ်မိတတ်ကြသည်။

"အနုတ်" "သံယုဂ်" နှင့် "တရော" ဟု လျှာလိပ်သံ နှင့် "ပုရိသ" တချောင်းငင်လုံးနှင့် "ဒမ္မ" ဟု သံယုဂ်သံနှင့် "သာရထိ" ဟု လျှာလိပ်သံနှင့် သေသေချာချာ ရွတ်မိပါစေ။

(၇) သတ္တာ ဒေဝ မနုဿာနံကို "သတ္တာ ဒေဝ မနုဿာနံ" ဟု "နုသ်" သံယုဂ် ပျောက်သံနှင့် ရွတ်ဆို မိတတ်ကြသည်။ "သတ္တာဒေဝ မနုဿာနံ" ဟု သံယုဂ်နှင့် ကျနစွာ ရွတ်မိကြပါစေ။

## အချင်းသူမြတ်

ဤ ပြဆိုခဲ့သော ဂုဏ်တော် ငါးပုဒ်၌ သာ မှားယွင်း တတ်ပါသည်။ အသံ အနေအထား မှား၍၊ အသံထွက်မှား၍ ရွတ်မိနေပါက အကျိုးပေး မသန့်ပဲ ရှိတတ်ပါသည်။

ထို့ကြောင့် အကျိုးပေး သန့်စေရန် စနစ်တကျ ရွတ်ဘတ် သရဇ္ဈာယ် နည်းများကို တင်ပြလိုက်ရပါသည်။ ပုတီးစိပ်သည့် အခါတွင် အသံထွက်အောင် မဆိုရသော်လည်း အသံထွက်များကို မှန်ကန်ထားမှ ပုတီးစိပ်သည့် အခါ ယင်း အသံအလေး အနက် အတိုင်း စိတ်တွင်းမှ ထွက်ဆို သွားပါမည်။

## တရားဂုဏ်တော် ၆-ပါး

(၁) သွာက္ခာတော။
(၂) သန္ဒိဋ္ဌိကော။
(၃) အကာလိကော။
(၄) ဧဟိ ပဿိကော။
(၅) ဩပ နေယျိကော။
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ရွတ်ဘတ်သရဇ္ဈာယ်ပုံ

### အသံနေ အသံထား

(၁) သွာက္ခာတော ကို "သွက်ခါတော"ဟု သံယုဂ်နှင့်ရွတ်ပါ။

(၂) သန္ဒိဋ္ဌိကောကို"သန်ဒိတ်ဋ္ဌိကော"ဟု သံယုဂ်သံနှင့် ရွတ်ပါ။ သန်ဒိဋ္ဌိကော ဟု ရွတ်မိတတ်ကြသည်။ သတိပြုပါ။

(၃) အကာလိကောကို"အ-ကာလိကော"ဟုရွတ်ပါ။ "အကာ-လိကော" ဟု ရွတ်မိတတ်ကြသည်။

(၄) ဧဟိပဿိကော ကို "အေးဟိပသ်သိကော"ဟု ရွတ်မိတတ်သည်။ "အေဟိ-ပဿိကော"ဟု သာရွတ်၊ ဝိသဇ္ဇနီသံ မပါစေနှင့်။

(၅) ဩပနေယျိကောကို "ဩပ-နိယျိကော" ဟု ရွတ်ပါ သံယုဂ်၏ ရှေ့မှာရှိသော "ဩ" ကို ရဿ သံရွတ်ဟုဆိုသော သဒ္ဒါထုံးစံအတိုင်း ဧကို ဣ၊ ဩကို ဥ ရွတ်လေ။ ထို့ကြောင့် ဤနေရာ၌လည်း "ယျိ" ဟူသော သံယုဂ်၏ ရှေ့မှာရှိနေသော "နေ" ကို "နိ" ဟု ရွတ်မှုမှန်သည်။

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ကို "ပစ်စတ်တံ-ဝေဒိတပ်ဗော ဝိဉ်ဉူဟိ" ဟု ရွတ်ပါ။ အချို့က ပစ်စတံဝေဒိတဗ်ဗော ဝိညူဟိဟု ရွတ်တတ်သည်။ သတိထား၍ရွတ်ပါ။

## သံဃံ့ ဂုဏ်တော် ကိုးပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
၂။ ဥဇုပ္ပဋိပန္နော ။
၃။ ဉာယပ္ပဋိပန္နော ။
၄။ သာမိစိပ္ပဋိပန္နော ။
၅။ အာဟုနေယျော ။
၆။ ပါဟုနေယျော ။
၇။ ဒက္ခိဏေယျော ။
၈။ အဉ္ဇလိကရဏီယော ။
၉။ အနုတ္တရံ ပုညက္ခေတ္တံ၊ လောကဿ ။

## ရွတ်ဘတ် သရဇ္ဈာယ်ပုံ

## အသံနေ အသံထား

၁။ သုပ္ပဋိပန္နောကို "သုပ် - ပဋိ - ပန်နော"ဟု ရွတ်ပါ။ သုပ် - ပဋိပ် ပန်နော ဟု မရွတ်နှင့်။
၂။ ဥဇုပ္ပဋိပန္နောကို "ဥဇုပ် - ပဋိ - ပန်နော"ဟု ရွတ်ပါ။ ဥဇု - ပဋိပ်ပန်နောဟု မရွတ်ပါနှင့်။
၃။ ဉာယပ္ပဋိပန္နောကို"ဉာယပ် - ပဋိ -ပန်နော" ဟုရွတ်။ ဉာယ - ပဋိပ် - ပန်နော ဟု မရွတ်မိစေနှင့်။
၄။ သာမိစိပ္ပဋိပန္နော ကို "သာမိစိပ် - ပဋိ - ပန်နော"ဟု ရွတ်ပါ။ သာမိစိ ပဋိပ် - ပန်နော ဟု မရွတ်ပါနှင့်။

၅။ အာဟုနေယျောကို "အာဟုနိယော" ဟု ရွတ်ပါ။
၆။ ပါဟုနေယျောကို "ပါဟု - နိယော" ဟု ရွတ်ပါ။
၇။ ဒက္ခိဏေယျောကို "ဒက်ခိဏိယော"ဟု ရွတ်ပါ။
၈။ အဉ္ဇလိကရဏီယော ကို "အင်ဇလိ - ကရဏီယော"ဟု ရွတ်ပါ။ အင်ဇလီ ဟု ဆံခပ်သံနှင့် ရွတ်မိတတ်သည်။ ကရဏီယော ဟု လုံးကြီးတင် သက်သက်နှင့် ရွတ်မိတတ်သည်။ သတိပြု။
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿကို "အနုတ်တရံ ပုဉ်ဉက် - ခိတံ - လောကဿ" ဟုရွတ်၊ တနုတ်တယံ ပုဉ်ဉ - ခစ်တံ - လောကဿဟု မရွတ်နှင့်။

# ဆန္ဒမွန်

— စိတ်အကြံ ပေါက်ကြပါစေ။

— အစိုင္ခာန် မြောက်ကြပါစေ။

— ဝိမာန် ပေါက်ကြပါစေ။

— နိဗ္ဗာန် ရောက်ကြပါစေ။

# ပုတီးသမားနှင့် အာရုံလေးပါး

၁။ စက္ခု ဣန္ဒြေ စောင့်ထိန်းခြင်း။

မိမိ အခိဋ္ဌာန်ပြု၍ ပုတီးစိပ်သည့်အခါတိုင်း ဗုဒ္ဓ ရုပ်ပွားတော်များနှင့် စေတီတော်များကို အာရုံမပြုပဲ ပရမတ္ထတရားဖြစ်သော ဂုဏ်တော်မြတ်ကိုသာ မနောဖြင့် စက္ခု အာရုံတွင်မြင်လာအောင် ပုတီးတလုံးချင်း အပေါ်၌ အာရုံပြုနေရမည်၊ သတိလွှတ်ပြီး အခြားအာရုံများသို့ ရောက်သွားလျှင်ချက်ခြင်း အာရုံကို ပြန်ဝှ၍ ဂုဏ်တော်ပေါ်သို့ ပြန်ညွှတ်ချပါ။

၂။ သောတ ဣန္ဒြေ စောင့်ထိန်းခြင်း။

နားမှလည်း မိမိ အာရုံပြုနေသော အာရုံမှတပါး အခြားသော အသံများကို ကြားလျှင် အသံနောက်သို့ မလိုက်ရလေနှင့်၊ ချက်ခြင်း ဖျောက်ဖျက်ပစ်ပါ။ ပရမတ္ထ တရား ဖြစ်သော ဂုဏ်တော်မြတ်ကိုသာ သောတအာရုံမှ ကြားနေပါ။

၃။ ဃာန ဣန္ဒြေ စောင့်ထိန်းခြင်း။

အနံ့ အသက်များ မွှေးကြိုင်လာလျှင် ထိုအနံ့များ၏ နောက်သို့ စိတ်က လိုက်သွားမိတတ်သည်။ မိမိနှာခေါင်းမှ

ပရမတ္ထ တရားဖြစ်သော ဂုဏ်တော်၏ ယန္တရားကိုသာ အာရုံပြု၍ ရှုရှိုက်နေပါ။

၄။ ကာယ ဣရိယာပထ စောင့်ထိန်းခြင်း။

ခန္ဓာ ကိုယ်ကာယမှလည်း ပုတီး စိပ်ခြင်းမှတပါး နာကျင်ခံစားမှု၊ ပူရှက်ဆိတ်၊ ခြင်၊ ဂျပိုးကိုက်သော ဝေဒနာ များ နောက်သို့ လိုက်မသွားပါနှင့်၊ ပရမတ္ထ တရားဖြစ်သော ဂုဏ်တော်၏ ဟိတ်ပေါ်သော အာရုံကို ညွတ်ထားပါ။

ဤသို့ အာရုံလေးပါးကို ထိန်းသိမ်းလိုက်သောအခါ တခုတည်းသော ပရမတ္ထ တရားဂုဏ်တော်ကိုသာ အာရုံ ပြုသောစိတ်၊ ညွတ်ကျသောစိတ် (ဝါ) ဧကဂ္ဂတာ စေတသိကဖြစ်သော သမာဓိ ဟူသော တည်ကြည်မှုကို ရရှိလာမည် ဖြစ်ပါသည်။ အလွန် ပျံ့လွင့်နေသော တစက္ကန့်လျှင် ကုဋေတသိန်း ချုပ်သော စိတ်ကို ထိန်းသိမ်းရသည်မှာ အလွန် ခက်ခဲ သိမ်မွေ့လှပါသည်။ သို့ရာတွင် သတိကို လက်ကိုင်၊ ပညာကို လက်ဝဲ ထား၍ ထိန်းသိမ်းရပါမည်။ တဖြည်းဖြည်း အလေ့အကျင့် ရလာသည့်အခါ သမာဓိ တည်လာပြီး ပြားနေသော အာရုံများကို ထိန်းချုပ်နိုင်ပါမည်။

ထိုသို့ စိတ်ကို တခုတည်းဖြစ်အောင် လုပ်နိုင်သော ပုတီးတလုံးဖြစ်စေ၊ တပတ်လုံးဖြစ်စေ၊ ကိုးပတ်ဖြစ်စေ စသည်တို့သည် အကျိုးသက်ရောက်မှု စူးရှထက်မြက်လှသည်။ ဤအဆင့်ကို ရောက်အောင် သူမြတ်ကျင့်စဉ်ကို ပွားများအားထုတ်ပါမှ အကျိုးပေးသန့်မည် ဖြစ်ပါသည်။

ထို့ကြောင့် အကျိုးပေး သန့်စေရန် စနစ်တကျ ရွတ်ဘတ် သရဇ္ဈာယ် နည်းများကို (ယခင်က ပြခဲ့ပါပြီ) ပုတီးစိပ်သည့် အခါတွင် အသံထွက်အောင် မဆိုရသော်လည်း အသံထွက် များကို မှန်ကန်ထားမှ ပုတီးစိပ်သည့်အခါ ယင်းအသံအလေး အနက်အတိုင်း စိတ်တွင်းမှ ရွက်ဆိုသွားရပေါမည်။

## ဂုဏ်တော် ကိုးပါး ပွားများ အားထုတ် ပုတီးစိပ်က ရရှိနိုင်သော အကျိုးကျေးဇူးများ

၁။ အရဟံ ဂုဏ်တော်၊
စွဲမြဲသော်၊
ပူဇော် လာဘ်လာဘ၊ စီးပွားတိုးတက်မည်။

၂။ သမ္မာ သမ္ဗုဒ္ဓေါ ဂုဏ်ဖွင့်၊
စွဲမြဲကျင့်၊
အကြံပွင့် ဉာဏ်မြင့် တိုးတက် ဆင့်မည်။

၃။ ဝိဇ္ဇာ စရဏဂုဏ်၊
စွဲမြဲထုံ၊
ကုံလုံပညာ တိုးပွား၊ လွန်ကြီးစား။

၄။ သုဂတော ဂုဏ်လှိုင်၊
စွဲမြဲနိုင်၊ —
အပြိုင်အဆိုင် ကိစ္စ၊ ကိုယ်က အနိုင်ရမည်။

၅။ လောကဝိဒူ၊
ပွားလေမူ၊
တဆူကဝိ၊ ပညာနှံ့သိ စည်ပင်မည်။

၆။ အနုတ္တရော ပုရိသ၊
ပွားမူက၊
လူတွင် ထူးချွန်၊ သူ့ထက်လွန်မည်။

၇။ သတ္ထာ ဒေဝ မနုဿာနံ။
ဝဲ့စိပ်ပြန်၊
ပြန်လှန်မပြော၊ မိမိသဘော အတိုင်း အောင်မြင်မည်။

၈။ ဗုဒ္ဓေါဂုဏ်ထူး၊
စိပ်ပါဦး၊
ဂုဏ်ထူး ဉာဏ်မြင့် တိုးတက်ပွင့်မည်။

၉ ဘဂဝါအဆုံး၊
စိပ်ပါအုံး၊
ဘုန်းကြီးသက်ရှည် - ကျိုးထူးမည်။

× × ×

## ဂုဏ်တော်ကိုးပါးဟိတ်နှင့် အောင်သိဒ္ဓိတန်ခိုး

### "အရဟံဂုဏ်တော်"

သောဘဂဝါ ဣတိပိ အရဟံတိ၊
ဗုဒ္ဓ ဿဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရားသခင်သည် လူနတ်ဗြဟ္မာ၊ သတ္တဝါသုံးဦးတို့၏ ပူဇော်အထူးကိုခံယူတော်မူထိုက်သော—

သီလ ဂုဏ်
သမာဓိ ဂုဏ်
ပညာ ဂုဏ်
ဝိမုတ္တိ ဂုဏ်
ဝိမုတ္တိ ဉာဏ ဒဿန ဂုဏ်တို့နှင့်—

ပြည့်စုံတော်မူသောကြောင့်လည်း အရဟံ၊ အရဟာ၊ မည်တော်မူပါပေ၏။ ဤကား အရဟံ ဂုဏ်တော်၏ အဓိပ္ပာယ် ဖြစ်သည်။ ထိုအနက် အဓိပ္ပာယ်ကို စိတ်ထဲတွင်သံမှိုနှင့် စွဲသကဲ့သို့ မြဲနေအောင် မှတ်ထားရမည်။ လေ့ကျက် ထားရသည်။

ထို့နောက် ဂုဏ်တော်၏ အဓိပ္ပာယ်များ စိတ်ထဲတွင် စွဲခင် နေသောအခါ ငြိမ်သက်တိတ်ဆိတ်သော တနေရာ၌ သို့မဟုတ် ဆိတ်ငြိမ်သောအချိန်၌ အရဟံ၊ အရဟံ၊ ဟု ဂုဏ်တော်ကို ပွားများ မှတ်သား အားထုတ်ရမည်။

— ဂုဏ်တော်သည့် မှတ်စရာ အာရုံ၊
— ထိုအာရုံပေါ်သို့ ညွှတ်၍ ကျသောစိတ်က အာရမ္မဏိက ဖြစ်သည်။

"အာရမ္မဏိက" ဖြစ်သောစိတ်သည် "အာရုံ" ဆိုသည့် ဂုဏ်တော် ပေါ်သို့ တချက်ခြင်း ညွှတ်၍ ညွှတ်၍ ကျနေသည်။ ယင်းသည့် သွင်ပြင် လက္ခဏာ ရုပ်များသည် ဂုဏ်တော်ကို စနစ်တကျပွားများခြင်း ပင်ဖြစ်ပါသည်။ စနစ်တကျ ပုတီး စိပ်လိုသူများ အတွက် စနစ်တကျ ကျင့်ကြံ အားထုတ်နည်း များကို အဆင့်ဆင့် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

"သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်"

သောဘဂဝါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓေါတိ၊
ဗုဒ္ဓံ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရား သခင်သည်၊ သစ္စာ ဉေယျ၊ ဓမ္မအပုံ၊ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းကိုသိတော် မူပေသောကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ၊ မည်တော်မူပါပေ၏။

ဤဂုဏ်တော်၏အနက် အဓိပ္ပာယ်ကို စိတ်သဲတွင် မြဲအောင်လေ့ကျင့် ရယူထားရသည်။ ထို့နောက် ဆိတ်ငြိမ် သော တနေရာတွင်—

သမ္မာ သမ္ဗုဒ္ဓေါ
သမ္မာ သမ္ဗုဒ္ဓေါ
သမ္မာ သမ္ဗုဒ္ဓေါ

ဟု စိတ်ဖြင့်မှတ်၍ နှုတ်မှ တိုးတိုးရွတ်ပြီးလျှင် ပွားများ အားထုတ်ရသည်။

- ဂုဏ်တော်က မှတ်စရာ အာရုံဖြစ်သည်။
- ထို ဂုဏ်တော်ပေါ်သို့ ညွတ်၍ကျနေသည့် စိတ်က အာရမ္မဏိက ဖြစ်သည်။

## "ဝိဇ္ဇာစရဏ ဂုဏ်တော်"

သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နောတိ၊
ဗုဒ္ဓဿ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရား သခင်သည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏအပြား တဆယ့်ငါးတည်း၊ သုံးပါးရှစ်ဖြာ ဥာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာ စရဏ သမ္ပန္န မည်တော်မူပေ၏။ ဟု အနက် အဓိပ္ပာယ်ကို စိတ်ထဲတွင် စွဲမြဲသွားအောင် လေ့ကျင့်ထားရမည်။ ထိုနောက် ဆိတ်ငြိမ်သော အရပ်၌—

ဝိဇ္ဇာ စရဏ သမ္ပန္နော
ဝိဇ္ဇာ စရဏ သမ္ပန္နော
ဝိဇ္ဇာ စရဏ သမ္ပန္နော

ဟု ပွားများအားထုတ်ရမည်။

- ဂုဏ်တော်က မှတ်စရာ အာရုံဖြစ်သည်။
- ဂုဏ်တော် ပေါ်သို့ညွတ်၍ ကျကျနေခြင်းကပွားများမှု အာရမ္မဏိက ဖြစ်သည်။

"သုဂတော ဂုဏ်တော်"

သောဘဂဝါ ဣတိပိ သုဂတောတိ၊
ဗုဒ္ဓံ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရား သခင်သည်သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ မကပ်ညှိဘဲ မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ကောင်းမြတ် သန့်ရှင်းဘန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရီ ဘေးမဲ့ပြည်သို့ ကြွချီ ဆိုက်ရောက်တော်မူသောကြောင့်လည်း သုဂတ မည်တော် မူပေသည် ဟု စိတ်ထဲတွင် စွဲနေအောင် လေ့ကျင့် ထားရ သည်။ ထို့နောက် ဆိတ်ငြိမ်သော တနေရာ၌–

သု ဂတော
သု ဂတော
သု ဂတော

ဟူ၍ စိတ်ဖြင့်ပွားရမည်။

– ဂုဏ်တော်ကမှတ်စရာ
– ဂုဏ်တော်ပေါ်သို့ ညွတ်၍ ညွတ်၍ ကျတဲ့စိတ်က အာရမ္မဏိက ဖြစ်သည်။

"လောကဝိဒူ ဂုဏ်တော်

သောဘဂဝါ ဣတိပိ လောကဝိဒူတိ၊
ဗုဒ္ဓံ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရား သခင်သည် ကာမ ရူပ အရူပ ဟု လောက သုံးခွင် ဘုံအပြင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် လင်းလင်းထင်ပေါ် သိမြင်တော်မူ သောကြောင့်လည်း၊

လောကဝိဒူ မည်တော် မူပါပေသည်။ ပထမဦးစွာ ဂုဏ်တော်၏အနက် အဓိပ္ပာယ်ကို စွဲအောင် ထင်အောင် လေ့ကျင့်ရယူထားရသည်၊ ထိုနောက် ဆိတ်ငြိမ်သော တနေရာတွင်-

လောက ဝိဒူ

လောက ဝိဒူ

လောက ဝိဒူ

ဟု ပွားများရသည်။

ဂုဏ်တော်က မှတ်စရာအာရုံဖြစ်သည်။

ဂုဏ်တော်ပေါ်သို့ညွတ်၍ ကျနေသောစိတ်က အာရမ္မဏိကဖြစ်သည်။

"အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်"

သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ

ဒမ္မ သာရထိတိ၊

ဗုဒ္ဓဿ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရား သခင်သည် ဇာတိမာန်၊ ပညာမာန်၊ ဂုဏမာန်၊ ဗလမာန် ဣဒ္ဓိမာန်၊ တို့ဖြင့် ပိုးနှံကြွားကြွားငါဘကားဟု ကြုံးဝါးခက်ထန်၊ အဆိပ်လျှံသည့် နန္ဒောပနန္ဒ၊ အင်္ဂုလိမာလ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာဉာဏ် ဆိပ်အငြိမ်းအေး အမြိုက်ဆေးကို တိုက် ကျွေးတော်မူ တတ်သောကြောင့် လည်းအနုတ္တရော ပုရိသ ဒမ္မ သာရထိ မည်တော်မူပါပေသည်။

ဤအနက် အဓိပ္ပာယ်ကို အားမထုတ်မီ ရှေးမဆွကပင်လေ့ကျင့်၊ စွဲမြဲမှတ်ထားရသည်။ နောက်ဆိတ်ငြိမ်ရာတွင်-

အနုတ္တရော ပုရိသဒမ္မသာရထိ
အနုတ္တရော ပုရိသဒမ္မသာရထိ
အနုတ္တရော ပုရိသဒမ္မသာရထိ
ဟု စိတ်ဖြင့် မှတ်၍ ပွားရသည်။
— ဂုဏ်တော်က မှတ်စရာ အာရုံဖြစ်သည်၊
— ဂုဏ်တော်ပေါ်သို့ ညွတ်၍-ညွတ်၍ ကျသောစိတ်က
အာရမ္မဏိက ဖြစ်သည်။

"သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်"

— သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံတိ၊
ဗုဒ္ဓဿ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာဘုရားသခင်သည်၊ လူနတ်ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွား ရှိခြောင်း၊ ညွတ်ညောင်း ယေ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသော ကြောင့်လည်း သတ္ထာဒေဝမနုဿာနံမည်တော်မူပါပေသည်ဟု အနက် အဓိပ္ပာယ် ရှုမြဲသော အခါ ဆိုတ်ငြိမ်ရာ၌—

သတ္ထာ ဒေဝနုဿာနံ
သတ္ထာ ဒေဝမနုဿာနံ
သတ္ထာ ဒေဝမနုဿာနံ။

— ဟု စိတ်ဖြင့်မှတ်၍ အားထုတ်ရမည်။
— စိတ်သည် ဂုဏ်တော်ပေါ်သို့ အဆက်မပြတ် ညွတ်၍ ကျနေသည်ကို 'တည်မှု' ဟု ခေါ်သည်။

- ထိုတည်နေမှုကို သမာဓိဟု ခေါ်သည်။
- စိတ်သည် အာရုံပေါ်တွင် ကျခိုက် နီဝရဏ တရား ကင်းဆိတ် နေသည်။
- ထို နီဝရဏတရား ကင်းနေသော စိတ်ကို 'စိတ္တဝိသုဒ္ဓိ' ဟု ခေါ်သည်။

"ဗုဒ္ဓေါ ဂုဏ်တော်"

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါတိ၊

ဗုဒ္ဓဿ ဂုဏံ အနုဿရိထဗ္ဗံ။

မြတ်စွာဘုရား သခင်သည် သစ္စာလေးရပ် တရားမြတ်ကို လူနတ် အများ သိထင်ရှားအောင် ဟောကြားတော်မူသောကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေသည်။ ဤအနက်ကိုလေ့ကျင့်ပြီးနောက် ဆိတ်ငြိမ်ရာ၌-

ဗုဒ္ဓေါ

ဗုဒ္ဓေါ

ဗုဒ္ဓေါ၊

ဟု စိတ်ဖြင့် ပွားမျာ းအားထုတ်ရသည်။

- စိတ်သည် ဂုဏ်တော်ပေါ်သို့ အမြဲမပြတ် ညွတ်၍ ကျနေသည်ကို တည်မှုဟု ခေါ်သည်။
- ထိုတည်မှုကို သမာဓိဟု ခေါ်သည်။
- စိတ်သည် အာရုံပေါ်တွင် ကျခိုက် နီဝရဏ တရား ကင်းဆိတ်နေသည်။
- ထို နီဝရဏတရား ကင်းနေသောစိတ်ကို စိတ္တဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

## "ဘဂဝါ ဂုဏ်တော်"

သောဘဂဝါ ဠတိပိ ဘဂဝါတိ၊
ဗုဒ္ဓဿ ဂုဏံ အနုဿရိတဗ္ဗံ။

မြတ်စွာ ဘုရားသခင်သည် ဤသို့ ဘုန်းတော်အနန္တ ဥာဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး၊ လူနတ်များတို့ လေးစားခယချီးပမှုကြောင့် လည်း ဘဂဝါ မည်တော်မူပါပေသည်။ ဤသို့ ဘဂဝါ ဂုဏ်တော်၏ အနက်ကို လေ့ကျင့် ရယူပြီးနောက်—

ဘဂဝါ

ဘဂဝါ

ဘဂဝါ

ဟု စိတ်ဖြင့် ပွားများ အားထုတ်ရသည်။

ဤသို့လျှင် ထက်သန်သော သဒ္ဓါ တရားဖြင့် ဂုဏ်တော် များကို ပွားများ အားထုတ်သော ပုဂ္ဂိုလ်မှာ ပထမဦးစွာ တည်ကြည်မှု သမာဓိ တရား အားကောင်းလာသည်။

ထိုသမာဓိ တရား အားကောင်းလာသောအခါ စိတ်၏ နီဝရဏမှ ကင်းဆိတ်သော စိတ္တဝိသုဒ္ဓိစိတ်၏ စင်ကြယ်မှုကို ရရှိပေလိမ့်မည်။

ဝိတ္တဝိသုဒ္ဓိ စိတ် စင်ကြယ်၏ဟု ဆိုသည်မှာ အားထုတ်ဆဲ ခဏ၌ ကာမစ္ဆန္ဒ စသော နီဝရဏ ကိလေသာ အညစ်အကြေး ကင်းဝေးနေသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

## သီလဝိသုဒ္ဓိ

ဤ သူမြတ်ကျင့်စဉ်ကို ရှုမှတ် ပွားများဆဲဖြစ်သော သူတို့မှာ ကံငါးပါးကို ကျူးလွန်ခြင်းမှ ကင်းဆိတ်၍ နေသဖြင့် သီလစင်ကြယ်မှုရှိနေပါသည်။ သီလစင်ကြယ်လျှင် သီလဝိသုဒ္ဓိ ဖြစ်တော့သည်။

ဤသို့ သီလဝိသုဒ္ဓိနှင့် ပြည့်စုံသူသည် ဂုဏ်တော်ကို ပွားများ အားထုတ်ခြင်း၌ "သမထ ဘာဝနာ၏ ပြီးဆုံးခြင်းသို့" ရောက်ပေပြီဟု ဆိုရပေမည်။

ထိုသို့ သီလဝိသုဒ္ဓိဖြစ်ဆဲခဏ၌ စိတ်သည် အလွန်ကြည်လင်သန့်ရှင်းသဖြင့် လိုအပ်သော တန်ခိုးသိဒ္ဓိအမျိုးမျိုးကို လျင်မြန်စွာ ပြီးမြောက် အောင်မြင်စေနိုင်သည်။

အချင်းသူမြတ်—

ဤ သူမြတ်ကျင့်စဉ်ကို အားထုတ်သဖြင့် အကျင့်စင်ကြယ်သောသူများကို ဘုမ္မာဒေဝ နတ်များကလည်း ချစ်သည်၊ သာသနာဆိုင်ရာ ဝိဇ္ဇာဓိုရ်များကလည်း ချစ်သည်။

ထို့ကြောင့် ဤ သူမြတ်ကျင့်စဉ်အား ကျင့်ကြံ အားထုတ်သော သူမြတ်တိုင်းသည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းစောင့်နတ်၊ မြစ်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုးနတ်များနှင့် သမာဒေဝ နတ်အပေါင်းတို့အား မေတ္တာ ဘာဝနာ ပေးပို့ရန် မမေ့လင့်။ သာသနာစောင့် နတ်မင်းကြီးများ၊ သာသနာဆိုင်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို အစဉ် မမေ့ မလျော့ပဲ ကောင်းမှု ကုသိုလ်များနှင့်မေတ္တာ ဘာဝနာများကို ပေးပို့ပါ။

နတ်များသည် သီလ စင်ကြယ်၍ မြတ်သော **အ**ကျင့် ရှိသူ **တို့အား** အလိုဆန္ဒပြီးမြောက်အောင် ကူညီတတ်ကြလေသည်။ ကူညီခဲ့ကြကြောင်းကိုလည်း နိပါတ်တော်များ၌ အခိုင်အမာ လေ့လာနိုင်ပါသည်။

ထို့ကြောင့်–
ထက်သန်သော စေတနာ
ကုန်လုံ့လသော ဝီရိယတို့ဖြင့်
ကျင့်ကြံ အားထုတ်ကြပါကုန်လော့။

* * *

# ဆန္ဒမွန်

— စိတ်အကြံ ပေါက်ကြပါစေ။

— အဓိဋ္ဌာန် မြောက်ကြပါစေ။

— ဗိမာန် ပေါက်ကြပါစေ။

— နိဗ္ဗာန် ရောက်ကြပါစေ။



# ရတနာသုံးပါး ဂုဏ်ကျေးဇူး

တောင်တွင်းက အာဂန္တုဆိုသည်မှာ တောင်တွင်းကြီးမြို့မှ အင်းဝမြို့သို့ရောက်လာသောဧည့်သည်တော်ရှင်မဟာသီလဝံသ ကို ဆိုလိုသည်။ ရှင်မဟာ သီလဝံသသည် တောင်တွင်းကြီး သား ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ငါးရာ ခန့် က ရှင်မဟာ သီလဝံသသည် အင်းဝမြို့သို့ မည်သို့မည်ပုံ ရောက်ရှိလာခြင်း အကြောင်းကို ရေးသား လိုရင်းဖြစ်သည်။

ရှင်မဟာသီလဝံသသည် တောင်တွင်းကြီးမြို့တွင် ငယ်စဉ် က စ၍ ပညာသင်ကြားခဲ့သည်။ သူသည် ပိဋကတ် သုံးပုံကို ချောက်ခြားနိုင်သောရဟန်းတော်ဖြစ်သည်။ မြန်မာကဗျာနှင့် စပ်လျဉ်း၍ ပါရမီတော်ခန်းပျို့ ဟူသော ပျို့ကြီးတစောင်ကို

ပင် သိက္ခါးပြုစုပြီးလေပြီ။ သို့ပါလျက် သူသည် အင်းဝမြို့သို့ တက်ကာ ပညာများကို တိုးတက် ဆည်းပူး လိုသေးသည်။ ပညာရှိ အများနှင့် ဆွေးနွေးလိုသေးသည်။

ထို့ကြောင့် တခုသော တပို့တွဲလတွင် သူ့ဆရာတော်အား အင်းဝမြို့သို့ သွားခွင့်ပြုရန် ပန်ကြားသည်။ ကဆုန်လတွင် သွားပါရစေဟု လျှောက်ထားသည်။ သူ့ဆရာတော်ကမူ

"ငါ့ရှင် အင်းဝမြို့သို့သွားရာလမ်းခရီးကား ခက်ဘိသည်။ စည်းရိုးများ တန်းထားဘိသကဲ့သို့ အတားအဆီးများ တွေ့ပေမည်။ အင်းဝမြို့သို့ ရောက်သော်လည်း မြစ်အတွင်းဝယ် သင်္ဘော ခုတ်မောင်းသောအခါ ရေတွင် အရာ မထင် သကဲ့သို့ အရာထင်မည်မဟုတ် ငါ့ရှင်။ အင်းဝတွင်ကား ပညာရှိ အပေါင်းသည် ကောင်းကင်ဝယ် ထွက်မြူသော ကြယ်ပေါင်း တမျှများပြားလှသည်။ အင်းဝသားတို့သည် အနှစ်ပြည့်သော ရှားသားကဲ့သို့ ပညာအဆီအနှစ် ပြည့်ဝသော သူများထံသာ ဆည်းကပ်ကြကြောင်းကို ငါ့ရှင် သိစေချင်သည်။ ငါ့ရှင် သည် မည်မျှ အားထုတ်သော်သည်း အင်းဝတွင် သောင်တင် နေမည်ဟု အကျိုးအကြောင်း ပြသ တားမြစ်လေသည်။

ရှင်မဟာ သီလဝံသသည် ဆရာတော်၏ စကားကို မနှစ်မြို့ သော်လည်း ဆိတ်ဆိတ်သာ နေ၏။ တလခန့်ကြာသောအခါ ဆရာတော်အား အင်းဝမြို့သို့ သွားခွင့်ပြုရန် တောင်းပန်ပြန် သည်။ ဆရာတော်သည် ရှေးနည်းအတိုင်း ငြင်းပြန်သည်။ ရှင်မဟာ သီလဝံသလည်း ဆိတ်ဆိတ်ပင် နေပြန်သည်။

တလကြာပြန်သော် ရှင်မဟာသီလဝံသသည် ဆရာတော်ထံ ချဉ်းကပ်၍–

"အရှင်ဘုရား၊ ဘုရားတပည့်တော် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့်ကန်တော့ပါ၏။ တပည့်တော်အား အရှင်ဘုရား၏ ပညာရင်နို့စား သားအရင်းကဲ့သို့ သနားပါလျှင် အင်းဝမြို့သို့ ထွက်ခွင့်ပြုပါဘုရား။ တပည့်တော်သည် အချိန်ကြာကြာ မစောင့်ချင် တော့ပါဘုရား၊ အညာသို့ အလျင် စလို သွားချင် ပါ တော့ သည်၊ လမ်း ခရီး တွင် လည်း ခိုစရာ သစ်ပင်ပေါင်း များစွာရှိပါသည်။ စားစရာ အတွက် လမ်းခရီးတွင် သစ်သီး အပေါင်း စုံလင်ပါသည်၊ တပည့်တော်အား ဘေးမသိ ရန်မခစေခြင်းငှာ "ရတနာသုံးပါး ဂုဏ်တော်" တို့ကို အောက်မေ့သွားပါမည်၊ ရှားနှစ်ကဲ့သို့ အဆီအနှစ် ပြည့်ဝသော ပညာရှင် အပေါင်းထံ၊ တက်ရောက် ဆည်းပူးပါရစေ၊ ဆရာတော်ကသာ အသာတကြည် ခွင့်ပြုတော်မူပါဘုရား" ဟု ခယယ ရှိသေ လေးမြတ်စွာ လျှောက်ထား တောင်းပန် ရှာလေသည်။ ဆရာတော်လည်း အကြိမ်ကြိမ် ထပ်လောင်း၍ တောင်းပန်ရှာသော တပည့်၏ ပြင်းပြသော ဆန္ဒကို မတားမြစ် လိုတော့သောကြောင့် ခွင့်ပြုလေသည်။

ရှင်မဟာသီလဝံသ အား ဆရာတော်က အသာတကြည် ခွင့်ပြုတော်မူကြောင်းကို ဒါယကာ၊ ဒါယိကာမ များက သတင်း ကြား သော အခါ ရှင်မဟာသီလဝံသထံ စုရုံးလာ

ရောက်၍ အင်းဝသို့ မသွားပါရန် တောင်းပန်ကြပြန်သည်၊ ရှင်မဟာသီလဝံသက စကားတခွန်းမျှ မဟပဲ တိတ်တိတ်နေ၏၊ ထိုအခါ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် လက်လျှော့၍ ပြန်သွားကြလေသည်၊ ရှင်မဟာသီလဝံသ သည် သူ့ဒါယကာ ဒါယိကာမများ အပေါ်ဝယ် သံဝေဇဥ် ရှိသော်လည်း သူ့မြို့ သူ့နယ် ကျဉ်းကျဉ်းကလေးတွင်သာ နည်းတတ် စာတတ် အဖြစ်မနေလိုပဲ နေပြည်တော်သို့ ဟက်၍ ဗဟုသုတ အပြည့်အစုံ ကျယ်ကျယ် ဝန်း ဝန်း ဆည်းပူးလိုသောကြောင့် စကားတခွန်းမျှ မဟပဲ တိတ်တိတ် နေခြင်းဖြစ်သည်။

ရှင်မဟာ သီလဝံသ သည် ကဆုန်လပြည့်နေ့တွင် တောင်တွင်းကြီးမြို့မှ ထွက်ခွာသည်၊ သူ့အဖို့ စိတ်ခလေးလေးပင် ဖြစ်သည်၊ သို့သော်စိတ်ကိုဖြေကာ အင်းဝမြို့ဆီသို့ ရှေးရှု ကြွတော်မူသည်။

တပွတ်ချောင်းသို့ ရောက်မှ ခရီးတထောက်နား၍ အပန်း ဖြေသည်၊ တပွတ်ချောင်းမှ ရှေ့သို့ ခရီးဆက်သောအခါ တောနက်ကြီးထဲတွင် မှောင်နှင့်မဲမဲ ခရီးသွားရသောကြောင့် ကြောက်ချင် လန့်ချင်စိတ်များပေါ်လာသည်။ "ဣတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပန္နော" စသော ဂါထာများကို တထောင်စီ၊ တထောင်စီ၊ ရွတ်ဖတ်သရဇ္ဈာယ်သွားပေသည်။

ရှင်မဟာသီလဝံသ သည် ဘေးမသိ ရန်မခပဲ ပင်းယမြို့သို့ ညဦးမိုးချုပ်ချိန် ဆိုက်ရောက် ပေ သည်။ ပင်းယ ပြည် သို့ ရောက်လျှင် ပြည်သူပြည်သားတို့သည်၊ ကြည်ညိုသဒ္ဓါ ပွား၍

ရှိသေစွာ ခစားလာကြသည်၊ အင်းဝပြည်သို့ အဘယ်ကိစ္စကြောင့် ကြွမည်ကို မေးကြသည်၊ ရှင်မဟာ သီလဝံသက–

"ဒါယကာ တို့ ငါလာသည်မှာ အင်းဝပြည်တွင် အနှစ်သာရနှင့် ပြည့်စုံသော ရဟန်းတော်များ ထံဝယ် ရှိသေစွာ ဆည်းကပ်ပြီးလျှင် ကျမ်းကြီးကျမ်းငယ် ပိဋကတ် အသွယ်သွယ်ကို သင်ကြားဆည်းပူးရန်လာရောက်ပါသည်"ဟု ပြော၏၊ ဒါယကာတို့လည်း ရှင်မဟာသီလဝံသကို ကောင်းမွန်စွာ လုပ်ကျွေးပြုစုကြပေသည်။ ။

× × ×

# ဆန္ဒမွန်

– စိတ်အကြံ ပေါက်ကြပါစေ။

– အဓိဋ္ဌာန် မြောက်ကြပါစေ။

– ဗိမာန် ပေါက်ကြပါစေ။

– နိဗ္ဗာန် ရောက်ကြပါစေ။

# အရဟံဂုဏ်ဟိတ်

အချင်းသူမြတ်—

ဤ သူမြတ်ကျင့်စဉ်တွင် ဂုဏ်တော် နဝရတ်များကို အမျိုးမျိုး ကျင့်ကြံ နည်းများနှင့်တကွ အကျိုးထူးများကို ဖွင့်ဆို ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

တနည်းအားဖြင့် ဘုရားဂုဏ်တော်များ၊တရားဂုဏ်၊သံဃာ့ဂုဏ်တည်းဟူသော ပန်းပွင့်များကို အမျိုးမျိုး ချွံထွင် သီကုံးထားခြင်း ဖြစ်ပါသည်။

တနည်းအားဖြင့်လည်း ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊သီလာနုဿတိ တည်းဟူသော နုဿတိ ဆယ်ပါးမှ နုဿတိ သုံးပါးကို တင်ပြထားခြင်း ဖြစ်ပါသည်။

အထူးသဖြင့် နုဿတိဆယ်ပါး၌ ဗုဒ္ဓါနုဿတိ ဘာဝနာသည် အမြတ်ဆုံးဖြစ်ကြောင်း အပါဒါန်ပါဠိတော်၌ လာရှိပါသည်။

အထူးသဖြင့် မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါးတို့တွင်လည်း "အရဟံ" ဂုဏ်တော်သည် အကြီးအကဲဖြစ်ကြောင်း၊ အကြီးအမှူးဖြစ်ကြောင်း အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

သဗ္ဗေသံ ကမ္မဋ္ဌာ နဉာနံ၊ ဗုဒ္ဓ ဝဏ္ဏော မုခံမတော
သဗ္ဗေသံ ဗုဒ္ဓ ဝဏ္ဏာနံ၊ အရဟံ ပမုခံ ဘဝေ။

သဗ္ဗေသံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ကမ္မဋ္ဌာနဉာနံ၊ ကမ္မဋ္ဌာန်းတို့တွင်၊ ဗုဒ္ဓဝဏ္ဏော၊ ဘုရားရှင်တို့၏၊ ဂုဏ်ကျေးဇူးတော်ကို၊ မုခံ၊ အမြွတ်ဆုံးဟူ၍၊ မတော၊ သိသင့်လှ၏။

သဗ္ဗေသံ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော၊ ဗုဒ္ဓဝဏ္ဏာနဉ္စ၊ ဘုရားရှင်၏၊ ဂုဏ်တော်တို့တွင်လည်း၊ အရဟံ၊ အရဟံဂုဏ်တော်သည်၊ ပမုခံ၊ အကြီးအမှူးသည်၊ ဘဝေ၊ ဖြစ်၏။ တဖန်—

သဗ္ဗဝဏ္ဏာ ပတိဋ္ဌန္တိ၊ ဝဏ္ဏောစာရ ဟာမေကကော။
ဝဏ္ဏိတော တိပိဋကတော၊ အပိသမ္ဗဟုလော ဘဝေ။

သဗ္ဗဝဏ္ဏာ၊ အလုံးစုံကုန်သော ကျေးဇူးတော်တို့သည်၊ ပတိဋ္ဌန္တိ၊ တည်စေကုန်ဦး၊ ဧကကော၊ တခုသော၊ အရဟံ၊ အရဟာတာဟု ဆိုအပ်သော၊ ဝဏ္ဏော စ၊ ကျေးဇူးတော်ကိုလည်း၊ ဝဏ္ဏိတော၊ အကျယ်ခဲ့၍၊ ဟောဘွယ်ရှိသော်၊ တိပိဋကတောပိ၊ ပိဋကတ် သုံးပုံထက်လည်း၊ သမ္ဗဟုလော၊ များသည်၊ ဘဝေ၊ ဖြစ်တော့၏။

ဤသို့ပင် "အရဟံ" တလုံးကို ကျမ်းဂန်တို့၌ အကျယ်ခဲ့၍ အမျိုးမျိုးသော ရှုထောင့်မှ ဟိတ်အမျိုးမျိုးနှင့် ဟောခဲ့၏။ အနက်အမျိုးမျိုးပေး၍ ဖွင့်ခဲ့၏။

ထို့ကြောင့် အချင် သူမြတ်—

ဦးစွာပထမ အရဟံ ဂုဏ်တော်ပါတ်နှင့် အောင်သိဒ္ဓိတန်ခိုးကို လက်လှမ်းမှီသမျှ၊ ရှာဖွေတွေ့ရှိသမျှကို တင်ပြလိုက်ရပါသည်။

(၁) နတ္ထိရာဟာ တေ သာထိ အ-ရဟံ၊ ဝ စနတ္ထနှင့် အညီ အ-ပုဒ်၊ ရဟ-ပုဒ် ဖြစ်၍၊ အ—ရဟံ—ဟု နား၍ ရွတ်ဆိုရမည်။

(၂) အရယော ဟနတီတိ အရ-ဟံ။ ဟူသော ဝ စနတ္တနှင့် အညီ၊ အရပုဒ် ဟပုဒ်ဖြစ်၍ "အရ-ဟံ—ဟု တဖန်နား၍ ရွတ် ဖတ်ရမည်။

(၃) ပူဇာဝိ သေသံ အရဟတီတိ အရဟံ ဝ စနတ္ထနှင့် အညီ အရဟပုဒ်ဖြစ်၍ "အရဟံ"ဟု တခေါက်ဘည်း ရွတ်ရမည်။

ပထမဦးစွာလည်း ကိလေသာ ဟူသော မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ အရပ် မရှိသဖြင့် လူနတ်တို့၏ ကိုးကွယ်ရာအစစ်ကေ်ဖြစ်သော ဘုရားရှင်၏ ဂုဏ်တော်ကို မိမိမျှော် တဘောင့်ထွာခန့်တွင် ကြည်ညိုသပ္ပါယ်စွာ ဖန်ဆင်း၍ စိတ်အား ထက်သန်စွာဖြင့် ဂုဏ်တော် ကသိုဏ်းဝန်းပေါ်တွင် စိတ်ကို တင်ပြီး "အ-ရဟံ၊ အ-ရဟံ၊ အ-ရဟံ၊"ဟု တနေ့ ပုတီးပတ် တထောင်ဘိတိ အဓိဋ္ဌာန်ဖြင့် အားထုတ်စိပ်ရသည်။

"ဒုတိယလည်း ကိလေသာရန်တွေကို အရဟတ္တမဂ် စိတ်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ပြီးတော်မူသော အရှင်ဘုရားဟူ၍၊ မိမိမျှော် တတောင့်ထွာခန့်တွင် မြတ်ဘုရားအား

ကြည်ညိုဘွယ် ဖန်ဆင်း၍ စိတ်အားထက်သန်စွာဖြင့် ဂုဏ်တော်ကသိုဏ်းဝန်းပေါဝယ် စိတ်ကိုတင်ပြီး–

"အရ-ဟံ
အရ-ဟံ
အရ-ဟံ"

ဟု တနေ့ပုတီးပတ် တသောင်း တလတိတိ အားထုတ်စိပ်ရမည်။

"တတိယလဒ္ဒ လူနတ်ပြဟ္မာ သတ္တဝါသုံးဦးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဟူ၍ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို မိမိရှေ့ တတောင့်ထွာခန့်တွင် ကြည်ညိုဘွယ်ရာ ဖန်ဆင်း၍ စိတ်အားထက်သန်စွာဖြင့် ဂုဏ်တော်ကသိုဏ်းဝန်းပေါ်တွင် စိတ်ကိုတင်းပြီး–

အရဟံ
အရဟံ
အရဟံ၊

ဟု တနေ့လျှင် ပုတီးတထောင် တလတိတိ စိပ်ရမည်။

## သမာဓိ

ဤသို့ပွားများ အားထုတ်ရာ၌ အဓိကအရေးကြီးသည်မှာ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ပေါ်သို့ စိတ်ကို ညွတ်၍ညွတ်၍ အစဉ်ကျနေရန်ပင် ဖြစ်ပါသည်။ ဤသို့မြဲမှလည်း သမာဓိရမည်။ သမာဓိရမှလည်း အထက်စခန်းသို့ တက်လှမ်းနိုင်မည် ဖြစ်ပါသည်။

## အဖျက်ဝင်

ဤသို့ အားထုတ်နေစဉ် (၃) လအတွင်း၌ ထမင်းစား ရခြင်း၊ ပွဲကြည့်ရခြင်း - မေထုံမှီဝဲရခြင်း စသော၊ အိပ်မက် များ မြင်မက်ပါက အဖျက်ဝင်၍ ပျက်သည်ဟုမှတ်ပါ။

ထို့ကြောင့် အစမှပြန်၍ အားထုတ်ပါ၊ ထိုသို့အားထုတ် နေစဉ်အတွင်း ရှေ့အခဏ်းများတွင် တင်ပြခဲ့သော၊ ပရိကံ အတိုင်း ထိုင်ပါ၊ ထို့အပြင် မနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညတကြိမ် ရေချမ်း၊ ဆီမီး၊ တို့ဖြင့် မှန်မှန်ဝတ်တက်ပါ။

အရဟံဂုဏ်၊

ပွားများတုန်၊

ကုန်လုံကြွယ်ဝ၊ ပေါနေ

"ဩြောင်း နမော သောဘဂဝါ ဣတိပိ အရဟံ"

(၁) ပွားများစရာက = တရာ့ရှစ်လုံး ရှိသော ပုတီးနှင့် သုံးပတ်၊ ၉ ပတ်၊ ၂၇ပတ်၊ တရာ့ ရှစ်ပတ်၊မိမိစွမ်းနိုင်သမျှအဓိဋ္ဌာန် ၃-ရက် ဝင်၍ ပွားများပါ။

(၂) အာရုံယူဖို့က = ဘုရားသခင် ဗေဒမိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူ၍ စကြာဝဠာ သောင်းတိုက်မှ နတ် ပြဟ္မာ အပေါင်းတို့ ရွှေထီး

ငွေထီး တံခွန် ကုက္ကား မလေး ပွား ပန်းမာလ်တို့ဖြင့် ပူဇော် အထူးကို ခံယူနေပုံကို အာရုံ ပြုပါ။

(၃) အဖျက်အဆီး = ထိုရက်အတွင်း တွယ်တာ နှစ်သက် စေ တတ် သော လောဘ် လောဘ ပစ္စည်းထူးများဖြင့် ဖြား ယောင်း ဖျက်ဆီးမည်။ လောဘ နိုင်ငံသို့ လိုက်၍ မပျက်ပါစေ လင့်။

(၄) အကျိုးကျေးဇူး = လာဘ်လာဘ ပစ္စည်းဥစ္စာများ ပေါများခြင်း။

× × ×

(၁) ပွားများစရာက = "ဩဘင်း နမော သောဘဂဝါ ဣတိပိ အရ-ဟံ" ရှေးနည်း အတိုင်း ၃၊ ရက် ပွားပါ။

(၂) အာရုံယူပုံက = ဗောဓိပင်နှင့် ရွှေပလ္လင် အောင် မြင်တော်မူသောအခါ ဝသဝတ္တီ နတ်မင်းသည် မာရ် စစ် သည် အပေါင်းနှင့် ခြံရံ၍ လက်ရုံး တထောင် ဖန်ဆင်းပြီး ကြောက် ဖွယ်လိလိ တိုက်ခိုက်ရာတွင် ဘုရား ရှင်၏ ဒါန ပါရမီတော်ကြောင့်

မာရ် စစ်သည်တို့ ဖရိုဖရဲ ပျက်စီးသွားသည်ကို အာရုံပြုပါ။

(၃) အဖျက်အဆီးက = ထိုရက်အတွင်း မိမိအား ဒေါသကို ဖြစ်စေတတ်သော အပြုအမူများကို ပြုလုပ် ပါလိမ့်မည်။ ဒေါသနိုင်ငံသို့ လိုက်၍ တရားမပျက်ပါစေနှင့်။

(၄) အကျိုးကျေးဇူး = အပြင်ရန်ကို အောင်မြင်မည်ဖြစ်ပါသည်။

× × ×

(၁) ပွားများစရာက = "ဩြောင်း နမော ဗုဒ္ဓါယျ ဂူတိပိအ-ရဟံ" ရှေးနည်းအတိုင်း ၃-ရက် ပွားပါ။

(၂) အာရုံယူဖို့က = တဏှာ၊ ရတီ၊ ရာဂါ မည်သော မာရ် နတ်သမီး သုံးယောက်တို့သည် ဘုရားရှင်အား အာရုံအမျိုးမျိုးဖြင့်ပြ၍ ဖြားယောင်းသော် လည်း စောင်းငဲ့၍ မျှကြည့်တော်မမူ ဆိတ်ကွယ်ရာ၌ အကုသိုလ် ကင်းတော်မူသော မြတ်စွာဘုရား။

(၃) အဖျက်အဆီး = မိမိအား ကိလေသာ ကာမဂုဏ်တို့ကိုပြ၍ ဖြားယောင်း ဖျက်ဆီး

ပါလိမ့်မည်။ ကိလေသာသို့
လိုက်၍ တရားမပျက်ပါစေလင့်။
(၄) အကျိုးကျေးဇူး = အတွင်းရန်ကို အောင်မြင်တော်
မူမည်။

## အထူး မှာကြားချက်

အချင်း သူတော်ကောင်း....

ထိုသို့ အဓိဋ္ဌာန် ကိုးရက်ဝင်နေစဉ် အတွင်း သက်သတ်လွတ် စားခြင်း၊ မေတ္တာပရိတ်ကို ကြိုးစား၍ ပွားများခြင်းများကို ပြုလုပ်ပါ။ အထူးသဖြင့် လောကီစီးပွား ရောင်းဝယ်မှု၊ အလုပ်အကိုင်များမှ ခေတ္တ ရှောင်ကျဉ်ပါ။

## အရဟံသုံးမျိုး

### အရုဏ် (အာရုဏ်) သုံးပါး ပုတီးစိပ်

တနေ့တွင် အာရုဏ် သုံးပါးရှိပါသည်။ ယင်းတို့မှာ–

(၁) နံနက် နေထွက် အာရုဏ်တက်။
(၂) နေ့လည် မွန်းတည့် အာရုဏ်တက်။
(၃) ညနေ နေဝင် အာရုံတက်တို့ ဖြစ်ပါသည်။

ထိုသို့ အာရုံ သုံးပါးကို သိရှိပြီးနောက် အရဟံ ဂုဏ်တော်မြတ် သုံးပါးနှင့် တွဲစပ်၍ ပုတီးစိပ်ရမည် ဖြစ်ပါသည်။ တွဲစပ်ပုံမှာ–

(၁) နံနက် အာရုံတက်၌ အရဟံ ဂုဏ်တော်ကို ပုတီး တထောင် (၁၀)ပတ် စိပ်ပါ။

(၂) နေ့လည် အားရုဏ်၌ အရ-ဟံ ဂုဏ်တော်ကို ပုတီး တထောင် (၁၀)ပတ် စိပ်ပါ။

(၃) ညနေ နေဝင်ချိန်တွင် အ-ရဟံ ဂုဏ်တော်ကို ပုတီး တထောင် (၁၀)ပတ် စိပ်ပါ။ထို့ကြောင့် တနေ့ ပုတီး သုံးထောင် အပတ် (၃၀) ရှိပါသည်။ ထို "အာရုဏ်သုံးပါး အရဟံ" ပုတီးစိပ်မှာ ထိရောက် ထက်မြက်သောပုတီးစိပ်ကြီးဖြစ်ပါသည်။အဖျက် အဆီးလည်း အလွန်များပါသည်။ ကြိုးစား ပွားများအားထုတ်သူများအတွက် အောင်မြင်မြဲ ဖြစ်ပါသည်။

# အခက်အခဲဟူသည်
# အောင်မြင် ကျော်လွှန်စရာ

- လူ့ဘဝဟူသည် အခက်အခဲပေါင်း မြောက်မြားစွာကို ဖြတ်သန်း၍ သွားရစမြဲ ဖြစ်ပါသည်။
- လူ့ဘဝဟူသည် အဆင်မပြေမှု ဒုက္ခပေါင်း မြောက်မြားစွာကို ကျော်ဖြတ်ရမြဲ ဖြစ်ပါသည်။
- လူ့ဘဝဟူသည် ဆင်းရဲပေါင်း မြောက်မြားစွာကို ဖြတ်သန်းရမြဲ ဖြစ်ပါသည်။

ဤသို့ အခက်အခဲ ဒုက္ခနှင့် ဆင်းရဲ အပေါင်းတို့ဖြင့် ပြည့်စုံသော လူ့ဘဝကို ဖြတ်သန်းရာ၌ ရှေး သူတော်စင် သူတော်မြတ်များသည် "သီလ သစ္စာနှင့် မေတ္တာ" ဘာဝနာကို အခြေခံ၍ သူမြတ်ကျင့်စဉ် အဖြစ် အရဟံ သုံးမျိုးကို အာရုဏ်သုံးပါး၌ ပွားများအားထုတ် ကြပါသည်။

အခက်အခဲဟူသည် အောင်မြင်စရာအတွက်ဟူသည့်အတိုင်း ပင် လူ့ဘဝ၌ တွေ့ကြုံရသော အခက်အခဲများကို အရဟံ ဂုဏ် ဟိတ်ဖြင့် ပုတီးစိပ်ခြင်းဖြင့် အောင်မြင် ကျော်လွှန်မြဲ ဖြစ်ပါ သည်။ ထို့ကြောင့် အချင်း သူတော်မြတ်အား လက်ဆောင်

ပါးလိုက် ပါရစေ။ လူ့ဘဝ၌ တွေ့ကြုံရမြဲဖြစ်သည့် အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အခါ ပထမဦးစွာ ရက်ကိုရွေးပါ၊ နောက် အချိန်ကောင်းကို ရွေးပါ၊ နောက် ဆီမီး အမွှေးနံ့သာ ရေချမ်းတို့ကို မြတ်စွာဘုရားအား ကပ်လှူ၍ လိုသောဆု တဆုတည်းကိုသာ သစ္စာအဓိဋ္ဌာန် ပြုပါ။ (အဓိဋ္ဌာန်ရက်ကိုးရက်) ပထမ အာရုဏ်တက်တွင် အရဟံ ဂုဏ်တော်ကို ပုတီး တထောင် စိပ်ပါ၊ ပြီးလျှင် အမျှအတမ်းဝေ၍ မေတ္တာဘာဝနာ ပွားများပါ။

နောက် ဒုတိယ အာရုဏ်ဖြစ်သော နေ့လည် မွန်းတည့်တွင် အ-ရဟံ ဂုဏ်တော်ကို ဆီမီး၊ရေချမ်း၊ အမွှေးနံ့သာများ ကပ်လှူ၍ အဓိဋ္ဌာန် ပြုပြီးလျှင် ပုတီး တခထောင်စိပ်ပါ၊ နောက် အမျှဝေ မေတ္တာပို့ပါ။

နောက်ဆုံး ညနေ နေဝင် အာရုဏ်တွင် အ-ရဟံ ဂုဏ်တော်ကြီးကို ဆီမီး၊ အမွှေး နံ့သာ၊ရေချမ်းများကို ကပ်လှူ၍ အဓိဋ္ဌာန်ဝင်ပြီး ပုတီးတထောင် စိပ်ပါ၊ (အဓိဋ္ဌာန် သုံးကြိမ်၊ ပထမရက်၌ ဝင်သောအခါတိုင်း လိုသော ဆုကိုတောင်းပါ)။ ပထမ ရက်၌သာ အဓိဋ္ဌာန် အကြောင်း တိုင်တည်ရန် လိုပါသည်။ နောက်ရက်များတွင် မလိုပါ။ သို့သော် နေ့စဉ် အာရုဏ် သုံးပါး၌ မြတ်စွာဘုရားအား ဆီမီး ရေချမ်း အမွှေးနံ့သာများကို အတိအကျ လှူဒါန်းပါ၊ ဥပမာ ရေချမ်း ၃-ခွက် တကြိမ် အဓိဋ္ဌာန်ဝင်လျှင်လည်း ပထမ အကြိမ်ကဲ့သို့ တိကျပါစေ၊ မှန်ပါစေ။

ဤသို့ ကိုးရက်မြောက် အဓိဋ္ဌာန်ဝင်ပြီးနောက် လူ့ဘဝ၌

ရှိသော အခက်အခဲဟူသည် အောင်မြင်စရာ အတွက် ဖြစ်လာကြောင်း တွေ့ရှိရပါမည်။ ထိုသို့ အောင်မြင်ရသည်မှာလည်း ဝီရိယရှိသူလုံ့လရှိသူ ကြိုးစား စားတုတ်သူများအတွက်သာ ဖြစ်ပါသည်။ ဤအာရုဏ်သုံးပါး ပုတီးစိပ်သည် တိုတိုနှင့် လိုရင်းကိုထိရောက်ပြီး ထက်မြက်စူးရှ အစွမ်းထက်သော ပုတီးစိပ်နည်း ဖြစ်ပါသည်။ တကြိမ် အဝိဇ္ဇာနိဝင်ဘူးလျှင် နောင်အစဉ် အဝိဇ္ဇာနိဝင်ချင်သော ပုတီးစိပ်နည်း ဖြစ်ပါသည်။ (အပြော ဟုတ်- မဟုတ် လက်တွေ့ စမ်းသပ်ကြည့်ပါ)။

## အကျိုးပေး မြန်သော
## အရဟံလေးပါး ပွားများ အားထုတ်နည်း

အောက်၌ ဖော်ပြမည် ဖြစ်သော ပွားများ အားထုတ်နည်းမှာ အရဟံ လေးပါးကို ပွားများ အားထုတ်နည်းဖြစ်ပါသည်။

ယခု ဖော်ပြမည့် အရဟံလေးပါး ပွားများ အားထုတ်နည်းသည် တောရကျောင်း ဆရာတော်တပါးထံမှ ဆရာကြီးတယောက်က ရရှိခဲ့သော အားထုတ်နည်း' ဖြစ်ပါသည်။ ဤနည်းမှာ အနှောက်အယှက် အဖျက်အဆီး အလွန်များသော နည်းဖြစ်ကြောင်း။ ထို့ကြောင့် "သီလ၊ သမာဓိ" ဟူသော အခြေခံ အုတ်မြစ်များ ခိုင်ခန့်ရမည် ဖြစ်ကြောင်း။ သို့မှသာ အောင်မြင် အထမြောက် နိုင်လိမ့်မည်ဟု ဆိုသည်။ အဆိုပါ နည်းအတိုင်း ဆရာတော်ကိုယ်တိုင် ကျင့်ကြံပွားများ

အားထုတ်ရာ အနှောက်အယှက် များလွန်း၍ ပျက်ခဲ့ရကြောင်း။ ထို့ကြောင့် စာရေးသူအား ပေးလှာသော ဆရာကြီး တယောက်အား ဤနည်းကို ပေးခဲ့သည်။

အဆိုပါ ဆရာကြီးက စာရေးသူအား တဖန်ကြိုးစားပွားများ အားထုတ်ရန် ပေးလှာသဖြင့် သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ကြမည့် သူတော်သူမြတ်များအား နည်းကောင်းပေးလိုက်ရပါသည်။

## ထက်မြက်သော အကျိုး

အဆိုပါနည်းအတိုင်း ကျင့်ကြံ အားထုတ်၍ အောင်မြင်ခဲ့ပါလျှင် မိမိစိတ်က ကြံလိုက်လျှင် ရက် မကြာမီအတွင်း အကျိုးပြည့်စုံခြင်း၊ မိမိက သူတပါး၏ မနောကို တွေးထင်မိသည့်အတိုင်း မှန်ခြင်း (မနောပေါက်ခြင်း) စီးပွား ဥစ္စာများအား မကြောင့်မကြ မတောင်းမတ ပြည့်စုံခြင်း စသော ဖော်ညွှန်း၍ မကုန်နိုင်သည့် အကျိုးများကို အကျိုးပေးသန်စွာဖြင့် အကျိုးပေးကြောင်း ဖွင့်ဆိုပါသည်။ သို့သော် ဤအဓိဋ္ဌာန် ကိုးရက်အတွင်း၌ အဖျက်အဆီး များလှသည်ဟု ဆိုပါသည်။ စာရေးသူ တင်ပြချက် ဟုတ်-မဟုတ် လက်တွေ့တည်းဟူသော ကျင့်စဉ်ဖြင့်သာ စမ်းသပ်ရန် ရှိပါသည်။

၁။ ဒုဝ္ရဟံ = လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

၂။ အရ–ဟံ = ကိလေသာရန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကြွင်းကျန်မရှိ ပယ်ဖြတ်တော်မူပြီးသောကြောင့် "အရ–ဟံ" ဂုဏ်ကို ဆောင်တော်မူသော မြတ်စွာဘုရား။

၃။ အ–ရဟံ = မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ နေရာ မရှိသောကြောင့် "အ–ရဟံ" ဂုဏ်တော်ကို ဆောင် တော် မူသော မြတ်စွာဘုရား။

၄။ အရိဟံ = ပြုပ်ပရန်ကို အောင်ခြင်း ရှစ်ပါးဖြင့် အောင် မြင် တော် မူသော ကြောင့် အရိဟံဂုဏ်ကို ဆောင်တော်မူသော မြတ်စွာဘုရား။

အထက်ပါ အရဟံလေးပါးကို တပါးလျှင် ပုတီး (၃) ပတ်ကျ စိပ်သွားရန်ဖြစ်သည်။ တနေ့လျှင် ပုတီး အပတ်ပေါင်း (၁၂) ပတ် (၉) ရက်ဆိုလျှင် ပုတီးအပတ်ပေါင်း ၁၀၈-ပတ် (တရာ့ရှစ်နဝင်း) ဖြစ်ပါသည်။

အဓိဋ္ဌာန်ရက်

အဓိဋ္ဌာန်ရက်ကို အနည်းဆုံး (၉) ရက် သတ်မှတ်စိပ်ပါ။

ပထမ အရဟံ (၃) ပါး ပွားများ အားထုတ်နည်းအတိုင်း ရေချမ်း၊ သိမ်း၊ အမွှေး၊ နံ့သာ၊ မှုန်းကို နေ့စဉ်လှူဒါန်း၍ အဓိဋ္ဌာန်ရက် ပြည့်မြောက်သည်အထိ ပွားများပါ။

မည်သည့်အခါ အဓိဋ္ဌာန်ဝင်ဝင် တခုတည်းသောဆု၊ မိမိနှင့် ထိုက်တန်သောဆုကိုသာ တောင်းဖို့မမေ့ပါနှင့်၊ ဝီရိယ ရှိသူများအတွက် အခက်အခဲသည် အောင်မြင်ဘွယ် ဖြစ်ပါသည်။

---

ရာဟုခေါ် အသူရိန် နတ်မင်းကြီး၏ အဖမ်းခံရသောအခါ လနတ်သား နေနတ်သားတို့ မြတ်စွာဘုရားကို တမ်းတ၍ရွတ်ဆိုရှိခိုးသောဂါထာ။

နမော တေ ဗုဒ္ဓ ဝီရတ္ထု ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ဝီရ၊ လုံ့လ ဥဿာဟ ကြီးမားတော်မူပေထသော ဗုဒ္ဓ၊ သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရား၊ တေ၊ ရှင်တော် မြတ်ဘုရားအား၊ မေ၊ တပည့်တော်၏။ နမော၊ ရှိသေ မြတ်နိုးရှိခိုးခြင်းသည်။ အတ္ထု၊ မုချ မသွေ ဖြစ်ပါစေသတည်း၊ တွံ၊ သုံးလူ့သခင် ရှင်ပင် မြတ်ဘုရားသည်။ သဗ္ဗဓိ၊ ခပ်သိမ်းကိစ္စ အရာဌာန၌၊ ဝိပ္ပမုတ္တော၊ ဥပဒ်ဘေးရန် အတန်တန်မှ အမှန်မချွတ် ကင်းဝေးလွတ်သည်၊ အသိ၊ စင်စစ်မသွေ ဖြစ်တော်မူပေ၏။ အဟံ၊ လ-နတ်သား ခေါ်တပည့်တော်သည်

သမ္မာဝေပ္ပဋိပန္နော၊ ဆင်းရဲကြုံကာ၊ လွတ်ရာခဲယဉ်း ကျဉ်းမြောင်းခြင်းသို့ ရောက်၍နေသည်၊ အသွိ၊ ယခု ပင် ဒုက္ခနှင့် ရင်ဆိုင်ဖြစ် နေရပါတော့သည်ဘုရား။ ဗုဒ္ဓေါ၊ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသည်၊ တဿ မေ၊ လ-နတ်သားဟု နာမသမုတ် ထိုအကျွန်ုပ်၏၊ သရဏံ၊ ဆည်းကပ်ဝပ်တွား၊ အားထားကိုးကွယ်ရာ အစစ်သည်၊ ဘဝဖြစ်တော်မူပါဘုရား။

(အမြဲပုတီးစိပ်ခြင်းဖြင့် အကြပ်အတည်းမှ လွတ်မြောက်စေနိုင်သည်)

---

ရတနသိဒ္ဓိ အန္တရာယ်ကင်း ပုတီးစိပ်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
သံဃံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အထက်ပါ သရဏဂုံကို တပုဒ်လျှင် ပုတီးတလုံး အတိုင်း ပုတီးသုံးပတ် ရအောင်စိပ်ရမည်။ ထို့နောက် ဒုတိယမ္ပိ၊ တတိယမ္ပိ ဆို၍ အလက် နည်းအတိုင်း ပုတီးတပတ်စီ စိပ်ရမည်။ ပေါင်း ပုတီးကိုးပတ် ဖြစ်ပါသည်။ ဥဒါဟရုဏ်–

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ပုတီးတလုံးချင်း တပတ်စိပ်
ဧဝံ အစိန္တိယာ ဓမ္မာ၊ ။
ဧဝံ အစိန္တိယာ သံဃာ၊ ။

အထက်ပါ ပုတီးစိပ်များကို စိပ်ခြင်းအားဖြင့် ဘုန်းကြီး၍ အသက်ရှည်သည် ကိုးစား၍ သရဏာယ်ကြပါကုန်။

## အနုတ္တရာယ်ကင်း အကွယ်အကာ ပုတီးစိပ်

(၁) ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။
(၂) ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။
(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
(၄) သော ဥတ္တိ၊ ဂစ္ဆ အမုမှိ၊
ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ပုတီးစိပ်ကို တနေ့လျှင် ပုတီးကိုးပတ် ရအောင် စိပ်ပါ။

အထက်ပါ ပုတီးစိပ်ကို ပွားများခြင်းအားဖြင့် ကပ်ဆိုးကြီးများ မကပ်ရောက်နိုင်၊ ချမ်းသာသုခ တိုးတက်၍ သူတော်ကောင်းတရားများကို ပူပင် သောကမရှိပဲ လွယ်လင့်တကူ အားထုတ်နိုင်ကြောင်း ကို ပညာရှင် ပုဂ္ဂိုလ်အပေါင်းတို့ ကအစဉ်မြွက်ဆိုတော်မူခဲ့ကြသော ပုတီးစိပ်များ ဖြစ်ပါသည်။

## သောကကင်းဝေးပုတီးစိပ်နည်း

(၁) အဋ္ဌတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
(၂) အဋ္ဌတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ၊
(၃) အဋ္ဌတဂ္ဂေ ပါဏုပေတံ သံဃံသရဏံ ဂစ္ဆာမိ၊

အထက်ပါ ပုတီးစိပ်နည်းများကို နံနက် (၉) ပတ်၊ ညကိုးပတ် နေ့စဉ် ပွားများ အားထုတ်ပါက ပူပင်သောက ကင်းဝေး၍ အကျိုးပေးမြန်သည်ဟု ရှေးသူတော်စင်တို့ အမိန့်ရှိပေသည်။

### အရဟံ နမော ဗုဒ္ဓါယ သိဒ္ဓိဘဂဝါ

အထက်ပါ ပုတီးစိပ်မှာ တိုတိုနှင့် လိုရင်းကို ပြည့်စုံစေပါသည်။

သူမြတ် အပေါင်းတို့ကလည်း (၁) မျက်နှာသစ်၊ (၂) လမ်းသွား၊ (၃) ထမင်းစား၊ (၄) ရေချိုး၊ (၅) အိပ်ယာနိုး များတွင် ရွတ်ဆိုလျှင် အရာရာကို အောင်မြင် ပြီးစီးနိုင်ကြောင်း သူတော်စင်အပေါင်းတို့က မိန့်ဆိုကြပါသည်။

### မနောမယိဒ္ဓိ ဂုဏ်တော် ပုံကြီးစိုင်

ဇာတိပိ သောဘာဝါ ပုဗ္ဗေနိဝါသ စင်[illegible]ဉာဏံ၊ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဒိဗ္ဗစက္ခု ဉာဏံ၊ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အာသဝက္ခယ ဉာဏံ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ သဗ္ဗညုတံ စက္ခုဝိညာဏဥ္စ၊ သတ္ထာ ဒေဝမနုဿာနံ ပုဒ္ဓရန္တာပိ ဗုဒ္ဓေါ ဘဂဝါတိ မနောမယိဒ္ဓိ ဘဝတု မေ။ ။

အထက်ပါ မနောမယိဒ္ဓိ ဂုဏ်တော်ကို သေချာစွာ အမိဋ္ဌာန်ဖြင့် နေ့ည မပြတ် ပွားများ အားထုတ်ပါက ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ မနောမယ တည်းဟူသော ဝိဇ္ဇာဉာဏ် များ ထင်ရှားစွာ ပေါက်ရောက်နိုင်ပါသည်။

---

သူမြတ်အပေါင်းတို့အား တရာ့ရှစ် နဝင်းကိုက် ဂုဏ်တော် ဘုရားရှိခိုး ပုတီးစိပ်နည်းကို ညွှန်ပြလိုပေသည်။ အဆိုပါ ပုတီးစိပ်နည်းတွင် ဂုဏ်တော်တပါးလျှင် အပွား (၁၂)ပါး ဆောင်ပေသည်။ ထို့ကြောင့် ဂုဏ်တော် ၉-ပါး ဆိုလျှင် ၁၀၈- နဝင်းကိုက် အဖြစ် ရှေး သူတော်စင်တို့က စီစဉ်ထားခဲ့ ပေသည်။

ထို့ကြောင့် သူမြတ်အပေါင်းတို့သည် တရာ့ရှစ် နဝင်း ကိုက် ပုတီးဖြင့် ဂုဏ်တော် တပါးစီကို ဖြစ်စေ၊ ဂုဏ်တော် ကိုးပါးစလုံးကို ဖြစ်စေ ပွားများ အားထုတ်နိုင်ကြပေသည်။

## ဂုဏ်တော် ကိုးပါး ရှိခိုး ဆုတောင်း

## တရာ့ရှစ်နဝင်း ပုတီးစိပ်နည်း

## အရဟံ ဂုဏ်တော်

၁။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံး)
၂။ အရဟံ ဝတ သောဘဂဝါ ။
၃။ အရဟန္တံ သရဏံ ပစ္ဆာမိ ။
၄။ အရဟန္တံ သိရသာ နမာမိ ။

၅။ အ ရဟံ ဝတ သော ဘဂဝါ ယောဂ္ဂမဿ
ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ (ပုတီးလုံး)
ဒေသေတိ ။

၆။ အ ရဟံ မေ သုခံ ဒေတု ။

၇။ အ ရဟံ မေ သိဒ္ဓိ ဘဝတု ။

၈။ အ ရဟံ မေ သိဒ္ဓိကမ္မံ ဒေတု ။

၉။ အ ရဟံ မေ ဇယျံ ဒေတု ။

၁၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၁၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

၁၂။ သံဃံ သရဏံ ဂစ္ဆာမိ ။

## သမ္မာ သမ္ဗုဒ္ဓေါ ဂုဏ်တော်

၁၃။ သော ဘဂဝါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓေါ (ပုတီးတလုံး)

၁၄။ သမ္မာ သမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ ။

၁၅။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၁၆။ သမ္မာသမ္ဗုဒ္ဓံ သရဏံ သိရသာ နမာမိ ။

၁၇။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ
ယော ဂ္ဂမဿ ဝေရူပဿ ဒုက္ခဿ
ပဟာနာယ ဓမ္မံ ဒေသေတိ ။

၁၈။ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု ။

၁၉။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိ ဘဝတု ။

၂၀။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

၂၁။ သမ္မာသမ္ဗုဒ္ဓေါ မေ ဇယျံ ဒေတု ။

၂၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံး)
၂၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၂၄။ သံဃံ သရဏံ ဂစ္ဆာမိ ။

## ပိဇ္ဇာ စရဏ သမ္ပန္န ဂုဏ်တော်

၂၅။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာ စရဏ သမ္ပန္နော (ပုတီးတလုံး)
၂၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ဝတ သောဘဂဝါ ။
၂၇။ ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ ။
၂၈။ ဝိဇ္ဇာစရဏ သမ္ပန္နံ သိရသာ နမာမိ ။
၂၉။ ဝိဇ္ဇာ စရဏ သမ္ပန္နော ဝတ သောဘဂဝါ ယောဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ ။
၃၀။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ သုခံ ဒေတု ။
၃၁။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ သိသေ တိဋ္ဌတု ။
၃၂။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု ။
၃၃။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ ဇယံ ဒေတု ။
၃၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၃၆။ သံဃံ သရဏံ ဂစ္ဆာမိ ။

## သုဂတော ဂုဏ်တော်

၃၇။ သောဘဂဝါ ဣတိပိ သုဂတော (ပုတီးတလုံး)
၃၈။ သုဂတော ဝတ သောဘဂဝါ ။

၃၉။ သုဂတံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံး)

၄၀။ သုဂတံ သိရသာ နမာမိ ။

၄၁။ သုဂတော ဝတ သောဘဂဝါ
ယောဣမဿ ဝေရူပဿ ဒုက္ခဿ
ပဟာနာယ ဓမ္မံ ဒေသေတိ ။

၄၂။ သုဂတော မေ သုခံ ဒေတု ။

၄၃။ သုဂတော မေ သီသေ တိဋ္ဌတု ။

၄၄။ သုဂတော မေ သိဒ္ဓိ ကမ္မံ ဒေတု ။

၄၅။ သုဂတော မေ ဇယံ ဒေတု ။

၄၆။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၄၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

၄၈။ သံဃံ သရဏံ ဂစ္ဆာမိ ။

## လောကဝိဒူ ဂုဏ်တော်

၄၉။ သောဘဂဝါ ဣတိပိ လောကဝိဒူ

၅၀။ လောကဝိဒူ ဝတ သောဘဂဝါ ။

၅၁။ လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။

၅၂။ လောကဝိဒုံ သိရသာ နမာမိ ။

၅၃။ လောကဝိဒူ ဝတ သောဘဂဝါ
ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ
ဓမ္မံ ဒေသေတိ ။

၅၄။ လောကဝိဒူ မေ သုခံ ဒေတု ။

၅၅။ လောကဝိဒူ မေ သီသေ တိဋ္ဌတု ။

၅၆။ လောကဝိဒူ မေ သိဒ္ဓိကမ္မံ ဒေတု (ပုတီးဘလုံး)
၅၇။ လောကဝိဒူ မေ ဇယံ ဒေတု ။
၅၈။ ဗုဒ္ဓံ သရဏံ ပစ္ဆာမိ ။
၅၉။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆၀။ သံဃံ သရဏံ ဂစ္ဆာမိ ။

အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်

၆၁။ သောဘဂဝါ ဣတိပိ အနုတ္တရော
ပုရိသဒမ္မသာရထိ ။
၆၂။ အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ
သောဘဂဝါ ။
၆၃။ အနုတ္တရော ပုရိသ ဒမ္မသာရထိံ
သရဏံ ဂစ္ဆာမိ ။
၆၄။ အနုတ္တရော ပုရိသဒမ္မသာရထိံ
သိရသာ နမာမိ ။
၆၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဝတ
သောဘဂဝါ ယောဂ္ဂမဿ ဝေရူပဿ
ဒုက္ခဿ ပဟာနာယ ဓမ္မံဒေသေတိ ။
၆၆။ အနုတ္တရော ပုရိသဒမ္မ သာရထိ
မေ သုခံ ဒေတု ။
၆၇။ အနုတ္တရောပုရိသ ဒမ္မသာရထိ
မေ သီခသ တိဋ္ဌတု ။
၆၈။ အနုတ္တရော ပုရိသဒမ္မသာရထိ မေ သိဒ္ဓိကမ္မံ
ဒေတု ။

၆၉။ အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဇယံ (ပုတီးတလုံး)
ဒေတု ။

၇၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၇၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

၇၂။ သံဃံ သရဏံ ဂစ္ဆာမိ ။

## သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်

၇၃။ သောဘဂဝါ ဣတိပိ
သတ္ထာ ဒေဝမနုဿာနံ (ပုတီးတလုံး)

၇၄။ သတ္ထာ ဒေဝမနုဿာနံ ဝတ
သောဘဂဝါ ။

၇၅။ သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ ။

၇၆။ သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ ။

၇၇။ သတ္ထာ ဒေဝမနုဿာနံ ဝတ သောဘဂဝါ ။
ယောဣမဿ ဝေရူပဿဒုက္ခဿ
ပဟာ နာယ ဓမ္မံ ဒေသေတိ ။

၇၈။ သတ္ထာ ဒေဝမနုဿာနံ မေ သုခံ ဒေတု ။

၇၉။ သတ္ထာ ဒေဝမနုဿာနံ မေ သီသေ တိဋ္ဌတု ။

၈၀။ သတ္ထာ ဒေဝမနုဿာနံ မေ သိဒ္ဓိကမ္မံ ဒေတု ။

၈၁။ သတ္ထာ ဒေဝမနုဿာနံ မေ ဇယံ ဒေတု ။

၈၂။ ဗုဒ္ဓံ ဓမ္မံ သရဏံ ဂစ္ဆာမိ

၈၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

၈၄။ သံဃံ သရဏံ ဂစ္ဆာမိ ။

## ဗုဒ္ဓေါဂုဏ်တော်

၈၅။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ (ပုတီးတလုံး)
၈၆။ ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
၈၇။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၈။ ဗုဒ္ဓံ သိရသာ နမာမိ ။
၈၉။ ဗုဒ္ဓေါ ဝတ သောဘဂဝါ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ ။
၉၀။ ဗုဒ္ဓေါ မေ သုခံ ဒေတု ။
၉၁။ ဗုဒ္ဓေါ မေ သိဝေ တိဋ္ဌတု ။
၉၂။ ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။
၉၃။ ဗုဒ္ဓေါ မေ ဇယံ ဒေတု ။
၉၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၉၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၆။ သံဃံ သရဏံ ဂစ္ဆာမိ ။

## ဘဂဝါဂုဏ်တော်

၉၇။ သောဘဂဝါ ဣတိပိ ဘဂဝါ ။
၉၈။ ဘဂဝါ ဝတ သောဘဂဝါ ။
၉၉။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
၁၀၀။ ဘဂဝန္တံ သိရသာ နမာမိ ။
၁၀၁။ ဘဂဝါ ဝတ သောဘဂဝါ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ ။

၁၀၂။ ဘဂဝါ မေ သုခံ ဒေတု (ပုတီးတလုံး)
၁၀၃။ ဘဂဝါ မေ သီသေ တိဋ္ဌတု ။
၁၀၄။ ဘဂဝါ မေ သိဒ္ဓိကမ္မံ ဒေတု ။
၁၀၅။ ဘဂဝါ မေ ဇယံ ဒေတု ။
၁၀၆။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၀၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၀၈။ သံဃံ သရဏံ ဂစ္ဆာမိ ။

အထက်ပါ ဂုဏ်တော်ကိုးပါး ဆုတောင်းမှာ တပုဒ် ပုတီး တလုံးစီ ချ၍ စိပ်ပါ၊ ပုတီး မပါလဲ နှုတ်လွတ် ရွတ်ဆို၍ လည်းကောင်း၊ စိတ်ထဲတွင် စဉ်းစား ဆင်ခြင်၍လည်းကောင်း ပွားများ အားထုတ်ကြပါ။ ရှေး သူတော်စင် သူတော်မြတ် တို့သည် ဤပုတီး စိပ်နည်းကို "မဟာသိဒ္ဓိစက်" ဟုလည်း ခေါ်ဆို ကြပါသည်၊ ပုတီးစိပ်ကြီးကို ကျင့်ကြံ အားထုတ်ကြခြင်းဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ထက်သန်စွာ အကျိုးပေးကြောင်း အမှာရှိပါသည်။ ထို့ကြောင့် အချင်း သူတော်ကောင်းလည်း ကြိုးစား ပွားများ အားထုတ်ပါ လော့။

## မူကွဲဂုဏ်တော်

၁။ သောဘဂဝါ ဣတိပိ အရဟံ
၂။ အရဟံ ဝတ သောဘဂဝါ
၃။ အရဟန္တံ သရဏံ ဂစ္ဆာမိ
၄။ အရဟန္တံ သရဏံ သိရသာ နမာမိ

၅။ အရဟံ ဝတ သောဘဂဝါ၊ ယောဂ္ဂမယာ ဝေရူပသာ ဒုက္ခသာ ပရိညာယ သမုဒယသာ ပဟာနာယ နိရောဓသာ သစ္ဆိကိရိယာယ မဂ္ဂသာ ဘာဝနာယ ဓမ္မံ ဒေသေတိ။

၆။ အရဟံ မေ သုခံ ဒေတု

၇။ အရဟံ မေ ဇယံ ဒေတု

၈။ အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု

၉။ အရဟံ မေ ဝိမုတ္တိံ ဒေတု

အထက်ပါ ဂုဏ်တော် မှုကဲ့သုံးမျိုးကို ပွားနိုင်သည်။

— ပထမ တမျိုးမှာ ဂုဏ်တော် တပါးချင်း ပုတီး တပတ်စီ ပွားများခြင်း။

— ဒုတိယနည်းမှာ ဂုဏ်တော် ကိုးပါးကို တခေါက်စီ ကိုးကြိမ်ပွားများခြင်း။

— တတိယနည်းမှာ ဂုဏ်တော် ကိုးပါးစလုံးကို ခြုံ၍ ပုတီးတလုံးစီ ချ၍ ပွားများ အားထုတ်နိုင်ပေသည်။

ဘုရားဂုဏ်တော် ကိုးပါးရှိခိုး ဆုတောင်း

အစီပွာယ်အကျဉ်း

(၁) သောဘဂဝါ ဣတိပိ အရဟံ = လူနတ်တို့၏ ပူဇော် အထူးကို ခံယူတော် မူထိုက်သောမြတ်စွာ ဘုရား။

(၂) အရဟံ ဝတ သော ဘဂဝါ = မြတ်စွာဘုရားသည် လူနတ်တို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေစွတကား။

(၃) အရဟန္တံ သရဏံ ဂစ္ဆာမိ = လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

(၄) အရဟန္တံ သိရသာ နမာမိ = လူနတ်တို့ ပူဇော်အထူးကို ခံတော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့်ရှိခိုးပါ၏။

(၅) အရဟံ ဝတ သော ဘဂဝါ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ = မြတ်စွာဘုရားသည် လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက် ပေစွတကား၊ မြတ်စွာဘုရားသည် ဤသို့သော ဆင်းရဲအပေါင်းကို ပယ်ဖျောက်ရန် တရားကို ဟောတော်မူ၏။

(၆) အရဟံ မေ သုခံ ဒေတု — လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား ချမ်းသာကို ပေးတော်မူစေသောဝ်။

(၇) အရဟံ မေ သီသေ တိဋ္ဌတု = လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်

(၈) အရဟံ မေ သိဒ္ဓိ ကမ္မံ ဒေတု = လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

(၉) အရဟံ မေ ဇယျံ ဒေတု = လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်အကျွန်ုပ်အား အောင်မြင်ခြင်းကို ပေးတော်မူစေသော်။

အရဟံ ဂုဏ်တော်ကို မှီး၍ အခြား ဂုဏ်တော်များ၏ အဓိပ္ပာယ်ကိုလည်း သိပါလေ။

× × ×

## ဆင်းရဲခြင်းကင်း၍ လုံခြုံမှုကို ပေးစေတတ်သောဂုဏ်တော်

[၁]

သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးစိ)
အရဟံ ဝတ သောဘဂဝါ ။
အရဟန္တံ့ သရဏံ ဂစ္ဆာမိ ။
အရဟန္တံ့ သိရသာ နမာမိ ။
ပထမော ဝဇီရ ပါကာရော
သောဘဂဝါ ဣတိပိ အရဟံ ။

[၂]

သောဘဂ္ဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတလုံးစီ)
သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂ္ဂဝါ ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ ။
ဒုတိယော ဝဇီရ ပါကာရော
သောဘဂ္ဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ။

[၃]

သောဘဂ္ဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော ။
ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သောဘဂ္ဂဝါ ။
ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ ။
ဝိဇ္ဇာစရဏ သမ္ပန္နံ သိရသာ နမာမိ ။
တတိယော ဝဇီရပါကာရော
သောဘဂ္ဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော ။

[၄]

သောဘဂ္ဂဝါ ဣတိပိ သုဂတော ။
သုဂတော ဝတ သောဘဂ္ဂဝါ ။
သုဂတံ သရဏံ ဂစ္ဆာမိ ။
သုဂတံ သိရသာ နမာမိ ။
စတုတ္ထော ဝဇီရ ပါကာရော
သောဘဂ္ဂဝါ ဣတိပိ သုဂတော ။

[၅]

သောဘဂ၀ါ ဣတိပိ လောကဝိဒူ (ပုတီးတလုံးစီ)
လောကဝိဒူ ဝတ သောဘဂဝါ ။
လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။
လောကဝိဒုံ သိရသာ နမာမိ ။
ပဥ္စမော ဝဇီရ ပါကရော
သောဘဂဝါ ဣတိပိ လောကဝိဒူ ။

[၆]

သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သောဘဂဝါ ။
အနုတ္တရော ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ ။
အနုတ္တရော ပုရိသဒမ္မသာရထိံ သိရသာ နမာမိ ။
ဆဋ္ဌော ဝဇီရ ပါကာရော ။
သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။

[၇]

သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ ။
သတ္ထာ ဒေဝမနုဿာနံ ဝတ သောဘဂဝါ ။
သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ ။
သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ ။
သတ္တမော ဝဇီရပါကာရော
သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ ။

[ဂ]

သောဘဂ္ဂဝါ ဍ္လတိပိ ဗုဒ္ဓေါ (ပုတီးတလုံးစီ)

ဗုဒ္ဓေါ ဝတ သောဘဂ္ဂဝါ ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

ဗုဒ္ဓံ သိရသာ နမာမိ ။

အဋ္ဌမော ဝဇိရပါကရော ။

သောဘဂ္ဂဝါ ဍ္လတိပိ ဗုဒ္ဓေါ ။

[ဇ]

သောဘဂ္ဂဝါ ဍ္လတိပိ ဘဂ္ဂဝါ ။

ဘဂ္ဂဝါ ဝတ သောဘဂ္ဂဝါ ။

ဘဂ္ဂဝန္တံ သရဏံ ဂစ္ဆာမိ ။

ဘဂ္ဂဝန္တံ သိရသာ နမာမိ ။

နဝမော ဝဇိရပါကာရော ။

သောဘဂ္ဂဝါ ဍ္လတိပိ ဘဂ္ဂဝါ ။

× × ×

## ဂုဏ်တော်များအား ပွားများ အားထုတ်သည့်အတွက် မင်္ဂဖြစ်ပုံ

(၁) နေ့စဉ်နေ့တိုင်း ဘုရားရှင် အပေါင်းတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ရွတ်ဘတ် ပွားများ အားထုတ်ခြင်းသည် ကောင်းသော စကားကိုသာ ပြောဆိုနေရသည့်အတွက် ''သမ္မာ-ဝါစာ'' ဖြစ်သည်။

(၂) ဤဂုဏ်တော်တို့ဖြင့် ရှင်တော်မြတ် အပေါင်းတို့ကို အာရုံပြု၍ ရှိခိုးခြင်း၊ ပူဇော်ခြင်းတို့သည် ကောင်းသောအလုပ် လုပ်ခြင်းအတွက် ''သမ္မာ ကမ္မန္တ'' ဖြစ်သည်။

(၃) မတရားသော ပစ္စည်း ဥစ္စာတို့ကို ရှောင်ပြီးလျှင် တရားမျှတသော ပစ္စည်းတို့ဖြင့် ကောင်းသော အသက်မွေးမှု ဖြစ်သည့်အတွက် ''သမ္မာအာဇီဝ'' ဖြစ်သည်။

(၄) ဘုရား ရှင်တော်တို့၏ ဂုဏ်တော်ဖြင့် တနေ့တကြိမ် သို့မဟုတ်နှစ်ကြိမ် စသဖြင့် တတ်စွမ်းနိုင်သမျှ ဘုရားရှိခိုးပြီးလျှင် အနည်းဆုံး ပုတီး ၁၁-ပတ်၊ ပုတီးလုံးရေ တထောင်ရသည့် တိုင်အောင် မလျှော့သော ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယသည် ကောင်းသော ဇွဲလုံ့လ ဝီရိယ ဖြစ်သဖြင့် ''သမ္မာဝါယာမ'' ဖြစ်သည်၊

(၅) ဂုဏ်တော်တို့ကို နေ့စဉ် အစဉ်သဖြင့် အောင်းမေ့၍ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို သိရှိ နားလည်စေရန် မှတ်သား ထားခြင်းသည် ကောင်းသော အောင်းမေ့ မှတ်သားထားမှု ဖြစ်သည့်အတွက် ''သမ္မာသတိ'' ဖြစ် သည်။

(၆) ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို ယုံကြည်သော သဒ္ဓါတရားဖြင့် ဂုဏ်တော်၌လည်းကောင်း၊ ဘုရား ရှင်၌လည်း ကောင်း၊ တည်ငြိမ်စွာ အာရုံ ပြုနေခြင်းသည် စိတ်တည် ငြိမ်မှု ရသည့်အတွက် ''သမ္မာသမာဓိ'' ဖြစ်သည်။

(၇) ထိုသို့ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော် အနန္တ အပေါင်း တို့ကိုသင့်လျော်ညီစွာ နှလုံးသွင်း ဆင် ခြင် စဉ်း စား ပါ မှ ဂုဏ်တော်ကြောင့် ဖြစ်သော ကျေးဇူးတော် အနန္တ အပေါင်းတို့ကို တိကျမှန်ကန်စွာ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်

ထိုးထွင်း၍ သိမြင်ခြင်းသည် ကောင်းသောသိမြင်ခြင်း ဖြစ်သည့် အတွက် ''သမ္မာဒိဋ္ဌိ'' ဖြစ်သည်။

အချင်းသူတော်ကောင်း

ဤသို့သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးဖြင့်ပြည့်စုံ သောကြောင့် လောကသံသရာ နှစ်ဖြာနှစ်ဝ အကျိုးထူး ဝိသေသဖြင့် ပြည့်စုံပါသည်။

## ဦးအောင်၏ ပုတီးစိပ်နည်းများ

* ဆိတ်ငြိမ် သန့်ရှင်း၍ ဣရိယာပုထ် မျှတသော နေရာကို ပုတီးစိပ်ရန် အတွက်ရွေးချယ်ပါ။

* နောက် ရှေ့ပိုင်းတွင် တင်ပြခဲ့သော နည်းအတိုင်း ဂါရဝတရား အပြည့်ရှိသော ထိုင်နည်းဖြင့်ထိုင်ပါ။

ထို့အပြင် ရှေ့ပိုင်းတွင် တင်ပြခဲ့သော ပုတီးမစိပ်မီ ပြုဘွယ်ရာ အစဉ်အတိုင်း ပြုလုပ်ပါ။ ထို့နောက်–

(၁) အရဟံကို အနည်းဆုံး ပုတီးတပတ်။

(၂) အရ–ဟံကို အနည်းဆုံး ပုတီးတပတ်။

(၃) အ–ရဟံကို အနည်းဆုံး ပုတီးတပတ်။

ထိုသို အရဟံ ဂုဏ်တော်များကို အနည်းဆုံးပုတီး သုံးပတ်စိပ်ပြီးနောက် အောက်ပါအတိုင်း ထပ်မံ၍ နေ့စဉ် ပွားများ အားထုတ် ရမည်။ ပျက်ကွက်ခြင်း မရှိစေရန်သတိပြုပါ၊ ထို့နောက် အောက်ပါ ပုတီးစိပ်ကို ဆက်စိပ်ပါ။

### (၁) သောဘဂ၀ါ ဣတိပိ အရဟံ

မိမိနှဖူးကို စိတ်ထဲက မြင်အောင် အာရုံပြု၍ စိပ်ရမည်။

(၂) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
လက်ယာ ပုခုံးစွန်းကို စိတ်က မြင်အောင် အာရုံပြု၍
စိပ်ရမည်။

(၃) သောဘဂဝါဣတိပိ ဝိဇ္ဇာ စရဏ သမ္ပန္နော
လက်ယာတထောင်ဆစ်ကို မြင်အောင် အာရုံပြု၍ စိပ်
ရမည်။

(၄) သောဘဂဝါ ဣတိပိ သုဂတော
လက်ယာ ဘက်ဖမိုးကို စိတ်က မြင်အောင် အာရုံပြု၍
စိတ်ရမည်။

(၅) သောဘဂဝါ ဣတိပိ လောကဝိဒူ
လက်ယာ ဒူးကို စိတ်က မြင်အောင် အာရုံပြု စိပ်ရမည်။

(၆) သောဘဂဝါ ဣတိပိ အနုတ္တရော
လက်ဝဲဒူးကို စိတ်က မြင်အောင် အာရုံပြု၍ စိပ်ရမည်။

(၇) သောဘဂဝါ ဣတိပိ ပုရိသဒမ္မသာရထိ
လက်ဝဲ ဖမိုးကိုမြင်အောင် စိတ်က အာရုံပြု၍ စိပ်ရမည်။

(၈) သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿနံ
လက်ဝဲ တထောင်ဆစ်ကို မြင်အောင် စိပ်က အာရုံပြု၍
စိတ်ရမည်။

(၉) သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
လက်ဝဲ ပုခုံးစွန်းကို စိတ်က မြင်အောင် အာရုံပြု၍ စိပ်ရ
မည်။

(၁၀) သောဘဂဝါ ဣတိပိ ဘဂဝါ

မိမိ နဖူးကို စိတ်က မြင်အောင် အာရုံပြု၍ စိပ်ရမည်။

အထက်ပါ နည်းမှာ အနုလုံ ပုတီးစိပ်နည်းဖြစ်၍ ပဋိလုံ နည်းအားဖြင့် သောဘဂဝါ ဣတိပိ မှစ၍ နဖူးကို မြင်အောင် စိတ်က အာရုံပြုကာ လက်ဝဲရစ် အတိုင်းအာရုံယူကာ စိပ် ရမည်။

ဤသို့အားဖြင့် သောဘဂဝါ ဣတိပိ အရပ်မှ သော ဘဂဝါ ဣတိပိ ဘဂဝါကျမှ ပုတီးတလုံး ချရမည်။ တဖန် သောဘဂဝါ ဣတိပိ ဘဂဝါမှ သောဘဂဝါ ဣတိပိ အရပ် သို့ပြန်၍ ရောက်မှ ပုတီးတလုံးချရမည်။ အနုလုံ ပုတီးတလုံး နှင့် ပဋိလုံ ပုတီးတလုံးသာ ဖြစ်လေသည်။

ဤသို့ နေ့စဉ် ဂုဏ်တော်ပုတီးကို စိပ်သွားခြင်းဖြင့် စိတ် တည်ငြိမ်လာပြီး သမာဓိထူး— သမာဓိမြတ်များကို ရရှိကာ လောကီ လောကုတ္တရာ အကျိုးထူး အကျိုးမြတ်များ ရရှိ မည် ဖြစ်ပါသတည်း။

# ဦးအောင်၏
# ပုတီးစိပ်နည်း လမ်းညွှန်

ပြည်မြို့ လောကာဒိပ တောင်မှရှိသော ပုရပိုက် မူရင်းတွင် အောက်ပါ ပုတီးစိပ်နည်းများ လမ်းစဉ်ကို ညွှန်ကြား ထားခဲ့၏။ ၎င်း ပုတီးစိပ်နည်း လမ်းညွှန်အတိုင်း မှန်ကန် ကျနစွာ အဓိဋ္ဌာန်စေ့ မြောက် အောင်မြင်ပါမူ ထိုအောင် မြင်သော ပါရမီရှင်အား အလုံးစုံသော ကိစ္စအမျိုးမျိုးတို့ကို လွယ်ကူစွာ အောင်မြင်ရန် ကူညီ စောင့်ရှောက် ပါမည်ဟု ပုရပိုက်နှင့်တကွ လမ်းညွှန်ခဲ့ပါသည်။

မူရင်း အတိုင်း ညွှန်ကြားချက် အစီအစဉ်ကို အောက်ပါ အတိုင်း ဖေါ်ပြလိုက်ပါသည်။

(၁) ဩောင်းနမော ဗုဒ္ဓါယ့ သောဘဂဝါ ဣတိပိ အရဟံ
(၂) ။ သမ္မာသမ္ဗုဒ္ဓေါ
(၃) ။ ဝိဇ္ဇာစရဏ သမ္ပန္နော
(၄) ။ သုဂတော
(၅) ။ လောကဝိဒူ
(၆) ။ အနုတ္တရော ပုရိသ ဒမ္မသာရထိ

(၇) ။ သတ္တာ ဒေဝမနုဿာနံ
(၈) ။ ဗုဒ္ဓေါ
(၉) ။ ဘဂဝါ

အထက်ပါ ပုတီးစိပ်နည်း ဂုဏ်တော်မြတ် ကိုးပါးကို အောက်ပါ ဂုဏ်တော်တက် စဉ်အတိုင်း တက်၍ မမေ့မလျော့ ကြိုးစား အားထုတ်ရမည် ဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| (၁) | တပါးလျှင် | ပုတီး | တပတ် | တနေ့ | ၉-ပတ် | ၉-ရက် |
| (၂) | တပါးလျှင် | ပုတီး | ၂-ပတ် | တနေ့ | ၁၈-ပတ် | ၉-ရက် |
| (၃) | တပါးလျှင် | ပုတီး | ၃-ပတ် | တနေ့ | ၂၇-ပတ် | ၉-ရက် |
| (၄) | တပါးလျှင် | ပုတီး | ၄-ပတ် | တနေ့ | ၃၆-ပတ် | ၉-ရက် |
| (၅) | တပါးလျှင် | ပုတီး | ၅-ပတ် | တနေ့ | ၄၅-ပတ် | ၉-ရက် |
| (၆) | တပါးလျှင် | ပုတီး | ၆-ပတ် | တနေ့ | ၅၄-ပတ် | ၉-ရက် |
| (၇) | တပါးလျှင် | ပုတီး | ၇-ပတ် | တနေ့ | ၆၃-ပတ် | ၉-ရက် |
| (၈) | တပါးလျှင် | ပုတီး | ၈-ပတ် | တနေ့ | ၇၂-ပတ် | ၉-ရက် |
| (၉) | တပါးလျှင် | ပုတီး | ၉-ပတ် | တနေ့ | ၈၁-ပတ် | ၉-ရက် |

ထို့ကြောင့် ရက်ပေါင်း ၈၁-ရက်

ပုတီးအပတ်ပေါင်း ၄၀၅ × ၉ = ၃၆၄၅

အထက်ပါ နည်းလမ်းစဉ်အရ အားထုတ်လိုသော အခါ တတ်စွမ်းနိုင်ပါက နဝင်္ဂသီလကို ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ပြုခြင်း၊ သက်သတ်လွတ် စားခြင်း၊ မေတ္တာပွားခြင်း စသည် ဖြင့် ခြံရံလျက် အဓိဋ္ဌာန်ရက်ကို မပျက်စေပဲ လမ်းစဉ် အတိုင်း အားထုတ်ရပါမည်။

× × ×

# ပုတီးဖြင့် စေတီတည်နည်း

## အရဟံ ဂုဏ်တော် စေတီ

၁။ အရဟန္တံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ အရဟန္တံ သိရသာ နမာမိ ။
၃။ အရဟံ မေ ဟဒယေ တိဋ္ဌတု ။
၄။ အရဟံ မေ သုခံ ဒေတု ။
၅။ အရဟံ မေ ဇယံ ဒေတု ။
၆။ အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု ။

## သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် စေတီ

၁။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ ။
၃။ သမ္မာသမ္ဗုဒ္ဓေါ မေ ဟဒယေ တိဋ္ဌတု ။
၄။ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု ။
၅။ သမ္မာသမ္ဗုဒ္ဓေါ မေ ဇယံ ဒေတု ။
၆။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

## ဝိဇ္ဇာစရဏ သမ္ပန္နော ဂုဏ်တော် စေတီ

၁။ ဝိဇ္ဇာ စရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ ဝိဇ္ဇာ စရဏသမ္ပန္နံ သရဏံ သိရသာ နမာမိ ။
၃။ ဝိဇ္ဇာ စရဏသမ္ပန္နော မေ ဟဒယေ တိဋ္ဌတု ။
၄။ ဝိဇ္ဇာ စရဏသမ္ပန္နော မေ သုခံ ဒေတု ။
၅။ ဝိဇ္ဇာ စရဏသမ္ပန္နော မေ ဇယံ ဒေတု ။
၆။ ဝိဇ္ဇာ စရဏသမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု ။

## သုဂတော ဂုဏ်တော် စေတီ

၁။ သုဂတံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ သုဂတံ သိရသာ နမာမိ ။
၃။ သုဂတော မေ ဟဒယေ ဒိဋ္ဌတု ။
၄။ သုဂတော မေ သုခံ ဒေတု ။
၅။ သုဂတော မေ ဇယံ ဒေတု ။
၆။ သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု ။

## လောကဝိဒူ ဂုဏ်တော် စေတီ

၁။ လောကဝိဒုံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ လောကရိဒုံ သိရသာ နမာမိ ။
၃။ လောကဝိဒူ မေ ဟဒယေ တိဋ္ဌတု ။
၄။ လောကဝိဒူ မေ သုခံ ဒေတု ။
၅။ လောကဝိဒူ မေ ဇယံ ဒေတု ။
၆။ လောကဝိဒူ မေ သိဒ္ဓိကမ္မံ ဒေတု ။

## အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်စေတီ

၁။ အနုတ္တရော ပုရိသဒမ္မသာရထိ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ အနုတ္တရော ပုရိသဒမ္မသာရထိ သိရသာ နမာမိ ။
၃။ အနုတ္တရော ပုရိသဒမ္မသာရထိ
မေ ဟဒယေ တိဋ္ဌတု ။
၄။ အနုတ္တရော ပုရိသဒမ္မသာရထိ မေ သုခံ ဒေတု ။
၅။ အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဇယံ ဒေတု ။
၆။ အနုတ္တရော ပုရိသဒမ္မသာရထိ
မေ သိဒ္ဓိကမ္မံ ဒေတု ။

## သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်စေတီ

၁။ သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ ။
၃။ သတ္ထာ ဒေဝမနုဿာနံ မေ ဟဒယေ တိဋ္ဌတု ။
၄။ သတ္ထာ ဒေဝမနုဿာနံ မေ သုခံ ဒေတု ။
၅။ သတ္ထာ ဒေဝမနုဿာနံ မေ ဇယံ ဒေတု ။
၆။ သတ္ထာ ဒေဝမနုဿာနံ မေ သိဒ္ဓိကမ္မံ ဒေတု ။

## ဗုဒ္ဓေါ ဂုဏ်တော် စေတီ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ ဗုဒ္ဓံ သိရသာ နမာမိ ။
၃။ ဗုဒ္ဓေါ မေ ဟဒယေ တိဋ္ဌတု ။
၄။ ဗုဒ္ဓေါ မေ သုခံ ဒေတု ။
၅။ ဗုဒ္ဓေါ မေ ဇယံ ဒေတု ။
၆။ ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

## ဘဂဝါဂုဏ်တော် စေတီ

၁။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ၁၅-ပတ်
၂။ ဘဂဝန္တံ သရဏံ သိရသာ နမာမိ ။
၃။ ဘဂဝါ မေ ဟဒယေ တိဋ္ဌတု ။
၄။ ဘဂဝါမေ သုခံ ဒေတု ။
၅။ ဘဂဝါ မေ ဇေယျံ ဒေတု ။
၆။ ဘဂဝါ မေ သိဒ္ဓိ ကမ္မံ ဒေတု ။

## ပြုဘွယ်ရာ ကိစ္စများ

ဤအထက်ပါ ဂုဏ်တော်ပုတီးကို မစိပ်မီအောက်ပါပြုဘွယ်ရာ ကိစ္စများကို ပြုလုပ်ရန် လိုအပ်ပါသည်။ ပထမဦးစွာ ဆွမ်းကိုးပွဲ၊ ရေကိုးခွက်၊ ဆီမီးကိုးတိုင်နှင့် ပန်း ကိုးပွင့်တို့ကို မြတ်စွာဘုရားအား ဦးသုံးကြိမ်ချ၍ လှူဒါန်းပါ။

## သစ္စာအဓိဋ္ဌာန်

ထို့နောက် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုပါ–

“ဘုရားတပည့်တော်၏ ခန္ဓာကိုယ်၌ ရှိသော မျက်စေ့ကို အရှင်ဘုရားအား လှူဒါန်းပါ၏။ (သုံးခါဆို)

ထို့အပြင် “ဘုရားတပည့်တော်သည် ဤဂေဟာ၊ ဤနေရာ၌ တထိုင်တည်း “အရဟန္တံ သရဏံ ဂစ္ဆာမိ” ဂုဏ်တော်ကို ပုတီးပတ် ၁၅-ပတ် ရအောင် စိပ်ပါမည်။ ဤ အဓိဋ္ဌာန် အောင်မြင်ခဲ့ပါလျှင် ပညာမျက်စေ့ အလင်းဓာတ် ရရှိလိုပါ၏ အရှင်ဘုရားဟု”ဆို၍ ဆုတောင်းပါ။ [သုံးကြိမ်ဆုတောင်းပါ]

တနေ့လျှင် ၁၂-ပတ်ထိ ပို၍လည်း စိပ်နိုင်၏။ နံပါတ် ၂၊ ၃၊ စသည်ဖြင့် နံပါတ်၆-အထိ အဓိဋ္ဌာန်၍ ဆက်တိုက် တနေ့တည်းလည်း စိပ်နိုင်သည်။

အမှတ် ၂-ဂုဏ်တော်ကို စိပ်သောအခါ သောတနားကို လှူပြီးလျှင် အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ် ၃- ဂုဏ်တော်ကို စိပ်သောအခါ နှာခေါင်းကို လှူပြီး အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ် ၄-ဂုဏ်တော်ကို စိပ်သောအခါ လျှာ၊ သွား၊ နှုတ်ခမ်းကို လှူပြီး အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ် ၅-ဂုဏ်တော်ကို စိပ်သောအခါ မိမိ ခန္ဓာကိုယ်ကို လှူပြီး သစ္စာပြု ဆုတောင်းပါ။

အမှတ် ၆-ဂုဏ်တော်ကို စိပ်သောအခါ မနု-မနောကို လှူပြီး သစ္စာပြု ဆုတောင်းပါ။

ထိုကဲ့သို့ ဂုဏ်တော် [၆] ပါး ပြီးဆုံးသောအခါ ပုတီးပတ်ပေါင်း ၉၀-ရ၏။ ထို့ကြောင့် စေတီတဆူ မိမိခန္ဓာကိုယ်တွင် တည်ထားသကဲ့သို့ ရှိပေပြီ။

ဆက်၍ ဤဂုဏ်တော်များကိုလည်း အထက်ပါ နည်းအတိုင်း လှူဒါန်းပူဇော်၍ "သစ္စာအဓိဋ္ဌာန်ပြု" ဆုတောင်းကာ စေတီများ တည်သွားနိုင်ပေသည်။

ထိုကဲ့သို့ စေတီများတည်၍ ကိုးပါးပြည့်သောအခါ စေတီကိုးဆူ မိမိကိုယ်အတွင်း တည်ထားပြီးသား ရှိသွားပေမည်။

ဤနည်းများ ရှေးသူတော်စင်သူတော်မြတ်ကြီးများ သူမြတ်ကျင့်စဉ်အဖြစ် ထားခဲ့သော ကျင့်စဉ်များ ဖြစ်ပါသည်။

အန္တရာယ် ခပ်သိမ်း ကင်း၍ လိုရာဆန္ဒ အလုံးစုံ ပြည့်စုံသည်ဟု အမှာရှိပါသည်။ ယုံကြည်သဒ္ဓါ လေးစားစွာဖြင့် ပုတီးစိပ်ပါက အကျိုးကျေးဇူးအထူး ခံစားနိုင်ကြမည် ဖြစ်ပါသတည်း။

## နေ့အလိုက် ဂုဏ်တော်ပဒေသာ သုံးနည်းများ

၁။ ဣတိပိ သော ဘဂဝါ "အရဟံ"
တနင်းလာနေ့မှာ အခေါက် ၁၀၀ ရွတ်၊ ကိလေသာကင်း၏။

၂။ ဣတိပိ သော ဘဂဝါ "သမ္မာသမ္ဗုဒ္ဓေါ"
တနင်္လာနေ့မှာ ၁၀-ခေါက် ရွတ်။ လူတကာတို့ထက် တန်ခိုး တေဇာ ကြီးမြင့်၏။

၃။ ဣတိပိ သော ဘဂဝါ "သမ္မာသမ္ဗုဒ္ဓေါ"
အင်္ဂါနေ့၌ ၁၀-ခေါက်ရွတ်။ လူတကာတို့ထက် ပညာ ကြီး၏။

၄။ ဣတိပိ သော ဘဂဝါ "ဝိဇ္ဇာ စရဏ သမ္ပန္နော"
တနင်းလာနေ့မှာ ၁၂-ခေါက် ရွတ်။ လယ်ယာအထွက် ကောင်း၏။

၅။ ဣတိပိ သော ဘဂဝါ "ဝိဇ္ဇာ စရဏသမ္ပန္နော"
ဗုဒ္ဓဟူးနေ့မှာ ၁၂-ခေါက် ရွတ်။ ဥစ္စာရတတ်၏။

၆။ ဣတိပိ သော ဘဂဝါ "သုဂတော"
အင်္ဂါနေ့မှာ ၄၀-ခေါက်ရွတ်။ ပညာကြီး၏။

၇။ ဣတိပိ သော ဘဂဝါ သုဂတော
ကြာသပတေးနေ့၌ ၁၀- ခေါက် ရွတ်။ အခြွေအရံ
များ၏။

၈။ ဣတိပိ သော ဘဂဝါ "လောကဝိဒူ"
ဗုဒ္ဓဟူးနေ့၌ ၁၀-ခေါက်ရွတ်။ သူတထူး မကောင်းကြံ
မရ။

၉။ ဣတိပိ သော ဘဂဝါ "လောကဝိဒူ"
သောကြာနေ့၌ ၁၁-ခေါက်ရွတ်။ ဥစ္စာရ၏။

၁၀။ ဣတိပိ သော ဘဂဝါ "အနုတ္တရော"
ကြာသပတေးနေ့၌ ၆၁-ခေါက်ရွတ်။ အလိုခပ်သိမ်း
ရ၏။

၁၁။ ဣတိပိ သော ဘဂဝါ "အနုတ္တရော"
စနေနေ့၌ ၁၅-ခေါက်ရွတ်။ အလို ခပ်သိမ်းပြီးမြောက်
၏။

၁၂။ ဣတိပိ သော ဘဂဝါ "အနုတ္တရော ပုရိသ ဒမ္မသာရထိ"
သောကြာနေ့၌ ၇၀-ခေါက် ရွတ်။ ချမ်းသာ ကြွယ်ဝ
၏။

၁၃။ ဣတိပိ သော ဘဂဝါ သဗ္ဗာဒေဝ မနုဿာနံ
စနေနေ့မှာ ၈-ခေါက်ရွတ်။ ဂြိုဟ်ဆိုး၊ နက္ခတ်ဆိုး
ဘေးမှ လွတ်၏။

၁၄။ ဣတိပိ သောဘဂဝါ "ဗုဒ္ဓေါ"
တနင်္ဂနွေနေ့မှာ ၉၀-ခေါက်ရွတ်။ ပညာကြီး၏။

၁၅။ ဣတိပိ သော ဘဂဝါ "ဘဂဝါ"
တနင်းလာနေ့၌ အခေါက် ၁၀၀ ရွတ်။ ပညာကြီး၏။

အချင်းသူမြတ်- - ရှေး သူတော်စင်တို့သည် နေ့ အလိုက် ဂုဏ်တော်များကို ခွဲခြမ်းစိပ်ဖြာ၍ ရွတ်ဘတ် သရဇ္ဈာယ်ခြင်းဖြင့် လိုသော အမှုကိစ္စများကို ပြီးစီးအောင်မြင်အောင် အဓိဋ္ဌာန် ၍ အထက်ပါအတိုင်း သုံးလေ့ရှိပါသည်။

× × ×

# ဆန္ဒမွန်

— စိတ်အကြံ ပေါက်ကြပါစေ။
— အဓိဋ္ဌာန် မြောက်ကြပါစေ။
— ဗိမာန် ပေါက်ကြပါစေ။
— နိဗ္ဗာန် ရောက်ကြပါစေ။

ဘုရားဂုဏ်တော်

ရှိခိုး ဆုတောင်း ပုတီးစိပ်နည်း

တရားဂုဏ်တော်

ရှိခိုး ဆုတောင်း ပုတီးစိပ်နည်း။

သံဃာ့ဂုဏ်တော်

ရှိခိုး ဆုတောင်း ပုတီးစိပ်နည်း။

# ဂုဏ်တော်ကိုးပါး

## ဘုရားရှိခိုးဆုတောင်း ပုတီးစိပ်နည်း

(၁) သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံး)
အရဟံ ဝတ သောဘဂဝါ ။
အရဟန္တံ သရဏံ ဂစ္ဆာမိ ။
အရဟန္တံ သိရသာ နမာမိ ။
အရဟံ မေ ဟဒယေ ဌာတု ။
(၂) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ။
သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ ။
သမ္မာသမ္ဗုဒ္ဓေါ မေ ဟဒယေ ဌာတု ။
(၃) သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ။
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ ။
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ ။
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ ။
ဝိဇ္ဇာစရဏ သမ္ပန္နော မေ ဟဒယေ ဌာတု ။
(၄) သောဘဂဝါ ဣတိပိ သုဂတော ။
သုဂတော ဝတ သောဘဂဝါ ။
သုဂတံ သရဏံ ဂစ္ဆာမိ ။
သုဂတံ သိရသာ နမာမိ ။
သုဂတော မေ ဟဒယေ ဌာတု ။

(၅) သောဘဂဝါ ဣတိပိ လောကဝိဒူ (ပုတီးတလုံး)
လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။
လောကဝိဒုံ သိရသာ နမာမိ ။
လောကဝိဒူ မေ ဟဒယေ ဌာတု ။
(၆) သောဘဂဝါ ဣတိပိ အနုတ္တရော
ပုရိသဒမ္မသာရထိ ။
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ
သောဘဂဝါ ။
အနုတ္တရော ပုရိသဒမ္မသာရထိံ သရဏံဂစ္ဆာမိ ။
အနုတ္တရော ပုရိသဒမ္မသာရထိံ သိရသာ
နမာမိ ။
အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဟဒယေ
ဌာတု ။
(၇) သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ
သတ္ထာ ဒေဝမနုဿာနံ ဝတ သောဘဂဝါ ။
သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ ။
သတ္ထာရံ ဒေဝါမနုဿာနံ သိရသာ နမာမိ ။
သတ္ထာ ဒေဝမနုဿာနံ မေ ဟဒယေ ဌာတု ။
(၈) သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ။
ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
ဗုဒ္ဓံ သိရသာ နမာမိ ။
ဗုဒ္ဓေါ မေ ဟဒယေ ဌာတု ။

(၉) သောဘဂဝါ ဣတိပိ ဘဂဝါ (ပုတီးတလုံး)
ဘဂဝါ ဝတ သောဘဂဝါ ။
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
ဘဂဝန္တံ သိရသာ နမာမိ ။
ဘဂဝါမေ ဟဒယေ ဌာတု ။

အထက်ပါ ဘုရားရှိခိုး ဆုတောင်းကိုလည်း တပုဒ် ပုတီး တလုံးချ၍ လည်းကောင်း၊ နှုတ်ဖြင့် ရွက်ဆို၍ လည်းကောင်း၊ စိတ်ဖြင့် စဉ်းစား ဆင်ခြင်၍ လည်းကောင်း၊ အလို ရှိသည့် အတိုင်း သူမြတ်အပေါင်းတို့ ပွားများ အားထုတ် နိုင်ကြပါသည်။

# တရားဂုဏ်တော်-၆-ပါး
# ရှိခိုးဆုတောင်းပုတီးစိပ်နည်း

(၁) သွာက္ခာတော ဘဂဝတော ဓမ္မော (ပုတီးတလုံးချ)
ဘဂဝတော ဓမ္မော ဝတ သွာက္ခာတော ။
သွာက္ခာတံ ဘဂဝတော ဓမ္မံ သရဏံ ဂစ္ဆာမိ ။
သွာက္ခာတံ ဘဂဝတော ဓမ္မံ သိရသာ
နမာမိ ။
သွာက္ခာတော ဘဂဝတော ဓမ္မော မေ ဟဒယေ
ဌာတု ။

(၂) သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ သန္ဒိဋ္ဌိကော ။
သန္ဒိဋ္ဌိကံ ဘဂဝတော ဓမ္မံ သရဏံ ဂစ္ဆာမိ ။
သန္ဒိဋ္ဌိကံ ဘဂဝတော ဓမ္မံ သိရသာ နမာမိ ။
သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော မေ ဟဒယေ
ဌာတု ။

(၃) အကာလိကော ဘဂဝတော ဓမ္မော (ပုတီးတလုံး)
ဘဂဝတော ဓမ္မော ဝတ အကာလိကော ။
အကာလိကံ ဘဂဝတော ဓမ္မံ သရဏံ
ဂစ္ဆာမိ ။
အကာလိကံ ဘဂဝတော ဓမ္မံ သိရသာ
နမာမိ ။
အကာလိကော ဘဂဝတော ဓမ္မော မေ
ဟာဒယေ ဌာတု ။

(၄) ဧဟိပဿိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ ဧဟိပဿိကော ။
ဧဟိပဿိကံ ဘဂဝတော ဓမ္မံ သရဏံ
ဂစ္ဆာမိ ။
ဧဟိပဿိကံ ဘဂဝတော ဓမ္မံ သိရသာ
နမာမိ ။
ဧဟိပဿိကော ဘဂဝတော ဓမ္မော မေ
ဟာဒယေ ဌာတု ။

(၅) ဩပနေယျိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ ဩပနေယျိကော ။
ဩပနေယျိကံ ဘဂဝတော ဓမ္မံ သရဏံ
ဂစ္ဆာမိ ။
ဩပနေယျိကံ ဘဂဝတော ဓမ္မံ
သိရသာ နမာမိ ။

ဩပနေယျိကော ဘဂဝတော ဓမ္မော မေ
ဟဒယေ ဌာတု ။

(၆) ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော
ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ။
ပစ္စတ္တံ ဝေဒိတဗ္ဗံ ဝိညူဟိ ဘဂဝတော
ဓမ္မံ သရဏံ ဂစ္ဆာမိ ။
ပစ္စတ္တံဝေဒိတဗ္ဗံ ဝိညူဟိ ဘဂဝတော
ဓမ္မံ သိရသာ နမာမိ ။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော
ဓမ္မော မေ ဟဒယေ ဌာတု

အထက်ပါ တရားဂုဏ်တော် ရှိခိုး ဆုတောင်းကိုလည်း အလိုရှိသည့်အတိုင်း ပွားများ အားထုတ်နိုင်ပါသည်။

# သံဃာ့ ဂုဏ်တော်ကိုးပါး
# ရှိခိုးဆုတောင်းပုတီးစိပ်နည်း

(၁) သုပ္ပဋိပန္နော ဘဂဝတော (ပုတီးတလုံး)
သာဝကသံဃော ။
ဘဂဝတော သာဝကသံဃော ဝတ
သုပ္ပဋိပန္နော ။
သုပ္ပဋိပန္နံ ဘဂဝတော သာဝကသံဃံ သရဏံ
ဂစ္ဆာမိ
သုပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ
သိရသာ နမာမိ ။
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
မေ ဟဒယေ ဌာတု ။

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော ။

ဘဂဝတော သာဝကသံဃော ဝတ (ပုတီးတလုံး)
ဥဇုပ္ပဋိပန္နော ။
ဥဇုပ္ပဋိပန္နံ ဘဂဝတော သာဝကသံဃံ
သရဏံ ဂစ္ဆာမိ ။
ဥဇုပ္ပဋိပန္နံ ဘဂဝတော သာဝကသံဃံ
သိရသာ နမာမိ ။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
မေ ဟဒယေ ဌာတု ။

(၃) ဉာယပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော ။
ဘဂဝတော သာဝကသံဃော ဝတ
ဉာယပ္ပဋိပန္နော ။
ဉာယပ္ပဋိပန္နံ ဘဂရတော သာဝကသံဃံ
သရဏံ ဂစ္ဆာမိ။ ။
ဉယပ္ပဋိပန္နံ ဘဂဝတော သာဝကသံဃံ
သိရသာ နမာမိ ။
ဉာယပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၄) သာမိစိပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော ။
ဘဂဝတော သာဝကသံဃော ဝတ
သာမိစိပ္ပဋိပန္နော ။

သာမိစိပ္ပဋိပန္နံ ဘဂဝတော သာဝက (ပုတီးတလုံး)
သံဃံ သရဏံ ဂစ္ဆာမိ ။
သာမိစိပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ
သိရသာ နမာမိ ။
သာမိစိပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၇) အာဟုနေယျော ဘဂဝတော
သာဝကသံဃော ။
ဘဂဝတော သာဝကသံဃော ဝတ ။
အာဟုနေယျော ။
အာဟုနေယျံ ဘဂဝတော သာဝကသံဃံ ။
သရဏံ ဂစ္ဆာမိ ။
အာဟုနေယျံ ဘဂဝတော သာဝကသံဃံ
သိရသာ နမာမိ ။
အာဟုနေယျော ဘဂဝတော
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၈) ပါဟုနေယျော ဘဂဝတော
သာဝက သံဃော ။
ဘဂဝတော သာဝကသံဃော ဝတ
ပါဟုနေယျော ။
ပါဟုနေယျံ ဘဂဝတော သာဝကသံဃံ
သရဏံ ဂစ္ဆာမိ ။

ပါဟုနေယျံ ဘဂဝတော သာဝကသံဃံ (ပုတီးတလုံး)
သိရသာ နမာမိ

ပါဟုနေယျော ဘဂဝတော ။
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၇) ဒက္ခိဏေယျော ဘဂဝတော
သာဝကသံဃော ။

ဘဂဝတော သာဝကသံဃော ဝတ
ဒက္ခိဏေယျော ။
ဒက္ခိဏေယျံ ဘဂဝတော သာဝကသံဃံ
သရဏံ ဂစ္ဆာမိ ။
ဒက္ခိဏေယျံ ဘဂဝတော သာဝကသံဃံ
သိရသာ နမာမိ ။
ဒက္ခိဏေယျော ဘဂဝတော
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၈) အဉ္ဇလိကရဏီယော ဘဂဝတော
သာဝကသံဃော ။

ဘဂဝတော သာဝကသံဃော ဝတ
အဉ္ဇလိကရဏီယော ။
အဉ္ဇလိကရဏီယံ ဘဂဝတော သာဝကသံဃံ
သရဏံ ဂစ္ဆာမိ ။
အဉ္ဇလိကရဏီယံ ဘဂဝတော သာဝကသံဃံ

သိရသာ နမာမိ (ပုတီးတလုံး)
အဥ္စလိကရဏိယော ဘဂဝတော
သာဝကသံဃော မေ ဟဒယေ ဌာတု ။

(၄) အနုတ္တရံ ပုညခေတ္တံ လောကဿ
ဘဂဝတော သာဝကသံဃော ။
ဘဂဝတော သာဝကသံဃော ဝတ
အနုတ္တရံ ပုညက္ခေတ္တံလောကဿ ။
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ
ဘဂဝတော သာဝကသံဃံ သရဏံ ဂစ္ဆာမိ။
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ။
ဘဂဝတော သာဝကသံဃံ သိရသာ
နမာမိ ။
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ
ဘဂဝတော သာဝကသံဃော မေ ဟဒယေ
ဌာတု ။

အထက်ပါ သံဃာ့ ဂုဏ်တော်ရွတ်ဆို ဆုတောင်းကိုလည်း အလိုရှိသည့်အတိုင်း ပွားများ အားထုတ်နိုင်ကြပါသည်။

## အာ ါမလင့် အကျိုးထူး

ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်တော်များကို အာရုံပြု၍ ပုတီးတထောင်စိ ရအောင်ပွားများကြလျှင် ပို၍ ထူးခြား ကြောင်း အမှာရှိသည်။

ထိုကြောင့်—

— ဘုရားဂုဏ်တော် ဆုတောင်း တထောင်
— တရားဂုဏ်တော် ဆုတောင်း တထောင်
— သံဃာ့ဂုဏ်တော် ဆုတောင်း တထောင်

စီကို တနေ့ကို သုံးကြိမ်ခွဲ၍ ဖြစ်စေ၊ တကြိမ်တည်း ဖြစ်စေပွားများ အားထုတ်နိုင်သည်။

အဓိဋ္ဌာန် ဆောက်တည်၍ ပွားများ အားထုတ်လျှင် ပို၍ထက်မြက်ကြောင်း ရှေးသူတော်စင်ကြီးများ အမှာရှိသည်။

ခဏိက သမာဓိ၊ ဥပစာရ သမာဓိ သို့ ရောက်အောင် ဖြူဆိုခဲ့သော ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အပြန်ပြန် အလှန်လှန် အထပ်ထပ် ပွားများ အားထုတ်သော သူသည် အခါမလင့် အကျိုးထူးကို ခံစားရမည်မှာ မလွဲပေ။

× × ×

## တနည်း ဘုရားဂုဏ်တော် ၉-ပါး ရှိခိုး ဆုတောင်း

### အစီပွာယ်အကျဉ်း

(၁) သောဘဂဝေါ ဣတိပိ အရဟံ
(၂) အရဟံ ဝတ သောဘဂဝေါ
(၃) အရဟံ သရဏံ ဂစ္ဆာမိ
(၄) အရဟံ သိရသာ နမာမိ၊

(၁+၂+၃+၄ တို့မှာတူပြီ)

(၅) အရဟံ မေ ဟဒယေ ဌာတု = လူနတ်တို့ပူဇော်
အထူးကိုခံတော်
မူ ထိုက် သော
မြတ် စွာ ဘု ရား
သည်အကျွန်ုပ်၏
နှလုံး၌ ကိန်းဝပ်
တော် မူ စေ
သော်၀်။

အရဟံ ဂုဏ်တော်ကို မှီး၍ အခြား ဂုဏ်တော်များ၏ အဓိပ္ပာယ်ကိုလည်း သိပါလေ။

× × ×

## တရားဂုဏ်တော် ၆-ပါး ရှိခိုး ဆုတောင်း

## အဓိပ္ပာယ်အကျဉ်း

(၁) သွာက္ခာတော ဘဂဝတော = အစ၊ အလယ်၊ အဆုံး၊
ဓမ္မော
သုံးပါးသော ကောင်း
ခြင်းနှင့် ပြည့်စုံတော်မူ
သောမြတ်စွာဘုရား၏
တရားတော်။

(၂) ဘဂဝတော ဓမ္မော ဝတ သွာက္ခာတော = မြတ်စွာဘုရား၏၊ တရားတော်သည်၊ အစ၊ အလယ်၊ အဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံပေစွ တကား။

(၃) သွာက္ခာတံ ဘဂဝတော ဓမ္မံ သရဏံ ဂစ္ဆာမိ = အစ၊ အလယ်၊ အဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား၏တရားတော်ကို ဆည်းကပ်ကိုးကွယ်ပါ၏။

(၄) သွာက္ခာတံ ဘဂဝတော ဓမ္မံ သိရသာ နမာမိ = အစ၊ အလယ်၊ အဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တရားတော်ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

(၅) သွာက္ခာတော ဘဂဝတော ဓမ္မော မေ ဟဒယေ ဌာတု = အစ၊ အလယ်၊ အဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ တရားတော်သည်

အကျွန်ုပ်၏ နှလုံး၌
ကိန်း ဝပ်တော် မူစေ
သောဝ်။

ဤ သုက္ခာတောကိုမိုး၍ အခြား ဂုဏ်တော်များ၏ အဓိပ္ပာယ်ကို သိပါလေ။

× × ×

## သံဃဂုဏ်တော် ၉-ပါး ရှိခိုးဆုတောင်း

## အဓိပ္ပာယ် အကျဉ်း

| | |
|---|---|
| ၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော | – ကောင်းစွာကျင့်တော်မူသောမြတ်စွာဘုရား၏တပည့်သားသံဃာတော်။ |
| ၂။ ဘဂဝတော သာဝကသံဃော ဝတ သုပ္ပဋိပန္နော | – မြတ် စွာ ဘု ရား၏ တပည့်သား သံဃာ တော် သည်။ အစ၊ အ လယ်၊ အ ဆုံး၊ ကောင်းမွန်စွာ ကျင့်ခြင်းနှင့် ပြည့်စုံပေစွတကား။ |
| ၃။ သုပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ သရဏံ ဂစ္ဆာမိ | – ကောင်းမွန်စွာ ကျင့်တော်မူသော မြတ်စွာ ဘုရား၏ တပည့်သား |

သံဃာတော်ကို ကိုး ကွယ် ဆည်းကပ် ပါ၏။

၄။ သုပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ သိရသာ နမာမိ — ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်ကို ဦးခေါင်းဖြင့် ရိုသေစွာ ရှိခိုးပါ၏။

၅။ သုပဋိပ္ပန္နော ဘဂဝတော သာဝက သံဃော ဓမ ဟာဒယေ ဌာတု — ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အကျွန်ုပ်၏ နှလုံး၌ ကိန်းဝပ်တော်မူစေသောဝ်။

(ဤ သုပ္ပဋိပန္နော ဂုဏ်တော်ကို မှီး၍ အခြား ဂုဏ်တော်များ၏ အဓိပ္ပာယ်ကို သိပါလေ။)

* * *

# ကိုးဌာန ဂုဏ်တော် ပုတီးစိပ်

## လမ်းညွှန် အကျဉ်း

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ ၇-ရက် သီတင်းသုံး တော်မူပုံကို အာရုံပြု၍—

"သောဘဂဝါ ဣတိပိ အရဟံ"

၂။ ဗောဓိပင် မဏ္ဍိုင်မှ အရှေ့မြောက်အရပ် အနိမိဿ ကုန်းတော်မှ မမှိတ်သော မျက်စေ့ဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်ရှုတော်မူလျက် ၇-ရက် သီတင်း သုံးတော် မူပုံကို အာရုံပြုလျက်—

"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ"

၃။ ဗောဓိပင် မဏ္ဍိုင်နှင့် အနိမိဿကုန်းတော် အကြား နတ်အများ ဖန်ဆင်းသော ရတနာစင်္ကြန်၌ အရှေ့ အနောက် စင်္ကြန်လျှောက်၍ ၇-ရက်ပတ်လုံး သီတင်း သုံးတော်မူပုံကို အာရုံပြုလျက်—

"သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော"

၄။ ဗောဓိပင် မဏ္ဍိုင်မှ အနောက်မြောက် အရပ် ရတနာ ဃရ ရွှေအိမ်၌ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ် ဆင်ခြင်တော်မူ၍ ခြောက်ပါးသော ရောင်ခြည်တော် ဖြင့် အံ့ဩမကုန် ကျက်သရေတော် အစုံ တို့နှင့် ၇-ရက် ပတ်လုံး သီတင်းသုံးနေတော်မူပုံကို အာရုံ ပြုလျက်–

"သောဘဂဝါ ဣတိပိ သုဂတော"

၅။ ဗောဓိပင် မဏ္ဍိုင် အရှေ့အရပ် အဇပါလ ဆိတ် ကျောင်း ညောင်ပင်ရင်း၌ ဟုံဟုံက ပုဏ္ဏား၏ ပုစ္ဆာ ပြဿနာကို ဖြေကြားတော်မူလျက် ၇-ရက် ပတ်လုံး သီတင်းသုံး နေတော်မူပုံကို အာရုံပြုလျက်–

"သောဘဂဝါ ဣတိပိ လောကဝိဒူ"

၆။ ဗောဓိပင် မဏ္ဍိုင်မှ အရှေ့တောင် အရပ် မုစ္စလိန္ဒာ အိုင်၏ အနီး ကျည်းပင်ရင်းဝယ် မုစ္စလိန္ဒာနဂါး မင်း၏ ပူဇော်ခြင်းကို ခံယူတော်မူလျက် ၇-ရက် ပတ်လုံး သီတင်းသုံး နေတော်မူပုံကို အာရုံပြုလျက်–

"သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ"

၇။ ဗောဓိပင် မဏ္ဍိုင်မှ အနောက်တောင် အရပ် ရာဇာ ရတန လင်းလွန်းပင်ရင်း၌ ၇-ရက်ပတ်လုံး သီတင်းသုံး

တော်မူလျက် သိကြားမင်း စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်နှင့် တဖုဿ၊ ဖလိက ညီနောင်တို့၏ အလှူကို ခံယူတော်မူပြီးလျှင် ဒွေဝါစိက သရဏဂုံ စတင် ဟောကြားတော် မူပုံကို အာရုံပြုလျက်–

"သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ"

၈။ ဒုတိယအကြိမ် အဇပါလ ညောင်ပင်ရင်းသို့ ပြန်ကြွ သီတင်းသုံးတော် မူသောအခါ သဟမ္ပတိဗြဟ္မာမင်းကြီးက ရတနာပန်းကုံးဖြင့် ပူဇော်ပြီးလျှင် သတ္တဝါ အပေါင်းတို့အား တရား ဟောကြားတော် မူပါရန် တောင်းပန် လျှောက်ထားပုံကို အာရုံပြုလျက်–

"သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ"

၉။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောရှိ ပဥ္စဝဂ္ဂီ ငါးဦးအား အမှူးထားလျက် စကြာဝဠာ တိုက် တသောင်းမှ စုဝေး ရောက်လာသော နတ် ဗြဟ္မာ အပေါင်းတို့အား တရား ဟောကြားတော် မူပုံကို အာရုံပြုလျက်—

"သော ဘဂဝါ ဣတိပိ ဘဂဝါ"

ဟူ၍ အာရုံပြုကာ ကိုးဌာန ပုတီးစိပ်နည်းကို ပွားများ အားထုတ်နိုင်ပေသည်။

အမှာ....

ဤကိုးဌာန ပုတီးစိပ်နည်းကို ပထမနေ့တွင် ဂုဏ်တော် တပါး တဌာနစိပ်၍ လည်းကောင်း။

ဒုတိယနေ့တွင် ဂုဏ်တော် နှစ်ပါး နှစ်ဌာနစိပ်၍ လည်း ကောင်း။ တတိယနေ့တွင် ဂုဏ်တော် သုံးပါး သုံးဌာနစိပ်၍ လည်းကောင်း တနေ့ ဂုဏ်တော် တပါးစီ တိုး၍ ကိုးရက် ဂုဏ်တော် ကိုးပါးပြည့်အောင် တဌာန တပါးစီတိုး၍ ကိုးရက် ဂုဏ်တော် ကိုးပါး ပြည့်အောင် ဌာနအလိုက် အာရုံပြု၍ ပုတီးစိပ်သွားရမည် ဖြစ်ပါသည်။

ဤသို့ ကိုးရက်အခိုင်ဌာန်ပြီး ပုတီးစိပ်သွားခြင်းဖြင့် အတိတ် ထူး နိမိတ်ထူးများ တွေ့မြင်ရခြင်း၊ လာဘ်လာဘ ထူးများ ရရှိခြင်း၊ အကြံထူး ဉာဏ်ထူးများ ရရှိခြင်း၊ တနေ့ တခြား စီးပွားများ တိုးတက်ခြင်း စသော ဝိသေသ လက္ခဏာများကို ခံစား စံစား ရမည်ဖြစ်ပါသည်။

## ဂုဏ်တော်များကို ပွားများ အားထုတ်ရသော အကျိုး

၁။ ဘုရားရှင်၌ ရိုသေခြင်းများ၏။
၂။ ပျဝ်ဝဝ် ကျိုးနွံခြင်း များ၏။
၃။ သဒ္ဓါ သတိ ပညာ ပြန့်ပြော၏။
၄။ ကုသိုလ် ပုည ပြန့်ပြော၏။
၅။ ပီတိ ပါမောဇ္ဇ များ၏။
၆။ ဘေးငယ် ဘေးကြီး သည်းခံနိုင်၏။
၇။ ဒုက္ခကိုလည်း မည်းညည်းတွား။
၈။ ဘုရားနှင့်တကွ ငါနေရသည်ဟု အမှတ် သညာ များစွာဖြစ်၏။
၉။ ဗုဒ္ဓါနုဿတိ ဘာဝနာ စွဲနေ၊ ကိန်းအောင်းရာ ဤခန္ဓာကိုယ်သည် စေတီအိမ်နှင့် တူ၏။
၁၀။ ပူဇော်ခံခြင်းငှာ ထိုက်၏။
၁၁။ ဘုရားအပေါ်၌ စိတ်ညွတ်ခြင်း များ၏။
၁၂။ ဒုစရိုက် ၁၀ပါး ကျူးလွန်စရာ မြင်လျှင် ဘုရားရှင် မြင်ရသည့် အသွင် ဟိရိ သြတ္တပ္ပ ရှက်-ကြောက် တရား ဝင်ပေ၏။
၁၃။ ထို ဗုဒ္ဓါနုဿတိ ဥပစာရဈာန် သမာဓိ၌ တည်၍ ဝိပဿနာကို ပွားများလျှင် မဂ်ဖိုလ်ကိုရ၏။
၁၄။ မရလျှင် သုဂတိ၌ သာ လားရာ၏။

"စတုရာရက္ခကျမ်းမှ"

# မဟာရတနာ ဂုဏ်တော်

ရှေးသူတော်စင် သူတော်မြတ် အပေါင်းတို့ မြတ်စွာဘုရားအား အမြဲ ပူဇော်ကန်တော့သော မဟာရတနာ ဂုဏ်တော်ကြီး။

## ဉာတိပိသော ဂုဏ်တော်

ရန်သူအပေါင်း အောင်နိုင်သော အကျိုးကို ပေးစွမ်း နိုင်၏။

— ဣတိပိသော ဒိဗ္ဗမန္တော၊ ဣဿရော သဗ္ဗဘုမ္မိယော၊
ဣတိပိပါရမိ တိံသံ။ ဣတိပိ မာရဝိဇယော။
— ဣတိပိ ပါရမိတိံသံ၊ ဣတိပိ သဗ္ဗညုဂတော၊
ဣတိပိသော အနုပ္ပတ္တော၊ ဣတိပိနာမ တေ နမော။

## ဣတိပိသော ဂုဏ်တော်အနက်

ပါရမီတိံသံ၊ အပြားသုံးဆယ်သော ပါရမီ တော်တို့ကို ပူရေန္တော၊ဖြည့်ကျင့်တော်မူသော၊ သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်။ ဣတိပိ ဣမိနာ စ ကာရဏေန ဤသို့သော အကြောင်းကြောင့်၊ သဗ္ဗဘုမ္မိယော၊ ခပ်သိမ်းကုန်သော ဘုံတို့ကို

ဣဿရော၊ အစိုးရတော်မူ၏။ ဒိဗ္ဗမန္တော ဒိဗ္ဗမန္တောဝိယ၊ နတ်၏ မန္တယားကဲ့သို့သော ဘုန်းတန်ခိုး အာဏာနုဘော်တော် ရှိတော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း မာရဝိဇယော၊ မာရ်ငါးပါးကို အောင်မြင်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း ဣတိပိသော ဣတိပိသော မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း၊ ပါရမိတိံသံ၊ အပြားသုံးဆယ်သော ပါရမီတော်တို့ကို၊ ပူရေန္တော၊ ဖြည့်ကျင့်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသခင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း၊ သဗ္ဗညုဂုဏော သဗ္ဗညုတ ဉာဏ်တော်၏ တည်ရာအဖြစ်သို့ ရောက်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သောအကြောင်းကြောင့်လည်း၊ အနုပ္ပတ္တော ဒေသနာတော် အစဉ်သို့ ရောက်တော်မူ၏။ ဣတိပိနာမ၊ ဤသို့ အမည်ရှိတော်မူသော၊ တော၊ ရှင်တော် မြတ်ဘုရားအား၊ အဟံ တပည့်တော်သည်၊ နမော နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ဘဂဝါဂုဏ်တော်

မိမိ ရအပ်သော ပစ္စည်းတို့ကို သူတပါးတို့ မဖျက်ဆီးနိုင်၊ ရန်ဟူသမျှကို အောင်မြင်စေနိုင်၏။

– ဘဂဝါ ဘဂဝါ နာထော၊ ဘဂ္ဂ ကိလေသ ဝါဟနော၊
ဘဂ္ဂဝန္တော မဟာယသော၊ ဘဂဝါ မာရဝိဇယော။
– ဘဂဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂ္ဂ ကိလေသ မာဂမော၊
ဘဂ္ဂသ ပါပကော ဓမ္မော၊ ဘဂဝါ နာမ တေ နမော။

ဘဂဝါ ဂုဏ်တော် အနက်

ဘဂ္ဂ ကိလေသ ဝါဟနော၊ ချိုးဖျက်အပ်သော ကိလေသာတို့ကို ဆောင်တော်မူတတ်ထသော၊ ဘဂဝါ၊ ဣဿရိယ ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ, တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ နာထော ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူရိုကျိုး၊ ကိုးကွယ်ရာစစ် ဖြစ်တော်မူထသော၊ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်၊ ဘဂ္ဂဝန္တော၊ ချိုးဖျက်ခြင်း ဟုဆိုအပ်သော ဂုဏ်တော်ကြောင့်၊ မဟာယသော၊ မြတ်သော ကျော်စောခြင်း ရှိတော်မူပါပေ၏။ ဘဂဝါ ဘုန်းတော်ခြောက်ပါးအရှင် ဘုရားသခင်သည်၊မာရဝိဇယော၊ မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။ ဘဂ္ဂ ကိလေသ မာဂမော၊ ချိုးဖျက်အပ်သော ကိလေသာ ရှိတော်မူပြီးသော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးအရှင် ဘုရား သခင်သည်၊ဘဂ္ဂဝါ ယုတ္တော၊ ဘုန်းတော် အနန္တနှင့် ယှဉ်တော်မူ၏။ ပါပကော ဓမ္မော၊ ယုတ်မာသော ပါပညစ်ကျူ၊ မကောင်းမှုကို၊ ဘဂ္ဂသ ချိုးဖျက်တော်မူပြီးသော၊ ဘဂဝါနာမ၊ ဘဂဝါ မည်တော်မူသော၊ တေ၊ ထိုသျှင်တော် မြတ်ဘုရားအား၊ မေ၊ တပည့်တော်၏၊ နမော၊ ရှိခိုးခြင်းသည်၊အတ္တုဘဝတုိ၊ ဖြစ်ပါစေသနည်း။

## အရဟံ ဂုဏ်တော်

ဂုဏ်ဒြပ် ကြီးမား၍ အောက်လက် ငယ်သား ဟူသမျှတို့၏ အရိုအသေကို၊ ခံရစေနိုင်၏။ အတွင်းရန် အပြင်ရန်တို့ကို ငြိမ်ဝပ်စေ၏။

— အရဟော နာမ သမ္ဗုဒ္ဓေါ အရဟော ဂုဏဝိသေသော၊ အရဟော ပါကဋော လောကေ၊ အရဟော မာရ ဝိဇယော။

— အရဟောတိ နာမေနစ၊ ရဟောပါပံ နကာရယိ၊ အရဟတ္တဖလ ပတ္တော၊ အရဟော နာမ တေ နမော။

## အရဟံ ဂုဏ်တော်အနက်

သမ္ဗုဒ္ဓေါ၊ သစ္စာလေးရပ်၊ တရားမြတ်ကို ပိုင်းဖြတ်ကုန်စင်၊ သိမြင်တော်မူသော၊ မြတ်စွာ ဘုရား သခင်သည် အရဟော၊ မကောင်းမှုမှ၊ ဆိတ်တော်မူဟု ဆိုအပ်သော၊ ဂုဏဝိသေသော၊ ဂုဏ်ထူးတို့ကြောင့်၊ အရဟောနာမ၊ အရဟာ မည်တော်မူပါပေ၏။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌ အရဟော၊အကုသိုလ်တရားတို့မှ ဆိတ်ခြင်းကြောင့်၊ပါကဋော လူနတ် သတ္တဝါတို့ထက်၊ ထင်ရှားတော်မူပါပေ၏။ အရဟော ကိလေသာတို့မှ ဆိတ်ခြင်းကြောင့်၊ မာရဝိဇယော၊ မာရ်ငါးပါးကို အောင်တော်မူပါပေ၏။ ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်၊ ပါပံ၊မကောင်းမှုကို၊ကာရယိ၊ ကာရယိတုံ

ပြုခြင်းငှာ၊ နုရဟော၊ မသိတ်သည်၏ အဖြစ်ကြောင့်၊ အရဟောတိ၊ နာမေန၊ အရဟော ဟူသော အမည်တော်ဖြင့်၊ ပါကာဋော၊ ထင်ရှားတော်မူပါပေ၏။ အရဟတ္တဖလပတ္တော၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အရဟောနာမ၊ အရဟာ အမည်ရှိတော်မူသော၊ တေ၊ ရှင်တော်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ ရှိခိုးခြင်းကို၊ ကရောမိ၊ ထိခြင်း ငါးမည်၊ အဉ္ဇလီဖြင့် တည်ကြည်ရွှေရှု၊ ဂရုညွှတ်ကျိုး၊ ရှိခိုး ပါ၏ အရှင်ဘုရား။

## သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်

မှန်သော အသိဉာဏ်၊ သိမ်မွေ့ နက်နဲသော ဉာဏ်၊ အမြော် အမြင်ရှိသော ဉာဏ်တို့နှင့် ပြည့်စုံစေနိုင်၏။

— သမ္မာသမ္ဗုဒ္ဓေါ သဗ္ဗညူ၊ သမ္မာ လောကုတ္တရော နဝ၊ သမ္မာ အာသဝေါ သံဃံ၊ သမ္မာစ မာရဝိဇယော။
— သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊ သမ္မာသဒ္ဓမ္မံ၊ ဒေသိတော၊ သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ တေ နမော။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်အနက်

ယော-အကြင်မြတ်စွာဘုရားသည်၊ နဝ၊ ကိုးပါး အပြား ရှိကုန်သော၊ လောကုတ္တရော၊ လောကမှ လွန်မြောက်ရာ၊ မြတ်ဓမ္မကို၊ သမ္မာ၊ ကောင်းစွာ ဧကံ၊ မဖေါက်မပြန် သဗ္ဗညု၊ ကြွင်းမဲ့ဥဿုံ၊ အကုန်အစင်၊ သိမြင်တော်မူပြီးသည်၏၊ အဖြစ်

ကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ၊ မည်တော်မူပါပေ၏။ ခီဏာသဝေါ၊ ကင်းကုန်ပြီးသော၊ အာသဝေါရှိကုန်သော၊ သံဃံ၊ အရိယာအစစ် ဖြစ်ထိုက်မှန်အပ်၊ သံဃာတော်မြတ်ကို၊ သမ္မာ၊ ခွဲခြမ်းဝေဖြာ၊ ကောင်းမွန်စွာ၊ သဗ္ဗညု၊ ကြွင်းမဲ့ဥဿုံ၊ အကုန်အစင် သိမြင်တော်မူပေ၏။ သမ္မာ၊ ဒသပါရမီ စုံညီဝေဖြာ၊ ကောင်းလှစွာ၊ မာရဝိဇယော၊ မာရ်ငါးပါးကို လှန်ကာရှောင်ကျဉ်၊ အောင်မြင် တော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓ ညာဏေန၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားတောက်လျှောက်၊ မဖေါက်မပြန်၊ သိသောဉာဏ်ဖြင့်၊ လောကသ္မိံ၊ သတ္တသင်္ခါ၊ ဩကာသဟု၊ လောကသုံးခွင်၊ ဘုံအပြင်၌၊ သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ၊ မည်တော်မူသော၊ မြတ်စွာဘုရား သခင်သည်၊ သမ္မာ သဒ္ဓမ္မံ၊ မဖေါက်မပြန်သော တရားတော်ကို၊ ဒေသိတော၊ ဟောတော်မူအပ်၏။ သမ္မာသမ္ဗုဒ္ဓေါ နာမ၊ သမ္မာသမ္ဗုဒ္ဓ အမည်ရှိတော်မူသော တော၊ ထိုရှင်တော် မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမာမိ၊ ရှိခိုးခြင်းကို၊ ကရောမိ၊ ထိခြင်းငါးမည်၊ အဉ္ဇလိဖြင့်၊ တည်ကြည်ရှေ့ရှု ပူပါ၏ အရှင်ဘုရား။

## ဝိဇ္ဇာ စရဏသမ္ပန္နော ဂုဏ်တော်

နှုတ်မှု၊ စိတ်မှု၊ နိဿယ ပညာတို့သည် ရှေ့ရှုရောက်စေတတ်၏။ အမှုခပ်သိမ်းတို့၌ ကောင်းကျိုးဆိုးကျိုးကို ဆင်ခြင်ဆုံးဖြတ်နိုင်၏။

– ဝိဇ္ဇာ စရဏ သမ္ပန္နော ဝိဇ္ဇာစရဏ သာဂရော၊ ဝိဇ္ဇာ တနေကော သဗ္ဗညူ၊ ဝိဇ္ဇာစ မာရဝိဇယော။

– ဝိဇ္ဇာ စရဏ သမ္ပန္နော၊ တိဿော ဝိဇ္ဇာ ပကာသိတာ၊ အနာဂတ ပစ္စုပ္ပန္နာ၊ ဝိဇ္ဇာစရဏ တေ နမော။

ဝိဇ္ဇာ စရဏသမ္ပန္န ဂုဏ်တော်အနက်

ယော၊ အကြင် မြတ်စွာဘုရား သခင်သည်၊ ဝိဇ္ဇာစရဏ၊ ဝိဇ္ဇာ စရဏော၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆယ့်ငါးပါး၊ ဟုဆိုအပ်သော၊ သာဂရော၊ သမုဒ္ဒရာကို၊ ဝိတိဏ္ဏော၊ ကူးမြောက်ပြီးသည်၏ အဖြစ်တို့ကြောင့်၊ ဝိဇ္ဇာ စရဏသမ္ပန္နော၊ ဝိဇ္ဇာ စရဏသမ္ပန္န၊ မည်တော်မူပေ၏။ သဗ္ဗညူ၊ သခ်ရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ် တည်းဟူသော ညေယျမ်တရား ငါးပါးတို့ကို၊ ပိုင်းခြား ကုန်စင်၊ သိမြင်တော်မူသော မြတ်စွာဘုရား သခင်သည်၊ ဝိဇ္ဇာတနေကော၊ ပညာဖြင့်ချွတ်တင် တတ်၏၊ ဝိဇ္ဇာစ၊ ပညာကြောင့်လည်း၊ မာရဝိဇယော၊ မာရ်ငါးပါးကို၊ အောင်မြင်တော်မူပါပေ၏။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏဂုဏ်ကြီးရှင်၊ ဝိဇ္ဇာဝိဂ်ရှိ ဘုရင်ထွဋ်ထား၊ မြတ်စွာဘုရားသည်၊ တိဿော ဝိဇ္ဇာ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာ သုံးပါးကို၊ အနာဂတပစ္စုပ္ပန္န၊ အနာဂတ် ပစ္စုပ္ပန်၌၊ ပကာသိတာ၊ ထင်ရှားစွာ ပြတော်မူပါပေ၏။ ပကာသိတေန၊ ထင်ရှားစွာ ပြတော်မူနိုင်ခြင်းကြောင့်၊ ဝိဇ္ဇာ စရဏသမ္ပန္နော၊ ဝိဇ္ဇာ စရဏသမ္ပန္န၊ မည်တော်မူသော၊ တေ၊ ရှင်တော်မြတ်ဘုရားအား၊ နမော၊ မြတ်နိုးသဒ္ဓါ ရှိခိုးပါ၏။

## သုဂတောဂုဏ်တော်

ရရှိပြီးသော စီးပွားချမ်းသာ စည်းစိမ်ဥစ္စာမှ မချို့ငဲ့သော အကျိုးကို ရရှိစေတော်မူ၏။ တပါးသော ပညာသည်တို့၏၊ ဖေါက်ပြန်သော အစာ၊ ဆေးဝါးတို့ကို မူလဇာတိ ပကတိ ရုပ်သို့ ပြန်စေ၏။

- သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော လောကနာယကော၊ သုဂတော လောကသာမိကော၊ သုဂတော မာရဝိဇယော။
- သုဂတော သုဂတဌာနံ၊ သုဂတော သန္တရမ္ပိစ၊ သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော နာမ တေနမော။

## သုဂတော ဂုဏ်တော်အနက်

လောကနာယကော၊ လူသုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူသော၊ သုဂတော၊ ကောင်းသော နိဗ္ဗာန်ဓာတ်သို့၊ ကောင်းစွာ ကြွတော်မူသောမြတ်စွာဘုရား သခင်သည်၊ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းသည့်၊ ဇာတ်သိမ်းခေါ် မှန် ပြည်နိဗ္ဗာန်သို့၊ ယန္တိ၊ ကြွ သွား တော်မူပါပေ၏။ ဣတိတသ္မာ၊ ထိုသို့ နိဗ္ဗာန်ကို ကြွသွားတော်မူတတ်သော ကြောင့်၊ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။သုဂတော၊ သုဂတ အမည်ရှိတော်မူသော မြတ်စွာဘုရားသခင်သည်၊ မာရဝိဇယော၊မာရ်ငါးပါးကို၊လုံ့ခါးမခုဆောင်၊ အောင်တော်

မူပါပေ၏။ သုဂတော၊ ကောင်းမြတ်သော၊ နိဗ္ဗာနဓာတ်သို့၊ ကြွသွားတော်မူသော၊ သုဂတ အမည်ရှိတော်မူသော၊ မြတ်စွာဘုရားသခင်သည်၊ သုန္ဒရမ္ဘိစ၊ ကောင်းမြတ်သော နိဗ္ဗာန်သို့ကြွသွားတော်မူခြင်းလည်း၊ ရှိတော်မူပါပေ၏။ ဣတိပိ၊ ဣမိနာစကာရဏေန၊ ဤသို့သော၊ အကြောင်းကြောင့်လည်း၊ သုဂတောနာမ၊ သုဂတ အမည်ရှိတော်မူသော •တော၊ ထိုအရှင်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ ရှိခိုးခြင်းကို၊ ကရောမိ၊ ထိုခြင်းငါးမည် အညွှလီဖြင့်၊ တည်ကြည်ရှေ့ရှု ပူပါ၏ အရှင်ဘုရား။

## လောကဝိဒူ ဂုဏ်တော်

ရန်သူ နှစ်ဦးတို့အား သင့်မြတ် ညီညွတ်စေနိုင်၏။ သူတပါး၏ စီးပွားကို သည်ပိုး ဆောင်ရွက်နိုင်၏။

- လော က ဝိ ဒူ တိ လော က သ၊ လော က သ ိ ဒ္ဓိ ဝိ ဘာ ဝိ တော၊ လော က ဂု ဏော မဟာဝိဇ္ဇော၊ လောကဂ္ဂ မာရဝိဇယော။
- လောကဝိဒူတိ နာမေနာ၊ တိတာ ဥာဏ လောကဝိဒူ သင်္ခါရ၊ သတ္တမောကာသံ၊ လောကဝိဒူတိ တေ နမော။

## လောကဝိဒူ ဂုဏ်တော်အနက်

ယောဘဂဝါ၊ အကြင် မြတ်စွာဘုရား သခင်သည်၊ လောကဝိဒူတိ လောကဝိဒူ၊ ဣတိ၊ လောကသုံးပါး၏၊ အဆိုး အကောင်း၊ အကျိုးအကြောင်းကို၊ သိတော်မူခြင်းကြောင့်၊

လောကဝိဒူ ဟူသောအမည်တော် ရှိတော်မူပါပေ၏။ လောကသိဒ္ဓိပိ၊ လူတို့၏ အကျိုးစီးပွား လောက၏ အကျိုးစီးပွားကို၊ ဝိဘာဝိတော၊ ထင်ရှားစွာ ပြတော်မူတတ်ပါပေ၏။ မဟာဝိရော၊ ကြီးမြတ်သော၊ လုံ့လရှိတော်မူသော၊ လောကဂုဏော၊ သုံးလောကတွင်၊ တုမမြင်အောင်၊ ဂုဏ်အင်ကြီးမြတ်တော်မူထသော၊ လောကဂ္ဂေါ၊ လောကဥ္ဇ၊ ဝါ၊ လောကထက်မြတ်သော၊ ပုဂ္ဂိုလ်စစ် ဖြစ်တော်မူသော၊ မြတ်စွာဘုရား သခင်သည်၊ မာရဝိဇယော၊ မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။ လောကဝိဒူတိ နာမေန လောကဝိဒူ၊ဟူသောအမည်တော်ဖြင့်၊ အတီတာ၊ လွန်မြောက်ကုန်သော၊ ဉာဏလောကဝိဒူ၊ ဉာဏ်တော်အားဖြင့်၊ လောကဥ္ဇ၊ လိမ္မာတော်မူထသော၊ သင်္ခါရသတ္တမောကာသံ၊ ပြုပြင်ခြင်း သင်္ခါရ၊ သတ္တဝါဇီဝ၊ ဘုံတည်ရာ ဌာနတို့ကို၊ ပိုင်းခြား၍၊ သိမြင်တော်မူသော၊ လောကဝိဒူတိ၊ လောကဝိဒူကတိ၊ လောကဝိဒူ အမည်ရှိတော်မူသော၊ တော၊ ရှင်တော်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ မြတ်နိုးသဒ္ဒါ ရှိခိုးပါ၏ အရှင်ဘုရား။

## အနုတ္တရောဂုဏ်တော်

တပါးသော ပညာသည်တို့နှင့် ယှဉ်တွေ့သည့် အခါ၊ ယှဉ်လာသူတို့၏ အရှိအသေကို ခံရစေနိုင်၏။ မိမိ၏ ပညာကြီးကျယ်စေ၏။ မိမိ၏ ဂုဏ်သတင်းကို ထွန်းလင်းစေ၏။

– အနုတ္တရော ဉာဏသိရော အနုတ္တရော အာနုဘာဝေါ၊ အနုတ္တရောတိ လောကသ္မိံ၊ အနုတ္တရောစ ဝိဇ္ဇယော။
– အနုတ္တရော ဂုဏသိလော၊ ယော လောကဿ အနုတ္တရော အနုတ္တရေန လောကသ္မိံ၊ အနုတ္တရောစ တေ နမော။

## အနုတ္တရော ဂုဏ်တော်အနက်

အနုတ္တရော ဉာဏ သိရော၊ သူတပါးတို့ထက် လွန်မြတ်သော ဉာဏ်တော် ရှိထသော၊ အနုတ္တရော အာနုဘာဝေါ၊ သူတပါးတို့ထက် လွန်မြတ်သော အာနုဘော် ရှိတော်မူထသော၊ လောကသ္မိံ၊ လောက၌၊ အနုတ္တရော၊ လွန်မြတ်တော်မူထသော၊ အဝိဇ္ဇာယောစ၊ အဝိဇ္ဇာ တရားတို့ကိုလည်း၊ အနုတ္တရော၊ လွန်မြတ်တော်မူသော၊ ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသခင်သည်၊ လောကသ္မိံ၊ လောက သုံးပါး၌၊ အနုတ္တရေန၊ နှိုင်းပြိုင်ဘက်ရှင်း လွန်မြတ်တော် မူခြင်းဖြင့် ဝါ၊ လွန်မြတ်တော်မူခြင်းကြောင့်၊ အနုတ္တရောနာမ၊ အနုတ္တရ မည်တော်မူသော၊ တေ၊ ရှင်တော်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ စေတနာမိုး၊ သွန်းဖြိုးသဒ္ဓါ၊ ရှိခိုး ပါ၏ အရှင်ဘုရား။

## ပုရိသ ဒမ္မသာရထိ ဂုဏ်တော်

ရိုင်းပြ ကြမ်းကြုတ်စွာ ရန်မူလိုသော သူတို့အား ငြိမ်ဝပ် ပိပြားစေ၏။ ဆန့်ကျင့်ဘက် ပြုသူတို့ မဆန့်ကျင်ဘဲ အလို ခပ်သိမ်း ပြီးငြိမ်းစေသော အကျိုးကို ဆောင်နိုင်၏။

— ပုရိသ ဒမ္မသာရထိ၊ ပူရေဇန္တော ဒါနပါရမီ၊ ပုရေတိ သဗ္ဗလောကဿ၊ ပုရေတိ မာရဝိဇယော။
— သာရထိ၊ သာရထိဒေဝ၊ ယော လောကဿ သာရထိ၊ ဌပေတွာ ပုရိသသေဋ္ဌံ၊ သာရထိနာမ တေ နမော။

ပုရိသ ဒမ္မသာရထိ ဂုဏ်တော်အနက်

ဒါနပါရမီ ဒါနာဒိ ပါရမီ ဒါနစသော ပါရမီတော်တို့ကို၊ ပူရေန္တော၊ ဖြည့်တော်မူသော၊ ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသခင်သည်၊ ပုရိသ ဒမ္မသာရထိ၊ ကြိမ်ကိုင်၊ ကြိုးကိုင်၊ ဇာတ်သွင်း ပိုင်သဖြင့် ယဉ်ပြိုင်သူ ရှောင်ခွာရသည့် လိမ္မာသော ရထားထိမ်းသည် ကြမ်းလှသည့် မြင်းဆိုးကို ကြိုးလှုပ်ခါမျှ စေခိုင်းရဘိ သကဲ့သို့၊ မယဉ်ကျေးသော လူယောကျ်ား၊ တိရစ္ဆာန် ယောကျ်ား၊ နတ်ယောကျ်ား၊ ဘီလူးယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပါပေ၏။ သဗ္ဗ လောကဿ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော လောက၏၊ အကျိုးစီးပွား အလို့ငှာ၊ ပူရေတိ၊ ဖြည့်ကျင့်တော်မူပါပေ၏။ ပုရေတိ၊ မာရဝိဇယော၊ ရဲရဲဝံ့ဝံ့၊ နောက်မတွန့်ပဲ၊ စွန့်ကြဲစာဂီ၊ ပါရမီဒါန၊ အဝဝကို များစွာသတ္တာ၊ ပြဟ္မာနတ်လူ၊ တူသူမရှိ၊ သမာဓိဖြင့်၊ ဖြည့်ကျင့်တော် မူခြင်းကြောင့်၊ မာရ်ငါးပါးကို၊ လုံဒါးမဆောင်၊ အောင်မြင်တော်မူပါပေ၏။သာရထိဒေဝ၊သမုတိနတ်၊ဥပပတ္တိနတ်ဟု ဆိုအပ်သော၊ နတ်တကာတို့၏၊ ယာဉ်မှူးသဘွယ် ဖြစ်တော်မူသော၊ သာရထိ၊ ယာဉ်မှူး ဓိပတိ၊ မုနိထွဋ်ဌထား၊ မြတ်စွာဘုရားသည်၊

လောကဿစ၊ ဗြဟ္မာလူနတ်၊ သုံးရပ်ဘုံသား၊ လူသုံးပါးတို့၏လည်း။ သာရထိ၊ လမ်းဆောင်ရှေ့သွား၊ ရထားမှူးစစ်၊ ဖြစ်ကြီးဖြစ်တော်မူပါပေ၏။ သေဋ္ဌ၊ နိုင်းမယှဉ်ရာ၊ မြတ်လှစွာသော၊ ပုရိသ၊ ယောကျ်ားမြတ်ကို၊ ဠပေတ္ဘ၊ ထား၍၊ အညသမံ၊ တပါးဟူဟူ၊ တူသောသူသည်၊ နတ္ထိ၊ ကြည့်ရှုရှာဖွေ မရှိပေ၊ ဣတိပိဣမိနာ ကာရဏေနစ၊ ဤသို့ မရှိခြင်းကြောင့်လည်း၊ သာရထိနာမ၊ မျှားလှသတ္တာ ဝေနေယျာကို၊ ခေမာဆက်သွား၊ မဂ်ရထားတင်၊ လက်ဖျားငင်၍၊ ကယ်တင်ရှာဘိ၊ သာ[illegible]ငှ၊ သာရထိ အခည်ရှိတော်မူသော၊ တေ၊ ရှင်တော်မြတ်[illegible]သော၊ အဟံ၊ တူပည့်တော်သည်၊ နမော၊ သက်လုံးဆည်းကာ[illegible]၊ သောမနသ်ဖြင့် မြတ်မြတ်နိုးနိုး ရှိခိုးပါ၏ အရှင်ဘုရား။

## သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်

အများ၏ ရှေ့သွား ခေါင်းဆောင် ဖြစ်တော်မူ၏။ မိမိနှင့်တကွ နောက်ပါ လူအပေါင်းတို့၏ စိတ်နှလုံး ဗျာပါရ သောကကို ကင်းငြိမ်းစေနိုင်၏။

— သတ္ထာ ဒေဝမနုဿာနံ၊သတ္ထာ ဒေဝဗြဟ္မာနံ၊ သတ္ထာ ဒေဝမုနိနာမ၊ သတ္ထာဝ မာရဝိဇယော။

— သတ္ထာ ဒေဝမနုဿာနံ၊ သတ္တာ ဟောတိဝ ယောမုနိ၊ သံသာရ ရထစက္ကာနံ၊ သတ္ထာ ဒေဝစ တေ နမော။

## သတ္တာ ဒေဝမနုဿာနံ ဂုဏ်တော်အနက်

ဒေဝမနုဿာနံ၊ နတ်လူပြဟ္မာတို့၏၊ သတ္တာ၊ ဆရာဓမ္မရာဇ် ဖြစ်တော်မူသော၊ မြတ်စွာဘုရား သခင်သည်၊ တြိဘဝနံ၊ကာမ ရူပ၊ အရူပ ဟု ဘဝသုံးထပ်၊ ဘုံသုံးရပ်၏။ သတ္တာ၊ ဆရာ အစစ် ဖြစ်ကြီးဖြစ်ဘော်မူပါပေ၏။ ဒေဝမနိုနာမ ဒေဝမနိုန်၊ နတ်တကာ၊ ရဟန်းတကာတို့၏၊ သတ္တာအစစ် ဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည်၊ မာရဝိဇယော၊ မာရ်ငါးပါးကို၊ လုံ့ဒါးခဆောင်၊ အောင်မြင်တော် မူပါ ပေ၏။ ယောမုနိ၊ ရဟန်းတကာ၊ နတ်တကာတို့၏ ဆရာ ထွဋ်ထား၊ အကြင်မြတ်စွာဘုရား သခင်သည်၊ သံသာရ ရထ စက္ကာနံ၊ သံသရာဟု ဆိုအပ်သော၊ အကန့်အကွက်၊ ပေါင်း ယှက်ထွေပြား၊ စက်လည်းဘီးအား၊ သောဓယိစ၊ သုတ်သင် တတ်သည့် အဖြစ်ကြောင့်ရှင်း၊ သတ္တာ ဒေဝမနုဿာနံစ၊ ပြဟ္မာလူနတ်၊ တြိသတ်တို့၊ဆရာမြတ် အစစ်ဖြစ်ကြီး ဖြစ်တော် မူသောကြောင့်ရှင်း၊ သောမုနိ၊ ရဟန်းတကာ၊ နတ်တကာ တို့၏၊ ဆရာထွဋ်ထား၊ ထိုမြတ်စွာဘုရား သခင်သည်၊ သတ္တာ၊ အမည်ခံ ဆရာ၊ များလှစွာတို့ထက်၊ တုဘက်လွန်စွာ၊ မြတ်လှ စွာသော၊ ဆရာအစစ်သည်၊ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပါ ပေ၏။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့၊ သုံးပါး လောက၊ လူသုံးဝ၏၊ ကုလထွဋ်ထား ဆရာအရှင် ဖြစ်တော် မူသော အကြောင်းကြောင့်လည်း၊ သတ္တာဒေဝစ သတ္တာ ဒေဝမနုဿာနံ၊ အမည်ရှိတော်မူသော၊ တော၊ အရှင်မြတ်

ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမာမိ၊ တုတ်ကွ ဖူးမြော်၊ ပူဇော်ညွတ်ကျိုး၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ဗုဒ္ဓေါ ဂုဏ်တော်

သူတပါး၏ အကြံအစီကို သိနိုင်၏၊ မိမိ၏ ကျေးဇူး သစ္စာကို မဖောက်ပြန်နိုင်သော အကျိုးအာနိသင် ရှိ၏။

— ဗုဒ္ဓေါ သဗ္ဗဇိပတော ဓမ္မေ၊ ဗုဒ္ဓေါ ဥာဏေန သမ္ဗုဒ္ဓေါ၊
ဗုဒ္ဓေါနာမ တိလောကသ္မိံ၊ ဗုဒ္ဓေါစ မာရပိဇယော။
— ဗုဒ္ဓေါ ဗုဒ္ဓေါတိ သစ္စာနိ၊ စတုသစ္စာ ပြကာသိတာ၊
ပကာသိတာ၊ သစ္စံ ဗုဒ္ဓဿ ဥာဏေန၊ ဗုဒ္ဓဿနာမ
တေ နမော။

## ဗုဒ္ဓေါ ဂုဏ်တော်အနက်

ဗုဒ္ဓေါ၊မြတ်စွာဘုရား သခင်သည်၊ သဗ္ဗဇိတေဓမ္မေ၊ အလုံးစုံအောင် အပ်သော တရားတို့ကို၊ ဇိတော၊ လုံ့ဒါး မဆောင်၊ အောင်တော်မူပြီ၊ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်၊ ဥာဏေန၊ သဗ္ဗညုတ ဥာဏ်တော်ဖြင့်လည်း၊ သမ္ဗုဒ္ဓေါ၊ သစ္စာလေးဝ ဌေယျင်ါးရပ်၊ တရားမြတ်ကို၊ ပိုင်းဖြတ် ကုန်စင်၊ ကြွင်းမတင်အောင်၊ သိမြင်ထင်ရှား ဘုရားစင်စစ်၊ ဝေကံ၊ အမှန် ဖြစ်တော်မူပါပေ၏။ လောကသ္မိံ၊ သုံးပါးဘဝ၊ သုံးလောက၌၊ ဗုဒ္ဓေါတိ နာမေန၊ ဗုဒ္ဓဟူသော အမည်တော်အားဖြင့်၊ ဝိသုတော၊ အထူးသဖြင့် ကျော်စောတော်မူသော

ဗုဒ္ဓေါ၊ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ မာရဝိဇယော၊ မာရ်ငါးပါးကို လှံ့ဒါးမဆောင်၊ အောင်တော် မူပါပေ၏။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရား၊ ဘုရားဟူ၍၊ သစ္စာနိ၊ အရိယာတို့သာ၊ သိထိုက်သောအား၊ မှန်လှစွာသော၊ တရား တည်းဟူသော၊ စတုသစ္စာ ပြကာသိတာ၊ သစ္စာလေးပါး မြတ်တရားကိုလည်း၊ ထင်ရှားလှလှ၊ ပြတော်မူပေ၏။ သစ္စံ အတုလသစ္စံ၊ သူမတူတန်၊ ဖေါက်ပြန်မရှိ၊ ပကတိ သဘာဝ ဟုတ်မှန်လှသော၊ ဗုဒ္ဓဿ ဉာဏေန၊ မဖောက်မပြန်၊ ကော်ဆတ်ဆတ် မြတ်စွာ အရိယံ သစ္စာဉာဏ်ဖြင့်၊ ပကာ သိတာ၊ ထင်ရှားကျန၊ ပြတော်မူပြီးသော၊ တေ၊ ထိုရှင်တော်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ မာန်စွယ်ပယ်ချိုး၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

## ဘဂဝါဂုဏ်တော်

ဆင်းရဲ၊ ကျဉ်းမြောင်းခြင်း အချုပ် အနှောင် ခံရခြင်း၊ တို့မှ ကင်း လွတ်စေနိုင်သော အကျိုးကို ဖြစ်စေနိုင်၏။

– ဘဂ္ဂါသဝေါ သမ္ဗုဒ္ဓေါ၊ ဘဂ္ဂရာဂေါ မန္တုဘဂ္ဂေါ၊ ဘဂ္ဂါပါပ အကုသလော ဘဂ္ဂဝါ မာရဝိဇယော။

– ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော ဘဂ္ဂမောဟော အနာသဝေါ ဘဂ္ဂသံသာရ မုတ္တမော၊ ဘဂ္ဂဝါ နာမ တေ နမော။

## ဘဂဝါ ဂုဏ်တော်အနက်

ဘဂ္ဂါသဝေါ၊ ချိုးဖျက်အပ်သော၊ အာသဝေါတရားတို့ကို၊ သမ္မဒုဋ္ဌော၊ ကောင်းစွာ၊ ချိုးဖျက်တော်မူပြီးထသော၊ ဘဂ္ဂရာဂေါ၊ ချိုးဖျက်အပ်သော ရာဂတရားတို့ကို၊ သမ္မာဒုဋ္ဌော၊ ကောင်းစွာ၊ ချိုးဖျက်တော်မူပြီးထသော၊ မစ္စုစ၊ မစ္စုမာရ်ဟု ဖန်ဖန်ကွေ့ကွင်း၊ သေရခြင်းကြောင့်၊ ထန်ပြင်းချယ်လှယ်၊ ထိုမာန်စွယ်ကိုလည်း၊ ဘဂ္ဂဝါ၊ မျိုးစေ့ကင်းပြတ်၊ နောက်မထပ်အောင်၊ ပေါက်ပြန် ချိုးဖျက်တော်မူပြီးထသော၊ ဘဂ္ဂပါပ အကုသလော၊ ချိုးဖျက်ထိုက်လှ၊ ညစ်ညမ်းစွဟု၊ ပါပဓမ္မာ၊ ယုတ်မာမူဆို၊ အကုသိုလ် တရားတို့ကိုလည်း၊ ဘဂ္ဂဝါ မျိုးစေ့ကင်းပြတ်၊ နောက်မကပ်အောင်၊ ပေါက်ဖြတ်၊ ချိုးဖျက်တော်ပြီးသော၊ ဝါ၊ ငါလည်းချိုးဖြတ်၊ သုံးရပ်လုံးနေ၊ များဝေဏောလည်း၊ ဖြတ်ကြွကြရန်၊ စိတ်အားသန်နှင့် သံသရာဝက်၊ မာန်စွယ်ထွက်ကို၊ ချိုးဖျက်တော်မူသော မြတ်စွာဘုရား သခင်သည်၊ မာရဝိဇယော၊ မာရ်ငါးပါးကို လုံးဝါး မဆောင်၊ အောင်မြင်တော်မူပါပေ၏။ ဘဂ္ဂရာဂေါ ချိုးဖျက်အပ်သော ရာဂကိုရှင်း၊ ဘဂ္ဂဒေါသော၊ ချိုးဖျက်အပ်သော ဒေါသကိုရှင်း၊ ဘဂ္ဂမောဟော၊ ချိုးဖျက်အပ်သော မောဟကိုရှင်း၊ ဘဂ္ဂဝါ၊ ချိုးဖျက်တော်မူပြီးထသော၊ အနာသဝေါ၊ ကိလေသာ ဟုဆိုအပ်သော အညစ်အကြေး မရှိထသော၊ ဘဂ္ဂသံသာရံ၊ အဝိဇ္ဇာထွေးယှက် ပုံးတောင်းစက်ဟု၊ ကန့်ကွက်အမျက်၊ လွန်ရှုပ်ယှက်သည့် ချိုးဖျက်အပ်စွာ သံသရာကို

ဥတ္တမော၊ ခုန်ကျော်ပေါက်ရောက်၊ လွန်မြောက်တော်မူသော၊ ဝါ၊ ကုမိနာဝစ ကာရဏေန၊ ဤသို့ သံသရာ တည်းဟူသော အကန့်အကွက်၊ ပုံတောင်းစက်ကို ချိုးဖျက် ပေါက်ရောက် လွန်မြောက်တော် မူသောကြောင့်၊ ဘဂ္ဂဝါနာမ၊ ဘဂဝါ၊ အမည်ရှိတော်မူသော၊ တေ၊ ရှင်တော်မြတ်ဘုရားအား၊ အဟံ၊ တပည့်တော်သည်၊ နမော၊ ကာယ ဝစီ မနောချီ၍၊ အဉ္ဇလီ ညွတ်ကျိုး ရှိခိုးပါ၏ အရှင်ဘုရား။

## နဝ ဂုဏ်တော်ချုပ် ဂါထာ

အမင်္ဂလာ ကင်း၍၊ မင်္ဂလာ အပေါင်းနှင့်၊ ပြည့်စုံစေ သတင်္ဂ၏။

— နဝရတန မောကာသံ၊ နဝဂုဏံ နရာသဘံ
နရာ နရာန မောကာသံ၊ နရာနာထံ နမာ မဟံ။
— အဂ္ဂမဂ္ဂ မဟာပုညံ၊ ရာဇာရာဇ ဇနာဒိဗ္ဗံ၊
ဒေဝ ဒေဝဥ္စ သမ္ဗုဒ္ဓံ သိရေဟိ ဝရံ နမေ။

## နဝ ဂုဏ်တော်ချုပ် ဂါထာအနက်

နဝ ရတနံ၊ ကိုးသွယ်နဝရတ်၊ ဓါတ်မြတ်အနဂ္ဃ လောက သားများ လွန်ကိုးစားသော ကိုးပါးသော ရတနာတို့၏ ဩကာသံ၊ တည်ရာမှီရာ ဖြစ်ထသော၊ နဝဂုဏံ၊ ကိုးပါးသော ရတနာ ဂုဏ်တော်တို့၏၊ဩကာသံ၊တည်ရာ မှီရာ လည်း ဖြစ်ထ သော၊ နရာသဘံ၊ လူနတ်တို့၏၊ အကြီးအမှူး၊ ဦးစီးနရုတ္တမ၊ ဥက္ကဋ္ဌစစ်ကြီး ဖြစ်တော်မူထသော၊ နရာနရံ၊ လူနတ်တို့၏၊ ဩကာသံ၊တည်ရာ မှီရာ လည်းဖြစ်ထသော၊ နရာနာထံ၊လူနတ်

ဗြဟ္မာ၊ သတ္တဝါတို့၏ ကိုးကွယ်ရာ အစစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား၊ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရှိခိုးပါ၏။ အဂ္ဂမဂ္ဂမဟာပုညံ၊ အမြတ်တကာတို့ထက်၊ ဆထက်လွန်ကြူး၊ အထူးအဖြင့်၊ ကျူးရင့်သာမွန်၊ လွန်မြတ်တော်မူထသော၊ ရာဇာ၊ ရာဇ ဇနာဒိဗ္ဗံ၊ မင်းတကာတို့ထက်၊ လွန်မြတ်သော လူနတ်တို့၏ ကိုးကွယ်ရာ အစစ် ဖြစ်ကြီး ဖြစ်တော်မူထသော၊ ဒေဝ ဒေဝဥ္စ၊ သမ္မုဒ္ဓိ၊ သမ္မုတိနတ်၊ ဥပပတ္တိနတ် တည်းဟူသော နတ်တကာတို့ထက် လွန်မြတ်တော် မူထသော၊ ဝိသုဒ္ဓိနတ်မြတ် အစစ်၊ ဖြစ်ကြီး ဖြစ်တော်မူထသော လောကထွဋ်ထား၊ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား၊ မေ–မမ၊ သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသကို၊ နာမ ရူပါ ဖွဲ့ခါပေါင်းစပ်၊ အတ္တဇိဝါ၊ သညာနာမ၊ (=) ဟု၊ ဝေါဟာရမှည့်ခေါ် တပည့်တော်၏၊ ဝရံ၊ ခက်မငါးဖြာ၊ ရှိလေရာတွင် ထွဋ်ဒေါ်တင် သတ်မှတ် မြတ်လှစွာသော၊ သိရေဟိ၊ ဦးခေါင်းရတနာ၊ မြတ်အင်္ဂါတို့ဖြင့်၊ နံမေ နမာမိ၊ ထိခြင်းငါးမည်၊ အဉ္ဇလီဖြင့် တင်ချီညွတ်ကျိုး လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

# ဣတိပိသော

## တပုဒ်လုံးအသုံးချနည်း (လင်္ကာကြီး)

ဗုဒ္ဓဂုဏော၊ ဂုဏ်ကိုးထွေကို၊ လုံးရေကြွင်းမဲ့၊ သင်္ချာဖွဲ့သော်၊ ငါးဆယ့်ခြောက်ဖြာ၊ ယင်းတို့သာလျှင်၊ လျှော်စွာသမှူ၊ ဆယ့်လေးစု၍၊ လိုဆုပြည့်ကြာ၊ ရွတ်ခါရှောင်းသော်၊ အင်းကောင်းမတန်၊ မန္တန်မမျှ၊ ကာလမလင့်၊ အခွင့်ကြုံတွေ့၊ သို့ဖြစ်ရွေ့လျှင်၊ အလေ့အလာ၊ လူတကာတို့၊ ဗုဒ္ဓါနုဿတိ၊ စွဲမြဲဘိမူ၊ စုတိချိန်ရောက်၊ ထိုမှနောက်၌၊ မဘောက်မပြား၊ ပါယ်လေးပါးသို့၊ မလားနိုင်ဖေ၊ များဝေနေတို့၊ လိုလေရာရာ၊ ဣစ္ဆာသယ၊ ဟူသမျှကို၊ စိတ်ကရွတ်တိုင်း၊ မဆုတ်ဆိုင်းပဲ၊ ချက်တိုင်းမသွေ၊ ပြည့်စုံလေဟု၊ ကဝေဆရာ၊ ပဏ္ဍိတာတို့၊ သတ္တဝါကလွှား၊ စီးပွားများအောင်၊ ကြံဆောင်ရည်သား၊ သနားကရုဏာ၊ တိုက်တွန်းပါ၍၊ မေတ္တာရှေ့တည်၊ ထားခဲ့သည်ကို၊ နားလည်စေချင်၊ နိဒါန်းဆင်ပိမ့်။

ဦးတင်ရှေ့ရှိ၊ "ဣတိ" အက္ခရာ၊ အသုံးမှာ ကား၊ ရရာယူကောက်၊ အုတ်ကျောက်ရှစ်ခဲ၊ မန်းမြဲ သုံး ဆယ်၊

ရှစ်သွယ်ဒီသာ၊ ရပ်ခန်းဝါသို့၊ ပစ်ခါလည်းထား၊ ခရီးသွားသော်၊ ငါးပါးရန်သူ၊ ပြုမှုမရောက်၊ မကြောက်တစ္ဆေ၊ စစ်ထွက်လေမူ၊ ပုဗ္ဗဒိသာ၊ ရပ်ခန်းဝါသို့၊ မျက်နှာမူ၍၊ ဆယ်ခေါက်စေ့အောင်၊ ရွတ်လေမပျက်၊ ပြည်မှထွက်သော်၊ မခက်လွယ်ကာ၊ အောင်သည်သာတည်း။

ထိုခါကာလ၊ ရွတ်ပြန်ကလည်း၊ ဘေးမှလွတ်ကင်း၊ စစ်ချင်းယှဉ်လာ၊ တိုက်ရပါမူ၊ လျှင်စွာခေါင်းပေါင်း၊ ချွတ်တုံရှောင်း၍၊ ရှေ့ဆောင်ထုံးတက်၊ ဆယ်ခေါက်မန်းပြီး၊ ခါးပန်းပတ်ဆင်၊ တိုက်ရလျှင်မူ၊ ဘယ်တွင်မချွတ်၊ မလွတ်နိုင်တတ်၊ မုခပါဌ်သည်၊ ဖြောင့်မတ်ဆိုချေ၊ မယိမ်းတည်း။

"ပိသော"အက္ခရာ၊ အသုံးမှာကား၊ နံ့သာမရွေး၊ မွှေးမွှေးသမျှ၊ ဂရိုးချ၍၊ တရာ့ရှစ်မှန်၊ စုတ်ပြန်ပြီးဆို၊ ကိုယ်ကိုလိမ်းထား၊ သွားရငြားမူ၊ အများတကာ၊ မေတ္တာသက်ဝင်၊ သားနှယ်ခင်လိမ့်။

ထို့ပြင် "ဘဂဝါ" အသုံးမှာကား၊ များစွာပြောတူ၊ ကြွက်ကြွက်ဆူ၍၊ ရန်သူဝိုင်းမြောက်၊ လေးဘက်ထောက်လျက်၊ အစောက်လျှာဖျား၊ ကပ်ခါထားပြီး၊ ကျောင်းသားဟိန်းတု၊ ရွတ်သည်ပြုကာ၊ စတုဒိသာ၊ လေးမျက်နှာသို့၊ ဆုတ်ခွာရန်မျိုး၊ ပုန်းလျှိုးပြေးတွက်၊ မင်းတို့မျက်လည်း၊ နှစ်သက်ဘွယ်ရာ၊ မွှေးနံ့သာကို၊ နှုတ်လျှာရွရွ၊ ဆတ္တိံသပင်၊ ရွတ်ကြကုန်၏။ ကွမ်းတွင်ထည့်၍၊ စားသည့်ကာလ၊ မူးမူးထအောင်၊ ဒေါသဆူဝေ၊ ထွက်တို့လေသည်၊ ပျောက်ပေထုံးစံ။

"အရဟံ"ကား ညီနံ့ညစ်ကြေး၊ ဖွတ်ဆေးလျှော်ကာ၊ အိပ်ယာတဝ၊ ဟူသမျှကို၊ ရွရွဖြူညက်၊ တန်ခိုးထွက်အောင်၊ ကိုယ်လက်သန့်စင်၊ သုတ်သင်ရှင်းလင်း၊ ညဥ့်ရုံသွင်းကာ၊ သံညှင်းမြမြ၊ နှုတ်မြွက်ဟ၍၊ ပီသခြားနား၊ တတ်အားသမျှ၊ ရွတ်ကြမရွှေ့၊ တလစေ့သော်၊ လောက်လွှဲ့ကုန်လုံ၊ ပြည့်စုံထူထပ်၊ လာဘ်နှင့်တကွ၊ လူသဗ္ဗတို၊ ညွှတ်ခကော်ရော်၊ ပူဇော်သက္ကာ၊ ရောက်မည်သာတည်း။

"သမ္မာသမ္ဗုဒ္ဓေါ" ဤသဘောကား၊ စောစောနေထွက်၊ နံနက်ကာလ၊ ပြုဗ္ဗတူရူ၊ ရှေ့မှတည့်တည့်၊ မျက်နှာလှည့်၍၊ ရွတ်သည်ခုနှစ်၊ စေ့သည့်ဖြစ်က၊ ရန်စစ်မိန့်မှိုင်၊မကြံနိုင်တည့်၊ အနိုင်ကြိုးစား၊ ကြံပါငြားလည်း၊ ဘေးများမခါ၊ ချင်းတို့ထိ၍၊ နွမ်းအိမရှင်၊ လွန်ပူပင်လိမ့်၊ သွားချင်ခရီး၊ လုံးပန်းကြီးသော်၊ လေ့စီးစရာ၊ မပေါလာမူ၊ မျက်နှာအောက်ထား၊ မြစ်ကမ်းနားသောင်၊ သုံးထောင်ရအောင်၊ ရွတ်ပမသွေ၊ လှေရပေလိမ့်၊ ထွေထွေရာရာ၊ ရေမှာမနေအောင်း၊ မိကျောင်းကစ၊ ဘေးဘယတို့၊ ကြောက်ကြတို့လေ၊ ထိုမြစ်ရေကို၊ လျှင်စေလွယ်ကူ၊ ခပ်၍ယူမူ၊ ထို့တူမှန်းလိုက်၊ သုံးထောင်ဆိုက်အောင်၊ မြစ်ဥပက်ပါ၊ ထိုထိုစာ၍၊ သုံးခါရွတ်မန်း၊ သုံးကြိမ်ဖျန်းသော်၊ ဂဏန်းလိပ်ငါး၊ ရန်သူများတို့၊လားလားမသိ၊ မမြုပ်ပြီတည်း။ ဖွတ်ဆိမ့်ညှင်း၊ ဆီခွက်တွင်းသို့၊ သွတ်သွင်းပြီးမှ၊ သုံးလူဘကို၊ ညွှတ်ခကော်ရော်၊ မီးပူဇော်၍၊ ငြိမ်းသော်တဖန်၊ လိုအကြံကို နှုတ်မြန်ရွရွ၊ လေးထောင်ရအောင်၊ ရွတ်ကြလေပါ၊ လိုရှိခါဌ၊ မြတ်စွာဘုရား၊

မစေသားဟု၊ ထိပ်ထားချီးမြှင့်၊ နှားပန်ပင့်မူ၊ ပစ်လွှတ်ခုတ်ထိုး၊ လက်နက်မျိုးတို့၊ မတိုးဝင်လာ၊ ပြေးထွက်ခွာသည်၊ အာဂုရာ ပဥ္စတန်ခိုးတည်း။

"ဝိဇ္ဇာစရဏ" အသုံးပြုပိမ့်၊ ချမ်းမြစေ့ွ၊ ရေကိုသာလျှင်၊ မန်းပါဆယ့်ရှစ်၊ မျက်နှာသစ်၍၊ ကြွင်းရစ်သမျှ၊ သောက်ရပါမူ၊ မြင်ကချစ်ခင်၊ ကြွားလျှင်သနား၊ ရှိသုံးပါးတွင်၊ သွားမြဲသဘော။

"သမ္ဗုဒ္ဓေ" ကား၊ စိတ်စောမမေ့၊ နေ့တိုင်းနေ့ပင်၊ ပ္ပဟ်လေ့ရှိသူ၊ ပြောမူတင့်တယ်၊ ဆို ဘွယ် လျောက် ပတ်၊ ရန်မှတ်နှားဝင်၊ ဖြစ်ချင်သဘော။

"သုဂတော" အက္ခရာ၊ အသုံးမှာကား၊ ခင်ပါတလုံ၊ ထုံးစံညီမျှ၊ ဗတ္တိသပင်၊ ချည်ပင်ရေ၍၊ စေ့လေပြီဆို၊ ချည်တိုတချက်၊ ထက်ဝက်ခေါက်ချီး၊ တင်ရိုးလွှန်ပေါင်း၊ ကျစ်ပြီးရှောင်းမှ၊ ၎င်းကိုသာ၊ အက္ခရာဖြင့်၊ လျှင်စွာတထောင်၊ ခုတ်ပြီးနှောင်မှ၊ လျှော်အောင်ကြည့်ရှု၊ ကြိုးကွင်းပြု၍၊ မန်းမှုဆယ့်ရှစ်၊ စေ့သည်ဖြစ်က၊ တသစ်ဆိုရာ၊ မဟာသိဒ္ဓေ၊ ကိုယ်၌ပေမူ၊ ရွတ်လေဆယ့်ငါး၊ ဆောင်၍သွားက၊ ထင်ရှားမှုချ၊ သိရပါလိမ့်။

"လောကဝိဒူ" နှတ်လူများစွာ၊ ဆာ ယာ ခေါ် ဆို၊ ကိုယ်ရိပ်ကိုလျှင်၊ အလိုရှိဘိ၊ ထပ်တင်ကြည့်၍၊ ရွတ်သည်ကာလ၊ ကောင်းကင်ဝဝယ်၊ မူလရုပ်သွင်၊ အရိပ်ထင်လိမ့်၊ ဖြူလျှင်ကောင်းစွာ၊ မဲကာဆင်းရဲ၊ ဘောက်လဲတဖန်၊ ပိတုံးပြန်သော်၊ ပုပန်ပြင်းစွာ၊ ဖျားနာလည်းတွေ့၊ သေ့းအံ့၍လျှင်၊

သေလော့မမှား၊ ထူးခြား မြင်းဆင်၊ ရုပ်ထုမြင်မူ၊ ဘက်တွင် မရှောင်၊ မှူ့မျိုးအောင်အံ့၊ ဆောင်ကြအပြီး၊ တသီးဆိုရာ၊ ကြည့်ရှုသမျှ၊ လူကဲ့သို့ပင်၊မြင်တုံလေဘိ၊ သေဘေးထိလိမ့်၊ သတိမြဲစေ၊ ယွင်းမသွေသည်။

"အနုတ္တရော" ရှင်တော်ဟောကြား၊ သဘောမှန်စွာ၊ လေးလုံးစာကို၊ သိသာစေလို၊ အဆုံးဆိုပိမ့်၊ ထိုထိုဒေသာ၊ ရပ်ရွာနှသို့၊ ပြောင်းကြွဆက်ဆက်၊ ကွမ်းလဖက်ကို၊ အချက်ကျကျ၊ ကိုးခေါက်ရအောင်၊ ပီသခြားနား၊ မန်း၍စားက၊ ထင်ရှားမုချ၊ သိပါရလိမ့်။

"ပုရိသဒမ္မ" အက္ခရာ၊ အသုံးမှာကား၊ နံ့သာနှစ်မျိုး၊ ကတိုးဖုန်းမသိမ်၊ နံ့ရှိန်ကြိုင်သင်း၊ ပရုပ်သွင်း၍၊ ထည့်ခြင်း တဘော်၊ ငွယ်တော်အပွင့်၊ ဖလံပွင့်နှင့်၊ ကွမ်းပွင့်လည်းပါ။ ဆေးရှစ်ဖြာကို၊ မန်းကာရှစ်ခေါက်၊ စေတုံမြောက်သော်၊ တလျောက်မနေး၊ ငှင်းဆေးကို၊ ဆီမွှေးနှင်းရည်၊ နံ့သာ ရည်နှင့်၊ လည်လည်ပတ်ပတ်၊ ကြိပ်တုံလတ်၍၊ ထပ်ထပ် ဆေးသား၊ ရှိတုံငြားမူ၊ လုံးလျားညီမှု၊ အတောင့်ပြု၍၊ ယခု ထိုနေ့၊ အရိပ်သွေ့အောင်၊ လျှမ်းလေ့ပြီးခါ၊ ဆေးမြတ်စွာကို၊ အက္ခရာပဥ္စ၊ထောင်ပြည့်ရအောင်၊ စုတ်ကြွပါလေ၊ လိုရှိလေမူ၊ ကိုယ်ရေကိုယ်သား၊ လိမ်း၍သွားက၊ ထင်ရှားမုချ၊ သိရ ပါလိမ့်။

"သာရထိ" ကား၊ မချိဖွားမြင်၊ မြင်းဆင်ကျွဲနွား၊ သစ်ကျားကစ၊ ရိုင်းသမျှကို၊ ပျောက်ကြစေချင်၊ စိတ်တွင် စေလို၊ ရှေးအဆိုနှင့်၊ ထိုထိုမယွင်း၊ ချင်းတို့စားရာ၊ ထိုထို

စာကို၊မန်းကာလည်းကျေး၊ ယဉ်ကျေးဓလေ့၊ နွားချင်းဝေ့မူ၊ ချောမြေ့စနိုး၊ တဇင်ကျိုးကို၊ မန်းရိုးကြကြ၊ ကိုးခေါက် ရအောင်၊ ကြိုးစနှစ်ခု၊ တခုတခု၊ ချီကာလဦ၊ ပီယသဟော၊ မေတ္တာကဲမြင့်၊ ချစ်ပန်းပွင့်၍၊ သင့်ကြစမြဲ၊ ဆဲဆိုထူးခြား၊ လင်မယားတို့၊ ခိုက်ပွားရန်စ၊ ဖြစ်ကြရာသော်၊ ဘယ်ခါ မလင့်၊ မသင့်တင့်မူ၊ ထောက်ချင့်မြော်ရှု၊ လက်ဖွဲ့ပြု၍၊ တခုစီလျှင်၊ ဝတ်ဆင်ရမူ၊ ချစ်ကြစေတတ်၊ ရန်စပြတ်သည်၊ လေးမြတ်ရှိသေကြောင်းရင်းတည်း။

"သတ္တာဒေဝမနုဿာနံ" စိမံတင့်ဝံ့၊ ရှစ်လုံးအရ၊ ချမ်းမြ အေးစွာ၊ နေ့ကိုသာလျှင်၊ မန်းပါဆယ့်ရှစ်၊ မျက်နှာသစ်၍၊ ကြွင်းရစ်သမျှ၊ သောက်ပါရမူ၊ မြင်ကချစ်ခင်၊ ကြားလျှင် သနား၊ ရှုသုံးပါးပင်၊ သွားမြဲသဘော။

"ဗုဒ္ဓေါဘဂဝါ" မိန့်ရှိဒေသနာ၊ အသုံးမှာကား၊ သုံးခါ စစ်ရှောင်း၊ ရင်ဖယောင်းကို၊ ချိန်ပေါင်းငါးကျပ်၊ သုံးရပ် တစု၊ သုံးပုံပြု၍၊ တခုဝါစေ၊ အတွေအနီ၊ တလီအပြူ၊ ပြီးပြီဟူက၊ ထပ်တူနယ်ထား၊ လေးထောင့်ပြား၍၊ စေ့ညား ခုနစ်၊ စေ့သည်ဖြစ်က၊ စစ်စစ်ကတိုး၊ မွေးမျိုးဖူးမှသိမ်၊ နံ့ရှိန် အံ့ဖတ်၊ ခေါ်မှတ်ဖော်ကာ၊ ဌွင်းတမျက်စိ၊ ထည့်ဘိမသော့၊ လူ့သည်းချေနှင့်၊ စုတွေပေါင်းရိုး၊ ဂမုံးမျိုးကို၊ အားကြိုး လုံ့လ၊ ကြိတ်ပြီးမှလျှင်၊ ညက်လှပြောင်းပြောင်း၊ ထိုဆေး ပေါင်းကို၊ ဖယောင်းနှင့်နှော၊ ပြီးသောကာလ၊ ဂူသိဟတွင်၊ ထည့်ကာလေမြောက်၊ တချို့မှောက်၍၊ ခနောက်လည်းပြု၊ ရောမှု့တလီ၊ မဆစ်ဆီကား၊ ချိန်ညီမလွဲ၊ နှစ်ကျပ်ခွဲတည်း၊

အမြဲနူးခံ၊ တင်းမှန်ထုံးတန်း၊ သဇင်ပန်းနှင့်၊ တခမ်းဇီးထင်း၊ ကလိန်ထင်းကို၊ ထည့်သွင်းပြီးခါ၊ကန့်လန့်ကာသုံးထပ်၊ စေ့ရပ်ကာရံ၊ ပြုစီမံ၍၊ မီးလျှံလက်လက်၊ ပျော်အောင်ချက်ပြီး၊ ချက်သည့်ကာလ၊ အပြီးကျအောင်၊ စာအက္ခရာ၊ခြောက်လုံးမှာကို၊ ပိစ္စာတွတ်တွတ်၊ ရွတ်ပမသွေ၊ ပြည့်စုံလေသော်၊ ရွှေငွေကြုတ်တွင်း၊ ထည့်သွင်းလေဘိ၊ နေ့ဘင်ရေးရှိလျှင်၊ ပါးတွင်တို့ကြ၊ မင်းဝယ်ခသော်၊ ရင်ဝအလယ်၊ တာသွယ်ဆန်းထူး၊ နဖူးအကြား၊ တိုကာထားလော့၊ အချားတကာ၊ ပဏ္ဍိတာတို့၊ နည်းနာထုံးမောင်း၊ ပွဲတွေ့ကြောင်းကို၊ လူပေါင်းမှတ်ဘွယ်၊ လင်္ကာသွယ်သည်–နှုတ်ဝယ်ရကြပါစေသော်။

# ဆန္ဒမွန်

– စိတ်အကြံ ပေါက်ကြပါစေ။

– အဓိဋ္ဌာန် မြောက်ကြပါစေ။

– ဗိမာန် ပေါက်ကြပါစေ။

– နိဗ္ဗာန် ရောက်ကြပါစေ။



# သေရွာပြန်တဦး၏ မှတ်တမ်း

စာရေးသူသည် တပ်မတော်ထဲသို့ အသက် ၁၇-နှစ်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ အသက်ငယ်ခြင်း အတွေ့အကြုံ နုံသေးခြင်းတို့အပြင် လူငယ်ဘာဝ အားကစားနှင့် ခေတ်ပေါ် စာပေများကိုသာ ဝါသနာဇွဲကြီးခဲ့သည်။ ပတ်ဝန်းကျင် ကလည်း ဘာသာရေးနှင့် ဆက်နွယ်မှုမရှိသဖြင့် ခပ်ကြမ်း ကြမ်း ခပ်ရိုင်းရိုင်းနေခဲ့သည်။ ယင်းကြောင့် ဘာသာရေးနှင့် ပတ်သက်၍ အားနည်းအားပျော့ခဲ့သည်ဟုဆိုရမည်။ ညအိပ်ရာ ဝင်သည့်အခါ၌ပင် ရတနာသုံးပါးကို သတိမရဟုဆိုရမည်။ ဤသို့ ရတနာသုံးပါးကို မေ့လျော့ခြင်း၊ ဘာသာရေးနှင့်

ပတ်သက်၍ အလေးအနက်မထားခြင်း၊ တခါတရံ အကြောင်းတိုက်ဆိုင်လာလျှင်လည်း မဖြစ်ညစ်ကျယ်ပြောခြင်း၊ နေထိုင်ခြင်းတို့ကပင် စာရေးသူကို အကုသိုလ် ဖိစီးလာကြောင်း နောက်ပိုင်းကာလများမှ ဆင်ခြင်သုံးသပ်မိသည်။

ရတနာသုံးပါးကိုမေ့လျော့ခြင်း၊ ဘာသာရေး တရားမရှိသူလိုနေထိုင်ခြင်းတို့ကြောင့် စာရေးသူကိုယ်တွေ့ ခံခဲ့ရသည်များမှာ တွေးလိုက်မိတိုင်း ကြောက်ခမန်းလိလိရှိပါသည်။ သေကံမရောက်သေး၍ မသေသေး ခြင်း သာ ဖြစ် ပါ မည်။ (၁-၅-၄၈) မေဒေးနေ့တွင် ပျဉ်းမနားနှင့် တပ်ကုန်းသွားကားလမ်းရှိ စိန်ရောင်ခြည်တောင်ကြား၌ အလံနီနှင့် တိုက်ပွဲဖြစ်ရာ ဒူးခေါင်းတွင်စတင်းကျည်ဆံမှန်လျက် ဂုံညင်းလုံးခဲ့ရသည်။ ကံကောင်းထောက်မ၍သာ ခြေတဖက်ဖြတ်မပစ်ရပဲ ဆေးကုသပျောက်ကင်းခဲ့သည်။

၂၈-၁-၄၉ နေ့တွင် ကရင်သောင်းကျန်းသူများ ပုသိမ်မြို့စီးစဉ်ကလည်း သောင်းကျန်းသူတို့ ကြည်းတပ်–ရေတပ်နှစ်ဖက်ညှပ်အတိုက်ခံရသည်။ စာရေးသူတို့တပ်အား ကရင်သောင်းကျန်းသူ ကြည်းတပ် ရေတပ်တို့မှညှပ်ပြီး အပြင်းတိုက်ခိုက်ရာတွင် ရေတပ်မှပစ်သော အော်လီဂန်းကျည်ဆံ၊ ၂-လက်မစိန်ပြောင်းဗုံးစများသည်ဗိုက်တွင် ၄-ချက်၊ဘယ်ဘက်ပေါင်တွင်တချက်၊ ဘယ်ဘက်လက်မောင်းတွင်တချက်မှန်ခဲ့သည်။ သေကံမရောက်သေး၍ဆိုရမည်။ ၇–ရက်ခန့်မေ့မြောနေပြီး ပါးစပ်မှသွေးအံသည်အထိ ဒဏ်ရာပြင်းထန်ခဲ့သည်။ ၂-လခန့်ဆေးရုံတက်ရပြီး ၆-လခန့်အနားယူခဲ့ရသည်။ဆရာဝန်

ဆရာမများက သေမည်ဟု ထင်ကြသည်။ သေရွာပြန်မှု သက်ပြင်းဟုပင်ခေါ်ကြသည်။

ကျုံပျော်မြို့ခဲဘောင်ဘက်ကမ်းရှိ ဦးယင်းနားဆန်စက်တွင် (၇-၈-၅၀ မှ ၁၂-၉-၅၀) အထိ ၆-ရက်တိတိ အပြင်းအထန် တိုက်ပွဲဖြစ်ပြီး ကရင်သောင်းကျန်းသူများဝိုင်းထားခံရသည်။ ရန်သူအင်အား ၅၀၀–ကျော် ၆၀၀-ခန့်တို့သည်၊ ကျုံပျော်ရှိ ရှေ့တန်းစစ်ဌာနချုပ်နှင့် အဆက်အသွယ် ဖြတ်တောက်ခြင်း၊ စာရေးသူတို့တပ်စိပ်ကိုဝိုင်းပြီး စိတ်ဓာတ်စစ်ဆင်ခြင်း၊ လူအား လက်နက်အားစစ်ဆင်ခြင်း ခံစစ်လုပ်ထားသော တိုက်ပတ် လည်မှ အိမ်များကိုမီးရှို့ပြီး မီးနှင့်တိုက်စစ်ဆင်ခြင်း၊ အပေါ စား တင့်ကား၊ သံချပ်ကာကားများမှ လက်နက်ကြီးများဖြင့် ပစ်၍ စစ်ဆင်ခြင်းပြုလုပ်ရာ နောက်တန်းမှ စစ်ကူလည်းမလာ နိုင်၊ စာရေးသူတို့ တပ်စိပ်သည် အသေအလဲ ခံနေရသည်။ နေ့ရောညပါ အသက်လုနေရသည်ဆိုက မှားမည်မထင်၊ နောက်ဆုံး အားမတန်မာန်လျှော့ဆိုသကဲ့သို့ (၁၂-၉-၅၀)နေ့ ည ၉-နာရီမှစပြီး တိတ်တဆိတ်ဆုတ်ခွာရပြောသည်။ တညလုံး ချောင်းထဲတွင် ဗေဒါပိုက်မျောလိုက်၊ ကုန်းပေါ်တက်ပုန်း လိုက်ဖြင့် ကျုံပျော်သို့ခရီးနှင်ရသည်။ ရန်သူကိုရှောင်ရင်း တိမ်းရင်းပုန်းရင်းဖြင့် နောက်ပိုင်း ဌာနချုပ်က ပစ်သည့် ၆-သက်မ အခမြောက်၊ ၃-သက်မစိန်ပြောင်းကျည်များဗုံးများ ကိုလည်း ရှောင်ရတိမ်းရပြန်သည်။ ကုန်းပေါ်ရောက်လျှင် အနီးကပ်ရန်သူကျွတ်များ အကိုက်ခံရသည်။ လက်မောင်း ပေါင်တို့ကိုလက်ဝါးနှင့်သပ်ချလိုက်လျှင် အလိပ်အလိပ်ပြေ့စိ

ပြော့စိများတပြင်ကြီးတွေ့ရသည်။ (၁၃-၉-၅၀) နံနက် ၄-နာရီ အချိန်ခန့်တွင် ကျူပျော် (နောက်တန်း) သို့ ရောက်သည်။ တပ်စိပ်တခုလုံး ကျွတ်ကိုက်သည့် ဒဏ်ရာများကို ဆေးကုရ သည်။

၁၉၅၁-ခုနှစ်တွင် ပန်းတနော်မြို့နယ် ရွာသစ်ကျေးရွာ (ရွာပျက်) မျှော်တန်းစခန်းတွင် တာဝန်ကျသည်။ တနေ့တွင် စခန်းရှေ့လေးဖါလုံလောက်ရှိ ကရင်သောင်းကျန်းသူ ကတုတ်ကျင်းသို့ တိုက်ခိုက်ရင်း ဘယ်ဘက်ခြေကျင်းဝတ်တွင်ဩဘင့်စူး သည်၊ ဩဘင့်စူးလျှင်စူးခြင်းလဲသွားရာ မထနိုင်တော့ပေ။ ၂-လက်မခန့် ဩဘင့်ကျိုးကျန်ရစ်ခဲ့သည်။ ရဲဘော်များ တွဲခေါ်ပြီးပန်းတနော်ပို့သည်၊ ပြည်သူ့ဆေးရုံမှ ဩဘင့်ကို ခွဲထုတ်ပေးသည်။

ဤကဲ့သို့ တိုက်ပွဲကြီး တိုက်ပွဲငယ်များနှစ်စဉ်ဖြစ်ပြီး စတင်း ကျည်ဆံမှန်ခြင်း၊ လက်ပစ်ဗုံးအစမှန်ခြင်း၊ အော်လီဂန်း (စက်အမြောက်) ကျည်ရှပ်မှန်ခြင်း၊ ၂-လက်မစိန်ပြောင်းဗုံးစ မှန်ခြင်း၊ ဩဘင့်စူးခြင်းတို့ဖြင့် နှစ်စဉ်ဒဏ်ရာရခဲ့သည်။ အသေ အလဲခံရသည်၊ တိုက်ပွဲကြီးများအပြင် တိုက်ပွဲငယ်များလည်း မကြာခဏဖြစ်ခဲ့သည်။ တနှစ်ကုန်၍တနှစ်ကူးလျှင် ဒဏ်ရာ ရမည့် တိုက်ပွဲတပွဲတော့တိုးရပေအုံးမည်ဟုစိတ်ထဲက ဥပါဒါန် စွဲလာမိသည်အထိ ဖြစ်ခဲ့ရပါသည်။

၁၉၅၂-ခုနှစ်တွင်ခွင့်ယူ၍ မွေးရပ်မြေသို့ပြန်ခဲ့ရာ နှစ်စဉ် ဒဏ်ရာတခုခုရသော စာရေးသူ၏အဖြစ်ကိုသိရသော ဦးလေး က ခွင့်ရက်စေ့၍ပြန်မည့် စိစဉ်သောအခါ ရတနာသုံးပါး

အားမမေ့မလျော့ရန်။ ဂုဏ်တော်များကို ယုံကြည်စွာဖြင့် ပုတီးစိပ်ရန်၊ ပုတီးစိပ်နည်းကိုပါ ညွှန်ကြား၍ ပေးလိုက်သည်။ ဤတွင်စာရေးသူသည် ရတနာသုံးပါးအပါအဝင် အနန္တော အနန္တငါးပါးကို မမေ့မလျော့ဆီးကပ်ကိုးကွယ်ခြင်း၊ ပုတီးစိပ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။ နံနက်ထမင်းစားလျှင်လည်း အနန္တော အနန္တ ငါးပါးကိုရည်စူး၍ ထမင်းငါးဆုပ်ဆုပ်ပြီး ထမင်းပုဂံရှေ့ဖက်တွင် တင်ထားရပါသည်။

ထို့အပြင် အမိဋ္ဌာန်ဖြင့် သက်သတ်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်း၊ ဘာသာတရားနှင့်ပတ်သက်၍မမေ့မလျော့ဆည်းကပ်ကိုးကွယ်လာသည့် ၁၉၅၂-ခုနှစ်နောက်ပိုင်းတွင် တနှစ်တကြိမ် အသက်အန္တရာယ်ပေးခြင်းမျိုးကို မတွေ့ဆုံရတော့ပေ။မခံစားရတော့ပေ။ အန္တရာယ်အပေါင်းလွတ်ခဲ့ရသည်။ ဤသည်မှာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးများပင်ဖြစ်ပါသည်။

ရှမ်းပြည်တောင်ပိုင်း သံလွင်မြစ်ကိုဖြတ်၍ မိုင်းတုန်အထိ တပ်မတော်တာဝန်ဖြင့် သွားခဲ့ရသည်။ ပခုက္ကူခရိုင်တွင် သောင်းကျန်းသူ အခြေစိုက်နေရာများဖြစ်သော ပုံတောင် ပုံညာ(ယောဆော)မြို့နယ်တောတွင်းတလျောက်၊မင်းဘူး ခရိုင် စေတုတ္တရာမြို့နယ် တောတွင်းတလျောက်နှင့် အနောက်ရိုးမတောင်ခြေတလျောက် စစ်ဆင်ရေးများတွင် စာရေးသူ ပါသောတပ်ဖွဲ့တိုင်း ရန်သူနှင့်ရင်ဆိုင်တိုက်ပွဲများ ခြုံခိုအတိုက် ခံရခြင်းများ မတွေ့ရတော့ပေ။ တခါတရံ အလွန်အခြေ အနေဆိုးသည့်နယ်မြေများသို့ အင်အားအနည်းငယ်နှင့် ဖြတ် သွားရသော်လည်း ရန်သူ၏ တိုက်ခိုက်မှုကို မခံရသည်မှာ

တပ်မတော်က အငြိမ်းစားယူသောအချိန်တိုင်ဖြစ်ပါသည်။ ဤသည်မှာ ရတနာသုံးပါး၏ ကြီးမားသော ဂုဏ်ကျေးဇူးကြောင့်ဖြစ်ပါသည်။

ဤသို့ ရတနာသုံးပါး အပါအဝင် အနန္တောအနန္တဂုဏ်ဝင် ကျေးဇူးရှင်ဗုဒ္ဓ၏ ဂုဏ်တော်များ၏ ကျေးဇူးတို့ကို ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ယုံကြည်လေးစား ကျင့်ကြံအားထုတ်ပါက လက်တွေ့မျက်တွေ့ အကျိုးရှိပါသည်။ အန္တရာယ်မကျရောက်ခြင်း၊ စိတ်ကြည်လင်ငြိမ်းအေးခြင်း၊ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကိုသာလုပ်ဆောင်သော အထုံပါရမီများရင့်သန်လာခြင်းဖြင့် နောင်တမလွန်အတွက်သာမက မျက်မှောက်ဘဝ၌ပင် ကိုယ်စိတ်နှစ်ပါး ချမ်းသာရွှင်လန်းစွာနေရသော အကျိုးကျေးဇူးကိုခံစားရသည်မှာ ကိုယ်တွေ့လက်တွေ့များဖြစ်ပါသည်။

သူရကျော်မောင်
၁-၉-၇၆

⁂ ⁂ ⁂

# ဂုဏ်တော်ကွန်ချာကြီးများ

ပထမဦးစွာ ဂုဏ်တော်ကွန်ချာကြီးများကို မတင်ပြမီဂုဏ်တော်ကိုးပါး အနုလုံပဋိလုံပုတီးစိပ်နည်းကို တင်ပြလိုက်ပါသည်။ သို့မှသာ "ဂုဏ်တော်ကွန်ချာကြီးများကို" ပုတီးစိပ်မည့် သူမြတ်သည် အလွယ်တကူ "ဂုဏ်တော်" ကွန်ချာကြီးများကို စိတ်ချမ်းသာစွာ ပွားများ အားထုတ်နိုင်မည် ဖြစ်ပါသည်။ အနုလုံ-ပဋိလုံ ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းမှာ အပြန်အလှန် အတက်အဆင်း ပုတီးစိပ်နည်းသာ ဖြစ်ပါသည်။ ဤဂုဏ်တော်ကိုးပါး ပွားများအားထုတ်နည်းများကို အပြန်ပြန်၊ အလှန်လှန်ကြေညက်အောင် ပုတီးစိပ်ထားသောသူမြတ်အား၊ အပြန်ပြန် အလှန်လှန်လှည့်ပတ်၍သွားသော တရာ့ရှစ်နဝင်းကိုက် ဂုဏ်တော်ကွန်ချာကြီးများကို ပိုင်နိုင်စွာ ပွားများအားထုတ်နိုင်ပြီး သမာဓိ ရရှိရေးအတွက် အခြေခံ စခန်းအုတ်မြစ်များ ဖြစ်ကြောင်းဦးစွာ တင်ပြအပ်ပါသတည်း။

## အနုလုံ-ပဋိလုံ ပုတီးစိပ်နည်း

| အနုလုံ | ဂုဏ်တော်ကိုးပါး အနုလုံ-ပဋိလုံဇယား | ပဋိလုံ |
|---|---|---|
| ၁ | သောဘဂဝါ ဣတိပိ အရဟံ | ၉ |
| ၂ | သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ | ၈ |
| ၃ | သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော | ၇ |
| ၄ | သောဘဂဝါ ဣတိပိ သုဂတော | ၆ |
| ၅ | သောဘဂဝါ ဣတိပိ လောကဝိဒူ | ၅ |
| ၆ | သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ | ၄ |
| ၇ | သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ | ၃ |
| ၈ | သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ | ၂ |
| ၉ | သောဘဂဝါ ဣတိပိ ဘဂဝါ | ၁ |

အထက်တွင်ဇယားဖြင့်ဖော်ပြထားသည့်အတိုင်း ဂုဏ်တော်ကိုးပါးအား "သောဘဂဝါ- ဣတိပိ အရဟံ" ဂုဏ်တော်မှစ၍ သောဘဂဝါ ဣတိပိ ဘဂဝါ ဂုဏ်တော်တိုင်အောင် ဂုဏ်

တော်ကိုးပါးကို အနုလုံအားဖြင့် အထက်မှအောက်သို့ ဂဏန်းပြထားသောအစဉ်အတိုင်း ဘုရားဂုဏ်တော်ကို အာရုံပြု၍ ဂုဏ်တော်တပါး ပုတီးတလုံး ချ၍၊ ချ၍စိပ်သွားပါ။

တဖန် "သောဘဂဝါ ဣတိပိ ဘဂဝါ" ဂုဏ်တော်မှစ၍ " သောဘဂဝါ ဣတိပိ အရဟံ "ဂုဏ်တော် တိုင်အောင် ဂုဏ်တော်ကိုးပါးကို ပဋိလုံအားဖြင့် အောက်မှ အထက်သို့ ဂဏန်းပြထားသော အစဉ်အတိုင်း ဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ဂုဏ်တော်တပါး ပုတီးတလုံးကျစီ စိပ်သွားပါ။

ထိုသို့အနုလုံပုတီးခြောက်ခေါက်၊ပဋိလုံပုတီးခြောက်ခေါက်၊ ပေါင်း အနုလုံ-ပဋိလုံ (၁၂) ခေါက် အပြန်အလှန် စိပ်ပါက ပုတီးအလုံးရေ(၁၀၈)လုံးပုတီးတပတ် ရသွားပါမည်။နောက်ဆုံးအလုံးတွင် သောဘဂဝါ ဣတိပိ အရဟံ ဟု ကျလာလျှင် ပုတီးမမှားကြောင်း သိရှိနိုင်သည်။ သို့သော် နောက်ဆုံးအလုံးမှာသော ဘဂဝါဣတိပိအရဟံ အစားအခြားဂုဏ်တော်တပါး ကျလာလျှင် တနေရာ၌ ပုတီးချ မှားလာပြီ ဖြစ်ကြောင်း သိသာ ထင်ရှားလှပါသည်။ ထို့ကြောင့် နောက်တခေါက် ပုတီးစိပ်မမှားရအောင် ထပ်မံ ပွားများ အားထုတ်ပါ။

## လေ့လာပါ

ဤသို့ ဂုဏ်တော်ကိုးပါး အနုလုံ ပဋိလုံ အပြန်အလှန် ကြေညက်အောင် စိပ်ပြီးနောက် သူမြတ်သည် အောက်ပါ ဂုဏ်တော်ကွန်ချာကြီးကို လေ့လာပါ။

## အဓိကအချက်

ဤ ဂုဏ်တော်ကွန်ချာကြီး သွားလာပုံတို့ကို အသေးစိပ် ကဏ္ဍများ ခွဲ၍ ပြသထားပါသည်။ သို့မှသာ ဂုဏ်တော် ကွန်ချာများ၏ သွားလာပုံတို့ကို မျက်စေ့မလည်ပဲ ကျင့်ကြံ အားထုတ်နိုင်မည် ဖြစ်ပါသည်။ သို့မှလည်း သူမြတ်အဖို့ ပို၍ သဘောပေါက်ပြီး လှည့်လည်သွားလာပုံတို့ကို ပိုင်နိုင်စွာ သိရှိ ထားမည် ဖြစ်ပါသည်။

ထိုသို့ ပိုင်နိုင်စွာ သိရှိထားမှလည်း ဂုဏ်တော် ကွန်ချာကြီး များကို ပုတီးစိပ်ရာ၌ အခက်အခဲ မရှိပဲ ပုတီးပတ်များ မှန်၍ သမာဓိထူး သမာဓိမြတ်ကြီးများကို ရရှိမည် ဖြစ်ပါသည်။

အဘယ်ကြောင့် ဤမျှလောက် ဤ ဂုဏ်တော်ကွန်ချာကို အသေးစိတ် ပြရပါသနည်းဟု မေးညားအံ့။ ပုတီးစိပ်နည်း (၀၁) သူမြတ် ကျင့်စဉ်ကို ပွားများ အားထုတ် သူတို့အဖို့ အခြေခံ သမာဓိတရားရရေးနှင့် ဥာဏ်စဉ် ထက်မြက်ရေးတို့ သည် ပထမ အရေးကြီးလှသည်။ အဓိက အချက်ကြီးများ ဟူက မမှားပေ။ ထိုသမာဓိလက်နက်ကြီးများကို ဤဂုဏ်တော် ကွန်ချာကြီးများက ပေးစွမ်းနိုင်ပါသည်။ အဘယ်မျှလောက် စိတ်ပျံ့လွင့်နေသူ ဖြစ်ပါစေ ဂုဏ်တော်စိပ်၍ သမာဓိ မရနိုင် သောသူ ဖြစ်ပါစေ။ ဤ ဂုဏ်တော် ကွန်ချာကြီးများကို အဓိဋ္ဌာန် (၉)ရက်ဝင်၍ ပွားများ အားထုတ် လိုက်ပါလျှင် ထူးခြားသော သမာဓိထူး သမာဓိမြတ်များကိုရရှိမည် ဖြစ်ပါ သည်။

## ဂုဏ်တော် ကွန်ချာကြီး
## တရားရှစ် နဝင်းကိုက် ပုတီးစိပ်

### အရဟံ ဂုဏ်တော်၌ ပုတီး (၃)လုံး

၁။ ဣတိပိ သောဘဂဝါ အရဟံ
၂။ အ ရ ဟံ
၃။ အရဟံ သောဘဂဝါ ဣတိပိ

### သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ပုတီး (၅)လုံး

၄။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၅။ သမ္မာသမ္ဗုဒ္ဓေါ ။
၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၈။ အရဟံ သောဘဂဝါ ဣတိပိ ။

### ဝိဇ္ဇာစရဏ ဂုဏ်တော် ပုတီး(၇)လုံး

၉။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
၁၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၁။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၁၂။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၁၃။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၁၄။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၅။ အရဟံ သောဘဂဝါ ဣတိပိ ။

## သုဂတော ဂုဏ်တော် ပုတီး(၉)လုံး

၁၆။ သော ဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၈။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၁၉။ သုဂတော ။
၂၀။ သုဂတော ။
၂၁။ သုဂတော ။
၂၂။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၂၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၄။ အရဟံ သော ဘဂဝါ ဣတိပိ ။

## လောကဝိဒူ ဂုဏ်တော် ပုတီး(၁၁)လုံး

၂၅။ ဣတိပိ သော ဘဂဝါ အရဟံ (ပုတီးတလုံးချ)
၂၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၇။ ဝိဇ္ဇာ စရဏသမ္ပန္နော ။
၂၈။ သုဂတော ။
၂၉။ လောကဝိဒူ ။
၃၀။ လောကဝိဒူ ။
၃၁။ လောကဝိဒူ ။
၃၂။ သုဂတော ။
၃၃။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၃၄။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၅။ အရဟံ သော ဘဂဝါ ဣတိပိ ။

<u>အနုတ္တရောပုရိသ ဂုဏ်တော်</u> <u>ပုတီး(၁၁)လုံး</u>

၃၆။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၃၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၈။ ဝိဇ္ဇာ စရဏသမ္ပန္နော ။
၃၉။ သုဂတော ။
၄၀။ လောကဝိဒူ ။
၄၁။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၄၂။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၄၃။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၄၄။ လောကဝိဒူ ။
၄၅။ သုဂတော ။
၄၆။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၄၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၄၈။ အရဟံ သောဘဂဝါ ဣတိပိ ။

<u>သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်၌</u> <u>ပုတီး(၁၅-လုံး)</u>

၄၉။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၅၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၁။ ဝိဇ္ဇာ စရဏသမ္ပန္နော ။
၅၂။ သုဂတော ။
၅၃။ လောကဝိဒူ ။
၅၄။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၅၅။ သတ္ထာ ဒေဝမနုဿာနံ ။

၅၆။ သတ္တာ ဒေဝမနုဿာနံ ။
၅၇။ သတ္တာ ဒေဝမနုဿာနံ ။
၅၈။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၅၉။ လောကဝိဒူ ။
၆၀။ သုဂတော ။
၆၁။ ဝိဇ္ဇာ စရဏသမ္ပန္နော ။
၆၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၃။ အရဟံ ဣတိပိ သော ဘဂဝါ ။

ဗုဒ္ဓေါ ဂုဏ်တော် ပုတီး (၁၇-လုံး)

၆၄။ ဣတိပိ သော ဘဂဝါ အရဟံ (ပုတီးတလုံးချ)
၆၅။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၆။ ဝိဇ္ဇာ စရဏသမ္ပန္နော ။
၆၇။ သုဂတော ။
၆၈။ လောကဝိဒူ ။
၆၉။ အနုတ္တရော ပုရိသဒမ္မသာရထိ ။
၇၀။ သတ္တာ ဒေဝမနုဿာနံ ။
၇၁။ ဗုဒ္ဓေါ ။
၇၂။ ဗုဒ္ဓေါ ။
၇၃။ ဗုဒ္ဓေါ ။
၇၄။ သတ္တာ ဒေဝမနုဿာနံ ။
၇၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၇၆။ လောကဝိဒူ ။

၇၇။ သုဂတော (ပုတီးတလုံးချ)
၇၈။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၇၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၈၀။ အရဟံ သောဘဂဝါ ဣတိပိ ။

## ဘဂဝါ ဂုဏ်တော်၌ ပုတီး (၁၉)လုံး

၈၁။ ဣတိပိ သောဘဂဝါ အရဟံ ။
၈၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၈၃။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၈၄။ သုဂတော ။
၈၅။ လောကဝိဒူ ။
၈၆။ အနုတ္တရောပုရိသဒမ္မသာရထိ ။
၈၇။ သတ္ထာဒေဝ မနုဿာနံ ။
၈၈။ ဗုဒ္ဓေါ ။
၈၉။ ဘဂဝါ ။
၉၀။ ဘဂဝါ ။
၉၁။ ဘဂဝါ ။
၉၂။ ဗုဒ္ဓေါ ။
၉၃။ သတ္ထာဒေဝ မနုဿာနံ ။
၉၄။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၉၅။ လောကဝိဒူ ။

၉၆။ သုဂတော (ပုတီးတလုံးချ)
၉၇။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၉၈။ သမ္မာသမ္ဗုဒ္ဓေါ ။
၉၉။ အရဟံ သောဘဂဝါ ဣတိပိ ။

<u>ဂုဏ်တော် ကိုးပါး ပုတီး(၉)လုံး</u>

၁၀၀။ ဣတိပိ သောဘဂဝါ အရဟံ ။
၁၀၁။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၀၂။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၁၀၃။ သုဂတော ။
၁၀၄။ လောကဝိဒူ ။
၁၀၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၁၀၆။ သတ္ထာ ဒေဝမနုဿာနံ ။
၁၀၇။ ဗုဒ္ဓေါ ။
၁၀၈။ ဘဂဝါ ။

ဤဂုဏ်တော်ကွန်ချာကြီးမှာ တရာ့ရှစ် နဝင်း၊တရာ့ရှစ်လုံး ပုတီးကို ကိုက်ညီအောင် သူတော်စင် အပေါင်းတို့က စီစဉ်ခဲ့သည်။ အဘယ်မျှ စိတ်ပြန့်ပွား နေစေကာမူ ဤဂုဏ်တော် ကွန်ချာကြီးကို အစဉ်အတိုင်းဖြင့် ကိုးရက်ပုတီးစိပ်ပါက မုချ သမာဓိထူးကို ရရှိလိမ့်မည်ဟု ညွှန်းဆိုကြပေသည်။

နောက် ဂုဏ်တော်ကွန်ချာကြီးမူကို တပုဒ်ကို ထပ်မံတင်ပြလိုသည်။ အဆိုပါ ဂုဏ်တော် ကွန်ချာပုတီးစိပ်မှာ တရာ့

ရှစ်လုံးရှိသော ပုတီးနှင့် တရာ့ရှစ်နဝင်းကိုက် စီစဉ်ထားခြင်း ဖြစ်ပါသည်။ ဂုဏ်တော်တပိုဒ်လျှင်ပုတီးတလုံးကျစီ စိပ်ပါ။ ဂုဏ်တော်များဆုံးလျှင် တရာ့ရှစ် နဝင်းကိုက် ပုတီးနှင့် အတိ ဖြစ်နေပါမည်။ ဤပုတီးစိပ်နည်းမှာ အထူးသဖြင့် အရဟံ ဂုဏ်တော်ကို ကွန်ချာ လှည့်ပတ်သွားခြင်း ဖြစ်ပါသည်။ ရှေး သူတော်စင် သူတော်မြတ်တို့သည် သမာဓိ စခန်းတွင် ပိုင်နိုင်ရေးအတွက် စီစဉ်ခဲ့သော ပုတီးစိပ်နည်းဖြစ်ပြီး နေ့စဉ် ပွားများ အားထုတ်ထားပါက မကြာမီအတွင်း အတိတ် ထူး နိမိတ်ထူးများ တွေ့၍ အစား၏ ဆင်းရဲခြင်း၊ အနေ၏ ဆင်းရဲခြင်း စသော အနိဋ္ဌာရုံများမှ လွတ်မြောက်နိုင်ကြမည် ဟု မိန့်ဆိုကြပေသည်။

---

## အ ရ ဟံ ဂုဏ် တော် ကိုး ပါး

## ကွန်ချာကြီး။

(တရာ့ ရှစ် နဝင်းကိုက်)

၁။ အရဟံ (ပုတီးတလုံး)
၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၄။ အရဟံ ။

---

၅။ အရဟံ
၆။ သမ္မာသမ္ဗုဒ္ဓေါ ။

၇။ ဝိဇ္ဇာစရဏ သမ္ပန္နော (ပုတီး တလုံး)
၈။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၀။ အရဟံ ။

---

၁၁။ အရဟံ ။
၁၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၃။ ဝိဇ္ဇာစရဏ အမ္ပန္နော ။
၁၄။ သုဂတော ။
၁၅။ သုဂတော ။
၁၆။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၈။ အရဟံ ။

---

၁၉။ အရဟံ ။
၂၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၁။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၂၂။ သုဂတော ။
၂၃။ လောကဝိဒူ ။
၂၄။ လောကဝိဒူ ။
၂၅။ သုဂတော ။
၂၆။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၂၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၈။ အရဟံ ။

| | | |
|---|---|---|
| ၂၉။ | အရဟံ | (ပုတီး တလုံး) |
| ၃၀။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၃၁။ | ဝိဇ္ဇာစရဏသမ္ပန္နော | ။ |
| ၃၂။ | သုဂတော | ။ |
| ၃၃။ | လောကဝိဒူ | ။ |
| ၃၄။ | အနုတ္တရောပုရိသ ဒမ္မသာရထိ | ။ |
| ၃၅။ | အနုတ္တရောပုရိသဒမ္မသာရထိ | ။ |
| ၃၆။ | လောကဝိဒူ | ။ |
| ၃၇။ | သုဂတော | ။ |
| ၃၈။ | ဝိဇ္ဇာစရဏ သမ္ပန္နော | ။ |
| ၃၉။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၄၀။ | အရဟံ | ။ |

---

| | | |
|---|---|---|
| ၄၁။ | အရဟံ | ။ |
| ၄၂။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၄၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | ။ |
| ၄၄။ | သုဂတော | ။ |
| ၄၅။ | လောကဝိဒူ | ။ |
| ၄၆။ | အနုတ္တရောပုရိသ ဒမ္မသာရထိ | ။ |
| ၄၇။ | သတ္ထာဒေဝမနုဿာနံ | ။ |
| ၄၈။ | အနုတ္တရောပုရိသဒမ္မသာရထိ | ။ |
| ၄၉။ | သတ္ထာဒေဝ မနုဿာနံ | ။ |
| ၅၀။ | လောကဝိဒူ | ။ |

၅၁။ သုဂတော (ပုတီးတ လုံးချ)
၅၂။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၅၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၄။ အရဟံ ။

---

၅၅။ အရဟံ ။
၅၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၇။ ဝိဇ္ဇာစရဏ သမ္ပန္နော ။
၅၈။ သုဂတော ။
၅၉။ လောကဝိဒူ ။
၆၀။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၆၁။ သတ္ထာဒေဝမနုဿာနံ ။
၆၂။ ဗုဒ္ဓေါ ။
၆၃။ ဗုဒ္ဓေါ ။
၆၄။ သတ္ထာဒေဝမနုဿာနံ ။
၆၅။ အနုတ္တရောပုရိသဒမ္မသာရထိ ။
၆၆။ လောကဝိဒူ ။
၆၇။ သုဂတော ။
၆၈။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၆၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၇၀။ အရဟံ ။

---

၇၁။ အရဟံ ။
၇၂။ သမ္မာသမ္ဗုဒ္ဓေါ ။

၇၃။ ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီးတလုံး)
၇၄။ သုဂတော ။
၇၅။ လောကဝိဒူ ။
၇၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၇၇ သတ္ထာဒေဝမနုဿာနံ ။
၇၈။ ဗုဒ္ဓေါ ။
၇၉။ ဘဂဝါ ။
၈၀။ ဘဂဝါ ။
၈၁။ ဗုဒ္ဓေါ ။
၈၂။ သတ္ထာဒေဝမနုဿာနံ ။
၈၃။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၈၄။ လောကဝိဒူ ။
၈၅။ သုဂတော ။
၈၆။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၈၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၈၈။ အရဟံ ။

---

၈၉။ အရဟံ ။
၉၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၉၁။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၉၂။ သုဂတော ။
၉၃။ လောကဝိဒူ ။
၉၄။ အနုတ္တရောပုရိသဒမ္မသာရထိ ။
၉၅။ သတ္ထာဒေဝမနုဿာနံ ။

၉၆။ ဗုဒ္ဓေါ (ပုတီးတလုံးချ)
၉၇။ ဘဂဝါ ။
၉၈။ အရဟံ ။

---

၉၉။ အရဟံ ။
၁၀၀။ ဘဂဝါ ။
၁၀၁။ ဗုဒ္ဓေါ ။
၁၀၂။ သတ္ထာဒေဝမနုဿာနံ ။
၁၀၃။ အနုတ္တရောပုရိသဒမ္မသာရထိ ။
၁၀၄။ လောကဝိဒူ ။
၁၀၅။ သုဂတော ။
၁၀၆။ ဝိဇ္ဇာစရဏသမ္ပန္နော ။
၁၀၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၀၈။ အရဟံ ။

# သရဏဂုံတည်ကျိုး
# အကျိုးရှစ်မည်

၁။ သွားလေရာရာ၊ မျက်နှာပွင့်လန်း၊
လွန်ချစ်ဆန်း၏။

၂။ ပညာဥာဏ်မှာ၊ ထက်မြက်စွာတိုး၊
ကြည်ကြည်ဖြိုး၏။

၃။ လူနတ်ဝိဇ္ဇာ၊ မေတ္တာသက်ဝင်၊
အစဉ်လေးစား၏။

၄။ ကြံကြံသမျှ လုပ်သမျှမှန်၊
ပြည့်ဝမြန်၏။

၅။ စည်းစိမ်လည်းတိုး၊ လွန်ဖွံ့ဖြိုး၍၊
တိုးတက်ကြက်သရေ
ပြည့်စုံစေ၏။

၆။ ဘဝများစွာ၊ ဖြစ်လေရာလည်း၊
ရုပ်ါကြော့ရှင်း
အလှဝင်း၏။

၇။ ဆွေပေါင်းသဟာ၊ မိတ်တကာသည်း၊
ကြည်သာချစ်ခင်ကြ၏။

၈။ ကျော်စောသံမှာ မိုးထက်ဖြာ၍၊
ကြေငြာနှံ့ပြည့်၊
လူနတ်သိ၏။

(ထေရာပဒါန်ပါဠိတော်)

## သရဏဂုံ ကွန်ချာကြီး
(တရားရှစ်နဝင်းကိုက်၊ ပုတီးစိပ်)

တဖန် သရဏဂုံ ကွန်ချာကြီးကို ဆက်လက် တင်ပြပါသည်။ ဤသရဏဂုံ ကွန်ချာကြီးမှာလည်း ရှေးသူတော်စင် အပေါင်းတို့ သမာဓိစခန်းသို့ တက်နိုင်ရေးအတွက် စီစဉ်ခဲ့သော ပညာရပ်ကြီး ဖြစ်ပါသည်။ သမာဓိတရားကို သူတော်စင်တို့ ပွားများအားထုတ်၍ ရရှိလေလေ ရှေးသူတော်စင်ကြီး အပေါင်းတို့အား ကျေးဇူးများ အထူးတင်လေလေ ရှိလာမည် ဖြစ်ပါသည်။ ရှေးသူတော်စင်တို့၏ ကြီးမားသော အမြော်အမြင်နှင့် ကြီးမားသောမေတ္တာကား အံ့မခန်းရှိစွ တကား။

### ပထမဦးစွာ ပွားများပါ

သရဏဂုံကွန်ချာကြီးကို ဦးစွာ ပုတီးမစိပ်မီ အောက်ပါ ဇယားဖြင့် ဖော်ပြထားသော သရဏဂုံကိုးပါး'အနုလုံပဋိလုံ' ပုတီးစိပ်နည်းကို ဦးစွာ ပွားများ အားထုတ်ပါ။ သရဏဂုံ ၉-ပါး ၁၂-ခေါက် ပြည့်သောအခါတိုင်း ပုတီးတပတ် ရရှိမည် ဖြစ်ပါသည်။

ထိုသို့ သရဏဂုံ ကိုးပါးတို့အား မမှားရအောင် အသွား (၆)ခေါက်၊ အပြန် (၆)ခေါက်၊ ပေါင်း ၁၂-ခေါက် ပြည့်အောင် စိပ်ပါ။ ၁၂-ခေါက်ပြည့်သောအခါတိုင်း ပုတီးတပတ် ပြည့်မြောက်ပါသည်။ ဤသရဏဂုံ ကိုးပါးကို အပြန်အလှန် စိပ်၍ အလေ့အကျင့်များ ရရှိမှသာ သရဏဂုံ ကွန်ချာကြီးကို

တက်လှမ်းပွားများ အားထုတ်ပါ။ အလွယ်တကူ ပုတီးပတ်များ မမှားစေပဲ သမာဓိထူး သမာဓိမြတ်ကြီးများ ရရှိမည်ဖြစ်ပါသည်။

သရဏဂုံ ပုတီးစိပ်နည်းတို့တွင် ဤသရဏဂုံ ကွန်ချာကြီးလောက် နက်နဲ၊ ခက်ခဲ၊ သိမ်မွေ့၊ နူးညံ့ မြင့်မြတ်၍ အကျိုးထူးတရားကို ခံစားနိုင်သော အခြားနည်းများကား မရှိပေဟု အချို့ပညာရှင် ပုတီးသမားကြီးများက ဆိုပေသည်။

ထို့ကြောင့် အချင်း သူတော်ကောင်း၊ မမေ့ မလျော့ ကြိုးစား ပွားများ အားထုတ်ပါလော့။

| အနုလုံ | သရဏဂုံကိုးပါး "အနုလုံ-ပဋိလုံ" ပြဇယား | ပဋိလုံ |
|---|---|---|
| ၁ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ၉ |
| ၂ | ဓမ္မံ သရဏံ ဂစ္ဆာမိ | ၈ |
| ၃ | သံဃံ သရဏံ ဂစ္ဆာမိ | ၇ |
| ၄ | ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ၆ |
| ၅ | " ဓမ္မံ သရဏံ ဂစ္ဆာမိ | ၅ |
| ၆ | " သံဃံ သရဏံ ဂစ္ဆာမိ | ၄ |
သမတ၊ ပရမေအရှင်ထောက်ပြီး ချွေးဖြာဖြာကျအောင် မြေပြင်လျှောက်ရလို့ သေချင်မလောက် ဆူးစူးရှတဲ့အထဲ၊ ခြေအပြင်ပေါက်ကွဲ၍၊ ဖူးဂရူးထလို့မို့၊အထူးထူး အဝေ ဒုက္ခ တွေခံကာ........

ပရမေထံမှာ အမြဲရဟန်းလုပ်မယ်လို့၊ လှဲစခန်းဖြုတ်လျှင်၊ ရက္ခဆာယာကပ်ပြီး၊ စတုတ္ထသမာပတ်၊ ဝင်စားနေရှာသတဲ့။

ဘုရင်တပါးမဟောမှာ၊တောဝနေအစောင်းဝယ်၊တင်သား ခြေနာ၍၊ ကျောတွေညောင်းပေမဲ့၊ အမောပြေကြောင်း ဝတ်ပြုသူမရှိလေဘူး၊ ကျွတ်ဆုယူမည်ဟု၊ သဘောပိုက် သုံးလို့မို့၊ တောတဝိုက်လုံး၊ ပွဲတော်အာဟာရကလဲ၊လွဲအဖော် တကာ၊ တကာမ-သဒ္ဓါလို့ ကျွေးမွေးတဲ့၊ လေးလေးပေါ့ပေါ့ ပြောခပြော့ မာမာ၊ တခါနုပ် တခါမနုပ်၊ စိမ့်စပ်တူးခြစ်၊ ပြစ်ပြစ်ကြဲကြဲ၊ မဲမဲဖြူဖြူ၊ လူသမျှဆွမ်း၊ ပြောင်းဘူးဆတ်၊ ရောပြွမ်းလျှက်၊ ဗူးခရမ်း မုံလာ၊ ဆူးပန်းနှင့် ကြူတခါ၊ ချဉ်ခပေါင်မှာအမြဲ၊ ဝင်အောင်သာ ခဲရှာရ၊ ဖရဲနှင့်ဖရုံ၊ ခဝဲနှင့် ကင်းပုံ၊ ညွန့်ပေါင်းစုံရောယှက်၊ လုည်းကုန့်သည် ချက်သလို၊ တက္ကသိုလ်ဘုန်းခေါင်၊သမ်းခရီး ကုန်းမြောင်မှာ၊ သုံးဆောင် တော် မူရရှာလေသတဲ့။

ယင်းသို့ လွန်စွာ၊ တရာ့ကိုးဆယ့်နှစ်၊ ယူဇနာဝေးကွာ စခန်း၊ ပင်ပန်းမည် သဘောမပိုက်ပဲ၊ စောမကိုဋ္ဌ ဘုန်းဝေ၊ ခေါဟိုက်ခါနုန်းခွေ၍၊ကုန်းခြေခရောင်း၊သလုံးခြေညောင်းတဲ့ အပြင်၊ လက်ချောင်းက ကွဲခမန်း၊ ကြမ်းတမ်းသည့်အာဟာရ၊ ဘာကာမ မငဲ့ကွက်၊ အတုမရှိဘုရား ရတနာကို၊ များစွာပင်

ဖူးချင်သည့်အတွက်ကြောင့်၊ အသက်နှင့် ကိုယ်ခန္ဓာ၊ နဲနဲမှ မငဲ့ကွက်မညှာပဲ၊ လှည်းကုန်သည်များစွာကို အားပြုကာ လာခဲ့သော်—

သာဝတ္ထိပြည်မှန်- ဇေတဝန်ဝိဟာရ၊ ဘုရားရှိရာ ဌာနသို့၊ ဆိုက်ကပ်သည့်အခါကျတော့၊ မည်သူ့ကိုမျှမမေး၊ ကြီးလေးနစ်နာ၊ စာအာဆိုသွားကြည့်တော့လဲ၊ ရာဇဂြိုဟ်ဘုရား ရှိသည်ဟု၊ မိမိသင်မိတာနှင့်၊ သဒ္ဓါစိတ်များ၊ဘုရားရှိသည့် ဇေတဝန်၊ လွန်၍သွားသတဲ့—

သနားဘွယ်ရာ၊ ယူဇနာ လေးဆယ့်ငါး၊ ဘုရားကို နောက်မှာ ထားခဲ့ပြီး၊ မင်းတရား ဗိမ္ဗိသာ၏ ရာဇဂြိုဟ်ပြည်အပါး၊ အိုးထိန်းသည် ဇရပ်နားသို့၊ ဆိုက်ကပ်၍ သွားခါမှ၊ ဘုရားဘယ်မှာ နေသလဲလို့၊ မြို့ထဲက လူဘယောက်၊ စုံထောက်မေးမြန်းလိုက်ခတော့၊ အရှင် ရဟန်း ဘယ်က လာသလဲဟု၊ ထိုလူကတဖန် ပြန်၍မေးပြန်ရာ၊ ငါ—ဟို တက္ကသိုလ်ပြည်ရှိရာ၊ မြောက်အရပ်က လာသည်ဟု ပြောသောအခါ—

မြတ်စွာဘုရား သခင်သည်၊ အရှင်ကြွလာခဲ့ရာ၊ လမ်းခရီး သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်းတော်ကြီး၌၊ ခိုမှီးစံနေတော် မူကြောင်း ပြောလျှင်—

စောဘုရင် ပက္ကုသမှာ၊နေဝင်ချိန်ကာလပေမို့၊ဘုရားရှိရာ၊ တံ့ပြန်ခွင့်မရတော့ပဲ၊ မိုးသောက်တဲ့အခါကျမှ၊ ငါထ၍ ပြန်မည်ဟု အိုးထိန်းသည် ဇရပ်ကွင်းသို့၊ ကပ်ချဉ်းအပန်းဖြေ၊ ညအိပ်၍ နေရှာလေသည်။

ပရမေဘာဂဝါ၊ မြတ်စွာဗုဒ္ဓ၊ ထိုနေ့နံနက်၊ အရုဏ်တက်က
ပင်လျှင်၊ ရွှေဉာဏ်တော် ကွန်ယက်ကို ဖြန့်ကြက်သမှု၊ကြည့်ရှု
တော်မူလေရာ၊ ပက္ကုသာတိ၊ အမည်ရှိအပ်လှ၊ သတင်းရေ
သဖြင့်၊ ငါ့ကိုဖူးလို၊ တက္ကသိုလ်မှ၊ရာဇဂြိုဟ်ကိုလာခဲ့ရာ၊ကြီးစွာ
ဒုက္ခ၊ ယနေ့အရောက်၊ မိုးသောက်နံနက်၊ အရုဏ်တက်၊
အသက် ပျောက်ဖလသော်၊ ထောက်ရာတည်ရာ မရရှာပဲ၊
အ နာထ သေခြင်းဖြင့်၊ ဝဋ်အတွင်း ကျ နစ်၊ သံသရာဖင့်နွဲ၍၊
ဆင်းရဲခြင်း ဖြစ်မည်ကို မြင်တော်မူသည်နှင့်၊ ထောက်ချင့်
သနား၊ ဘုရားတို့တံတွာ၊ ကြီးမားသည့် ကရုဏာကြောင့်၊
သူရှိရာငါသွား၍၊ တရားဟောရှုတ်၊ ဘုံသုံးဝ ဝဋ်တွင်းမှ၊
လွတ်ကင်းအောင်ချွတ်မည်ဟု၊ဆုံးဖြတ်ပိုင်းခြား၊ ထားရှိတော်
မူပြီး ဖြစ်ရာကား၊ ဘုရား၏တန်ခိုး၊ မြေမလျှိုး မိုးမပျံ၊ ချွေရံ
မခေါ်၊ ကိုယ်တော်တပါးတည်း၊ ခရီးမြေပြင်မှ၊ ခြေကျင်
စိုက်စိုက်၊ မထင်မလျား၊ ဘုရင်ကိုသနားလို့မို့၊ သခင်ဘုရား
ကြွလိုက်ရှာ၊ ညဥ့်မှာ ပေါင်းပူး တက္ကသိုလ် သမ္ဘာချန်သူမို့၊
ရတနာအမွန် ဖူးရပါလေရော့၊ ညဦးယံ နှစ်ပါးမောရှာလို့၊
တရားဟောကာ မပြသေးဘဲ၊ လင့်လျှက် ဆိုင်းပြီးတော့၊
ညဥ့်ဝက်ပိုင်း ကပ်ရောက်အလာတွင်၊ မှတ် လောက် စ ရာ
တခန်းတနား ဝေဖန်လျက်၊ ဓာတ်ခြောက်ပါး ကမ္မဋ္ဌာန်း
တရားအခြေခံလို့မို့၊ ပရမေ အရဟံ ဟောပြသည့်၊ ဓမ္မဟုံ
အစွမ်းကြောင့်၊ ဗြဟ္မာ့ဘုံစခန်း၊အဝိဟာကပ်ပေမည့်၊အရိယာ
မြတ် အနာဂါမ်ဘဝကို၊ မကြာအမြန်ရလို့၊ ရှင်ရဟန်း ဘုံ
ရောက်လိုသော်လည်း၊သင်္ကန်းမလုံလောက်လေတော့၊ သွားတဲ့

ရှာ၊ အစဉ်လမ်းဆုံ လျှောက်တုန်း၊ အားနွဲ့စွာ၊ သားငယ်ပါတဲ့ နွားမ၊ အတင်းငေ့ကော်လို့၊ မကာင်းသရဲ့နေဘ်၊ ကြမ္မာအဟောင်း၊ ဝိပါက်ပေထင့်။

မင်းတဖေ့ မဟော်မသာအလောင်း၊ မကြည့်ရက် လေအောင်၊ မခင်းမြေ့အပေါ်၊ ခမြာခေါင်းပိလျှက်၊ သေရှာရော့၊ ပြေပြဟ္မာ ခန်း၀ါအကူးတွင်မှ၊ အမွေ့ရတနာချမ်းသာအထူးငယ်နှင့်၊ ဂုရမေ ဘဂဝါ လှမ်းခါ ဖူးသောကြောင့်၊ အဆွေ့မဟာမှာ ၀မ်းသာလို့ မြူးစရာပ၊ ရဟန္တာတဦး ဖြစ်ရှာလေသတဲ့။

ယင်းသို့ ပက္ကုသာတိ၊ အမည်ရှိမင်းဖြား၊ သက်န်းရှာအသွားတွင်၊ နွားငေ့သောဒဏ်ချက်ဖြင့်အသက်ခန္ဓာ၊ ရာဇဂြိုဟ်မြို့တံခါးအနီးတွင်၊ ပျက်စီးရ ရှာလေသော်၊ မြတ်စွာအရှင်စောဘုရားက တရားဟောပြအဆုံး၌၊ တမြို့လုံးမြင်စေရာ၊ မီဋ္ဌာနှ်ရည်စူး၊ ရောင်ခြည်သွယ် ကွန့်မြူးသဖြင့်၊ ဖူးမြှော်ကြလို့၊ ရာဇဂြိုဟ်မြို့အတွင်းမှ၊ မင်းကြီးနှင့် တကွ၊ ဘုရားရှိရာ၊ အိုးဘိုတဲသို့၊ စုခဲကာ လာကြသော်....

ဘာကိစ္စဘယ်အခါက၊ ဤနေရာအိုးဘိုဇရပ်သို့၊ ဘုရားမြတ်စွာ၊ ကပ်ရောက်တော်မူပါသနည်းဟု၊ မင်းကြီးလျှောက်ထားလေလျှင်၊ အစဉ်အလာ၊ ဖြစ်ပျက်ပုံအချင်းအရာကို၊ သ က်န်း ရှာ သွား သည် မှာ ထိ၊ အမိန့်တော် ရှိ ပြီး လျှင်၊ ကောင်းကင်ခရီးဖြင့်၊ ဇေ တ ဝန် ကျောင်း တော် ကြီး သို့၊ စောထီးဘုန်းလျှံ၊ ကြွပြန်တော်မူသောအခါ၊ ဗိမ္ဗိသာရ၊ နာမပြန့်သင်း၊ ရာဇဂြိုဟ်မင်းမှာလည်း၊ အချင်းချင်းမမြင်ဘူး၊

မဟာမိတ်အထူးမို့၊ ချီးကျူးကော်ရော်၊ ပရိက်ရာသက်န်းကို၊ အစွမ်းကုန်ပူဇော်မည်၊ လှည့်လည်၍တွေ့အောင်ရှာ၊ ငါ့အဆွေ မင်း၊ ထင်လင်းငုတ်တုတ်ရှိပါသည်မဟုတ်လား၊ ဘာလုပ်စရာ သင်္ကန်း၊ ပင်ပန်းအောင်ရှာရမလဲဟု၊ ဖင့်နွဲ့မကြာ၊ ခြေရာ ခံလျက်၊ အမြန်လိုက်ရှာစေရာ၊ ရာဇဂြိုဟ်မြို့တံခါးအထွက်၊ တံမြက်ချေးစွန့်ရာအရပ်တွင်၊မလျှောက်ပတ်မဖွယ်ရာ၊ မရှုသာ မမြင်ကောင်း၊ တက္ကသိုလ်ဘုရင်အပေါင်းကို၊ ဥက္ကောင်း မြေသက်၊ မျက်ခွက်မှောက်ခုန်နာ၊နွား‌ဝေ့သည့် ဒဏ်ရာများ နှင့်၊ ထင်လျားစွာတွေ့ကြုံလေရာ၊ အဆွေတော်ဗိမ္ဗိသာရ၊ မျက်ရေဖြေဆည်မရလေတော့လွမ်းတ၍ငိုသည်မှာ–

ငါတို့နေရာ၊မဇ္ဈိမာဝယ်၊ ကမ္ဘာသချေ၊လွန်ဆုံးလေလည်း၊ ပေါ်ပေခဲလှ၊ ဒုလ္လဘမို့၊ ကြုံရစေလို၊ တက္ကသိုလ်သို့၊ မင်းပျို ပက္ကုသိစေမှုဖြင့်၊ သုံးလူ့ဘုရား၊ မြတ်တရားနှင့်၊ ချစ်သား သံဃာ၊ အရိယာဟု၊ ရတနာသုံးရပ်၊ ဂုဏ်တော်ပါဌ်ကို၊ တပ်အပ်ထင်ထင်၊ ရွှေပြားပြင်ဝယ်၊ မှင်နီဟသံာပဒါး၊ ရွှေကြုတ်သွားဖြင့်၊ရေးသားပြီးခါ၊ အာနာပါန၊သမထငြိမ်း၊ မြတ်ကမ္မဋ္ဌာန်းလည်း၊ နည်းလမ်းလက်စ၊ အမြွက်မျှတည့်၊ နောက်မှပိတ်ကာ၊ ကြည်မဟာလျှင်၊ ပြည်ရွာစွန့်ခွာ၊ စွမ်းနိုင် ပါမူ၊ သာသနာထမ်း၊ မြတ်လမ်းဖြင့်၊ ရှင်လမ်းဘိက္ခု၊ ပြုသာပြုဟု၊ လွတ်မှုလွတ်ကြောင်း၊ စိတ်ကောင်းသမှာ၊ ဆက်ပဏ္ဏာသည်၊ စကြာ့ရွှေမင်းမဟာကိုယ်........။

သာလို့ဝေဖြာ၊ မဇ္ဈိမာနှင့်၊ ဝေးကွာမနီး၊ တောတောင် ဆီးလျက်၊ ပြည်ကြီးအဟို၊ တက္ကသိုလ်မှ၊ လူဗိုလ်ခပင်း၊

တောင်းပန်ခြင်းကို၊ အတင်းငယ်ရှား၊ မငဲ့ညှာပဲ၊ ဘုရား
ဘုန်းဟော့၊ ဖူးခမြှာ်တွေ့ဘို၊ အောင်းမေ့ဆုံးဖြတ်၊ စာရေ
ငတ်လျက်၊ မတ်တတ်ကလဲ၊ လွန်ဆင်းရဲလိမ့်၊ ပေါက်ကွဲ
ခြေဖွား၊ မရှု့အားအောင်၊ နှိုထွားမင်းပျို၊ မြေလို့ဆိုလျှင်၊
ထွာညိုခန့်မျှ၊ မဖြန့်ရဘူး၊ ညှံ့လှ ပြော့ပြောင်း ဆွေမင်း
ကောင်းမှာ၊ ခရောင်းဘော့ဖူး၊ ဖူးရရှုးနှင့်၊ ထူးထူးမျှားစွာ၊
ဆင်းရဲရှာခဲ့၊ မြတ်စွာရှင်တော်၊ ကိန်းအောင်းပျော်သည်။
မည်ခေါ်မြတ်မွန် ဇေတဝန်ကို၊ ကျော် လွန် နောက် ထား၊
ငါ့ဝကားကြောင့်၊ လေးဆယ့်ငါးယူဇနာ၊ လွန်၍လာသည်၊
ထွက်ခွာသေမင်းရှာသလို.......။

ကြာသို့ရေမှာ၊ အေး ကြည် စွာ သား၊ မေတ္တာဇလ၊
အဒေါသဖြင့်၊ လောကဥဿုံ၊ လွှမ်းဖုံခြုံလျက်အာရုံပစ္စည်း၊
ကုန်သိမ်းစည်းလို့၊ ထန်သည်းပြုရှာ၊ ကရုဏာကြောင့်၊မြတ်စွာ
စိုက်စိုက်၊ နောက်မှလိုက်၍၊ မှောင်မိုက်အဝိဇ္ဇာ၊ ပိတ်မကာပဲ၊
ဉာဏ်ဖိုလ်မဂ်၊သုံးဆင့်တက်အောင်၊ ဖြိုဖျက်ကာမ၊ ကင်းရာဂ
ဖြင့်၊ ဒေါသပယ်ချိုး၊ ဗြဟ္မာ့မျိုးကို၊ စိုက်ပျိုးမိစေ၊ ချွတ်ရှာ
ပေသည်။ အခဆွမင်းပျို၊ တက္ကသိုလ်လျှင်၊ ငါ့ကိုယုံကြည်၊
ချစ်ခင်သည်နှင့်၊ တိုင်းပြည်စွန့်ခွာ၊ ထွက်ခဲ့လာ၍မြတ်စွာ
ဖူးတွေ့၊ လိုအင်ဖြေ့လည်း၊ တေ့တေ့ဆိုင်ဆိုင်၊ နှစ်ဦး
ပြိုင်လျက်၊ တိုင်ပင်နှီးနှော၊ တူသဘောဖြင့်၊ ပြောခွင့်မသာ၊
လွန်စွာနှစ်နာသည်၊ သက်ညှာလေခြင်း၊ ရာဇဂြိုဟ်မင်း....။

ဤသို့စသည်ဖြင့်၊ ပိယေဟိဝိပ္ပယောဂဒုက္ခ၊ လုံးဝအလျှင်း၊
မလွတ်ကင်းသေးသော၊ သောဘာပန်မင်းမှာလည်း၊ ပူပြင်းစွာ

ငို ကျွေး ပြီး လျှင် ချစ် လှ စွာ ပက္ကု သာ မင်း ကြီး ၏။ ရုပ်အလောင်းကို၊ ညောင်စောင်းငယ်ဖြင့်၊ တင့် တယ် စွာ ဟူဆောင်၊ စင်ကျယ်အောင်ရေချိုး၊ အဝတ်ဖြူလွှမ်းမိုး၍၊ မွှေးမျိုးနံ့သာ၊ ကောင်းစွာဖျန်းပက်လျက်၊ သက္ကစ္စအမှု၊ ကြီးကျယ်သောမဏ္ဍပ်၊ သပ်ရပ်စွာပြုပြင်ပြီးလျှင်၊ ပက္ကုသ မင်းပျို၏၊ စံနေရာတက္ကသိုလ်သို့လည်း၊ စာတိုစာရှည်၊ သတင်း စကား၊ ကြားစေသည်နှင့်၊ ဆောက်တည်မရ၊ တက္ကသိုလ် တပြည်လုံးမှ ၊စုရုံးကာလာကြ၍၊ မိဘလိုတမျိုး၊ အုပ်စိုးသည့် ဘုရားမို့၊ အများပင်ဝမ်းနည်း၊ ကျ မျက် ရေ ယို မဲ့ဲ၊ ငိုပွဲကြီးဗျာပန်ကို၊ နှစ်ပြည်ထောင်ဝိုင်းအုံပြီး၊ သိမ့်သိမ့်တုန် ကျင်းပ၍အနိစ္စတာပင္ဇိသံယုတ်၊ တူရိယာအတီးအမှုတ်တို့ဖြင့်၊ သုသာန်ကိုထုတ်ပြီးလျှင်၊ ရုပ်ဥတုဇ၊ နံ့သာထင်းတို့ဖြင့်၊ သဂြိုဟ်ခြင်းဗျာပန်၊ ကိစ္စပြီးမြောက်၊ အနာဂါမ် အဆွေ မင်း၏။ ကျန်ကြွင်း သော အ ရိုး ဓာတ် ကို၊ လေးမြတ်စွာ ကောက်ပြီးသော်၊ နောက်နောင် လူအ များ နည်း ယူ စေ၊ သဘောသွားဖြင့်၊ ဘုရားပုထိုး၊ အရိုးအိုးတည်ထားခဲ့၍၊ ထင်လျှားတိတိ၊ ရာဇဂြိုဟ်ဘိုင်းခရိုင်ဝယ်၊ ယခုတိုင်ရှိလေ သတဲ့....။

ဤသို့ရာဇဂြိုဟ်နှင့်—တက္ကသိုလ်ဘုရင် ဝတ္ထုသွား စကား အစဉ်ကိုဆင်ခြင်မှတ်သား၊ နှလုံးထား၍၊ ဘုရား၊ တရား၊ သံဃာအားဖြင့်၊ သုံးပါးသောရတနာထက်၊ သာလွန်ထူးမြတ် သော၊ ရတနာဘယ်မှာမှမရှိအကောင်းဆုံးအမြတ်ဆုံး၊ အဖိုး အထိုက်တန်ဆုံးသော ရတနာဖြစ်သည်၏ အဖြစ်ကို လည်း

ကောင်း၊ ထိုရတနာအစစ်၊ ရတနာမှန်၊ ကောန်ထင်လျား၊ ပေါ်လာငြားပြီဟု၊ သတင်းကြားကာမျှဖြင့်၊ ပက္ကုသမင်းပျို သည်၊ တက္ကသိုလ်နန်းထီးကို၊ အပြီးတိုင်စွန့်ခွာ၍၊ တရား့ ကိုးဆယ် နှစ်ယူဇနာ၊ ဝေးကွာသော ရာဇဂြိုဟ်မြို့ကြီးသို့၊ ဘိနပ်မစီး၊ ထီးမဆောင်း၊ကုန်းကြောင်းခရီးဖြင့်ကြီးစွာသော ဒုက္ခံလျက် ထွက်ကြွဘူးသည်ကိုလည်းကောင်း- -

ထွက်ကြွလှမ်း၍၊ ဘုရားရတနာနှင့်တွေ့လျှင်´ ချမ်းမြေ့ ကြည်အေး၊ တရားရတနာ အမြိုက်ဆေးကို တိုက်ကျွေးတော် မူသဖြင့် ရန်ဘေးကင်းကုန်၊ ရှေ့ဘုံနိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက်ဘူးသည်ကိုလည်းကောင်း- -

စုဒေပါင်းများမြတ်၊ အကျိုးထူးအရပ်ရပ်တို့ကို အထပ်ထပ် ဆင်ခြင်၊ မပြတ်မလတ်မြင်လျက် ရှင်ဘုရင် တက္ကသိုလ်မင်းတို့ လို မဂ်ဖိုလ်ရအောင် သန့်ရှင်းစွာဂုဏ်တော်ပုဒ်တို့ကို အားထုတ် ၍ ပုတီးစိပ်တော်မူကြပါကုန်။

× × ×

# ဘွဲ့တော် ၈-ပါး ဂုဏ်တော် ပုတီးစိပ်ကြီး

ဤသို့ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာ သုံးပါးနှင့်တကွ မဟာမေရု မြင့်မိုရ်တောင်မက၊ ကျေးဇူး ကြီးလှပေသော၊ ဆရာတော် သခင် အရှင်သူမြတ်အား ရှိခိုး ပူဇော် ဖူးမြော် ကန်တော့ရ၍ ရတနာသုံးပါးတို့တွင် ဘုရား၏ ဂုဏ်တော်ဟု ဆိုအပ်သော ဤ 'သုဂတော' ဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပွားများအားထုတ်ရန် ရေးသား ဖော်ပြလိုက်ပေအံ့။

နတ်ပြည် ခြောက်ထပ်ကို မိမိတို့အလိုဆန္ဒရှိသမျှကို ပြီးစီး ပြည့်စုံနိုင်သော မနာပကာရီမည်သော နတ်တို့သည် အဘယ် ကုသိုလ်ကြောင့် ဤအကျိုးကို ရပါသနည်းဟု ရဟန်းတို့ လျှောက်ကြားသောအခါ၊ မြတ်စွာဘုရားသည် ဤသို့မိန့်တော် မူ၏။

## အကျိုးပေးခြင်း ရှစ်ပါး

ထိုနတ်တို့သည် ရှေးလူဖြစ်သောအခါ၌ အဋ္ဌင်္ဂသီလဟု ဆိုအပ်သော အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသောသီလကို ကောင်းစွာ ဆောက်တည်ခဲ့သော ကုသိုလ်၏ အကျိုးကြောင့်၊ အလိုဆန္ဒ ရှိသမျှကို ပေးစွမ်းနိုင်၍ နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ကြလေ သည်ဟူ၍ ဟောတော်မူ၏။ ထိုနတ်တို့သည် ဘုရား၏ ဂုဏ်တော် ကို အောက်မေ့ကြကုန်၏။ အောက်မေ့သည်ရှိသော်၊ သုဂတော ဂုဏ်တော်ကို အောက်မေ့ကြကုန်၏။ ထို သုဂတောဟူသော ဂုဏ်တော်သည်လည်း အကျိုးပေးခြင်း ၈-ပါးကို အကြောင်း ပြု၍ အမည်နာမ ဘွဲ့တော်သည်လည်း ၈-ပါးရှိ၏။

## မဟာ ဇေယျသိဒ္ဓိ

ဤဗုဒ္ဓါနုဿတိဟူသော သုဂတောဂုဏ်တော်သည် နည်ပြည် ခြောက်ဘုံ၌ နေသော နတ်တို့သည် အမြဲကိုးကွယ်၍နေသော ဂုဏ်တော်ကြီး ပေတည်း။ ဤသုဂတောဂုဏ်တော်၏ အကျိုး ဖလကို ဆိုပေအံ့။ ကြီးမြတ်သော အလုံးစုံသော အလိုဆန္ဒ ရှိသော အမှုကိစ္စဟူသမျှကို ပြီးစီး အောင်မြင် တတ်သည်။ ထို့ကြောင့် မဟာဇေယျသိဒ္ဓိဟူသော ဘွဲ့တော်ကို ရတော် မူ၏။

ခပ်သိမ်းသော အလိုဆန္ဒရှိသမျှကို ပေးစွမ်းနိုင်သော အဟာနာပကာရမည်သော နတ်တို့၏ ပန်ဆင်သော နတ်ပန်း နှင့်တူ၏။ ထို့ကြောင့် ဤသုဂတောဟူသော ဂုဏ်တော် သည် မဟာဇေယျသိဒ္ဓိသဗ္ဗကာမဒဒမာလိနီ ဟူသော အမည် နာမ ဘွဲ့တော်ကို ရ၏။

## နတ်ပန်း

မာရ်မင်း၏ ရန်သူဟူသမျှကို အစိုးရသော နတ်တို့၏ ပန်ဆင်သော နတ်ပန်းနှင့်တူ၏။ ထို့ကြောင့် မဟာဇေယျသိဒ္ဓိ မာရာဓိပတိမာလိနိဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

မနာပကာရိမည်သော နတ်တို့၏ မွေ့လျော် မြူးပျော်သော နတ်တို့ ပန်ဆင်သော နတ်ပန်း နှင့် လည်း တူ၏။ ထို့ကြောင့် ဤသုဂတောဟူသော ဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိရမ္မဏိကမာလိနိ ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

## ရန်ဟူသမျှကို အောင်

ထိုမနာပကာရိမည်သော နတ်တို့၏ ပန်ဆင်သောပန်းသည် ကောင်းသော စိတ်နှလုံးရှိသော သုမန သူဌေး၏ပန်ဆင်သော ပန်းနှင့်တူ၏။ ထို့ကြောင့် ဤသုဂတော ဟူသောဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိ သုမနသေဋ္ဌိမာလိနိဟူသော နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

မနာပကာရိမည်သော နတ်တို့၏ ပန်ဆင်သော ပန်းသည် ရန်သူဟူသမျှကို တိုင်ဌွဖွဲ့ချည်၍ ထားသကဲ့သို့၊ ထို့အတူ ခပ်သိမ်းသော ရန်သူဟူသမျှကို တိုင်ဌွဖွဲ့ချည်၍ထားတတ်သော နတ်တို့၏ ပန်ဆင်သောပန်းနှင့် တူသည်၏ အဖြစ်ကြောင့်၊ ဤသုဂတော ဟူသော ဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိ ရထမ္ဘမာလိနီ ဟူသော အမည်နာမဘွဲ့တော်ကိုလည်း ရတော်မူ၏။

## ဘုန်းကျက်သရေ

ထိုမနာပကာရိမည်သော နတ်တို့၏ပန်ဆင်သောပန်းသည် ကြီးမြတ်သော ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံ၍ ဘုန်းကျက်သရေ ဂုဏ်ကို ပေးစွမ်းနိုင်သော နတ်တို့၏ ပန်ဆင်သော ပန်းနှင့်တူ၏။ ထို့ကြောင့် သုဂတော ဟူသော ဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိသိရိဒဒမာလိနိ ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

မနာပကာရိမည်သော နတ်တို့၏ ပန်ဆင်သော ပန်းသည် အေးမြချမ်းသော ရေနှင့်တူသော ကျက်သရေရှိသော ပန်းကို ပန်ဆင်ရသည်နှင့် တူ၏။ ထို့ကြောင့် ဤသုဂတောဟူသော ဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိဩဒကသိရိမာလိနိ ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

## အကျိုးအနန္တ

ကနဂ်ခန္ဓမည်သော နေမင်းကို ကိုင်ဆွဲ ဖမ်းယူခြင်းငှာ စွမ်းနိုင်သော မနာပကာရိမည်သော နတ်တို့၏ ပန်ဆင်သော ပန်းနှင့်တူ၏။ ထို့ကြောင့် ဤသုဂတောဟူသော ဂုဏ်တော်သည် မဟာဇေယျသိဒ္ဓိ ဝိဂါဟမာလိနိဟူသော ဘွဲ့တော်ကိုလည်း ရတော် မူ၏။

ဤသို့ ဂ-ပါးသော အမည်နာမ ဘွဲ့တော်ကို ရတော်မူသော ဗုဒ္ဓါနုဿတိဟူသောသုဂတောဂုဏ်တော်ကို ပွားများအားထုတ်သော သူမြတ်အပေါင်း သူတော်ကောင်း တို့၏ လောကုတ္တရာအကျိုး ဖလအာနိသံကို ရခြင်း သည် ကား

ဂဏန်းသင်္ချာဖြင့် ပြောပြရေတွက်၍ မကုန်နိုင်အောင် မဟာဗ္ဗလ အကျိုးကို ပေးစွမ်းနိုင်ကုန်၏။ ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၏ ဇေဂ္ဂသုတ်အချီး၌—

ယဿာ နုဿရေနာပိ၊ အန္တလိက္ခေပိ ပါဏိနော၊
ပတိဋ္ဌမဓိ ဂစ္ဆန္တိ၊ ဘူမိယံ ဝိယသဗ္ဗထာ။
သဗ္ဗုပဒ္ဒဝ–ဇာလမှာ၊ ယက္ခစောရာဒိ သမ္ဘဝါ၊
ဂဏနာ–နစမုတ္တာနံ။

ယဿာ၊ အကြင်ဗုဒ္ဓါ နုဿတိဟူသော သုဂတောဂုဏ်တော်ကို အနုဿရဏေနာပိ၊ အောက်မေ့ ပွားများခြင်းကြောင့်လည်း၊ အန္တလိက္ခေပိ၊တည်ရာမရှိ၊ဟင်းလင်းအပြင်၊ကောင်းကင်မှ၊ ကျ၍ပင်လာသော်လည်း၊ ပါဏိနော၊ သုဂတောဟူသော ဂုဏ်နှင့်ပြည့်စုံသော သတ္တဝါတို့သည်၊ ဘူမိယံဝိယ၊ မြေပြင်ကဲ့သို့၊ သဗ္ဗထာ၊ အခါခပ်သိမ်း၊ ပတိဋ္ဌံ၊ တည်ရာ၊ မှီရာ၊ ကိုးကွယ်ရာကို၊အဓိဂစ္ဆန္တိ၊မုချမလွဲ၊ အမြဲရကြကုန်၏။ သဗ္ဗုပဒ္ဒဝဇာလမှာစ၊ အလုံးစုံသော ဘေးရန်ဥပဒ္ဒဝေါဟူသော ပိုက်ကွန်၏ အတွင်းမှလည်း၊ ယက္ခစောရာဒိသမ္ဘဝါစ၊ ဘီလူး သားရဲ ခိုးသူ အစရှိသော အသက်၏အန္တရာယ်ဘေးမှလည်း၊ မုတ္တာနံ၊ဘေးရန် အပေါင်းမှ လွတ်သောသူတို့၏၊ ဂဏနာ၊ ဂဏန်း သင်္ချာဖြင့် ရေတွက်ခြင်းသည်၊ နတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။

ဗုဒ္ဓါနုဿတိ

ဤသို့ ဗုဒ္ဓါနုဿတိဟူသော ဂုဏ်တော်ကို ပွားများ အားထုတ်သော သူမြတ်အပေါင်း သူတော်ကောင်းတို့သည် ဤ

ဗုဒ္ဓါနုဿတိဟူသော သုဂတောဂုဏ်တော်၌ပွားများအားထုတ်သောအခါ အောက်ပါ ဥာဏ်စဉ်များကို ရရှိနိုင်၏။ ဗုဒ္ဓါနုဿတိ ဤ သုဂတော ဂုဏ်တော်ကို အောက်မေ့ ပွားများ၍ ရှေးဦး တည်ကြည်စွာ ထိုင်နေခြင်းသည် ပရိကမ္မ ဘာဝနာကို အားထုတ်သည်မည်၏။ ထိုသို့ ပွားများအောက်မေ့၍ တည်ကြည်သော သမာဓိသည်လည်း ပရိကမ္မ သမာဓိမည်၏။ ထိုသို့ အောက်မေ့ ပွားများ၍ ထင်လာသော ဘုရား၏ ပုံသဏ္ဌာန်အာရုံဟူသော နိမိတ်သည် ပရိကမ္မ နိမိတ်မည်၏။

## နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း

ထို့နောက် အကြိမ်ကြိမ် အားထုတ်၍ အောက်မေ့ပွားများသော်လည်း ပရိကမ္မ ဘာဝနာမည်၏။ ဤ သုဂတောဟူသော ဂုဏ်တော်၌ အောက်မေ့ ပွားများ၍ . တည်ကြည်သော သမာဓိသည် ပရိကမ္မ သမာဓိမည်၏။ ထိုသို့ သုဂတောဟူသော ဂုဏ်တော်ကို ပွားများ အောက်မေ့၍ ဖြစ်ပေါ်လာသော ဓမ္မာရုံဟူသော ဗုဒ္ဓဓမ္မဘုရား၏ နိမိတ်သည်လည်း အလွန် သန့်ရှင်း စင်ကြယ်သောကြောင့် ထိုနိမိတ်သည် ဥဂ္ဂဟ နိမိတ်မည်၏။

ဤကား ပထမ ဘာဝနာသုံးပါး။

တဖန် ဒုတိယ ဥပစာရ ဘာဝနာသို့ ကူးပြောင်းသည်ရှိသော် ထိုသို့ အောက်မေ့ပွားများသော ဗုဒ္ဓါနုဿတိဟူသော ဂုဏ်တော်သည် ဥပစာရ ဘာဝနာမည်၏။ ထိုသို့ ဥပစာရ ဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိဟူသော သုဂတော ဂုဏ်တော်

ကို အောက်မေ့ ပွားများ အားထုတ်သောအခါ တည်ကြည်သော သမာဓိသည် ဥပစာရ သမာဓိမည်၏။ နိမိတ်သည်ကား ဓမ္မာရုံ ပရမတ္ထနာမ်ဟူသော နိရောဓသစ္စာနိဗ္ဗာန်၌ အမြဲတည်တော်မူသော ပရိနိဗ္ဗုတမည်သော မြတ်စွာဘုရားကို မိမိ၏ အာရုံ၌ ထင်ခြင်းသည် ပဋိဘာဂနိမိတ်မည်၏။ ထိုသို့ ပြဆိုခဲ့ပြီးသော ပဋိဘာဂနိမိတ်ကို တွေ့မြင်သည်နှင့်တပြိုင်နက် နိဗ္ဗာန်ကို အာရုံပြုသည်မည်၏။ ထို့ကြောင့် သုတ်မဟာ ဝါပါဠိတော်၌ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

သီလပရိဘာဝိတော၊ မွေးထုံအပ်သော သီလရှိသောသူသည်၊ သမာဓိမဟပ္ဖလော၊ ကြီးမြတ်သော သမာဓိကိုရခြင်း အကျိုးရှိသည်၊ ဟောတိ၊ ဖြစ်၏။မဟာနိသံသော၊ ကြီးသော အကျိုး အာနိသင် ရှိသည်၊ ဟောတိ၊ ဖြစ်၏။ သမာဓိပရိဘာဝိတော၊ မွေးထုံအပ်သော သမာဓိ ရှိသောသူသည်၊ ပညာမဟပ္ဖလာ၊ ကြီးမြတ်သော ဝိပဿနာ သမ္မာဒိဋ္ဌိပညာကိုရခြင်း အကျိုးရှိသည်၊ ဟောတိ၊ ဖြစ်၏။ မဟာနိသံသာ၊ ကြီးသော အကျိုးအာနိသင် ရှိသည်၊ ဟောတိ၊ ဖြစ်၏။ ပညာပရိဘာဝိတံ၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာဖြင့် မွေးထုံအပ်သော၊ပညာရှိသော၊စိတ္တံ၊ ဝိပဿနာဉာဏစရိယမည်သော၊ ဉာဏသမ္ပယုတ်စိတ်သည်၊ အာသဝေဟိ၊ ဒိဋ္ဌိဝိစိကိစ္ဆာတည်း

ဟူသော အာသဝေါတရားတို့မှ၊ ဝိမုတ္တိ၊ ပုထုဇဉ်တို့ ကျင်လည်ရာဖြစ်သော သံသရာမှ · လွတ်မြောက်လေ၏။

## ကိုယ်တော်မြတ်ကို ဖူးတွေ့ရသကဲ့သို့

ထို့ကြောင့် ဤသုဂတောဟူသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် အားထုတ်၍ ပွားများခြင်းတည်း ဟူသော ပရိကမ္မဘာဝနာကြောင့် ရအပ်သော ပရိကမ္မသမာဓိ၊ ပရိကမ္မနိမိတ်တို့သည် ဖြစ်ပေါ်၍ လာကုန်၏။ ထိုသို့ ရအပ်သော ပရိကမ္မသမာဓိနှင့် ပရိကမ္မနိမိတ် နောက်သို့ မဆုတ်သော သမ္မပ္ပဓာန်တည်းဟူသော ဝီရိယဖြင့် ကြိုးကုတ် အားထုတ်၍ ပွားများသည်ရှိသော်၊ ဥပစာရ ဘာဝနာအဖြစ်သို့ ရောက်ပြန်၏။ ထိုဥပစာရ ဘာဝနာ၏ အစွမ်းရည်ကြောင့် ရအပ်သော ဥပစာရသမာဓိ၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့သည် အဆင့်ဆင့် ဖြစ်ပေါ် လာကြကုန်၏။ ထိုသို့ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ကို ရသောအခါ ဖြစ်လာသော စိတ်ဝိညာဏ်သည် အလွန်ကြည်လင်သော စကြာမင်း၏ ပတ္တမြားရတနာနှင့်တူသော ဘုရား၌ ယုံကြည်သောသဒ္ဓါတရားကိုရ၏။ ထိုသဒ္ဓါတရားကို ရမှသာလျှင် အထက်၌ ပြလတ္တံ့သော ဝက္ကလိပုဏ္ဏားကိုမြတ်စွာဘုရား ဟောတော်မူသော လမ်းစဉ်အတိုင်း မသွေမလွဲဘဲ လိုက်လံ ကျင့်သည်ရှိသော် စိတ်ဝိညာဏ်တော်ကို ဖူးတွေ့ရလတ္တံ့။ ဤသို့ စိတ်ဝိညာဏ်ကို တွေ့မြင်ရသည်ကိုပင် နိရောဓသစ္စာ၊ ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသည် မည်၏ဟု ဝက္ကလိပြဟ္မဏ ပုဏ္ဏားအား ဟောကြားသည်

ကို နှလုံးထား၍ ဤဥပစာရ ဘာဝနာကို အားထုတ်သော အခါ ပဋိဘာဂနိမိတ်နှင့်တကွ ရအပ်သော သဒ္ဓါတရားသည် သက်တော်ထင်ရှားရှိသော ကိုယ်တော်မြတ်ကို ဖူးတွေ့ရသကဲ့သို့ တရားတော်ကို နာခြင်း၊ ဆုံးမသည်ကို နာခံ၊ ဆုံးမသည့် အတိုင်း လိုက်နာ၍ ကျင့်ခြင်း၊ ဤသို့ စိတ်အာရုံ မနော၌မှာ ထင်မြင်၍ နေသောအခါ သုဒဿနစကြာမင်းသည် ပရိဗ္ဗူတိ ဖြစ်သော နိဗ္ဗာန်၌ တည်တော်မူသော မြတ်စွာဘုရားတို့ကို ဖူးတွေ့ရသကဲ့သို့ ဖူးတွေ့ရလတ္တံ့။

မနောမယအကျိုး

ဤသို့ ဥပစာရ ဘာဝနာဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဥပစာရသမာဓိ၊ ပဋိဘာဂနိမိတ်ကိုရသော အခါ၊ ဤကာမာဝစရမဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်သည် ရူပါစရ-ပဥ္စမစျာန်-အဘိညာဉ်နှင့် အလားတူသော မဟဂ္ဂုတ ပဋိရူပကမည်သော မဟာကုသိုလ်စိတ်ဖြစ်သောအခါ၊ မနော ပကာရီမည်သော နတ်တို့၏ ပန်ဆင်သော ပန်းသည် စိတ်၏ အလိုဆန္ဒရှိအတိုင်း မနောမယအကျိုးကို ပေးနိုင်စွမ်းသော ပန်းနှင့် တူသည်၏ အဖြစ်ကြောင့် ဤဗုဒ္ဓါနုဿတိဟူသော သုဂတေါ ဂုဏ်တော်သည်လည်းထို့အတူ -အင်္ဂါ -ဂ-ပါးနှင့် ပြည့်စုံသော အကျိုးကို ပေးနိုင်စွမ်းသည်ဟု ယုံကြည်သက်ဝင်၍ ယောဂီသူမွန်သပ္ပုရိသ သူတော်စင်တို့သည် ထိုသို့ ရပြီးသော ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်ရအောင် ကောင်းစွာ ဥဿာဟ ဝီရိယဖြင့် စောင့်ရှောက်ထိန်းသိမ်းရ၏။

ဤကား– ဗုဒ္ဓါနုဿတိဟူသော သုဂတော ဂုဏ်တော်၌ ပရိကမ္မဘာဝနာ ပရိကမ္မသမာဓိ၊ ပရိကမ္မနိမိတ်ဟူသော အစီရင်ကို ပြသော အခန်းတည်း။

ဤသို့ ပညာ နေတ္တိဝိပဿနာကျမ်း၌လာသော သုဂတော ဟူသော ဂုဏ်တော်သည် သူနာပရန္တ၊ မြန်မာနိုင်ငံတိုင်းရင်း သားဖြစ်သော ရဟန်းတော် ရှင်အာဒိစ္စရံသီ စီရင်သော သုဂတော မဂ္ဂဒီပနီ ဟူသော ကျမ်း၌ ဗုဒ္ဓါနုဿတိ ဟူသော သုဂတောဂုဏ်တော်ကို ရှင်အာဒိစ္စရံသီ မထေရ်သည် ယိုးဒယားပြည်မှ ကူးယူ၍ လာသည်ဟု ဆို၏။ ဤသို့ -၈-ပါး သော အမည်နာမတ္တဲ တံဆိပ်ကို ရသော သုဂတောဟူသော ဂုဏ်တော်သည် အောက်ပါအတိုင်းဖြစ်၏။

သုဂတော သုဂတဋ္ဌာနံ၊ သုဂတော သုန္ဒရံပိစ။
သုဂတော ယာတိ၊ သုဂတော တေနမေနမာ။

ဤကား အားထုတ်ပွားများရန် သုဂတော ဟူသော ဂုဏ်တော်၏ ပါဠိဂါထာပေတည်း။ ဤပါဠိဂါထာသည် ပါဠိ အဋ္ဌကထာတို့၌ မလာမရှိ၊ ရသေ့ဘာဝမှ ဖြစ်သော သိကြားမင်းပေးသော သုဂတောဟူသော ဂုဏ်တော်ဟု ရှင်အာဒိစ္စရံသီမထေရ်မြတ်သည်ယိုးဒယားပြည်မှကူးယူခဲ့သော ထိုသုဂတောမဂ္ဂဒီပနီကျမ်း၌ဆိုထားပေသည်။

သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်၊ သုဂတဋ္ဌာနံ၊ ကောင်းသော နိဗ္ဗာန်သို့

ဆောင်တော်မူတတ်၏။ သုဂတော၊ ရှေးဘုရားတို့ကဲ့သို့လာခြင်း ကောင်းသော၊ သုဂတော၊ မြတ်စွာဘုရားသည်၊ သုန္ဒရံ၊ ကောင်း မြတ်သော၊ နိဗ္ဗာနံပိစ၊ နိဗ္ဗာန်သို့လည်းကြွသွားတော်မူတတ် ၏၊ သုဂတော၊ နိဗ္ဗာန်၌ အမြဲနိစ္စအခါတဖြစ်၍ တည်တော် မူသော မြတ်စွာဘုရား၊ တေ တဝ၊ ပဘာသရ၊ ရောင်စုံကြွ၍၊ ဝိညာဏခေတ်၊ နိဗ္ဗာန်မြတ်၌ တည်တော်မူသော ရှင်တော် မြတ်ဘုရားအား၊ နမော၊ ဦးနှိမ်ညွတ်ကျိုး၊ လက်ဆယ်မျိုးဖြင့် အပံ၊ အကျွန်ုပ်သည်၊ နမာ၊ နမာမိ၊ ရှိခိုးပါ၏။

## ပထမ ပရိကမ်

ဤသုဂတော ဟူသော ဂုဏ်တော်ကို ပွါးများအားထုတ် သော ယောဂီမှန် သူတော်ကောင်းတို့သည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးတို့အား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ဖြင့် ပူဇော်ကန်တော့ လှူဒါန်းပြီးမှ မိမိအလိုရှိ သမျှကို ဆုတောင်း ပတ္တနာအဓိဋ္ဌာန်ပြု၍ ပွားများအား ထုတ်ရာ၏။

ပွားများအားထုတ်သောအခါ၌၊ ဤသုဂတောဟူသော ဂုဏ်တော်သည် ပါဠိတပုဒ်တည်းတွင် သုဂတဂုဏ်ပေါင်း ငါးပါးရှိ၏။ ထို့ကြောင့် သုဂတောဂုဏ်တော်ကို ပုတီးစိပ်၍ တပတ်ရလျှင် ငါးပတ်ရ၏ဟုမှတ်ရာ၏၊ ထိုကဲ့သို့ ပွားများ အားထုတ်၍ ပုတီးပေတ်ပေါင်း "တရာ့ငါးဆယ့်ခြောက်ပတ်" ရလျှင် တရားဂုဏ်တော်တည်းဟူသော "ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်"ကိုစိတ်ကရည်ညွှန်း၍ဘုရားတရား၊သံဃာတည်း ဟူသော ရတနာသုံးပါးအား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း

တို့ဖြင့် ပူဇော်ကန်တော့၍ လူဒါန်းခြင်းဒါနကို ပြုရာ၏။ ဖြူစင်သန့်ရှင်းစင်ကြယ်သော စိတ်ဖြင့် ငါးပါးသီလကိုဖြစ်စေ၊ ရှစ်ပါးသီလကိုဖြစ်စေ၊ ကောင်းစွာ စောင့်ရှောက် ဆောက်တည်ရာ၏။

## ဓာတ်ကြီးလေးပါး

ထိုအခါ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဘုတရုပ်ကို အမြဲမှီ၍ နေသော ဝိဉာဏ ဠိတိကို သိစေခြင်း အကျိုးငှါ၊ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ် တည်းဟူသောဓာတ်လေးပါးကိုဤသုဂတောဟူသော ဂုဏ်တော်ဖြင့် ပွားများအားထုတ်ရာ၏။ မြေဓာတ်၌ နှစ်သိန်း လေးသောင်း အထုရှိသော မြေဓာတ်ကို အာရုံပြု၍ ပုတီးစိပ်ရမည်။ ပုတီးစိပ်သောအခါ ပုတီးပတ်ပေါင်း လေးရာ့လေးဆယ့် ငါးပတ်ပြည့်၍ စေ့လျှင် မြေဓာတ်ကုန်ပြီဟုမှတ်ရာ၏။ ထိုသို့ မြေဓာတ် ကုန်သောအခါ ရှေးကနည်းတူ ကုသိုလ်ဒါန ပြုရာ၏။

ထိုနောက် တဖန် ရေဓာတ်သည် လေးသိန်းရှစ်သောင်း အထုရှိ၏၊ ထို လေးသိန်းရှစ်သောင်းရှိသော ရေဓာတ်ကို အာရုံပြု၍ ပုတီးစိပ်ရမည်။ ပုတီးပတ်ပေါင်း ရှစ်ရာ့ကိုးဆယ် ပြည့်၍ စေ့လျှင် ရေဓာတ်ကုန်ပြီဟုမှတ်ရာ၏။ ထိုသို့ ရေဓာတ် ကုန်သောအခါ၌သည်း ရှေးကနည်းတူ ကုသိုလ်ဒါန ပြုရာ၏။

ထိုနောက်တဖန် လေဓာတ်သည် ကိုးသိန်းခြောက်သောင်း အထုရှိ၏။ ထိုကိုးသိန်းခြောက်သောင်းအထုရှိသော လေဓာတ်ကို အာရုံပြု၍ ပုတီးစိပ်ရမည်။ ပုတီးပတ်ပေါင်း တထောင့်

ခုနှစ်ရာရှစ်ဆယ်မြည့်၍ စေ့လျှင် လေခေါတ်ကုန်ပြီဟု မှတ်ရာ၏။ ရှေးကခေါတ်အတိုင်း ကျင့်ရာ၏။

## မနောမယစိတ်

ထိုနောက် တဖန် မီးခေါတ်သည် တသန်းနှင့် ကိုးသိန်းနှစ်သောင်းအထုရှိ၏။ ထိုတသန်းကိုးသိန်းနှစ်သောင်းအထုရှိသော မီးခေါတ်ကို အာရုံပြု၍ ပုတီးစိပ်ရမည်။ ပုတီးပတ်ပေါင်း သုံးထောင် ငါးရာ ခြောက်ဆယ် ပြည့်၍ စေ့လျှင် မီးခေါတ်ကုန်ပြီဟု မှတ်ရာ၏။ ဤသို့ အောက်မေ့ပွားများအားထုတ်စီးဖျန်း၍ မြေခေါတ်၊ ရေခေါတ်၊ လေခေါတ်၊ မီးခေါတ်ဟုဆိုဆပ်သော လေးပါးသောမဟာဘူတရုပဟူသောခေါတ်ကြီးလေးပါးပြီးဆုံးခြင်းသို့ ရောက်သောအခါ မဟာဒါနကိုပေး၍ မနောမယစိတ်အလိုရှိသမျှ စိတ်ဆန္ဒနှင့် ပြည့်စုံရန်ဆုတောင်းပါ၊ ထိုတောင့်တတိုင်း ပြည့်စုံပြီဟု သုဂတောဒီပနီကျမ်း၌ဆို၏။ ထိုစကားသည် ယုံကြည်အပ်၏။ အဘယ်ကြောင့် နည်းဆိုသော်၊ မြတ်စွာဘုရားသည် အပဒါန်ပါဠိတော်၌ဤသို့ မိန့်တော်မူ၏။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာမနုတ္တရံ
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိမာနသံ။

(အပဒါန်ပါဠိတော်)

ဘာဝနာနံ၊ လေးဆယ်သော ဘာဝနာတို့တွင်၊ အနုတ္တရံ အတုမရှိ မြတ်သော၊ ဣမံ ဗုဒ္ဓါနုဿတိံ၊ ဤဗုဒ္ဓါနုဿတိ

ဟူသော သုဂတောဂုဏ်တော်ကို၊ ဘာဝေဟိ၊ မနေမနားလွန်ကြိုးစား၍ ပွားများအားထုတ်ပါလော့၊ ဣမံသတိံ၊ ဤဗုဒ္ဓါနုဿတိတည်းဟူသော သုဂတော ဂုဏ်တော်ကို၊ ဘာဝယိတွာ၊ မနေမနားလွန်းကြိုးစား၍ ပွားများအားထုတ်ခြင်းကြောင့်၊ မာနသံ၊ မနောမယစိတ်ဆန္ဒ၏ အလိုရှိသမျှကို၊ ပူရယိဿတိ၊ ပြည့်စုံ နိုင် လတ္တံ့ (ဝါ) ပြည့်စုံသော ဂုဏ်တော်မြတ်ပါပေတည်း။

× × ×

## သရဏဂုံသုံးပါး၌ သစ္စာပြု ဆုတောင်းခြင်း။

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ
ဟောတု မေ ဇယမင်္ဂလံ ဟောတု မေ အာယုဝဍ္ဎနံ
ဟောတု မေ သုခဝဍ္ဎနံ ဟောတု မေ သိရိဝဍ္ဎနံ။

## ဘုရားအတွက်

မေ၊ ခန္ဓာနာမ်ရုပ် အကျွန်ုပ်အား၊ အညံ၊ လောကထွတ်ထား ရှင်တော်ဘုရားမှ တပါးသော၊ သရဏံ၊ အားထားယုံကြည် ကိုးကွယ်ရာသည်၊ နတ္ထိ၊ မရှိပြီ။ ဗုဒ္ဓေါ၊ ရှင်တော်

ဘုရားသည်၊ မေ၊ ငါ၏၊ ဝရုံ၊ အောင်ဆုပေးလတ်၊ မြတ်ပေထ သော၊ သရဏံ၊ အားထားယုံကြည်၊ ကိုးကွယ်ရာသည်၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

## တရားအတွက်

မေ၊ အား၊ အညံ့၊ ရှင်တော်ဟောလတ်၊ တရားတော် မြတ်မှတပါးသော၊ သရဏံ၊ အားကိုးယုံကြည်ဘွယ်ရာသည်၊ နတ္ထိ၊ ပြီ၊ ခမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်သည်သာလျှင် ၊မေ၊ ငါ၏၊ ဝရုံ၊ မြတ်သော၊ သရဏံ၊ သည်၊ ဟောတိ၊ ၏။

## သံဃာအတွက်

မေ၊ အား၊ အညံ့၊ မဂ်လေး၊ ဖိုလ်လေး ရှောထွေး ရှစ် ပါး၊ အရိယာ သံဃာတော်များနှင့်တကွ၊ ကလျာဏနွယ်ဝင် သံဃာတော်မြတ်မှတပါးသော၊ သရဏံ၊ အားထားယုံကြည် ကိုးကွယ်ရာသည်၊ နတ္ထိ၊ မရှိပြီ။ သံဃော၊ မဂ်လေး၊ ဖိုလ်လေး ရှောထွေးရှစ်ပါး၊ အရိယာသံဃာများနှင့်တကွသော ကလျာ ဏနွယ်ဝင် သံဃာတော်မြတ် သည်သာလျှင်၊ မေ၊ ငါ၏၊ ဝရုံ၊ မြတ်သော၊ သရဏံ၊ ကိုးကွယ်ရာသည်၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုညား သစ္စာစကား ကြောင့်။ မေ၊ အကျွန်ုပ်အား၊ သောတ္ထိ၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရောင်ဖိတ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိသည်၊ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း၊ မေ၊ အကျွန်ုပ်အား၊ ဇယမင်္ဂလံ၊ အောင်မြင်ခြင်းမင်္ဂလာအဖြာဖြာသည်၊ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မေ၊ အကျွန်ုပ်အား၊

အာယုဝဍ္ဎနံ၊ ရာကျော်လွှမ်းတက် အသက်မြင့်ရှည်တင့်စည် ဖွံ့ဖြိုးပွားတိုးခြင်းသည်၊ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မေ၊ အကျွန်ုပ်အား၊ သုခဝဍ္ဎနံ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာဖွံ့ဖြိုး၊ ပွားတိုးခြင်းသည်၊ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မေ၊ အကျွန်ုပ်အား၊ သိရိဝဍ္ဎနံ၊ ဘုန်းကျက်သရေရွှန်းဝေ ဖွံ့ဖြိုးတိုးပွားခြင်းသည်၊ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

— — —

## ဘုရား၌ သစ္စာပြု ဆုတောင်းခြင်း။

သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယောနတ္ထိ သဗ္ဗဒါ
တေနသစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ
ဟောတု မေ သုခဝဍ္ဎနံ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓသေဋ္ဌမှိ၊ အထူးသဖြင့် ချီးမွမ်းအပ်တော်မူသော မြတ်ဘုရား၌၊ မေ၊ အကျွန်ုပ်အား၊ သဒ္ဓါ၊ မြတ်နိုး ယုံကြည်ခြင်းသည်၊ အတ္ထိ၊ အမှန်မသွေ ရှိပါပေ၏။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ သံသယော၊ သို့လော သို့လော တွေးတောမကင်း ယုံမှားခြင်းသည်၊ နတ္ထိ၊ ဘယ်အခါမျှ မရှိချေ။ တေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုညား သစ္စာစကားကြောင့် (နောက်ကအတိုင်း ဆိုလေ-တူပြီ)

## တရားတော်၌

### သစ္စာပြု ဆုတောင်းခြင်း

သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ
ဧတေနသစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဓမ္မသေဋ္ဌမှိ၊ အထူးသဖြင့် ချီးမွမ်းတော်မူအပ်သော တရားတော်မြတ်၌၊ မေ၊ အကျွန်ုပ်အား၊ သဒ္ဓါ၊ မြတ်နိုး ယုံကြည်ခြင်းသည်၊ အတ္ထိ၊ အမှန်မသွေ ရှိပါပေ၏။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ သံသယော၊ သို့လော သို့လော တွေးတောမကင်း ယုံမှားခြင်းသည်၊ နတ္ထိ၊ ဘယ်အခါမှမရှိချေ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုညား သစ္စာစကားကြောင့်- -

(နောက်အတိုင်းပါ-တူပြီ)

— — —

## သံဃာတော်၌

### သစ္စာပြု ဆုတောင်း

သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ၊
ဧတေနသစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

သံဃသေဋ္ဌမှို၊ အထူးသဖြင့် ချီးမွမ်းအပ်တော် မူသော၊ သံဃာတော်မြတ်၌၊ မေ၊ အကျွန်ုပ်အား၊ သဒ္ဓါ၊ မြတ်နိုး ယုံကြည်ခြင်းသည်၊ အတ္ထိ၊ အမှန်မသွေရှိပါပေ၏၊ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ သံသယော၊ သို့လော သို့လော၊ တွေးတော မကင်း၊ ယုံမှားခြင်းသည်၊ နတ္ထိ၊ ဘယ်အခါမျှ မရှိချေ၊ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုငြား သစ္စာစကားကြောင့် (နောက်အတိုင်း ဆိုလေ တူပြီ။)

— — —

## ငါးပါးသီလတော် မြတ်၌

## သစ္စာပြု ဆုတောင်း

သမာဒယိံ ပဉ္စသီလံ၊ အဋ္ဌင်္ဂံ ပိ သုဒေသိတံ၊
ဧတေနသစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော် မူအပ်သော၊ ပဉ္စသီလံ၊ ငါးပါးသော သီလတော်မြတ်ကို လည်းကောင်း၊ အဋ္ဌင်္ဂံပိ၊ ရှစ်ပါးသော ဥပေါသထသီလတော်မြတ်ကို လည်း ကောင်း၊ အဟံ၊ အကျွန်ုပ်သည်၊ သမာဒယိံ၊ ကောင်းစွာ ခံယူဆောက်တည်ခဲ့ဘူးလေပြီ၊ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ဆိုငြား မှန်ကန်သော သစ္စာစကားကြောင့် (နောက်အတိုင်း ဆိုပါ။)

## အဿာဓာရဏ ဂုဏ်တော်၌

### သစ္စာပြု ဆုတောင်း

န ဇိဝိတန္တရာယော ပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓဿ၊ သုံးလူ့ထွဋ်ထား မြတ်ဘုရား၏၊ ဇီဝိတန္တရာယော ပိ၊ အသက်၏ အန္တရာယ်ကိုလည်း၊ ကေနစိ၊ တစုံတယောက်သောသူသည်၊ ကာတုံ၊ ကြံစည်အားထုတ် ပြုလုပ်ခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်းပေ၊ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်ပြား သစ္စာစကားကြောင့် (နောက် အနက်အတိုင်း ဆိုပါ။)

— — —

## သဗ္ဗညုတ ဉာဏ်တော်၌

### သစ္စာပြု ဆုတောင်း

န ဉာဏဿန္တရာယော ပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏၊ ဥဘာဿ၊ သဗ္ဗညုတ ဉာဏ်တော်မြတ်၏၊ အန္တရာယောပိ၊ အန္တရာယ်ကိုလည်း၊ ကေနစိ၊ တစုံတယောက်သော၊ လူနတ်ပြဟ္မာ သတ္တဝါဟူသမျှသည်၊ ကာတုံ၊ ပြုလုပ်ဖျက်ဆီးခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်ခြေ၊ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုငြား သစ္စာစကားကြောင့် (နောက်အတိုင်းဆိုပါ။)

— — —

## ရောင်ခြည်တော်၌

## သစ္စာပြု ဆုတောင်း

နှ ရသ္မိယ န္တရာ ယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ၊
ဧတေနအသစ္စဝဇ္ဇေန၊သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏၊ ရသ္မိယာ၊ ကိုယ်တော်မြတ်မှ ထွက်သော တလုံ့မျှလောက်သော ရောင်ခြည်တော်၏၊ အန္တရာယောပိ၊ အန္တရာယ်ကိုလည်း၊ ကေနစိ၊တစုံတယောက်သော လူနတ်ပြဟ္မာ သတ္တဝါ ဟူသမျှသည်၊ ကာတုံ၊ ပြုလုပ်ဖျက်ဆီးခြင်းငှာ၊ နသက္ကာ၊မတတ်နိုင်ခြေ၊ဧတေန သစ္စဝဇ္ဇေန၊ ဤသို့အမှန်ဆိုငြား၊ သစ္စာစကားကြောင့် (နောက် အတိုင်းဆိုပါ။)

## လေးပါးသော ပစ္စည်းတော်၌

### သစ္စာပြု ဆုတောင်း

န ပစ္စယန္တရာယေပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ၊
တေနသစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏၊ ပစ္စယန္တရာယေပိ၊ ရှေးရှုဆောင်၍၊ လှူဒါန်းအပ်ကုန်သော ပစ္စည်းလေးပါးတို့၏ အန္တရာယ်ကိုသည်း၊ ကေနစိ၊ တစုံတယောက်သော လူနတ် ဗြဟ္မာ သတ္တဝါဟူသမျှသည်၊ကာတုံ၊ပြုလုပ် ဖျက်ဆီးခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်ခြေ၊ တေနသစ္စဝဇ္ဇေန၊ ဤသို့အမှန်ဆိုခြင်း၊ သစ္စာစကားကြောင့်(နောက်အတိုင်းဆို။)

— — —

## ရူပကာယ ကိုယ်တော်မြတ်၌

### သစ္စာပြုဆုတောင်း

ဗုဒ္ဓေါ အဘိဇ္ဇကာယောဝ၊ နတ္ထိ လောကဟိတသူဒနံ၊
တေနသစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတုသဗ္ဗဒါ၊
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဗုဒ္ဓေါ၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားသည်၊ အဘိဇ္ဇကာ ယော၀၊ မပြိုမကွဲ မလဲမရှုနိုင်သော ကိုယ်တော်ရှိသည် ဖြစ်၍ သာလျှင်၊ လောဟိတသုဒန်၊ ကိုယ်တော်မှ သွေးယိုစီးခြင်း သည်၊ နတ္ထိ၊ စင်စစ်မသွေ-မရှိချေ၊ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန် ဆိုငြားသစ္စာစကားကြောင့်(နောက်ကနှင့်တူပြီ။)

— — —

## သမာပတ် ဝင်စားခြင်း၌

## သစ္စာပြု ဆုတောင်း

တိဋ္ဌေယျနေကဝဿံပိ၊ သမာပန္နော ဝိနာယကော၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတုသဗ္ဗဒါ၊
ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊
ဗဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ သိရိဝဍ္ဎနံ။

ဝိနာယကော၊ ဆုံးမသွန်သင် နိဗ္ဗာန်ခွင်သို့၊ ကယ်တင် ဆောင်ငြား မြတ်ဘုရားသည်၊ သမာပန္နော၊ ဖလသမာ ပတ်ကို ဝင်စားတော်မူသည် ရှိသော်၊ အနေကဝဿံပိ၊ နှစ်ပေါင်းများစွာကာလပတ်လုံးလည်း၊တိဋ္ဌေယျ၊ သက်တော် ရှည်ကြာတည်တော်မူနိုင်ရာ၏။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ အမှန်ဆိုငြား၊ သစ္စာစကားကြောင့် (နောက်မှနှင့်တူပြီ)

— — —

## အရှင်မဟာရဋ္ဌသာရ၏

## တရါရှစ်ကွက်၊ စက်လက္ခဏာပြချက်

အတိုင်းမသိ၊ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒ မြတ်ကျော်၊ ဘဝါးတော်၌၊ ထွန်းပေါ် ကျစ်လစ်၊ တရာ့ ရှစ်ကို၊ စင်စစ်ကောင်းတွေ့၊ လှည့်လည်ရေအံ့။

ချီတွေ့အစ၊ လုံမအိမ်မွန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပျံ့မွှေး၊ လည်ရေးသုံးဆင့်၊လှတင့်သွန်းသွန်း၊ ဦးဆောက်ပန်းက၊စသည် မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်ချွန်းတော်င်း၊ ရောင် မောင်းပြာဿာဒ၊ အထွဋ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီး ဖြူ၊ အထူးသန့်လျက်၊ ထန်းရွက်ယပ်ဝန်း၊ တခန်းတကြောင်း ဥဒေါင်းမြီးယပ်၊ သင်းကျပ်တခြား၊ ပတ္တမြားရောင်စိတ် သပိတ်ပန်းဆိုင်း၊တန့်ခိုင်းမရ၊ပွင့်လှထွားထွား၊ငါးပါးကြာမျိုး ရေအိုးဖလား၊ ထူးခြားသမုဒ္ဒရာ၊စက္ကဝါမြင်းမိုရ်၊ထိုထိုနေလ၊ နက္ခတ်စကား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ၊ ပုဗ္ဗာ၊ဥတ္တရ၊ အပရ ဂေါယီ၊ တလီအံ့ဘွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင် လျှံဝင်း၊ စကြာမင်းနှင့်၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းရွှတ် စကြာ၊ သီတာခုနှစ်တန်၊ သတ္တရဗ္ဘန်၊တောင်ဧည် ခုနှစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခု နှစ် အိုင် တ သုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား၊ ကုက္ကားတမ်ခွန်၊ မင်းတန်သန်လျှင်း၊ မကြွင်းတသီး၊ သားမြီးကေသာ၊ ကေလာသဘာ၊ သီဟ ကျားမင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ် မွန်၊ ဆဒ္ဒန်ဆင်တခြား၊နဂါးဝမ်းဘဲ၊ မကွဲမကွ၊ဥသဘမကျန်၊ ရော

ဝဏ်မကရ်ိး၊ ထူးဆန်းအံ့ဘွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေလျှံဝါ၊ မျက်နှာလေးပါး၊ နွှားသားမိစစ်၊ အဖြစ်များစွာ။

ကိန္နရာ၊ ကိန္နရီ၊ တူပြိုကရဝိက်၊ တိတ်သံမညောင်း၊ ဥဒေါင်းကြိုးကြာ၊ သံသာစက္ကဝက်၊ ငှက်၏အမျိုး၊ ဇီဝစိုးတစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆ-ကာမာနှင့်၊ ဗြဟ္မာထက်ရပ်၊ ဆယ့်ခြောက်ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံစကာနှင့်စကြာခြေမှန်၊ တင့်စဟန်ကို၊ ထက်မွန်မိုးဖျား၊ သိကြားဗြဟ္မာ၊ ရေးထုလာလည်း၊ ဘယ်မှာတူမျှ၊ အတုရခြိမ့်၊ အသမအသမာ၊ သုံးလူချာ၏၊ ရတနာထွန်းဝင်း၊ နီလင်းစင်သန့်၊ အကန့်တထောင်၊ ရွှေရောင်ချယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုန်းထောင်းပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်ဆော—ပြည့်စေသောဝ်။

× × ×

## လက္ခဏာတော်ကြီး ၃၂-ပါးဘုရားရှိခိုး

## ဂါထာပါဠိအနက်

(၁) သုပ္ပတိဋ္ဌိတပါဒေါစ၊ မုဒု၊ ဇာလော၊ ဆဝုဿဒေါ၊
လောဟော၊ သောဏ္ဏော ဇာဏုဿခေါ်၊ နိဂြောခေါ၊
စက္ကလက္ခဏာ။

(၂) ဇဃေ်ာ၊ ခဋ္ဋော၊ သီဟော၊ နေတ္တော။
ကေကော၊ ဥဏ္ဏာဒန္တောဝ။
သမာ၊ ဝိရုဠှောရဿဂ္ဂေါ။

ဂေါပခုမော၊ စီတော၊ ကောသော။

(၃) ဗြဟ္မာ၊ ဇီဝေ့ာ၊ ပဏ္ဍုကုလီ၊ ဒါဋ္ဌ၊ ဏ္ဍုံဓိသော၊ ဟနုဿဲရော။

ဗာတ္တိံသလက္ခဏု ပေတံ၊ ဇိနံ ဝန္ဒာမိ သာဒရံ။

၁။ သုပ္ပတိဋ္ဌိတပါဒေါစ = ရွှေခြေနင်းကဲ့သို့ မြေ၌ အညီအညွတ် ကောင်းစွာတည်သော ခြေဖဝါးတော် ရှိခြင်းဟူသော (သုပ္ပတိဋ္ဌိတပါဒ) လက္ခဏာတော်ကြီးလည်းကောင်း။

၂။ မုဒုစ = သိမ်မွေ့နူးညံ့သော လက်ဖဝါးတော်၊ ခြေဖဝါးတော်ရှိခြင်းဟူသော(မုဒုစလုဏဟတ္ထပါဒ) လက္ခဏာတော်ကြီး လည်းကောင်း။

၃။ ဇာလေဝစ = ရွှေ ကွန်ယက် နှင့် တူသော လက်ဖဝါး ခြေဖဝါး ရှိခြင်းဟူသော (တနည်း) ကွန်ယက်ရှိသော၊ လေသာတံခါးရွက်နှင့်တူသော လက်ဖဝါး ခြေဖဝါးတော်ရှိခြင်းဟူသော (ဇာလဟတ္ထပါဒ)လက္ခဏာတော်ကြီး လည်းကောင်း။

၄။ ဆဝိစ = သိမ်မွေ့နူးညံ့သော အရေတော် ရှိခြင်းဟူသော (သုခုမာလဆဝိ) လက္ခဏာတော်ကြီးလည်းကောင်း။

၅။ ဥဿဒေါစ = ခြေဖမိုးတော်နှစ်ဖက်လက်ဖမိုးတော်နှစ်ဖက် ပခုံးတော်နှစ်ဖက် လည်ကုတ်တော် ဤခုနစ် ပါးသော အရပ်သို့၌ ပြည့်ဖြိုးသော အသားတော် ရှိခြင်း ဟူသော (သတ္တုဿဒ) လက္ခဏာ တော်ကြီးလည်းကောင်း။

၆။ လောမောစ = စိမ်းညိုသော မျက်စဉ်း အဆင်း နှင့်တူလျက် ပတ္တမြား လက်ကောက် ကဲ့ သို့ လကျ်ာ ရစ် ထည်၍ ရွှေမျက်နှာ တော် ကို ဖူးမြော်သည့်အလား အထက် သို့ အဖျား ကော့ ညွတ် တက် သော အမွေး တော် ရှိခြင်း ဟူသော (ဥဒ္ဓဂ္ဂ လောမ) လ က္ခ ဏာ တော် ကြီး လည်း ကောင်း။

၇။ သောဏ္ဏောစ = သိင်္ဂီနိက္ခ-ရွှေအဆင်း နှင့် တူ သော ကိုယ်တော် အရေတော်

ရှိခြင်းဟူသော (သုဝဏ္ဏ ဝဏ္ဏ ကဥ္စနသန္နိဘတစ) လက္ခဏာ တော်ကြီး လည်းကောင်း။

၈။ ဇာလာစ = ရပ်တော်မူ လျက် သာ လျှင် မကိုင်းမညွှတ်ပဲ လက် ဖ ဝါး တော် နှစ်ဖက်ဖြင့် ပုဆစ်ဒူး တော် နှစ်ဘက်ကိုသုံးသပ်တော် မူနိုင်ခြင်း ဟူသော (အနောနမန္တပါဏိဇာလာကပရာမသ) လက္ခဏာ တော် ကြီး လည်း ကောင်း။

၉။ ဥဿခေါ်ါစ = ခြေဖမိုးအထက် လက်နှစ်သစ် သုံးသစ်ခန့် အရပ်၌ တည်သော ဖမျက်တော် ရှိ ခြင်း ဟူ သော ဥဿင်္ခပါဒ) လက္ခဏာ တော် ကြီး လည်း ကောင်း။

၁၀။ နိဂြောဓေါစ = အ ရပ် တော် နှင့် အ လံ တော် မျှသည်ဖြစ်၍ ပ ညောင် ပင် မင်း ကဲ့ သို့ လုံး ဝန်း သော ကိုယ် တော် ရှိ ခြင်း ဟူ သော နိဂြောဓပရိမဏ္ဍလ) လက္ခဏာ တော်ကြီးလည်းကောင်း။

၁၂။ စက္ကလက္ခဏာ = ခြေဖဝါး နှစ်ဖက်တော် အပြင်တို့၌ တထောင်သော အကန့်အကွက် ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့်ပြည့်စုံလျက် တရာ့ရှစ်ကွက်စက်လက္ခဏာ ရှိခြင်းဟူသော (အင္ဂသတစက္ကပါဒ) လက္ခဏာ တော်ကြီး လည်းကောင်း။

၁၃။ ဇယောခ = ကျီသား၏ ဦးခေါင်း ကဲ့သို့ညီညွတ်လုံးသော မြင်းခေါင်းတော် ရှိခြင်း ဟူ သော (ကေဇယ်) လက္ခဏာတော်ကြီး လည်းကောင်း။

၁၃။ ခန္ဓောခ = ရွှေမှုရိုးစည်ကဲ့သို့ ဖျော့နောက်ပြည့်ဖြိုးသောကိုယ်တော်ရှိခြင်း ဟူသော (သီဟပုဗ္ဗဍ္ဍကာယ) လက္ခဏာ တော်ကြီး လည်းကောင်း။

၁၄။ သီဟောခ = ခြင်္သေ့မင်း၏ ရှေ့ ထက် ဝက်ကိုယ်ကဲ့သို့ ရှေ့နောက် ပြည့်ဖြိုးသောကိုယ်တော်ရှိခြင်းဟူသော

(သီဟပုဗ္ဗဍ္ဎကာယ) လက္ခဏာ တော်ကြီး လည်းကောင်း။

၁၅။ နေတ္တောစ = အလွန်စိမ်းညိုသော မျက် လုံး ရှိခြင်း ဟူသော (အဘိနီလနေတ္တ) လ က္ခ ဏာ တော် ကြီး လည်းကောင်း ။

၁၆။ ကေကောစ = မွေး တွင်း တ ခု တ ခု စီ၌ တချောင်း တ ချောင်းစီသာ ပေါက်ရောက်သော မွေးညှင်း တော် ရှိ ခြင်း ဟူ သော (ကေကလောမ) လက္ခဏာ တော်ကြီး လည်းကောင်း ။

၁၇။ ဥဏ္ဏောစ မျက် မှောင်တော် နှစ် ဘက် အကြား၌ ဖြူ စင် နူး ညံ့ ၍ ဝါဂွမ်းအဆင်းရှိလျက် မောင်း ထက်ဝယ်မျှရှည်သော ဥဏ္ဏာလုံ မွေရှင်တော် ရှိ ခြင်း ဟူသော (ဥဏ္ဏာလောမ) လ က္ခ ဏာ တော်ကြီး လည်းကောင်း ။

၁၈။ ဒဌ္ဌောစ = လေး ဆယ် သော သွား တော် ရှိခြင်းဟူသော(စတ္တာလီသဒန္တ) လ က္ခ ဏာ တော် ကြီး လည်း ကောင်း ။

၁၉။ သမောဓ =လူဖြင့် ဖြတ်အပ်သော ခရုသင်း ပြွားအသွင် ဝဇီရစိန်ကျောက်ကဲ့သို့ နိမ့်မြင့်မရှိ ညီညွတ်သော သွားတော်ရှိခြင်း ဟူသော (သမဒန္တ) လက္ခဏာတော်ကြီး လည်းကောင်း။

၂၀။ အဝိရဠ္ဌောဓ =မကြဲသော သွားတော်ရှိခြင်း ဟူသော (အဝိရဠဒန္တ) လက္ခဏာတော်ကြီး လည်းကောင်း။

၂၁။ ရသဂ္ဂေါဓ =အရသာကို ဆောင်တတ်သော မြတ်သော ခုနစ် ထောင် သော အကြော ရှိခြင်း ဟူသော (ရသဂ္ဂသဂ္ဂီ) လက္ခဏာ တော်ကြီး လည်းကောင်း။

၂၂။ ဂေါပခုမောဓ။ ထိုခဏာ၌ မွေးဖွား၍ နုပျိုသော နွားနိုင်ငယ်၏ နူးညံ့သိမ်မွေ့သော မျက်မွေးရောက်သော မျက်လုံးကဲ့သို့ နူးညံ့ သိမ်မွေ့ သော မျက်မွေးရောက်လျက် ကြည်လင်တောက်ပသောမျက်တောင်ရှိခြင်း ဟူသော (ဂေါပခုမ) လက္ခဏာတော်ကြီး လည်းကောင်း။

၂၃။ စိတောစ = စိ အပ် သော အကြား မထင် ရွှေအင်ပျဉ်**ကဲ့သို့** အသားပြည့်ပြီး ညီညွတ်သော ကျောက် ကုန်း တော်ရှိခြင်းဟူသော (စိတန္တရသ) လက္ခဏာတော်ကြီးလည်းကောင်း၊

၂၄။ ကောသောစ = အအိမ်ဖြင့် လွှမ်းအုပ် နိုင်သော အင်္ဂါဇာတ်တော်ရှိခြင်း ဟူသော (ကောသော ဟိတ ဝတ္ထဂုယှ) လက္ခဏာ တော် ကြီး လည်း ကောင်း။

၂၅။ ဗြဟ္မာစ — ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့် မတ် သော ကိုယ် တော် ရှိခြင်း ဟူသော (ဗြဟ္မုဇုဂတ္တ) လက္ခဏာ တော်လည်းကောင်း။

၂၆။ ဇိဝှောစ = ရှည်လျား ကျယ်ပြန့်သော လျှာ တော်ရှိခြင်း ဟူသော (ပဟုတဇိဝှာ) လက္ခဏာ တော် ကြီး လည်း ကောင်း

၂၇။ ပဏှိစ = ဘဝါးလေးဘို့ တဘို့ကြွင်းသော ကြောင့် ရှည်လျားသော ဖနှောင့် တော်ရှိခြင်းဟူသော (အာယတ ပဏှိ) လက္ခဏာ တော် ကြီး လည်းကောင်း။

၂၈။ အင်္ဂုလိစ = ရှည်လျားသော လက်ချောင်းတော် ခြေချောင်းတော် ရှိခြင်း ဟူသော (ဒီဃင်္ဂုလိ) လက္ခဏာတော်ကြီးလည်းကောင်း။

၂၉။ ဒါဌာစ = သောက်ရှူးကြွယ်ရောင် ကဲ့သို့ အလွန် ဖြူဖွေး စင်ကျယ်သော စွယ်တော် လေးချောင်း ရှိခြင်း ဟူသော(သုသုက္ကဒါဌ) လက္ခဏာတော်ကြီးလည်းကောင်း။

၃၀။ ဥဏှီသောစ = မင်း၏ နဖူး၌ ဖွဲ့အပ်သော သင်းကျစ်ပြားကဲ့သို့ ဆံတော်ရင်း၌ အသားအရေတို့ဖြင့် ပြည့် ဖြိုး တင့်တယ်သော ဦးခေါင်းတော် ရှိခြင်းဟူသော (ဥဏှီသသီသ) လက္ခဏာ တော် ကြီး လည်းကောင်း။

ဟနုစ။ = ခြင်္သေ့မင်း၏ မေးကဲ့သို့ တဆဲ့ နှစ်ရက် ပေါ်တက် ထွန်းသော လဝင်းနှင့်တူသော မေးတော် ရှိခြင်း ဟူသော (သီဟဟနု) လက္ခဏာ တော် ကြီး လည်းကောင်း။

၃၂။ သရောစ = ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၍ သရဝိက်ငှက်မင်း၏ အသံကဲ့သို့ သာယာနာပျော်ဘွယ်သော အသံရှိတော်မူခြင်းဟူသော (ဗြဟ္မဿရကရဝိကဘာဏီ) လက္ခဏာတော်ကြီးလည်းကောင်း။

ကြတိ၊ ဤသို့၊ ဗာတ္တိံသလက္ခဏာ ပေတံ၊ ဘုရားအလောင်းဖြစ်သော၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှင့်ပါးသောလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသော၊ ဇိနံ၊ ဒေဝပုတ္တ၊ စသည်မဟာ့င်းငါးမာရ်စင်းကိုပါယ်ရှင်းသုတ်သင်၊ သန့်ရှင်းစင်အောင်အောင်မြင်တော်မူတတ် ဂုဏ်သဘတ်ကြောင့် အတတ်သိရဇိန်မည်ဌြားမြတ်ဘုရားကို၊ အဟံ၊ နာမ်ရပ်နှစ်ဖြာခန္ဓာငါးခု၊ တရားစုကို စွဲပြုခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်သည်၊ သာဒရံ၊ အသွန်ရှိသေစွာ၊ ဝန္ဒာမိ၊ ဘယ၊ လာဘ၊ ကုလ၊ ကြဉ်ဝေး၊ သံသရာဘေးမှ လွတ်ရေး ရှည်မြှော်လက္ခဏာတော်ကို ထုတ်ပေါ် ချီးကျူး အထူး မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်မြတ်စွာဘုရား။

## လက္ခာတော် ငယ်ရှစ်ဆယ်

### ဘုရားရှိခိုးပါဠိအနက်

၁။ နခါဂုလိ၊ ဝေါဠကောစ၊ ပါဒေါ၊ ဇာကာုစ ဒက္ခိဏော မုဒ္ဒေါကာယော – ဥရုမိဇော- အာနာ ပါနော၊ နဥ္ဇာတကော။

၂။ ဗျာမောလောမော၊ ဒန္တောဌော၊ နာဘိ၊ ဒါဌော၊ ကပါလကော။

ကဏ္ဍော၊ သီသောစ ကေသောစ၊ မုခေါစ၊ ဒုဂုလန္တရော

၃။ နာသိကောစေဝ၊ နေတ္တကော၊ဘမုကော၊ ပခုမက္ကမော၊ ကေတုမာလော၊ သုစိတ္တကော။

၄။ အသီတာ နုဗျဥ္ဇနုပေတံ ဇိနံ ဝန္ဒာမိ၊ သာဒရံ။

၁။ နခေါ စ = နီသော လက်သည်းတော်၊ ခြေသည်းတော်၊ လုံးမြင့်သော လက်သည်းတော် ခြေသည်းတော် နူးညံ့ သိမ်မွေ့ ပြေပြစ်သော လက်သည်းတော် ခြေသည်းတော် ရှိခြင်း ဟူသော သုံးပါးသော လက္ခဏာတော် ငယ်လည်းကောင်း (၃)

အဂုလိစ = လုံးသော လက် ချောင်းတော် ခြေချောင်းတော်၊စီထားသကဲ့သို့ သော လက်ချောင်းတော် ခြေ

ချောင်းတော်၊ အရင်းမှ အဖျားသို့ အစဉ် အားလျော်စွာ သေးသွယ်ညီညွတ်သော လက်ချောင်းတော် ခြေချောင်းတော် ရှိခြင်းဟူသော သုံးပါးသော လက္ခဏာတော်ငယ် လည်းကောင်း (၃)

ဂေါပ္ဖကောစ = လျှို့ဝှက်မထင်သောခြေဖမိုးတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း(၁)

ပါဒေါစ = အမျှ ညီညွတ်သော နှစ်ချောင်းသော ခြေချောင်းတော် ရှိခြင်းဟူသော လက္ခဏာ တော်ငယ်လည်းကောင်း(၁)

ဇာဏုစ = ထက်ဝန်းကျင်မှ တင့်တယ်သော ရွှေအဆင်းနှင့်တူသော ပဆစ်ဒူးဝန်းတော်ရှိခြင်းဟူသောလက္ခဏာငယ်လည်းကောင်း။

မုဒွေါစ = အလွန်မွေးကြိုင်သော မဏိတော်ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း။

ကာယောစ = ကောင်းစွာ ဝေဖန် အပ် သော ကိုယ်တော်အလုံးရှိ တော်မူခြင်း အစဉ်အားလျော်စွာ တင့်တယ်

သော ကိုယ်တော်ရှိခြင်း၊ အစဉ်
အား လျော် စွာ ပြိုး ပြိုး ပြက်
အရောင်ထွက်သော ကိုယ်တော်
ရှိခြင်း၊မကြုံ မလှိမ့် မဖေါင်း
သော ကိုယ်တော်ရှိခြင်း။ နူးညံ့
သော ကိုယ်တော်ရှိခြင်း၊သိမ်မွေ့
သော ကိုယ်တော်ရှိခြင်း၊ ချော
မောပြေပြစ်သော ကိုယ်တော်ရှိ
ခြင်း၊ မတွန့်မလိပ်သော အရေ
ရှိသော ကိုယ်တော် ရှိခြင်း၊
ပွေးညှင်းတင်းတိတ်၊ ကင်းသော
ကိုယ် တော် ရှိ ခြင်း၊ အ ညစ်
အကြေး ကင်းသော ကိုယ်တော်
ရှိခြင်း၊ အထူး သဖြင့် သန့်ရှင်း
စင်ကြယ်သောကိုယ်တော်ရှိခြင်း၊
အလွန် တောက်ပပြိုးမ်းချမ်းသော
ကိုယ်တော်ရှိခြင်း၊ အလွန် မွေး
ကြိုင်သော ကိုယ် တော် ရှိခြင်း၊
ကာဠုဝက ဆင်ကုဋေတထောင်
၏အားကိုဆောင်တော်မူနိုင်သော
ကိုယ်တော်ရှိခြင်းဟူသောတဆယ့်
လေးပါးသော လက္ခဏာတော်
ငယ်လည်းကောင်း၊

| | | |
|---|---|---|
| ဥရုစ | = | ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့် တူသော လက်ရုံးတော် ရှိခြင်း ဟူသော လက္ခဏာတော်ငယ် လည်းကောင်း (၁) |
| ဗိဇောစ | = | ထက်ဝန်းကျင်ပြည့်စုံသော အင်္ဂါဇာတ် တော် ရှိခြင်း ဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁) |
| အာနုပါနေ့ာစ | = | သိမ်မွေ့သော ထွက်သက်ဝင်သက် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁) |
| နင္ဂုတကောစ | = | ရှည်လျားပြန့်ကျယ် အလွန် တင့်တယ်သော နဖူးတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁) |
| ၂။ ဗျာမောစ | | ထက်ဝန်းကျင် တလံမျှလောက် ထွက်သော ကိုယ်တော်ရောင် အဝန်း ရှိခြင်း ဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁) |
| လောမောစ | = | ညီ ညွတ်သော မွေးညှင်းတော်၊ နူးညံ့သော မွေးညှင်းတော် ပြေပြစ်ချောမောသော မွေးညှင်းတော် လက်ျာရစ် လည်သော |

မွေးညှင်းတော် ဖြတ်အပ်သော မျက်စဉ်းတောင့်နှင့် တူသော စိမ်းညိုသော မွေးညှင်းတော် ရှိခြင်း ဟူသော ငါးပါးသော လက္ခဏာတော်ငယ်လည်းကောင်း (၅)

ဒန္တေ ၁စ = ညစ်ကြေးမတင်အလွန်ဖြူသောသွားတော်ရှိခြင်း ဟူသော လက္ခဏာတော်ငယ်လည်းကောင်း။

ဩဋ္ဌော ၁စ = ကြီးအာသီးကဲ့သို့ နီမြန်း သော နှုတ်ခမ်းတော် ရှိခြင်း ဟူသော လက္ခဏာတော်ငယ်လည်းကောင်း။ (၁)

နှာ ၁တိစ = လက်ျာရစ်လည်သောချက်တော်၊ နက်သော ချက်တော်၊ မပြတ်သော ချက်တော်ရှိခြင်းဟူသော သုံးပါးသော လက္ခဏာတော်ငယ်လည်းကောင်း (၃)

ဒါဌော ၁စ = အထူးသဖြင့် သန့်ရှင်း စင်ကြယ်သော စွယ်တော်၊ ကောင်းစွာလုံးသော စွယ်တော်၊ ချွန်ထက်သောစွယ်တော်၊ လေးချောင်းရှိခြင်း ဟူသော သုံး ပါး သော

လက္ခဏာ တော် ငယ်လည်း ကောင်း။ (၃)

ကပါလကောဝစ = ပြည့်ဖြိုးသော ပါးပြင်ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်း ကောင်း (၁)

ကဏ္ဏောဝစ = စဉ်းငယ်ညွတ်သော နှစ်လိုဘွယ်သော နားရွက်တော်၊ ရှည်လျားကျယ်ပြန့်သော နားရွက်တော် ရှိခြင်းဟူသော နှစ်ပါးသော လက္ခဏာငယ်လည်းကောင်း (၂)

သိသောဝစ = ထွတ်မြင့် မရှိသော ဦးခေါင်းတော်၊ ရှိုင်းနိမ့် မရှိသော ဦးခေါင်းတော်၊ ရွှေထီးနှင့်တူသော ဦးခေါင်းတော်ရှိခြင်း ဟူသော သုံး ပါး သော လက္ခဏာငယ်လည်းကောင်း (၃)

ကေသောဝစ အလွန် မည်းနက်သော ဆံတော်၊ အလွန် သိမ်မွေ့ နူးညံ့ ပျော့ပြောင်းသော ဆံတော်၊ အလွန် ချောမောပြေပြစ်သောဆံတော်၊ အလွန် ကောင်းမွန်သောသဏ္ဍာန်ရှိသော ဆံတော်၊ ညီညွတ်သော ဆံတော်၊ သေးနုသောဆံတော်၊

အသီးသီးတည်းသော ဆံတော်၊ ဇလပ်ပန်း ပွင့်ချပ် လည်သကဲ့သို့ လက်ျာရစ် လည်သော ဆံတော် ရှိခြင်း ဟူသော ကိုးပါးသော လက္ခဏာတော် ငယ် လည်းကောင်း (၉)

မုခေါ်စ = ရှည်လျားကျယ်ပြန့်သော ခံတွင်းတော်၊ အလွန် မွေးကြိုင်သော ခံတွင်းတော် ရှိခြင်းဟူသော နှစ်ပါးသော လက္ခဏာတော်ငယ် လည်းကောင်း (၂)

ဒ္ဓဂုလန္တရောစ -- နက်သော လက်ခြားရေးတော်၊ ဖြောင့်သောလက်ခြားရေးတော်၊ ရှည်လျားသော လက်ခြားရေးတော်၊ အလွန် နှစ်လိုဘွယ်သော သဏ္ဍာန်ရှိသော လက်ခြားရေးတော် ရှိခြင်းဟူသော လေးပါးသော လက္ခဏာတော်ငယ်လည်းကောင်း (၄)

၃။ နာသိကောစေဝ = မြင့်ချွန်သော နှာခေါင်းတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ် လည်းကောင်း (၁)

ဇိဝှကောသ = နူးညံ့၍ ပါးသော၊ လျှာတော်၊ နီသော လျှာတော် ရှိခြင်း ဟူသော နှစ်ပါး သော လက္ခဏာ ၁ တော် ငယ်လည်းကောင်း(၂)

ဒွိဇမံသောဝ = ချိပ်ရည်ဟင်း သပြဒါး ရေးသားဘိသကဲ့သို့ နီမြန်းသော သွားဖုံးတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁)

နေတ္တကောသ = ရှည်လျား ကျယ်သော မျက်စိတော်၊ ငါးပါးသော ကြည်ညို ဘွယ်အဆင်းရှိသောမျက်စိတော် ရှိခြင်း ဟူသော နှစ်ပါးသော လက္ခဏာတော် ငယ် လည်းကောင်း (၂)

ဘမုကောသ = ကောင်းသော သဏ္ဌာန် ရှိသော မျက်မှောင်တော် ၊ရှည်လျားကြီးမားသော မျက်မှောင်တော်၊ လျှပ်စစ်နွယ်ကဲ့သို့ စဉ်းငယ် ညွတ်သော မျက်မှောင်တော်၊ သိမ်မွေ့ နူးညံ့သော အမွေးရှိသော မျက်မှောင်တော် ရှိခြင်းဟူသော

လေးပါးသော လက္ခဏာငယ် လည်းကောင်း (၄)

ပခုမောစ = မကော့ မညွတ် မကောက်သော အဖျားရှိသော မျက်မွေးတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်းကောင်း (၁)

အက္ကမောစ = ဆဒ္ဒန်ဆင်မင်းနှင့် တူသော ခြေတော် ဖြန့်သွားခြင်း၊ ခြင်္သေ့မင်းနှင့်တူသော ခြေတော် ဖြန့်သွားခြင်း၊ နွားလား ဥသဘာနှင့် တူသော ခြေတော် ဖြန့်သွားခြင်း၊ ဓတရဋ္ဌ ဟင်္သာမင်းနှင့် တူသော ခြေတော် ဖြန့်သွားခြင်းဟူသော လေးပါးသော လက္ခဏာ ငယ်လည်းကောင်း (၄)

သုံစိတ္တကော = အံ့မဆုံးဘွယ်အလွန် ဆန်းကျယ်သော၊ ကေတုမာလောစ၊ ထိပ်တော်၌အစုအပုံဖြစ်၍ ထင်သော ရောင်ခြည်တော်အတွေ့ဟု ဆိုအပ်သော ကေတု မာလာခေါ် မှုန်ကင်းပန်းတော် ရှိခြင်းဟူသော လက္ခဏာတော်ငယ်လည်း ကောင်း [၁]

ဣတိ၊ ဤသို့၊ အသီတာနုဗျဉ္စနပေတံ၊ အလွန်သပ္ပာယ်ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူပေသော၊ ဇိနံ၊ ဒေဝပုတ္တ၊ စသည်မယွင်း မာရ်ငါးစင်းကို ပွယ်ရှင်းသုတ်သင် သန့်ရှင်းစင်အောင် အောင်မြင်တော်မူတတ်ဂုဏ်သကတ်ကြောင့် အတတ်သိရဇိနမည်ညား၊ မြတ်စွာဘုရားကို၊ အဟံ၊ နှာမ်ရှုပ်နှစ်ပြွ ခန္ဓာငါးခု၊ တရားစုကို စွဲပြုခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်သည်၊ သာဒရံ၊ အလွန်ရိုသေစွာ၊ ဝန္ဒာမိ သယလာဘ၊ ကုလကြဉ်ဝေး သံသရာဘေးမှ လွတ်ရေးရည်မျှော် လက္ခဏာတော်ကို ထုတ်ဖော် ချီးကျူး အထူးမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

*   *   *

## အာဝေဏိက ဂုဏ်တော်

၁။ ဗုဒ္ဓါနံ ဇိမိဘာဿ န သက္ကာ ကေနစိ အန္တရာယော
ကာတုံ၊ ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ
န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ
န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္စနာနံ ဗျာမပ္ပဘာယ
ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဣမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော
ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ
ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ
ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ
ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊
နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊
နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ။
နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊
နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

၆။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော နမော။

၇။ သ သဒ္ဓမ္မဂုဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ
သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ
သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

၁။ ဗုဒ္ဓါနံ၊မြတ်စွာဘုရားတို့၏၊ ဇိဝိတဿ၊အသက်တော်၏၊ အန္တရာယော၊အန္တရာယ်ကို၊ ကေနစိ၊ တစုံတယောက်သောသူသည်၊ကာတုံ၊ပြုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်း၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏ်တော်၏၊အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊တစုံ တယောက်သောသူသည်၊ ကာတုံ၊ ပြုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်း။ ဗုဒ္ဓါနံ၊မြတ်စွာဘုရားတို့၏၊ အဘိဟဋ္ဌာနံ၊ရှေးရှုဆောင်အပ်ကုန်သော၊စတုန္နံ၊လေးပါးကုန်သော၊ ပစ္စယာနံ၊ ပစ္စည်း တို့ကို၊ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစုံတယောက်သောသူသည်၊ ကာတုံ၊ ပြုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်း၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ အသီတိယာ အနုဗျဉ္ဇနာနံဝါ၊ ရှစ်ဆယ်သော လက္ခဏာတော် ငယ်တို့၏ လည်းကောင်း၊ ဗျာမပ္ပဘာယဝါ၊ တလံမျှလောက်သော ကိုယ်ရောင်တော်၏ လည်းကောင်း၊ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစုံ တယောက်သောသူသည်၊ ကာတုံ၊ ပြုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်း၊ ဣမေသံ စတုန္နံ၊ ဤ လေးပါး တို့၏။ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစုံတယောက်သောသူသည်၊ ကာတုံ၊ ပြုခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်းသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့၊ တထာ၊ ထို့အတူ၊ မေ၊ ငါ့အား၊ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်၊ အတီတံသေ၊ အတိတ်ဖြစ်သော၊ တရားအစု၌၊

အပ္ပဋိဟတံ၊ အပိတ်အပင်ရှိတော်မမူ၊ ဘဂဝတော၊ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ဉာဏံ၊ သဗ္ဗညုတဉာဏ်တော်သည်၊ အနာဂတံသေ၊ အနာဂတ် ဖြစ်သော တရားအစု၌၊ အပ္ပဋိဟတံ၊ အပိတ်အပင်ရှိတော်မမူ၊ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်၊ ပစ္စုပ္ပန္နံသေ၊ပစ္စုပ္ပန်ဖြစ်သော တရားအစု၌၊ အပ္ပဋိဟတံ၊ အပိတ်အပင် ရှိတော်မမူ။

၃။ ဣမေဟိ တီဟိ၊ဓမ္မေဟိ၊ဤသုံးပါးသော တရားတို့နှင့်၊ သမန္နာဂတဿ၊ပြည့်စုံတော်မူသော၊ ဘဂဝတော၊ဘုန်းတော် ခြောက်ပါးနှင့်၊ပြည့်စုံတော်မူသော၊ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ သဗ္ဗံ၊ အလုံးစုံသော၊ ကာယကမ္မံ၊ ကာယကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်လျှင် ရှေ့သွားရှိတော်မူ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်သို့ အစဉ်လိုက်၍၊ ဖြစ်တော်မူ၏၊ သဗ္ဗံ၊ အလုံးစုံသော၊ ဝစီကမ္မံ၊ ဝစီကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်လျှင် ရှေ့သွား ရှိတော်မူ၏။ဉာဏာနုပရိဝတ္တံ၊ဉာဏ်သို့ အစဉ်လိုက်၍ဖြစ်တော် မူ၏။ သဗ္ဗံ၊ အလုံးစုံသော၊ မနောကမ္မံ၊ မနောကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ဉာဏ်လျှင်ရှေ့သွားရှိတော်မူ၏။ဉာဏာနုပရိဝတ္တံ၊ ဉာဏ်သို့အစဉ်လိုက်၍ ဖြစ်တော်မူ၏။

၄။ ဣမေဟိ၊ ဆတိ ဓမ္မေဟိ၊ ဤခြောက်ပါးသောတရား တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော၊ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ ဆန္ဒဿ၊ အလိုတော်ဆန္ဒ၏၊ ဟာနိ၊

ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ၊ ဝီရိယဿ၊ လုံ့လ ဝီရိယတော်၏၊ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ၊ ရှိတော် မမူ၊ ဓမ္မဒေသနာယ၊ တရားတော် ဟောတော်မူခြင်း၏၊ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ၊ သမာဓိဿ၊ တည်ကြည်သော သမာဓိတော်၏၊ ဟာနိ၊ ဆုတ်ယုတ်ခြင်း သည်၊ နတ္ထိ၊ ရှိတော်မမူ၊ ပညာယ၊ အသိဉာဏ်ပညာတော်၏၊ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ၊ ဝိမုတ္တိယာ လွတ်ခြင်း၏၊ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ။

၅။ ဣမေဟိ၊ ဒွါဒသဟိ၊ ဓမ္မေဟိ၊ ဤတဆဲ့နှစ်ပါးသော တရားတော်တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော် မူသော၊ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ ဒဝါ၊ မြူးတူး ကစားလို၍ ပြုခြင်း သည်၊ နတ္ထိ၊ ရှိတော်မမူ၊ ရဝါ၊ မှားယွင်းချွတ်ချော်၍ပြုခြင်း သည်၊နတ္ထိ၊ရှိတော်မမူ၊ အဖ္ဖုဋံ၊ ဉာဏ်တော်၏ မစေ့စပ်ခြင်း သည်၊နတ္ထိ၊မမူ၊ ဝေဂါယိတတ္တံ၊ အဆောတလျင်ပြုခြင်းသည်၊ နတ္ထိ၊မမူ၊ဗျာဝဋ မနော၊ နှောင့်နှေးရှုတ်ရှက်သောစိတ် ရှိခြင်း သည်၊ နတ္ထိ၊ မမူ၊ အပ္ပဋိသင်္ခါနုပေက္ခာ၊ အမှုကို မစူးစမ်း မဆင်ခြင်ဘဲ ပြုခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ။

၆။ ဣမေဟိ၊ အဋ္ဌာရသဟိ၊ ဓမ္မေဟိ၊ ဤတဆဲ့ရှစ်ပါး သော တရားတို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော၊ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ နမော၊ စိတ်ညွတ်ရှိကျိုးရှိခိုး ပါ၏။

၇။ သသဒ္ဓမ္မဂဏုတ္တမော၊ ဆယ်ပါးသော တရား၊ ရှစ်ယောက်သော အရိယာ သံဃာတော် အပေါင်းနှင့်တကွ ဖြစ်သော၊ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်၊ သပရိဝါရံ၊ အခြံအရံနှင့်တကွ ဖြစ်သော၊ သဥ္စာတိဂတံ၊ ဆွေမျိုးအပေါင်း နှင့်တကွဖြစ်သော၊ မံ၊ အကျွန်ုပ်ကို၊ စိရံ၊ မြင့်ရှည်စွာ၊ သဒါ၊ အခါခပ်သိမ်း၊ ရက္ခန္တု၊ စောင့်ရှောက်ပါစေ သတည်း။ မယှမေဝ၊ အကျွန်ုပ်အားသာလျှင်၊ စိရံ၊ ရှည်မြင့်စွာ၊ အခါ ခပ်သိမ်း၊ သဗ္ဗကာမဒဒေါ-ခပ်သိမ်းသောအလိုကို ပေးတော် မူတတ်သည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။

× × ×

## အာဝေဏိကဂုဏ်တော် ၁၈-ပါး

အာဝေဏိကဂုဏ်တော် ၁၈-ပါးသည်၊ မြတ်စွာဘုရားတို့ တွင် သီးခြားရှိသော ဂုဏ်တော်ဖြစ်ပါသည်။ အထက်ပါ အာဝေဏိကဂုဏ်တော်၏မူမှာ ရှေးဟောင်း ဘုရားရှိခိုးမူမှ ဖြစ်ပါသည်။

အာဝေဏိကဂုဏ်တော် ၁၈-ပါး ရှိကြောင်း ကိုလည်း ကျမ်းဂန်တို့၌ အတိအကျ ဖော်ညွှန်းထားပါသည်။ သို့ရာတွင် အချို့ပညာရှင်များက ဓါရဏပရိတ်နှင့် အာဝေဏိက ဂုဏ်တော်ကိုရောတွေး၍ပြကြသည်။ စင်စစ် အာဝေဏိက ဂုဏ်တော်သည် သီးခြားရှိပြီးဖြစ်ပါသည်။ ဓါရဏပရိတ်သာ လျှင် ရှေးသူတော်စင်တို့ ဖွဲ့နွဲ့သီကုံးခဲ့ဟန်တူကြောင်းပညာရှင် များ ပြောကြားသည်ကို မှတ်သားရဘူးပါသည်။

× × ×

## အာဝေဏိကဂုဏ်တော်၏

### စွမ်းပကား

အာဝေဏိကဂုဏ်တော်ကိုနေ့စဉ်ရွတ်ဘတ်သရဇ္ဈာယ်သော သူမြတ်အပေါင်းတို့အား မီးဘေး၊ ရေဘေး၊ လက်နက်ဘေး၊ အဆိပ်ဘေး၊ ပညာသည်ဘေး။ တို့၏ ဘေးမှ လွတ်မြောက်နိုင်ကြောင်းရှေးသူတော်ဟောင်းတို့ ဆိုးမဘူးသည်ကို နာယူရဘူးပါသည်။

အထူးသဖြင့် ဤအာဝေဏိက ဂုဏ်တော်အား နေ့စဉ်ရွတ်ဘတ်၍ မြတ်ဘုရားအား ပူဇော်သူတို့သည်၊ ဘုန်းကျက်သရေတိုးခြင်း၊နတ်များချစ်ခင်ခြင်း၊အိပ်မက်ထူးအိပ်မက်မြတ်များ မြင်မက်ခြင်း၊ လူအပေါင်းတို့ ချစ်ခင်လေးစားခြင်း၊ ကြံသမျှဆန္ဒအောင်မြင်ခြင်း၊ တွေ့ဝေမှုမရှိခြင်း၊ စသော အကျိုးထူးတရားများကို လက်တွေ့ခံစား စံစားကြရမည်မှာ ပလွဲပါ။ ထို့ကြောင့် အာဝေဏိက ဂုဏ်တော်ကို နေ့စဉ်ရွတ်ဘတ်သရဇ္ဈာယ်ကြလေကုန်။

### အာဝေဏိကဂုဏ်တော်၏ကျေးဇူး

ဤအာဝေဏိကဂုဏ်တော်ကို ပါဠိနှင့်တကွ အနက်ကိုရရှိထားခြင်းသည်၊ မြတ်ဗုဒ္ဓကိုပို၍လေးစားကြည်ညိုစေပါသည်။ ပို၍မြတ်စွာဘုရား၏ ဂုဏ်ထူးဝိသေသများကိုသိ၍လေးနက်စေပါသည်။ မြတ်စွာဘုရားအပေါ် ကြည်ညိုသဒ္ဓါသည်ပို၍ နက်နဲလာစေပါသည်။ ထို့ကြောင့် သူမြတ်အပေါင်းတို့အား အာဝေဏိက ဂုဏ်တော်မြတ်ကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။



# ဂုဏ်တော်ဟိတ်နှင့်
# အောင်သိဒ္ဓိတန်ခိုး

နာရဒမြတ်စွာဘုရားရှင် ပွင့်တော်မူပြီးသည်နောက် တခုသောအသင်္ချေကို လွန်မြောက်ခဲ့၏။ ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ ဘုရားသခင်သည် ထင်ရှားပွင့်တော်မူ၍ ဟံသာဝတီပြည်ကိုမှီလျက် သီတင်းသုံးတော်မူဆဲအခါဖြစ်၏။

တနေ့သ၌ မြတ်စွာဘုရားသခင်သည် မဟာကရုဏာသမာပတ် စျာန်မြတ် ချမ်းသာဝင်စားရာမှ ထတော်မူ၍ နတ်လူပြဟ္မာ သတ္တဝါဟူသမျှ ဝေနေယျတို့ကို ကယ်ယူအံ့ငှာ ကြည့်တော်မူရှာ၏။

ထိုအခါ နန္ဒမည်တွင်ရသော ရှင်၏ တပည့်ဖြစ်သော ပုဏ္ဏားလုလင်ပျိုတို့ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိလာမည်

ကိုလည်းကောင်း။ နန္ဒမည်တွင်ရသေ့ရှင်လည်းမဟာသာဝက အဖြစ်ကိုရည်သန်၍ ဆုပန်ဆင်မည်ကိုလည်းကောင်း မြင်သိတော်မူလေ၏။

ထို့ကြောင့် ကိုယ်တော်မြတ်သည် တပါးတည်းသာလျှင် ကောင်းကင်လမ်းခရီးမှ နန္ဒရသေ့ကြီးနှင့် တပည့်အပေါင်းတို့၏ ဓမ္မရိပ်သာသို့ ကြွမြန်းခဲ့၏။

ရှင်တော်မြတ်သည် နန္ဒရသေ့ကြီး၏ မျက်စေ့အောက်၌ ပင်လျှင် ကောင်းကင်ထက်မှဆင်းသက်၍ ညီညွတ်သောမြေ အပြင်၌ ခြေစုံရပ်လျက်နေ၏။

နန္ဒရသေ့ကြီးသည် ကြွလာပုံထူးဆန်းသော ရှင်တော်မြတ်ကို အောက်ပါဂါထာတို့ဖြင့် သီကျူးမြွက်ဆိုလေ၏။

အပ္ပမာဒ ရတံ ဒိသွာ၊
ဥတ္တမ-တ္ထံ ဂဝေသကံ။
ပဒုမုတ္တရ သမ္ဗုဒ္ဓေါ၊
အာဂစ္ဆိ မမ သန္တိကံ။

ဥတ္တမ-တ္ထံ၊ အလိုရှိအပ် မြတ်သောအကျိုးကို၊ ဂဝေသကံ ပါရမီရင့် သမ္ဘာမြင့်အောင်၊ ကျင့်ကြံရှာမှီး၍နေသော၊ အာ-ပ္ပမာဒရတံ၊ ပညာဉာဏ်ဖြင့်၊ အမှန်သိ၍ သတိမပေါ့၊ မမေ့လျော့ခြင်း၌၊ မွေ့လျော်သော၊ မမံ၊ နန္ဒမည်တွင် ရသေ့ရှင်ဖြစ်သောငါ့ကို၊ ပဒုမုတ္တရသမ္ဗုဒ္ဓေါ၊ ရွှေကြာပဒုံ၊ ပန်းဝတ်မှုံသို့၊ မွေးထုံကြိုင်စွာ၊ ကံ့ပမာသို့၊ ငွံ့ညှာသနား၊ ဝေနေအားကို၊ တရားအောင်စည်၊ ဆော်ရှမ်းလည်၍၊ မွေးရည်ပျံ့ထုံ၊ ရနံ့ဂုဏ်ကြောင့်၊ ပဒုမုတ္တရ၊ အမည်ရတော်မူသော

မြတ်စွာဘုရားရှင်သည်၊ ဒိသွာ၊ ဥဘတ် တော် ကွန် ယက်၊ ဖြန့်လျက်ဆင်ခြင်၊ သိမြင်တော်မူလတ်၍၊ မမဲ၊ နန္ဒမည်တွင် ရသေ့ရှင်ဖြစ်သောငါ၏၊ သန္တိကံ၊ ရွှေ ရှု မျက် မှောက်၊ မြင်လောက်ရာဖြစ်သော၊ အနီးအရပ်သို့၊ အာဂန္တွာ၊ အဘိ ညာဉ်မျိုး၊ စျာန်တန်ခိုးဖြင့် မိုးပြင်လမ်းမှ၊ လှမ်းကြွ သက်ရောက်တော်မူခဲ့လေပြီ။

တိမ္ဗရုသက ဝဏ္ဏဘော၊
အပ္ပမေယျော အနုပမော။
ရူပေနာ သဒိသော ဗုဒ္ဓေါ၊
အာကာသေ စင်္ကမိ တဒါ။

တိမ္ဗရုသက ဝဏ္ဏဘော၊ မှည့်ရင့်လေပြီး ရွှေတည်သီး၏၊ ထိန်ညီးဝါဝင်း၊ ပုံအဆင်းနှင့်၊ မယွင်းအမှန်၊ သဏ္ဍာန်တမူ၊ တူမျှသောကိုယ်တော်အဆင်းရှိတော်မူသော၊ အပ္ပမေယျော၊ လူ့ပြည်နတ်ရပ်၊ ဂုဏ်ဒြပ်ဖြင့်၊ နှိုင်းအပ်သည့်၊ အတူရှိတော် မမူသော၊ အနုပမော၊ ဤနည်းဤပုံ၊ ဖြစ်လေတုံဟု၊ တစုံတခု၊ နှိုင်းပြုဆိုရာ၊ ဥပမာရှိတော်မမူသော၊ ရူပေန၊ သုံးဆယ့် နှစ်ဖြာ၊ လက္ခဏာတော်တို့ဖြင့် ပြည့်စုံစွာတင့်တယ်သော ကိုယ်တော်မြတ် အဆင်းတော်အားဖြင့်၊ အသဒိသော၊ လောကဓာတ်၌၊ နှိုင်းအပ်သည့်၊အတူရှိတော်မမူသော၊ ဗုဒ္ဓေါ သစ္စာလေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်သည် တဒါ၊ ထိုတောနက်မြိုင်ခြေ၊ နေတုံစဉ်အခိုက်၌၊အာကာသေ၊ ကောင်းကင်ပြင်၌၊ စင်္ကမိ၊ ထိုဤရှေ့နောက် တုံ့ခေါက် မနား၊ စျာန်ယာဉ်အားဖြင့် ကြွသွားတော်မူ၏။

သုဖုလ္လော သာလရာဇာဝ၊
ဝိဇ္ဇုဝဗ္ဘ ဃနန္တရေ။
ဉာဏေန သဒိသော ဗုဒ္ဓေါ၊
အာကာသေ၊ စင်္ကမိ တဒါ။

သုဖုလ္လော၊ ဖူးပွင့်ဆိုင်ရာ ခိုင်အညွှာဝယ် ပြိုင်လာအသင့် ကြိုင်စွာတင့်၍ အပွင့်စည်းရုံး မြင်မဆုံးအောင် ပင်လုံးကျွတ်ပွင့်သော၊ သာလရာဇာဝ၊ လေယူသွင်းက သင်းပျံ့အေးချိုတောလုံးစိုသည့် အင်ကြင်းပင်ပျိုကြီးကဲ့သို့လည်းကောင်း။

အဗ္ဘ ဃနန္တရေ၊ တခဲနက်မှောင် မဲကွက်ဆောင်သည့် တိမ်တောင် တိမ်လိပ်တို့၏ အကြား၌၊ ဝိဇ္ဇုဝ၊ ရောင်စုံပြက်သန်း ရှုမခန်းသည့် လျှပ်ပန်း လျှပ်စစ်နွယ်ကဲ့သို့လည်းကောင်း။

ဉာဏေန၊ သိအပ်သမျှ ဓမ္မဉဿုံ လုံးစုံသိမြင် ဉာဏ်၌ထင်သည့် သဗ္ဗညုတ ဉာဏ်တော်ဖြင့်၊ အသဒိသော၊ လောကဓာတ်၌ နှိုင်းအပ်သူ အတူရှိတော်မမူသော၊ ဗုဒ္ဓေါ၊ သစ္စာလေးအင် သိမြင်ထင်ရှား မြတ်စွာဘုရားရှင်သည်၊ တဒါ၊ ထိုတောနက်မြိုင်ချေ နေတုံစဉ်အခိုက်၌၊ အာကာသေ၊ ကောင်းကင်ပြင်၌၊ စင်္ကမိ၊ ထိုဤရှေ့နောက်၊ တုံ့ခေါက်မနား စျာဉ်ယာဉ်အားဖြင့် ကြွသွားတော်မူ၏။

သီဟရာဇာဝ ဆမ္ဘိတော၊
ဂဇရာဇဝ ဝမ္ဘိတော။
လာဘိတော ဗျဂ္ဃရာဇာဝ
အာကာသေ စင်္ကမိ တဒါ။

အဆမှိတော၊ တောနက်မြိုင်၌ ကျောက်ရှေ့ဂူ၌ ဆူဆူ စွမ်းတောက် ဟိန်းခြည်ဟောက်လျက် မကြောက်မရွံ့ ရဲဝံ့ မာန်တင်းသော၊ သိဟရာဇာဝ၊ ကေသရာဇာတ် ခြသေ့မြတ်ကဲ့သို့၊ အဆမှိတော၊ လောကဓာတ်မြိုင် ဂနိုင်ထက်ဝယ် ပြိုင်ဘက်မပြု တဆူမောက်မောက် ဘုန်းရောင် တောက်၍ မကြောက်မရွံ့ ရဲဝံ့သောစိတ် ရှိတော်မူသော၊ ဝမ္မိတော၊ ကကြိုးတန်ဆာ အဖြာဖြာကို မခွာထပ်ချပ်ဆင်ယင်အပ်သော၊ ဂဇ-ရာဇာဝ၊ စီးတော်ဆင်ကဲ့သို့၊ ဝမ္မိတော၊ သီလ,သမာ ချပ်တန်ဆာကို မကွာထပ်ချပ် ဆင်ယင်အပ်တော်မူသော၊ လာဘိတော၊ လွန်စွာ သပ်ယပ် ထူးမြတ် တင့်တယ်သော၊ ဗျဂ္ဃရာဇာဝ၊ ကျားမင်းကဲ့သို့၊ လာဘိတော၊ သုံးဆယ့်နှစ်ဖြာ ကိုယ်အင်္ဂါ၌ လက္ခဏာဂုဏ်တို့နှင့် ပြည့်စုံ တင့်တယ်တော်မူသော၊ ဗုဒ္ဓေါ၊ သစ္စာလေးအင် သိမြင်ထင်ရှား မြတ်စွာဘုရားသည်၊ တဒါ၊ ထိုတောနက်မြိုင်ချေ၊ နေတုံစဉ်အခိုက်၌ အာကာသေ၊ ကောင်းကင်ပြင်၌၊ စင်္ကမိ၊ ထိုကြိုရှေ့နောက် တုံ့ခေါက်မနား ချာဉ်ယာဉ်အားဖြင့် ကြွသွားတော်မူ၏။

သီဟံဝ နိက္ခ သဝဏ္ဏဘော၊
ဓဒီရင်္ဂါရ သိန္နိဘော။
မဏိယထာ ဇောတိရသော၊
အာကာသေ စင်္ကမိတဒါ။

သီဟံဝ နိက္ခ သဝဏ္ဏဘော၊ လှော်စင်ရှော်ဖိတ် မှောင်မမိုတ် သဖြင့် သင်္ကမိက်၊ ရွှေအဆင်းကဲ့သို့ ဝါဝင်း တောက်ပသော

ကိုယ်တော်မြတ်အဆင်းရှိတော်မူသော၊ခဒိရင်္ဂါရ သန္နိဘော၊ ရဲရဲညီးညီး ရှားမီးကြီးနှင့် စံမိုးယှူဆ တူမျှသော ကိုယ်တော်မြတ်အဆင်းရှိတော်မူသော၊ ဇောတိရသ၊ မဏိယထာ၊ မနော မြတ္တင် ကျောက်မျက်ရှင်သို့ ကြည်လင် တောက်ပသော ကိုယ်တော်မြတ် အဆင်းရှိတော်မူသော၊ ဗုဒ္ဓေါ၊ သစ္စာလေး အင်၊ သိမြင်ထင်ရှား မြတ်စွာဘုရားရှင်သည်၊တဒါ၊ ထိုတော နက်မှိုင်မချ၊ နေတုံစဉ်အခိုက်၌၊ အာကာသေ၊ကောင်းကင် ပြင်၌၊ စင်္ကမိ၊ ထိုဤရှေ့နောက် ထုံ့ခေါက်မနား စျာန်ယာဉ် အားဖြင့် ကြွသွားတော်မူ၏။

ဝိသုဒ္ဓ ကေလာသ နိဘော၊
ပုဏ္ဏာမာယေဝ စန္ဒိမာ။
မဇ္ဈန္ဟိကေဝ သူရိယော၊
အာကာသေ စင်္ကမိ တဒါ။

ဝိသုဒ္ဓ ကေလာသနိဘော၊ တဆင့်တဆင့် နိမ့်မြင့်ယောင် ယောင်၊ ဘော်ငွေရောင်သို့ တောက်ပြောင် စင်ကြယ်သော (ကေလာသ)တောင်ကြီးကဲ့သို့ ညီးညီးပြောင်ပြောင် တောက် လောင် ထွန်းပသော ကိုယ်တော်မြတ် အဆင်းရှိတော်မူသော ပုဏ္ဏမာယ၊ ပန္နရသီ၊ အညီစေသည့် လပြည့်နေ့၌၊ စန္ဒိမာဝ၊ သော်တာယုန်နန်း လပြည့်စန်းကဲ့သို့၊ မဇ္ဈန္ဟိကေ၊ ရောင်ဝါ ဝန်းလှည့် တောက်ထွန်းပြည့်၍ မွန်းတည့်သော အချိန်၌၊ သူရိယောဝ၊ နဘန္တရော၊ အလျှံဖြာသည့် ဖလ်ဝါနေဝန်းကြီး ကဲ့သို့ရှင်း၊ဗုဒ္ဓေါ၊ သစ္စာလေးအင် သိမြင်ထင်ရှား မြတ်စွာ

ဘုရားရှင်သည်၊ တဒါ၊ ထိုတောနက်မြိုင်ချေ နေတုံစဉ်အခိုက် ၌၊ အာကာသေ၊ ကောင်းကင်ပြင်၌၊ စကံမိ၊ ထို၍ ရှေ့ နောက်၊ တုံ့ ခေါက်မနား စျာန်ယာဉ်အားဖြင့် ကြွသွားတော် မူ၏။

ဤသို့အားဖြင့် ရှေ့ရှုမျက်မှောက် ကြွရောက်တော်မူလာ လေ၏။

နန္ဒရသေ့သည် မြတ်စွာဘုရားသခင်၏ လက္ခဏာတော် ကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်ပြည့်စုံသည့်၏အဖြစ်ကို မြင်၍ ဤပုဂ္ဂိုလ်သည် နတ်သိကြားပင် ဖြစ်လေသလော၊ ဤသို့လည်း မဖြစ်နိုင် လူ့ပြည်လူ့ရပ် လူတို့ဇာတ်၌ ထူးမြတ် သော လူယောကျ်ားပင် ဖြစ်လေသလော၊ ဤမျှ အဆင်း ရုပ်ရည်ကြည်လင်တောက်ပသည့် ယောကျ်ားမြတ်အားစကား မျှဖြင့်လည်း မကြားဘူး၊ မျက်ဝါးထင်ထင်လည်း မမြင်ဘူး၊ ထူးအံ့ပေစွဟု ရင်သပ်ရှုမော၍ နေလေ၏။ ထို့နောက် နန္ဒ ရသေ့သည် သတိရကာ လက္ခဏာဘတ်ကျမ်းတို့ဖြင့် စမ်းသပ် ကြည့်ရှုလေသော်–

ဤမည်သော လက္ခဏာဂုဏ်တော်တို့နှင့် ပြည့်စုံ ညီညွတ် သောသူတို့သည်ကား၊ အိမ်ရာတည်ထောင်၊ လူတို့ဘောင်၌၊ ဆောင်ရွက်နေထိုင်ခဲ့မူ၊ လေးကျွန်းသေဌ်နင်း၊ စကြာဝတေးမင်း ကြီးဖြစ်ရာ၏။

သာသနာ့ဘောင်၌ ဆောင်ရွက်နေထိုင်ခဲ့မူ၊ လောကမျက်ရှု သဗ္ဗညုဟု အတုမထင်၊ မြတ်စွာဘုရားရှင်စင်စစ် ဖြစ်ရာ၏။

ယင်းသို့ ဖြစ်၍ ဤယောကျ်ားသည် ယောကျ်ားမြတ်ပီပီ၊ အာဇာနည်စစ်စစ်၊ မြတ်ဘုရားရှင်ဖြစ်ရာ၏ဟု သိမြင်၍ ခရီးဦးကြိုဆိုခြင်းကို ပြု၏၊ ပြီးလျှင် နေရာထိုင်ခင်းကို ပေးလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။ နန္ဒရသေ့လည်း သင့်တင့်သောနေရာကိုယူ၍ နေတော်မူစဉ်၊ တပည့်ရသေ့အပေါင်းလည်း သစ်သီးကြီးငယ်တို့ကို ယူဆောင်၍ ပြန်လာကြသည်။ ဆရာရင်းဖြစ်သော နန္ဒရသေ့အားရင်း၊ သုံးလောက ထွက်ထား ရှင်မြတ်ဘုရားအားရင်း၊ မြင်၍ဤသို့ စကားဆိုကုန်၏။

"ရှေးယခင်က ဤဇမ္ဗူမြေအပြင်၌ ဆရာရှင်ထက် ဂုဏ်အင်အားဖြင့် ကြီးမားမြင့်မြတ်သူ မရှိဟူ၍ မှတ်သင်ယုံကြည်ကြကုန်၏"။

"ယခုမူကား၊ ဤယောကျ်ားသည် ဆရာရှင်ထက်ပင် ဂုဏ်အင်အားဖြင့် ကြီးမားမြင့်မြတ်ပေ၏။ တကားဟု မှတ်ကြကုန်၏"

"အို....အချင်းတပည့်တို့ သင်တို့သည်ကား ဤလောက၌ မပြောပဘွယ် သေးငယ်သော အရာဖြစ်သော မုန်ညင်းစေ့နှင့် ရှစ်သောင်း လေးထောင်နှစ်ပြန်ဆောင်သည့် မြင့်မိုရ်တောင်မင်းကြီးကို နှိုင်းယှဉ်ကြကုန်၏"။

"သုံးလူထွက်ထား၊ ရှင်တော်မြတ်ဘုရားနှင့် ငါလိုလူစားအတူထား၍ ပြောကြားနှိုင်းယှဉ်ခြင်းကို မပြုအပ်ကုန်"

ထိုအခါ တပည့်များသည် ဆရာရှင်ဖြစ်သော နန္ဒရသေ့၏ဖွင့်ဆိုသော စကားကို ကြားနာကြကုန်သဖြင့် ဤယောကျ်ား

သည် မမှားကောန် မြင့်မြတ်ရိုးမှန်ပေ၏။ ယောကျ်ားမြတ်ပီပီ အာဇာနည်စစ်စစ် ဘုရားရှင်ပင်ဖြစ်ရာ၏”ဟူ၍ ယုံကြည်ကြကုန်လျက်၊ တရားရှစ်ကွက် စက်မြတ်အစုံ၊ ကြာပဒုံ၌၊ ဦးပုံညွတ်ပြောင်း၍ ဦးခေါင်းဖြင့် ရှိခိုးပူဇော်ကြကုန်၏။

ထိုအခါ နန္ဒရသေ့သည် တပည့်များကို ဤသို့ဆိုပြန်၏။

“အချင်းတပည့်တို့ သင်တို့ငါတို့တွင် သုံးလောကထွက်တင်ရှင်မြတ်ဘုရား၌ ကြည်သင်သော စိတ်ဖြစ်လျက် သင့်တင့်သော လှူဘွယ် ဝတ္ထုတို့သည် မရှိချေ။ ဘုန်းတော် ခြောက်ရှင်၊ မြတ်ဘုရားသခင်လည်း၊ နေဝန်းတောက်စ အခါကပင်၊ ကြွရောက်တော် မူလာခဲ့ချေ၏”

“ငါတို့သည် တောမှိုပျော်မွေ့ ရသေ့ဘဝ အလိုက်ထိုက်တန်သော သစ်သီးကြီးငယ် အသွယ်သွယ်တို့ကို လှူဘွယ်ဝတ္ထုပြု၍ ကပ်လှူကြကုန်အံ့”

“အသင်တို့သည် ကောင်းမွန် ထူးဆန်း ရသာပြွမ်းသည့် လှူဒါန်းဘွယ်ရာ သစ်သီးကြီးငယ်တို့ကို ဆောင်ယူကြကုန်လော” နန္ဒရသေ့ရှင်၏ စကားကိုကြားလျှင် ရသေ့အပေါင်းတို့သည် တောတွင်းသို့ အလျှင်အမြန်ဝင်၍ အကောင်းမွန်ဆုံးသော သစ်သီးကြီးငယ်တို့ကို ဆွတ်ခူး၍ ပြန်ခဲ့ကြ၏။ ပြီးလျှင် မိမိလက်ဖြင့် ဆေးကြောသုတ်သင်၍ ကြည်လင်ဝမ်းမြောက်စွာ မိမိတို့ကိုယ်တိုင် ဘုရားရှင်၏ သပိတ်တော်အတွင်းသို့ သွတ်သွင်းလှူကပ်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ရသာပြည့်ရွှမ်း သစ်သီးဆွမ်း

ကိုပင် ရွှင်လန်းဝမ်းမြောက်စွာ ဘုန်းပေး သုံးဆောင်တော်မူပြီး တပါးတည်း စံနေတော်မူ၏။

ထိုသွင်ပြင်ကို နန္ဒရသေ့မြင်၍ မိမိ တပည့်များဖြစ်သော လေးထောင်ကုန်သော၊ ရသေ့များကို ခေါ်၍ မြတ်စွာ ဘုရားရှင်၏ အသံတော်၌ ကြည်လင်ဝမ်းမြောက် ဘွယ်ရာ ဖြစ်သော စကားကို လျှောက်ထားပြောဆိုကြ၏။

ထိုအခါ ဘုန်းတော်ခြောက်ပါးရှင်ဘုရားသခင်သည်လည်း "ငါ၏တပည့်သား ရဟန်းအပေါင်းတို့သည်ငါ၏မျက်မှောက် ရှေ့တော်အောက်သို့ ရောက်လာကြစေကုန် သတည်းဟု စိတ်အကြံမြင့် အဓိဋ္ဌာန်ပြုပြန်၏။

ထိုအခါ ဘုရားရှင်၏ စိတ်အကြံပြုတော်မူသည်ကို သိ၍တသိန်းအရေအတွက်ရှိသေ ရဟန္တာအပေါင်းသည် အဘိညာဉ်စျာန်ဖြင့် ကောင်းကင်ယံခရီးမှ ကြွလာ၍ မြတ်ဘုရားရှင်၏ ထံပါးမျက်မှောက်ရှေ့တော်အောက်သို့ ကပ်ရောက်ဝပ်လျှိုး ရှိခိုးဦးညွှတ်လျက် ဟည်နေကြကုန်၏။

ထိုအခါ နန္ဒရသေ့သည် ဤသို့ တဖန်စိတ်အကြံဖြစ်ပြန်၏။

"အို....တပည့်အပေါင်းတို့ သုံးဘုံထင်ရှား မြတ်စွာဘုရား၏ သတင်းသုံးတော်မူရာ အရပ်သည် နိမ့်ကျ၏။ တ သိန်း သော ရ ဟန်း တို့ ၏ နေဘို့ရာလည်း မရှိမဖြစ်၊ ထို့ကြောင့် ဘုရားရှင် နှင့်ရဟန်းတို့ သီတင်းသုံးရန် အသင်တို့သည် တောဖျားရဂုံ ပန်းစုံညွန့်ဖူး ဟေမဝါမြိုင်၊ သေလာဆိုင်သည့်၊ ဂနိုင်ဦးတက်၊ အထူး အဆန်းဆုံး ဖြစ်သော

အဆင်းအမျိုးမျိုး၊ အနံ့အမျိုးမျိုးတို့နှင့် ပြည့်စုံသော ပန်းပွင့် ပန်းခိုင်၊ အဆိုင်ဆိုင်တို့ကို၊ ကိုယ်တိုင် သည်ပိုးဆောင်ယူကြကုန်လော"

ထိုအခါ ဘုန်းတော်ခြောက်ပါးရှင် မြတ်စွာဘုရားသခင်၏ ဣဒ္ဓိဝိသယ အစိန္တေယျတန်ခိုးတော်ဂုဏ်၏အစွမ်းဖြင့် ရသော အပေါင်းသည် တခဏချင်းဖြင့်ပင် တောတောင်အတွင်းမှ အဆင်းအမျိုးမျိုး ရနံ့အမျိုးမျိုးနှင့်ပြည့်စုံသော ပန်းပွင့် ပန်းခိုင် အဆိုင်ဆိုင်တို့ကို ကိုယ်တိုင်ယူဆောင်လာကြပြီး တယူဇနာခန့်ကျယ်ဝန်းသော ပန်းဖြင့် ခင်းအပ်သောနေရာကို ပြင်ကြ၏။

တဖန်သုံးဂါဝုတ်ကျယ်ပြန့်သောပန်းတို့ဖြင့် ခင်းအပ်သည့် နေရာကို ပြင်ကြ၏။ တဥသဘခန့်ကျယ်ဝန်းသောပန်းတို့ဖြင့် ခင်းအပ်သည့်နေရာသည် ရဟန်းငယ်တို့အတွက်ဖြစ်၏။

ထို့နောက်နန္ဒရသေ့သည် ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားထံချဉ်းကပ်၍၊ ဤသို့လျှောက်ထား၏။

"အကျွန်ုပ်တို့၏၊ ကာလကြာမြင့်စွာ သံသရာ၌ ခန္ဓာစဉ်လျက်၊ အဆက်ဆက်ဖြင့် ကျင်လည်၍နေဆဲအခါ ဆင်းရဲကင်း၍ ပွင့်လင်းချမ်းသာ အဖြာဖြာသော မင်္ဂလာကောင်းကျိုး အမျိုးမျိုးတို့ ပွားတိုးကြီးမြင့်စေခြင်းငှာ သင်းပျံ့မွှေးထုံ ပန်းမျိုးစုံတို့ဖြင့် စုပုံခင်း၍ သန့်ရှင်းသော ပန်းမွေ့ရာအထက်သို့ တက်ရောက်၍ သတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထား၏။

ဤသို့လျှောက်ကြားပြီးသောအဆုံး၌ ဘုန်းတော်(၆)ပါး

အရှင် ဘုရားသခင်သည် ပန်းမွေ့ရာအခင်းထက်သို့ တင့်တယ်စွာ သိတင်းသုံးတော်မူ၏။

ရဟန်းတို့လည်း မြတ်စွာဘုရား၏အလိုတော်ကိုသိ၍ အသီးသီး သင့်တင့်လျော်ကပ်သော နေရာတို့၌ နေထိုင်ကြကုန်၏။

နန္ဒမည်တွင် ရသေ့ရှင်လည်း ပန်းပွင့်ပန်းဆိုင် အမျိုးမျိုးတို့ကိုကုံးသီ၍ ဆန်းကြယ်စွာပြုလုပ်ထားသော ပန်းထီးကို ယူဆောင်၍ မြတ်စွာဘုရားရှင်အား ဆောင်းမိုးလျက်နေ၏။

မြတ်စွာဘုရားသခင်သည် ဤရသေ့တို့အားမွန်မြတ်သော စေတနာဖြင့် သဒ္ဒါကြည်ဖြူ ပူဇော်အပ်သော ပန်းခင်းစသော အလှူသည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးရှိသည် ဖြစ်စေသတည်းဟု ရည်သန်တော်မူ၍ (၇) ရက်တိုင်တိုင် နိရောဓသမာပတ် ချောန်မြတ်ချမ်းသာ ဝင်စားခါနေတော်မူ၏။

ထိုနည်းတူစွာ ရဟန်းအပေါင်းတို့သည်လည်း (၇) ရက်တိုင်တိုင် နိရောဓ သမာပတ်ကို ချမ်းသာစွာခံစားတော်မူ၏။

နန္ဒမည်တွင် ရသေ့ရှင်သည် (၇) ရက်လုံးလုံး ကြည်ညိုသဒ္ဒါ ပြည့်ဖြိုးကာ ဆွမ်းမစားပဲ ရှင်တော်မြတ်၏အထံတော်၌ ပန်းထီးကို ဆောင်းမိုးလျက်သာ နှစ်သက်ခြင်းပီတိဖုံး၍ ရွှင်ပြုံးသာယာစွာ အခါကိုလွန်စေ၏။

မြတ်စွာဘုရားသခင်သည် (၇) ရက်ဇွေ၍ ဈာန်မြတ်ချမ်းသာမှ ထတော်မူပြီး—

(၁) အရဏ ဝိဟာရီ -အင်္ဂါ

(၂) ဒက္ခိဏေယျ-အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောသူ့မဟာသာဝကထေရ်မြတ်တပါးအား ရသေ့ရှင်တို့၏ ကောင်းမှုဟူသော ပုပ္ဖါသန ပန်းခင်းအလှကို ကြည်ဖြူစွာအနုမောဒနာတရား ဟောကြားစေရန်ညွှန်ကြားတိုက်တွန်းတော်မူ၏။

ထိုမဟာသာဝကထေရ်သည်လေးကျွန်းသနင်းစကြဝတေးမင်း၏အထံမှ မြတ်သောဆုကိုရသဖြင့် ဝမ်းသာရွှင်ပျို့နှစ်လို့ ကြည်သာသောစိတ်ရှိသော မင်းချင်းယောကျ်ားကဲ့သို့ စိတ်သားကြည်ဖြူ ထိုအလှူ၌ တရားအနုမောဒနာပြုရန်ကိစ္စသည် မိမိ၏တာဝန်ပေတည်းဟု နှလုံးပြု၍ ထိုအလှူနှင့်ထိုက်တန်သော ဒေသနာတော်ကို ဖွေရှာသုံးသပ်၍ ဟောကြားတော်မူ၏။

မဟာသာဝကထေရ်မြတ်၏ တရားတော်အဆုံး၌ မြတ်စွာဘုရားသခင်သည်လည်း "သစ္စာ"လေးပါး တရားတော်အစဉ်ကို သိမြင်နိုင်၍ ရည်သန်ပိုင်းခြားကာ နောက်ထပ်တကြိမ် ဟောကြားတော်မူပြန်၏။

ထိုတရားတော်၏အဆုံး၌ နန္ဒရသေ့၏တပည့်များ ဖြစ်ကြကုန်သော လေးသောင်းလေးထောင်သော ရသေ့တို့သည် ထိုတရားတော်၌နှစ်သက်ခြင်းပီတိဖြစ်ကြကုန်၏။

ထိုပီတိကိုအမှီပြု၍ ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိဖြစ်ကြကုန်၏။

ထိုပဿဒ္ဓိကိုအမှီပြု၍ တည်ကြည်ခြင်း သမာဓိ ဖြစ်ကြကုန်၏။

ထိုအခါဝယ် တည်ကြကုန်လျက် ရုပ်နာမ်တရားနှစ်ပါးကို လက္ခဏာရေး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သုံးတန်တင်၍ ဆင်ခြင်ကြသောအခါ အစဉ်သဖြင့် သောတာပတ္တိမဂ်၊သောတာပတ္တိဖိုလ်မှစ၍ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် ဖြစ်ပေါ်လာကြပြီးလျှင် အဆုံးတိုင်သောအခါ အာသဝေါလေးဖြာ ကင်းစင်ကွာ၍ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ညာလက်ရုံးကို ဆန့်တန်းတော်မူ၍ (ဧထ ဘိက္ခဝေါ) ဘိက္ခဝေါ၊ အို ငါ၏ ချစ်သား၊ ရဟန်းများတို့၊ ဧထ၊ လျှင်စွာလာကြလော့၊ လာရောက်ကြကုန်လော့။

ဟူ၍ "ဧဟိဘိက္ခု" ခေါ်တော်မူလျှင် တခဏချင်း၌ မုတ်ဆိတ်ဆံပင်နှင့်တကွ ရသေ့၏အသွင် ဆင်ယင်ဝတ်စားအပ်သော အဝတ်အရုံတို့သည် ကွယ်ပျောက်၍ ပရိက္ခရာ ရှစ်ပါးကိုဆောင်လျက် ရဟန်းသိက္ခာ ဝါတော်အ ရှယ် ခြောက်ဆယ်ရပြီးသော မထေရ်ကြီးတို့ကဲ့သို့ ငြိမ်သက်သေခွေ တင့်တယ်သော ကုန္ဒြေဖြင့် မြတ်စွာဘုရားထံ ဆည်းကပ်တည် နေကြကုန်၏။

နန္ဒမည်တွင် ဆရာရှင်ရသေ့မူကား မငြိမ်မသက် ဝိတက်များပြား စိတ်ချောက်ချား၍ တစုံတခုသောမဂ်ဖိုလ်ကိုမျှမရ လိုက်ပဲ အချည်းနှီးဖြစ်ရလေ၏။

ထိုသို့ဖြစ်ရခြင်းမှာလည်း နန္ဒမည်တွင် အရှင်ရသေ့ကြီးသည် ပန်းခင်းအလှူ၌ ကြည်ဖြူစွာ အနုမောဒနာတရား ဟောကြားသော အရဏဝိဟာရီအမည်ရှိသော မဟာသာဝက

မထေရ်ကြီး၏ တရားတော်ကို နာယူအံ့ဟု အားထုတ်သော အခါမှစ၍ "ငါတို့မူကား နှောင်းသောအခါ တဆူသော ဘုရားရှင်၏ သာသနာတော်မြတ်၌ ဤရဟန္တာပုဂ္ဂိုလ်ကဲ့သို့ တပည့်သာဝကအဖြစ်ကို ရပါမူကား ကောင်းလေစွတကားဟု စိတ်အကြံအစည်ဝိတက်များနေသောကြောင့် တရားတော်၌ နှလုံးမသွင်းနိုင်၊ ထိုကြောင့် မဂ်ဟူသောတရားထူးကိုရခြင်းငှာ မစွမ်းနိုင်ချေ။

ထိုအခါ သုံးလောကထွတ်ထား ရှင်တော်မြတ် ဘုရားသည်........

> "အို....ငါ၏ချစ်သားနန္ဒရသေ့ အသင်သည်ကား ငါဘုရားသခင်သည် ဟောကြားဆုံးမတော်မူအပ်သော လေးဆယ်သောဘာဝနာတို့တွင် အထူးသဖြင့် ကဲလွန်မွန်မြတ်သောအကျိုးကို ပေးစွမ်းနိုင်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလေလော့။ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရခြင်းကြောင့် အသင်၏စိတ်အလိုသည် ထိုထိုအရာ၌ အခါခပ်သိမ်း ပြီးငြိမ်းပြည့်စုံရလတ္တံ့"။

သင်သည် ကပ္ပါသုံးသောင်းတို့ကာလပတ်လုံး နတ်ပြည်၌ နတ်နန်းရိပ်ငြိမ် နတ်စည်းစိမ်၌ မွေ့လျော်ပျော်ပါး ခံစား စံစားရလတ္တံ့။

အကြိမ်ရှစ်ဆယ် နတ်များသော်၌နင်း သိကြားမင်းဖြစ်ရလတ္တံ့၊ အကြိမ်တထောင် လေးကျွန်းသော်၌နင်း စကြဝတေးမင်းဖြစ်ရလတ္တံ့၊ ပဒေသရာဇ်ကရာဇ်ဟု ထွန်းသစ်တေဇာ

အာကာပြင်းထန် မင်း၏အဖြစ်ကိုမူကား ဤရွေ့ဤမျှဟု ဂဏန်းချ၍ မှန်းဆရေတွက်ခြင်းငှာ မစွမ်းနိုင်အောင်ပင်ဖြစ်ရ လတ္တံ့။

ထိုအလုံးစုံသော လူမင်းနတ်မင်းတို့၏စည်းစိမ်ကို အကြိမ်များစွာ ခံစားစံစားရခြင်းသည်ကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရသော ကုသိုလ်စေတနာ၏ တန်ခိုးကြောင့် ရအပ်သောအကျိုးပေတည်း”ဟု မိန့်ကြားတော်မူ၏။

ထိုမှတပါးလည်း........

“အိုချစ်သားနန္ဒရသေ့ အသင်သည်ကား ဘဝများစွာ သံသရာ၌ ခန္ဓာမြင့်ရှည်ဇာတိတည်၍ ကျင်လည်ရသည်ရှိသော် လွန်စွာများပြား ကြီးမားမြင့်မြတ်သော စီးစိမ်ကိုရလတ္တံ့။

ဤသည်ကား....

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းပွားများရခြင်းအကြောင်း ကြောင့် ရအပ်သောအကျိုးပေတည်း”

ထိုမှတပါးလည်း........

“အို....ငါ၏ချစ်သား နန္ဒရသေ့ ဤကပ္ပါမှစ၍ ရေတွက်သည်ရှိသော် ကပ္ပါတသိန်းအထက်၌ ဩက္ကာကရာဇ် ဘုန်းရောင်လှစ်၍ ထွန်းသစ်သောမင်းမျိုးမှဖြစ်သော ဂေါတမ မြတ်စွာဘုရားရှင်သည် လောကသုံးပါး၌ ထင် ရှား စွာ ပွင့်တော်မူလတ္တံ့။

ထိုအခါအသင်သည်ကား သုဘူတိအမည်ဖြင့် ဂေါတမဟု လောကထွတ်ဘင် ဘုရားရှင်၏သားကြီး သာဝကအစစ်ဖြစ်ရ လတ္တံ့။

ထိုအခါအသင်အား ဂေါတမမြတ်စွာ ဘုရား ရှင် သည် ရဟန်းအပေါင်းတို့၏အလယ်၌ တင့်တယ်စွာသီတင်းသုံးစံနေတော်မူလျက်....

(၁) အရဏ ဝိဟာရီ-အင်္ဂါ

(၂) ဒက္ခိဏေယျ။အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ကေဒဂ်ဘွဲ့သာဝကဂုဏ်ထူးကို ချီးမြှောက်ပေးသနားတော်မူလတ္တံ့။ ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင်ရဟန်းအပေါင်းခြံရံပြီးလျှင် တင့်တယ်စွာကောင်းကင်ခရီးမှ ဈာန်ယာဉ်စီး၍ ကြွမြန်းသွားတော်မူပေ၏။

ဤသို့အားဖြင့် ဗျာဒိတ်တော်ပန်းကို ဆင်မြန်း ပန်ဆင်ရပြီးနောက် နန္ဒမည်တွင်ရသော့ရှင်လည်း ရံခါရံခါ သင့်လျော်သောအခါ၌ သုံးလောကထွဋ်တင် မြတ်စွာဘုရားရှင်၏ ရှေ့တွင်မျက်မှောက် ထံတော်အောက်သို့ ကပ်ရောက်ဝပ်တွား၍ တရားစကား မှတ်သားနာယူလျက် မယုတ်သောဈာန်စိတ်ရှိသည်ဖြစ်၍ ဤရသော့ဘဝမှ ခန္ဓာပျက်ကြွေ သေလွန်လတ်သော် ပြဟ္မာဘုံ၌ ဖြစ်လေ၏။ ထို့နောက် ပြဟ္မာဘုံမှ စုန်ခဲ့ပြန်သော် ဘဝငါးရာတိုင်တိုင် ရသော့ရဟန်းပြု၍ နေခဲ့ဘူး၏။

ထို့နောက်တဖန် ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်၌လည်း ကာလမြင့်ကြာ ဘဝသံသရာ အဆက်ဆက်တို့၌ ဖြည့်ကျင့် ဆည်းပူးခဲ့သော ကောင်းမှုအစုံ အလုံးစုံဘာဂီ ဝသီဓလေ့အတိုင်း တောမှီရဟန်းပုဂ္ဂိုလ်ပင်ဖြစ်၍ 'ဂဘပစ္စာဂတ' ဝတ်ကိုအနှစ် နှစ်သောင်းတိုင် ဖြည့်ကျင့်ခဲ့၏။

မြတ်စွာ ဘုရား၏ သာသနာတော်၌ မဟာသာဝက

အဖြစ်သို့ ရောက်တော်မူကြကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဤဂုဏပစ္စာဂုဏ၀တ်ကို ဖြည့်ကျင့်ရသည်ချည်းသာတည်း။ ဤ၀တ်ကို မဖြည့်ကျင့်မူ မဟာသာ၀ကအဖြစ်သို့မရောက်နိုင်ချေ။

ထိုသို့အားဖြင့် ထိုရဟန်းဘ၀မှ ခန္ဓာပျက်ကြွေ သေလွန်လတ်ပြန်သော် တာ၀တိံသာနတ်ပြည်၌ ဖြစ်၏။ ထိုအခါ တာ၀တိံသာ နတ်ရွာအထက်၌ ဆက်ခါဆက်ခါကပ္ပါအားဖြင့် သုံးသောင်း၊ အကြိမ်အားဖြင့် ရှစ်ဆယ်တိုင်တိုင် နတ်တို့ သေ၍နှင်း သိကြားမင်း၏ စည်းစိမ်ချမ်းသာကို ခံစား စံစား ပြီး၍ ထိုမှတဖန် ကုသိုလ်ကံအဟုန်ကုန် ပြန်လတ်၍ နတ်ဘုံမှ စုန်ခဲ့ပြန်သော် လူ့ဘုံ၌ အကြိမ်တထောင်၊ စကြ၀တေးမင်း ဖြစ်၍ ကေရာဇ်မင်း၏ စည်းစိမ်ကိုမူကား မရေမတွက် နိုင်အောင်ပင် ခံစား စံစားရ၏။

ထိုမှတပါးလည်း—

ဘ၀များစွာ သံသရာ၌ ကျင်လည်ရစဉ် လွန်စွာ များပြား ကြီးမားမြင့်မြတ်သော စည်းစိမ်တို့ကို ရခဲ့ဘူး၏။

ဤသည်ကား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏ အကျိုးပင်တည်း—

ထိုမှတပါးလည်း—

ဘ၀များစွာ သံသရာ၌ ကျင်လည်ရစဉ် လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာ၌ သေးငယ်နည်းပါးသောအရာ ယုတ်လျော့ သိမ်ဖျင်းသောအရာ ဟူသော အဖြစ်မည်သည်ကို မဖြစ်ဘူး ခဲ့ချေ။

ဤသည်ကား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတော်၏ အကျိုးပင်တည်း။

ထိုမှတပါးလည်း—

နန္ဒမည်တွင် ရသေ့ရှင်ဖြစ်သော ဘဝမှစ၍ ဤ သုဘူတိမည်တွင် ရဟန္တာအရှင် ဖြစ်လာသည့် တိုင်အောင် ကမ္ဘာတသိန်း၏အတွင်း၌ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဂ္ဂတိဘုံ၌ ကျရောက်ရဘူးခြင်း မရှိခဲ့ဘူးချေ။

ဤကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၏ အကျိုးပင်တည်း။

ထိုနောက် ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌ သာဝတ္ထိပြည်ဝယ် သုမနသူဌေးကြီး၏အိမ်၌ ဇေတဝန်ကျောင်းတော်ကြီး၏ ဒါယကာ အနာထပိဏ် သူဌေးကြီး၏ ညီငယ်အရင်း သုဘူတိဟူသောအမည်ဖြင့် ထင်ရှားဖြစ်ပေါ်လာ၏။

ထိုအခါ သကျနွယ်ရိုး ဂုဏ်တန်ခိုးနှင့် အမျိုး အသမ္ဘိန္နဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ပွင့်တော်မူ၍ ထိုထိုတိုင်းကြီး ပြည်ကြီး အသီးသီးသို့ ခရီးဒေသစာရီ ကြွချီတော်မူပြီးလျှင် တရားစည်ကြီး ခြိမ့်ခြိမ့်ဟီးအောင် တီးခတ်တော်မူလျက် ရှိ၏။ ရှင်တော်မြတ်သည် အစဉ်သဖြင့် ကြွတော်မူရာ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသော် ထိုပြည်၌ ဝေဠုဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူခြင်း အစရှိသဖြင့် တိုင်းသူပြည်သား လူအများတို့အား သာသနာချီးမြှင့်တော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ယင်းတိုက်တော်၌ သီတင်းသုံး စံတော်မူ၏။

ထိုအခါအနာထပိဏ်သူဌေးကြီးသည် သာဝတ္ထိပြည်၌ အတိုးအပွား ဥစ္စာတို့ကို ယူ၍ မိမိ၏ အဖော်ဖြစ်သော ရာဇဂြိုဟ်ပြည်သား သူဌေးကြီးတဦး၏ နေအိမ်သို့ သွား၏။ ထိုပြည်၌ မြတ်စွာဘုရားရှင် ပွင့်လာတော်မူ၏ ဟူသောစကားကို ကြားသိလတ်သော် မြတ်စွာဘုရား၏ ထံသို့ ချဉ်းကပ် ဖူးမြော်၏။ ဤသို့ လက်မှန်မဆွ အစဦးစွာ ဖူးမြင်ရခြင်းပင်လျှင် လေးဖြာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်၏။ ကြည်လင်သောအသိဖြင့် မြတ်စွာသူရားရှင်အား သာဝတ္ထိပြည်ကြီးသို့ ဒေသစာရီ ကြွချီ ချီးမြှင့်တော် မူပါဘုရားဟု လျှောက်ထား တောင်းပန်၏။

မြတ်စွာဘုရားသခင်ကလည်း အနာထပိဏ် သူဌေးကြီး၏ စကားကို ခွင့်ပြု ဝန်ခံတော်မူ၏။ ထိုသို့ ပင့်လျှောက်ကြားပြီးလျှင် လေးဆယ့်ငါးယူဇနာ ကွာလှမ်းသော တောလမ်း အကြား၌ တန့်နား တည်းခိုတော်မူ၍ ယူဇနာတိုင်း၊ ယူဇနာတိုင်း တသိန်းတန်သော အသပြာတို့ကို စွန့်၍ ကြီးစွာသော ကျောင်းတော်ကြီးတို့ကို ဆောက်လုပ်စေ၏။ ခရီးလမ်း အကြားအကြားတို့၌ တန့်နားတည်းခို ကြွစေတော် မူပြီးလျှင် သာဝတ္ထိပြည်ကြီးသို့ ခရီး ဆိုက်ရောက်တော်မူသော အခါ၌ ရှစ် [ကရီသ] အတိုင်း အရှည်ရှိသော ဇေတမင်းသား၏ ဥယျာဉ်မြေကို ငါးဆယ့်လေးကုဋေသော အသပြာငွေကို ပေး၍ ဝယ်ယူ၏ ထိုမြေ၌ မြတ်စွာဘုရားရှင်အား ကျောင်းတော် ဆောက်လုပ် လှူဒါန်း၏။

ထိုသို့ အနာတပိဏ် သူဌေးကြီးသည် ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ရေစက်သွန်းချ လှူဒါန်းသောနေ့၌ ဤသုဘူတိ သူကြွယ်သည်လည်း သူဌေးကြီးနှင့် တကွ ကျောင်းတော်သို့ သွား၍ တရားနာယူ၏။

ထိုအခါ ဘဝများစွာ သံသရာ၌ ကျင်လည်ရစဉ်အခါက ဖန်ဝါနီမြန်း ဝတ်သက်န်းဖြင့် ရဟန်းပြု၍ ဖြည့်ကျင့် ဆည်းပူးခဲ့လေပြီးသော သဒ္ဓါစိတ်ဓာတ်အထုံလည်းလေဟုန်ပင့်ဖြောက်မီးရှိန်တောက်သို့ ဖြစ်မြောက် ထွက်ပေါ်လာ၏။ ထိုခဏ၌ပင် မြတ်စွာဘုရားရှင်၏ အထံတော်၌ ခွင့်ပန် လျှောက်ထား၍ ရဟန်းပြုလေ၏။

ထိုသို့ ရဟန်းပြုပြီးနောက် ရဟန်းတို့ ကျင့်ဝတ်ဖြစ်သော ဝိနည်းတရား လေ့လာသင်ကြားပြီး မိမိစရိုက်နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းတရား ဟောကြားညွှန်ပြ ဆုံးမတော်မူပြီးလျှင် အာရညဝါသီ တောမှီရဟန်းပြု၏။ ပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကို မိမိသဏ္ဍာန်၌ ဖြစ်စေ၏။ ထိုမေတ္တာစျာန်ကိုပင် အခြေခံ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများအားထုတ်ရာ မကြာမြင့်မီပင် ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊ ဝိမောက္ခတရား ရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးတို့နှင့် ပြည့်စုံ၏။ အရှင် သုဘူတိသည် အာသဝေါတရား ကုန်ခမ်း၍ ရဟန္တာပုဂ္ဂိုလ်ဟူသော အထွဋ်အမြတ်သို့ ရောက်တော်မူ၏။ ဤမှ တဖန် နောက်သို့ပြန်၍ ရေတွက်သော် ကပ္ပါ တသိန်းထက်၌ နန္ဒရသေ့ ဖြစ်ခဲ့၏။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ အထံ

တော်၌ နှုတ်မြွက်သံညောင်း ဖြစ်လိုကြောင်းဖြင့် ဆုတောင်း ရှိပြုအပ်သောကောင်းမှုကုသိုလ်ကံ၏အကျိုးသည် တောင်းဆု အတိုင်း ဤတွင် ပြည့်စုံလတ်သတည်း။

(အင်္ဂုတ္တိုရ် အဋ္ဌကထာ- မှ)

× × ×

# ဆန္ဒမွန်

- စိတ်အကြံ ပေါက်ကြပါစေ။
- အစိဋ္ဌာန် မြောက်ကြပါစေ။
- ဗိမာန် ပေါက်ကြပါစေ။
- နိဗ္ဗာန် ရောက်ကြပါစေ။

ဂုဏ်တော်နဝရတ်

အဖွင့်

# ဘုရားဂုဏ်တော်

## ကိုးပါးပါဌ်

၁။ ဣတိပိ သောဘဂဝါ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ
၇။ သတ္ထာဒေဝ မနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ

(ဘုရားဂုဏ်တော် ၉ ပါး၊ ပါဌ်အနက်)

၁။ သောဘဂဝါ ဣတိပိ အရဟံ။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ- လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်၊ ဤသို့သော ဂုဏ်တော်မြတ်ကြောင့်လည်း၊ အရဟံ- အရဟာ-မည်တော်မူ၏။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ- ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် သယမ္ဘူ

ဉာဏ်၊ ငါးတန်ဉေယျ၊ မြတ်မေ့ဖြင့် မိမိအလိုလို သိတော်မူတတ်၊ ဤသို့သော ဂုဏ်တော်မြတ်ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး၊ စရဏ ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူတတ်၊ ဤသို့သော ဂုဏ်တော်မြတ်ကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သောဘဂဝါ ဣတိပိ သုဂတော။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ခြောက်ခွန်းသော စကားတို့တွင်၊ လေးခွန်းသော စကားပယ်၍ နှစ်ခွန်းသောစကားကိုသာ ကောင်းစွာဆိုတတ်၊ ဤသို့သောဂုဏ်တော်မြတ်ကြောင့်လည်း၊ သုဂတော-သုဂတ မည်တော်မူ၏။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ။

သောဘဂဝါ- ထိုမြတ်စွာ ဘုရားသည်၊ ဣတိပိ- သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟုဆိုအပ်သော လောကသုံးပါးကို ပိုင်းခြား ကုန်စင်သိမြင်တော် မူတတ်၊ ဤသို့သော ဂုဏ် တော် မြတ်ကြောင့်လည်း၊ လောကဝိဒူ-လောကဝိဒူ မည်တော်မူ၏။

၆။ သောဘဂဝါလ္လတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ လ္လတိပိ- မယဉ်ကျေးသော တိရစ္ဆာန် ယောကျ်ား၊ ဘီလူး ယောကျ်ား၊ လူယောကျ်ား၊ နတ်ယောကျ်ား တို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌၊ အတုမရှိ ယဉ်ကျေး အောင် ဆုံးမတော် မူတတ်၊ ဤသို့သော ဂုဏ်တော် မြတ်ကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ- အနုတ္တရောပုရိသ ဒမ္မသာရထိ-မည်တော်မူ၏။

၇။ သောဘဂဝါလ္လတိပိ သတ္ထာဒေဝမနုဿာနံ။

သောဘဂဝါ- ထိုမြတ်စွာ ဘုရားသည်၊ လ္လတိပိ- ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ဆရာတဆူ ဖြစ်တော် မူတတ်၊ ဤသို့သော ဂုဏ် တော် မြတ် ကြောင့်လည်း၊ သတ္ထာဒေဝ မနုဿာနံ- သတ္ထာဒေဝ မနုဿာနံ- မည် တော် မူ၏။

၈။ သောဘဂဝါလ္လတိပိ ဗုဒ္ဓေါ။

သောဘဂဝါ- ထိုမြတ်စွာ ဘုရားသည်၊ လ္လတိပိ- သစ္စာလေးပါး မြတ်တရားကို ပိုင်း ခြား သိ မြင် ဝေနေယျတို့ကိုလည်း သိမြင်စေတတ်၊ ဤသို့သော ဂုဏ်တော် မြတ်ကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓ- မည်တော် ရ၏။

၉။ သောဘဂဝါ လ္လတိပိ ဘဂဝါ။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ လ္လတိပိ၊ လ္လဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ၊တည်းဟူ

သော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူတတ်၊ ဤသို့သော ဂုဏ်တော်မြတ်ကြောင့်လည်း၊ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

× × ×

ဂုဏ်တော် ၉ ပါး

ပါဠိအနက်ရှင်းလင်းချက်

၁။ အရဟံ။ ။အရဟံ-ထိုက်။

လူနတ်ပြဟ္မာတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်၊ အရဟံ-ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ။ ။သမ္မာ- မဘောက် မပြန်၊ သံ-ကိုယ်တော်တိုင်၊ ဗုဒ္ဓေါ- သိ။

အလုံးစုံသော တရားတို့ကို၊ မဘောက်မပြန်၊ ကိုယ်တော်တိုင်သိသော ကြောင့်၊ သမ္မာသမ္ဗုဒ္ဓ- ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော။ ။ဝိဇ္ဇာ-အသိ အလိမ္မာ ပညာ၊ စရဏ-အကျင့်၊ သမ္ပန္နော- ပြည့်စုံ။

အသိအလိမ္မာ ဉာဏ်ပညာ အကျင့် တရား ကောင်း နှင့် ပြည့်စုံသောကြောင့်၊ ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော။ ။သု-ကောင်း၊ ဂတော-စကား။

ကောင်းသော စကားကို သာ ဆိုတော်မူတတ်သော

ကြောင့်၊ သုဂတ-ဂုဏ်ကို ရတော်မူသောမြတ်စွာဘုရား။

၅။ **လောကဝိဒူ။** ။လောက-လောက၊ ဝိဒူ-သိ။

**လောကသုံးပါးကို ပိုင်းခြား သိတော် မူသော ကြောင့် လောကဝိဒူ-ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။**

၆။ **အနုတ္တရောပုရိသ ဒမ္မသာရထိ။** ။အနုတ္တရော- အတုမရှိ၊ ပုရိသ-ယောကျ်ား၊ ဒမ္မ-ဆုံးမသင့်၊ သာရထိ-ဆုံးမထိုက်။

ဆုံး မသင့် ဆုံးမ ထိုက်သော ယောကျ်ားတို့ကို၊ အတုမရှိဆုံး မတော် မူတတ်သောကြောင့်၊ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝမနုဿာနံ။** ။သတ္ထာ-ဆရာ၊ ဒေဝမနုဿာနံ-နတ်လူပြဟ္မာတို့၏။

နတ်လူပြဟ္မာတို့ နည်းပေးလမ်းပြ ဆရာတဆူ ဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ- ဂုဏ်တော်ကို ရတော်မူသောမြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ။** ။ဗုဒ္ဓေါ-သိစေ၊

မိမိသိပြီးသော သစ္စာလေးပါးတို့ကို၊ သူတပါးတို့အား သိစေတော်မူသောကြောင့်၊ ဗုဒ္ဓ- ဂုဏ်တော်ကို ရတော်မူသော မြတ်စွာဘုရား။

၉။ **ဘဂဝါ ဘဂ=ဘုန်း။ ဝါရှိ**

ဘုန်းတော် ခြောက်ပါးရှိတော် မူသောကြောင့်၊ ဘဂဝါ ဂုဏ်ကိုရတော်မူသော မြတ်စွာဘုရား။

× × ×

## ဘုရားဂုဏ်တော်-၉-ပါး
## တပုဒ်စီအကျယ်ရှင်းလင်းချက်

(အရဟံ ဂုဏ်တော်)

မေး။ သောဘဂဝါ ဣတိပိ အရဟံဟူသော ပုဒ်ကို တပုဒ်စီခွဲ၍ ရှင်းလင်းအောင်ဖြေဆိုပါ။

ဖြေ။ သောဘဂဝါ ဣတိပိ အရဟံဟူသော ပုဒ်၌၊ သောပုဒ်က မြတ်စွာဘုရား၏ ရူပကာယဒြပ်တော်ကို ညွှန်ပြပါသည်။ ဒြပ်ဆိုယည်မှာ- ကိုယ်လုံး ကိုယ်တည်တော်ကို ဆိုပါသည်။ ထို သောပုဒ်ကို ဒြပ်တော်ဟု ညွှန်ပြကြောင်း၊ ပရိတ်ကြီး ဋီကာဆရာဖွင့်ပြသည်မှာသောတိယော ဗုဒ္ဓေါ မဓေဝါတိ နိဒ္ဒိဋ္ဌော၊ သောတိသော ဟူသောပုဒ်သည်ကား (ယောဗုဒ္ဓေါအကြင်မြတ်စွာဘုရားကို၊ မဓေဝါတိ၊ ငါဘုရားဟူ၍၊ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်၏။)

မှတ်ချက်။ ။ (ဘဂဝါ) ပုဒ်က အမည်နာမကို ညွှန်ပြပါသည် ဣတိပိ ပုဒ်က၊ ဘဂဝါအမည်ရှိသော ထိုကိုယ်တော်မြတ်ကြီးမှာ ဂုဏ်အမျိုးမျိုးရှိသည့်အရဟံ၊ ဂုဏ်တော် စသည်တို့ကို ညွှန်းပြပါသည်။ ထို ဣတိပိ ပုဒ်ရှိသော သဒ္ဒါက- ဂုဏ်တော် အသီးသီးကို ပေါင်းစည်းယှဉ်တွဲရန် ညွှန်ပြပါသည်။

သောပုဒ်က၊ ဘုရားရှင်ခြပ်တော်၊ဘဂဝါ၊ပုဒ်က အမည်တော်၊ အရဟံ၊ ပုဒ်က ဂုဏ်တော်ဟု ခွဲခြား၍ မှတ်ပါ။

## သောဘဂဝါ ဣတိပိ အရဟံ–ပုဒ်ကို

မြန်မာဘာသာဖြင့် ရှတ်လျှင် ၃၂ပါးသော ယောကျ်ား မြတ်တို့၏လက္ခဏာကြီး ၈၀ သောလက္ခဏာတော်ငယ်၊ခြောက် သွယ်သော ရောင်ခြည်တော်တို့ဖြင့် ရွှေအဆင်းကဲ့သို့ ဝန်းဝိုင်း လျှပ အချိုးကျသော ကိုယ်ခြပ်တို့ဖြင့် ဘဂဝါဟူသောအမည် အားဖြင့် ထင်ရှားတော်မူသောလူမင်း၊ နတ်မင်း၊ပြဟ္မာမင်း တို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သောအရဟံဂုဏ်တော် ထူးနှင့် ပြည့်စုံတော်မူပေ၏ဟု အဓိပ္ပါယ်ရသည်။

မှတ်ချက်။ ။ သမ္မာသမ္ဗုဒ္ဓ- ဂုဏ်တော်၊ အထက်နည်း အတိုင်း ပြောင်းလဲ၍ ထည့်ဆိုရမည်။

မေး။ ။ ရုပ်ပွားတော်၊ စေတီတော်၊ ပုထိုးတော်တို့ကို ဖူးမြော်သောအခါ မည်ကဲ့သို့စိတ်ထား၍ ဂုဏ်တော် ပွားများရမည်နည်း။

ဖြေ။ ။ ကြေး၊ အင်္ဂ၊ သစ်သား- စသည်တို့ဖြင့်၊ ထုလုပ် ထားသော ဘုရားရှင် ကိုယ်တော် ရုပ်ပွားတော် များကို၊ ဥဒ္ဒိဿစေတီဟု ခေါ်ပါသည်။

တနည်းကထော့ (ဘုရားဗုဒ္ဓ၊ကျောက်စာထိုး၊ ပုထိုး ခုခေါ်မြွက်)ဟူသော စကားအရဆိုလျှင် မည်သည့် မင်းသည် မည်သည့်သက္ကရာဇ်နှစ်ကဤစေတီကိုတည်ထောင်ခဲ့ကြောင်းဟု

ကျောက်ပြားတွင် ရေးသား ကဗျည်းထိုးခြင်းကို၊ ဗုဒ္ဓိုးဟု ရှေးက ခေါ်ဟန်ရှိသည်။ ယခုပုထိုးဟုခေါ်သည်၊ ပါဠိလို ထူပ=မြန်မာလို=စေတီ- ပုထိုးဟုခေါ်သည်။

တနည်းကတော့

အဦ၊လိုဏ်မုခ်၊ ရှိသောစေတီကို၊ ထူပ၊ မရှိလျှင်၊ စေတီ ဟုခေါ်သည်။ (ပုထိုးနှင့် ထူပ- သဘောချင်းတူ၏)။

ထိုရုပ်ပွားတော် စေတီတော် ပုထိုးတော်တို့ကို ရှိခိုးပူဇော် သောအခါ၌၊ ယခု ငါရှိခိုးလျက်ရှိသော ရုပ်ပွားတော်သည် ဘုရားရှင် ပုံသဏ္ဌာန်ဒြပ်တော်ကိုရည်ညွှန်း၍ ပြုလုပ်ထားသော ဥဒ္ဒိဿစေတီတော်တကားဟု ဘုရားရှင်၏ ဒြပ်တော်သို့ စိတ် ရောက်စေလျက် ဘုရားရှင်၏ (ဘဂဝါ) အမည်တော်မှတ်၍ သောဘဂဝါ ဣတိပိ အရဟံ (သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ)စသဖြင့် ဂုဏ်တော်ကိုဉာဏ်၌ထင်လာအောင် ဆင်ခြင်၍ ရှိခိုးရပါသည်။

စေတီတော် ပုထိုးတော်တို့ကို ရှိခိုးပူဇော်သောအခါ၌ ဤစေတီပုထိုးတော်သည်ကျောင်းတော်ပေတည်း၊ထိုကျောင်း တော်အတွင်း၌ ဘဂဝါမည်သော ကိုယ်တော်မြတ်၏ အရိုး တော်အသားတော် အသွေးတော်မှဖြစ်သော ဓာတ်တော် ဆံတော်၊သွားတော်တို့သော်ရှင်း။ပရိဘောဂအသုံးအဆောင် သပိတ်၊ သင်္ကန်း စသည်တို့သော်ရှင်း၊ တခုခုရှိရာ၏ဟု ဆင် ခြင်းလျက်၊ဘုရားရှင်သဏ္ဌာန်ဒြပ်တော် အမည်တော်တို့ကို၊စိတ် မှာထား၍ အရဟံစသော ဂုဏ်တော်တို့ကို ဉာဏ်ဖြင့် ဆင် ခြင်ပြီးလျှင် ရှိခိုးပူဇော် ရပါသည်။

ပုတီးစိပ်သောအခါ၌လည်း ဘုရားရှင်၏ ဒြပ်တော်အမည်တော်နှစ်ပါးကို ကွဲပြားအောင် ထင်မြင်စေ၍ အရဟံ-စသောဂုဏ်တော်တို့ကို ဉာဏ်ဖြင့် ဆင်ခြင်းပြီးလျှင်။

သောဘဂဝါ ဣတိပိ အရဟံ။ ။သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် ပုတီးစိပ်ရပါမည်။

ဘဂဝါနှစ် ပုဒ်ထုးပုံ

သော(ဘဂဝါ) ဟူသောပုဒ်၌၊ ရှေ့ဘဂဝါ-ပုဒ်သည်၊ အမည်တော် ညွှန်းပြသော ဘဂဝါဟုမှတ်။ နောက်ဘဂဝါကို၊ ဂုဏ်တော်ညွှန်းပြသော ဘဂဝါဟုအထူးမှတ်။

× × ×

## အရဟံ ဂုဏ်တော် ၅-ချက်

### အရဟံ၊ အ........ရဟံ၊ အရ........ဟံ

၁၊အရဟံ

(၁) မြတ်စွာဘုရားသခင်သည်၊ကိလေသာတို့မှဝေးကွာတော်မူသောကြောင့် (အရဟံ)

အာရကတ္တာ၊ အရဟံ

အာရကတ္တာ။ ကိလေသာတို့မှ၊ ဝေးတော်မူသောကြောင့် (အရဟံ)-အရဟ-မည်တော်မူ၏ ဆိုရာ၌-

(အာရက)ဟု ပုဒ်ရင်းရှိ၏။ ထို(အာရက) ပုဒ်ကို၊ အာ-ကို-အ-ပြု၊ ရ-ကောက်ရင်းအတိုင်းထား၊ ကကို။ ဟ— ပြု၍၊ အရဟံ-ဖြစ်၏။

## ၂–အရဟံ

(၂) မြတ်စွာဘုရားသခင်သည်လူမင်းနတ်၊ ဗြဟ္မာမင်တို့၏ပစ္စည်းလေးပါးစသော ပူဇော်သက္ကာရအထူးတို့ကို၊ ခံတော်မူထိုက်သောကြောင့်။ အရဟံ။

ပစ္စယာဒီနံ=အရဟတ္တာပိ အရဟံ။

ပစ္စယာဒီနံ။ ပစ္စည်းလေးပါးစသော ပူဇော်သက္ကာရအထူးတို့ကို အရဟတ္တာပိ၊ ခံယူတော်မူထိုက်သောကြောင့်လည်း၊ အရဟံ- အရဟမည်၏။

အရဟ ပုဒ်မှ (အရဟံ) ဖြစ်၏။

## ၃- အ–ရဟံ။

(၃) မြတ်စွာဘုရားသခင်သည်၊ ဆိတ်ကွယ်ရာ အရပ်၌၊ မကောင်းမှုကို ပြုခြင်းမရှိသည်၏ အဖြစ်ကြောင့် (အ-ရဟံ) မည်တော်မူ၏။

နတ္ထိ ရဟော တေသာတိ အ-ရဟံ။

တေသ ဘဂဝန္တဿ၊ ထိုမြတ်စွာဘုရားအား၊ ရဟော၊ ဆိတ်ကွယ်ရာပုန်းအောင်းရာ၌၊ မကောင်းမှုပြုခြင်းသည်၊ နတ္ထိ မရှိ၊ ဣတိ၊ ထိုသို့သောအကြောင်းကြောင့်၊ အ-ရဟံ၊ အ-ရဟမည်။

အ တပုဒ်၊ ရဟ-တပုဒ်
အ ပုဒ်က မကောင်းမှုကိုပြုတော်မမူ၊
ရဟ-ပုဒ်က၊ဆိတ်ကွယ်ရာ။ထို့ကြောင့်(အ-ရဟံ)
ဟု ဆို၏

## ၄၊ အ-ရဟံ။

(၄) မြတ်စွာဘုရားသခင်သည်၊ ကိလေ သာ တည်း ဟူ သောရန်သူတို့ကို၊သတ်တတ်သည်၏အဖြစ်ကြောင့် (အရ-ဟံ) မည်တော်မူ၏။

အရိနံ ဟတတ္တာပိ အရဟံ။

အရိနံ၊ ကိလေသာတည်းဟူသောရန်သူတို့ကို၊ ဟတတ္တာပိ၊ သတ်တတ်သည်၏အဖြစ်ကြောင့်လည်း၊ အရ-ဟံ၊အရ-ဟ၊ မည်တော်မူ၏။

အရိနံဟတာ (အရိဟာ) ဟု ပုဒ်ရင်းရှိ၏၊
ရိ-ကို။ ရ-ပြု ဟာ-ကို၊ ဟ-ပြု၍၊ (အရ-ဟံ) ဟု ဆို၏။

## ၅၊ အရဟံ။

(၅) မြတ်စွာဘုရားသခင်သည်၊ သံသရာ၏ အကန့် တို့ကို ဖျက် ဆီး တတ် သည် ၏ အ ဖြစ် ကြောင့် အရ-ဟံ မည်တော်မူ၏။

အရာနံ ဟတတ္တာပိ အရဟံ

အရာနံ၊ သံသရာစက်၏အကန့်တို့ကို၊ ဟတတ္တာပိ ဖျက်ဆီး တတ်သည်၏အဖြစ်ကြောင့်လည်း။ အရ-ဟံ၊ အရဟမည်တော်မူ၏။

အရာဟတာ (အရာဟာ) ပုဒ်ရင်းရှိ၏။
ရာကို။ ရ-ပြု၊ ဟာ-ကို၊ ဟ-ပြု၊ (အရ၊ဟံ) ဖြစ်၏။

## အရဟံဂုဏ်တော်

## အ ထူး ရှင်း လင်း ချက်

မေး။ အရဟံဂုဏ်တော်ငါးချက်တို့တွင်၊ အနက် လေးချက်သောစကား ရှည်လျားကျယ်ဝန်းမည်အတွက် မမေးတော့ဘဲ၊ လူမင်းနတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို၊ ခံတော်မူ ထိုက် သော ကြောင့်၊ အရဟံဂုဏ်တော်ဆိုရာ၌ မည်သို့သောရှိခိုးပူဇော်ခြင်းမျိုးကို ဆိုလိုပါသနည်း။

ဖြေ။ ကုသိုလ်ကံကိုဧင်း၊ ထိုကုသိုလ်ကံ၏ အကျိုးကိုဧင်း၊ ယုံကြည်သောအားဖြင့် နောင်ဘဝအဆက်ဆက်တို့၌ အကျိုးထူးကိုခံစားရလိမ့်မည်ဟုမြှော်လင့်၍ လှူဒါန်းသောအလှူမျိုး ရှိခိုးပူဇော်ခြင်းမျိုးတို့ကို ပူဇော်အထူးဟုခေါ်ပါသည်။

မေး။ တပည့်သားသာဝက အရိယာပုဂ္ဂိုလ် ဂ-ယောက်တို့သည် ပူဇော်အထူးကို ခံယူခြင်းငှာ မထိုက်ပေဘူးလား။

ဖြေ။ တပည့်သာဝက အရိယာ ဂ-ယောက်လုံးပင် မြတ်သောအလှူ ပူဇော်အထူးကိုခံထိုက်ပါ၏။ ထိုသို့ ခံထိုက်သော်လည်း ဘုရားရှင်ကဲ့သို့ အရဟံဂုဏ်မရနိုင်ပါ၊ အဂ္ဂဒက္ခိဏေယျနှင့် ဒက္ခိဏေယျ ဂုဏ်သာ ရနိုင်ပါသည်။ ထို စကား ရှင်း ပြ ပါ အံ့။ ။အ ရိ ယာ ၇-ယောက်တို့တွင်–

(၁) သောတာပတ္တိမဂ်၌တည်သောပုဂ္ဂိုလ်။
(၂) သောတာပတ္တိဖိုလ်၌တည်သောပုဂ္ဂိုလ်။
(၃) သကဒါဂါမိမဂ်၌တည်သောပုဂ္ဂိုလ်။
(၄) သကဒါဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်။
(၅) အနာဂါမိမဂ်၌တည်သောပုဂ္ဂိုလ်။
(၆) အနာဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်။
(၇) အရဟတ္တမဂ်၌တည်သောပုဂ္ဂိုလ်။

ဤရိယာပုဂ္ဂိုလ် ၇-ယောက်မှာ ဒက္ခိဏေယျ-ဂုဏ်သာရပါသည်။ အရဟတ္တဖိုလ်၌တည်သော ရဟန္တာအရှင်မြတ်မှာ အဂ္ဂ-ဒက္ခိဏေယျ ဂုဏ်ကြီးရပါသည်။ ။ဘုရားရှင်မှသာ အရဟံဂုဏ်တော်ရပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်လည်း ကိလေသာ အညစ်အကြေး ကင်းစင်ပါ၏၊ မြတ်စွာဘုရားလည်း ကိလေသာ အညစ်အကြေး ကင်းစင်ပါ၏။ ထိုသို့ကင်းစင်ခြင်း တူမျှပါလျက် အဘယ်အတွက်ကြောင့် ဒက္ခိဏေယျ ဂုဏ် အရဟံဂုဏ်ဟု ခွဲခြား၍ အမည် ပေးရပါသလဲ။

ဖြေ။ တပည့်သား ၇-ဦးမှာ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝအတွက် မြတ်သောအလှူခံရာ၌ အလှူခံထိုက်ရုံမျှသာ ဒက္ခိဏေယျ-ဂုဏ်ရပါသည်။

အရဟတ္တဖိုလ်၌တည်သော ရဟန္တာပုဂ္ဂိုလ်တို့မှာကိလေသာရာဂလည်း ကင်းစင်ပါ၏။ အာသဝေါဘရား အလုံးစုံလည်း ကင်းစင်ပါ၏။ ထိုသို့ပင် ကင်းစင်ပါသော်လည်း အထုံ

ဝါသနာ မကောင်းစင်သည့်အတွက် (မြတ်သော အလူဝတ္တုကို ခံထိုက်သော အဂ္ဂဒက္ခိဏေယျ- ဂုဏ်သာရပါသည်။)

ဘုရားရှင်ကိုယ်တော်မြတ်မှာ ဝါသနာနှင့်တကွ အသုံးစုံ ကိလေသာရာဂ၊ အဝသဝေါတရား ကင်းစင်သောကြောင့် အရဟံ၊ ဂုဏ်ထူး ချီးကျူး သိမ်းပိုက် ခံယူတော် မူထိုက်ပါသည်။

မေး။ ဝါသနာအထုံဆိုတာ ဘယ်အရာကို ခေါ်ပါသနည်း။

ဖြေ။ ကိလေသာ ကင်းစင်ပြီးသော ပုဂ္ဂိုလ် ဖြစ်ပါလျက်

ကိလေသာ မကင်းသေးသော ပုဂ္ဂိုလ်တို့၏ အမူအရာ အသုံးအနှုန်း၊ အပြောအဆိုမျိုးကို ဝါသနာအထုံဟု ခေါ်ပါသည်။

× × ×

(မှတ်ချက်)

(အာသဝေါတရား လေးပါးကား)

၁။ ကာမာသဝ။ ။ကာမဘုံ၌ တပ်တတ်သောလောဘ စေတသိက်။

၂။ ဘဝါသဝ ။ ။ရူပဘုံ- အရူပဘုံတို့၌ တပ်တတ်သော လောဘ စေတသိက်။

၃။ ဒိဋ္ဌာသဝ ။ ။မှားသော မိစ္ဆာ အယူဟု ဆိုအပ်သော ဒိဋ္ဌိစေတသိက်။

၄။ အဝိဇ္ဇာသဝ။ ။ရှေ့အစွန်း၊ နောက်အစွန်း သစ္စာလေးပါး။
ပဋိစ္စသမုပ္ပါဒ် တရားတို့၌ ဖုံးလွှမ်းပိတ်ကာတတ်သော မောဟ စေတသိက်။

+ + +

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

မေး။ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့်ငါးတန်ဉေယျမြတ်ဓမ္မကိုမိမိအလိုလိုသိတော်မူသောကြောင့်သမ္မာ သမ္ဗုဒ္ဓေါ ဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏ဟုဆိုရာ၌ ဘယ်ကဲ့သို့သိတော်မူပါသနည်း။

ဖြေ။ သစ္စာလေးပါးကို သိမြင်တော်မူသော ပုဂ္ဂိုလ်ကား ဘုရား ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကဟု သုံးပါးရှိပါသည်။ ထိုပုဂ္ဂိုလ်သုံးပါးတို့တွင် ပစ္စေကဗုဒ္ဓါတို့မှာ သစ္စာလေးပါးတရားကို ဆရာမရှိ မိမိအလိုလိုသိ၏။ သူတပါးကို ကျကျနန ရေရေလည်လည် ဟောပြောခြင်းငှာမစွမ်းနိုင်ပါ။ ဥပမာ သူအ,သည် မိမိမြင်ကြသော အိပ်မက်ကို မိမိကိုယ်တိုင် အကြောင်းအကျိုးကိုသော်လည်း သူတပါးတို့ကို ဟောပြောခြင်းငှာ မစွမ်းနိုင်ခြင်းကြောင့် (သံ-ဗုဒ္ဓ) ဂုဏ်တော်ကိုသာ ရနိုင်ပါသည်။

အရိယာ သာဝကတို့မှာ ဘုရားထံမှသော်လည်းကောင်း၊ တပည့်သံဃာထံမှသော်ငှင်း၊ တရားတော်နာရမှသာ သစ္စာလေးပါးတရားကို သိမြင်နိုင်၏။ သိမြင်သည့် တရားကိုလည်း သူတပါးအား ဟောပြောနိုင်ပါ၏။ ထိုသို့ပင် သစ္စာလေးပါး တရားကို သိ၍ သူတပါးအား ဟောပြောနိုင်သော်လည်းမိမိကိုယ်တိုင် ထိုးထွင်း၍ မသိမြင်သောကြောင့် အရိယာသာဝကတို့မှာ ဗုဒ္ဓဂုဏ်သာ ရနိုင်ပါသည်။

မြတ်စွာဘုရားသခင်တို့မှာမူကား သစ္စာလေးပါးတရားကို မိမိအလိုလိုသိခြင်းကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အပြင် သေချာကောင်းမွန်မှန်ကန်စွာ အကြွင်းအကျန်မရှိသိတော်မူခြင်း၊သမ္မာဂုဏ်ဘဆင့်တိုး၍သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဟု ဆိုပါသည်။

ခပ်သိမ်းသော တရားတို့ကို ဆိုရာ၌—

(၁) အထူးသိသော ဉာဏ်ဖြင့်သိအပ်သောသစ္စာလေးပါးတရားတို့ကို အထူးသိသော ဉာဏ်ဖြင့် သိမြင်တော်မူခြင်း။ အဘိညေယျတရား။

(၂) ပိုင်းခြားဝေဖန်၍ သိအပ်သော ဒုက္ခသစ္စာနှင့် ဆိုင်ရာတရားတို့ကိုပိုင်းခြားဝေဖန်သိခြင်း။ပရိညေယျတရား။

(၃) ပယ်အပ်သော သမုဒယနှင့်ဆိုင်ရာ တဏှာ လောဘတရားတို့ကိုပယ်အပ်သောအားဖြင့် သိခြင်း။ပဟာတဗ္ဗတရား။

(၄)　မျက်မှောက်ပြုအပ်သော နိရောဓ သစ္စာတရားတို့ကို မျက်မှောက်ပြုအပ်သောအားဖြင့် သိခြင်း။ သစ္ဆိကာတဗ္ဗတရား။

(၅)　ပွားစေအပ်သော မဂ္ဂသစ္စာနှင့် ဆိုင်ရာ တရားတို့ကို ပွားစေသောအားဖြင့် သိခြင်း။　ဘာဝေတဗ္ဗတရား။

ဤတရားငါးပါးကို ပိုင်းခြား၍ မှတ်သားရာ၏။

တနည်းအားဖြင့်–

မျက်စိသည် ဆင်းရဲကြောင်း အမှန် ဒုက္ခသစ္စာတည်း။

ထိုဒုက္ခသစ္စာ　မျက်စိကို　ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သောတဏှာသည်သမုဒယသစ္စာတည်း။ ထို ဒုက္ခသစ္စာ မျက်စိနှင့် အမှုဒယ သစ္စာ တဏှာနှစ်ပါးတို့ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာတည်း။ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကိုသိမြင်တတ်သော မဂ္ဂင်ရှစ်ပါးတရား အကျင့်သည် မဂ္ဂသစ္စာတည်းဟု နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည်တို့ကို တပုဒ်စီ ထုတ်သဖြင့် ခပ်သိမ်းသော ဉေယျဓမ်တရား ငါးပါးကို မဖောက်မပြန် မိမိ အလိုလို ကိုယ်တော်တိုင် သိတော်မူ၏။

ဉေယျဓမ္မ တရား ငါးပါးဆိုသည်မှာ

(၁) သင်္ခါရ

(၂) ဝိကာရ

(၃) လက္ခဏ

(၄) နိဗ္ဗာန်

(၅) ပညတ်။

ဟုဆိုအပ်သော ဤတရားငါးပါးကို၊ ဉေယျဓမ်တရား ငါးပါး၊ သို့မဟုတ် သိအပ်သော တရား ငါးပါးဟုခေါ်သည်။ ထိုငါးပါးတွင်(သင်္ခါရဆိုသည်မှာ) နာမ်တော်ပညာ သ၅၃ပါး၊ နိပ္ပန္နရုပ် ၁၈ပါး၊ ပေါင်း ၇၁ပါးကို၊ သင်္ခါရ ဟုခေါ်သည်။

(ဝိကာရ) ဆိုသည်မှာ။ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်၊ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ ဤ ငါးပါးကို၊ ဝိကာရ-ဟုခေါ်သည်။

(လက္ခဏ) ဆိုသည်မှာ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ၊ ဤ ရုပ် လေး ဖြာ ကို၊ လက္ခဏ ဟု ခေါ်သည်။ နိဗ္ဗာန်ကား၊ ကိလေသာမှ ချုပ်ငြိမ်းရာ နိဗ္ဗာန်တည်း။ ပညတ်ကား၊ လူနတ်ဗြဟ္မာ ရေ မြေ တော တောင်စသော အခေါ် ပညတ်တရားအပေါင်းတည်း။

မဘောက်မပြန် သိခြင်းဆိုသည်မှာ သစ္စာလေးပါးတရားတို့တွင် မည်သည့်သစ္စာတရားကိုမျှ လို၍ ဖြည့်စွက် ထည့်သွင်း

ရသည်လည်းမရှိ၊ ပိုနေ၍ နှုတ်ပယ်ရသည်လည်းမရှိ၊ ဟုတ်မှန်သည့်အတိုင်း ထိုးထွင်း၍သိသော အသိမျိုးကို မဘောက်မပြန်သိသော အသိမျိုးဟုဆိုသည်။

(သယမ္ဘုဉာဏ်ဆိုသည်မှာ) အလိုလိုသစ္စာကို သိသော အရဟတ္တမဂ်ဉာဏ်ကိုဆိုသည်။ ထို အရဟတ္တမဂ်ခေါ် သယမ္ဘုဉာဏ်ဖြင့်ခပ်သိမ်းသော တရားတို့ကို ဆရာမရှိ၊မိမိအလိုလိုကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသောဂုဏ်ထူးကို သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဟု ခေါ်ပါသည်။

(ဤသို့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို မနောဉာဏ်၌ ထင်အောင် ဆင်ခြင်ပွားများကြပါကုန်)။

— — —

## ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်

မေး။ ။ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်အကြောင်းရှင်းပါ

ဖြေ။ ။ဝိဇ္ဇာဆိုသည်မှာ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သိခြင်းငှါမစွမ်းနိုင်၊ အရိယပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်သာ သိမြင်ထိုက်သော အရာကို သိမြင်နိုင်သောကြောင့် ဝိဇ္ဇာဟုခေါ်၏။

တရားကိုယ်အားဖြင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဂိုဏ်းဝင် ပညာတရားပေတည်း။

ဤဝိဇ္ဇာတရားသည် ကောင်းကျိုးပေးနိုင်သဖြင့် ရသင့်ရထိုက်သောတရားကို ရတတ်သောကြောင့် ဝိဇ္ဇာ။

တနည်းမှာ။ ။မိမိ၏ ရန်သူဆန့်ကျင့်ဘက်ဖြစ်သော မောဟကို ဘောက်ခွဲ၍ ဖြစ်တတ်သောကြောင့်ဝိဇ္ဇာ။

တနည်းမှာ။ ။မောဟတည်းဟူသော ရန်သူကို ဘောက်ခွဲနိုင်သောကြောင့် သိခွင့်ရှိသော မိမိအရာကို သိအောင်ပြုတတ် သောကြောင့်၊ ဝိဇ္ဇာတရားဟုခေါ်သည်။

စရဏ-ဆိုသည်မှာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကြင့်ပဋိပတ်ကို၊ စရဏတရားဟုဆိုသည်။ အချုပ်အားဖြင့် သီလ၊ သမာဓိ၊ တရားနှစ်ပါးပေတည်း။ ထိုသီလသမာဓိနှစ်ပါးသည် ဝိဇ္ဇာ-နယ်သား၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမှ တပါးကြွင်းသော မဂ္ဂင်၆ ပါးကို စရဏဟု ခေါ်သည်။

သမထဝိပဿနာအားဖြင့်ခွဲလိုက်လျှင်၊ဝိဇ္ဇာဟုဆိုအပ်သော သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပနှစ်ပါးကို၊ ဝိပဿနာဟုခေါ်သည်။ စရဏဟု ဆိုအပ်သော (သမ္မာသမာဓိ စသောကျန်) မဂ္ဂင်ခြောက်ပါးကို၊ သမထဟု ခေါ်ပြန်ပါသည်။

မေး။ ။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅ပါးကို ရေတွက်ပြပါ။

ဖြေ။ ဝိဇ္ဇာသုံးပါးကား

(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။ ရှေးရှေးဘဝက၊ နေခဲ့ဘူးသောခန္ဓာအစဉ်ကို၊အဆင့်ဆင့်အောက်မေ့နိုင်သောဉာဏ်။

(၂) ဒိဗ္ဗစက္ခုဉာဏ်၊ နတ်မျက်စိကဲ့သို့၊ အပိတ်အပင်မရှိ၊အဝေးအနီး၊အသေးအကြီး၊ဝတ္ထုအမျိုးမျိုးတို့ကို မြင်နိုင်သောဉာဏ်။

(၃) အာသဝက္ခယဉာဏ်၊ အာသဝေါတရားတို့၏ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဉာဏ်ဤသုံးပါးကို၊ ဝိဇ္ဇာသုံးပါးဟု ခေါ်ပါသည်။ (အတိုကောက်မှာ-ပု-ဒိ-အာ) ဖြစ်ပါသည်။

## ဝိဇ္ဇာ—၈—ပါး

(၁) ဣဒ္ဓိဝိဓဉာဏ်။ ။အထူးထူးသော တန်ခိုး ဘန်ဆင်းခြင်းငှါစွမ်းနိုင်သောဉာဏ်။

(၂) မနောမယိဒ္ဓိဉာဏ်

စိတ်အလိုရှိတိုင်း တန်ခိုးဘန်ဆင်းခြင်းငှာ စွမ်းနိုင်သောဉာဏ်။

(၃) ဒိဗ္ဗသောတဉာဏ်

နတ်တို့၏နားကဲ့သို့သော အပိတ်အပင်အဆည်းအတားမရှိကြားနိုင်သောဉာဏ်။

(၄) ပရစိတ္တဝိဇာနနဉာဏ်

သူတပါးတို့၏စိတ်ကို ပိုင်းခြား၍သိသောဉာဏ်။

## (၅) ပုဗ္ဗေနိဝါသဉာဏ်

ရှေးရှေးဘဝက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အဆင့်ဆင့် အောက်မေ့နိုင်သောဉာဏ်။

## (၆) ဒိဗ္ဗစက္ခုဉာဏ်

နတ်မျက်စိကဲ့သို့ အပိတ်အပင်မရှိ အဝေးအနီး အကြီး အသေး မြင်နိုင်သောဉာဏ်။

## (၇) ဝိပဿနာဉာဏ်

သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အင်္ဂမ်းအားဖြင့် သူးထူးအပြားပြား ရှုတတ်သောဉာဏ်။

## (၈) အာသဝက္ခယဉာဏ်

အာသဝေါတရားတို့၏ကုန်ခြင်းကို ပြုတတ်သော အရဟတ္တ မဂ်ဉာဏ် (သမ္မာဒိဋ္ဌိမဂ္ဂင်ပညာစေတသိက်)

မှတ်ချက်

ဤဝိဇ္ဇာရှစ်ပါးတွင် ဝိပဿနာဝိဇ္ဇာနှင့် အာသဝက္ခယ ဝိဇ္ဇာနှစ်ပါးသာလျှင် နိဗ္ဗာန်ရောက်နိုင်သော ဝိဇ္ဇာနှစ်ပါး ဖြစ်၏။ ကြွင်းသောဝိဇ္ဇာ ခြောက်ပါးကား လောကီ အဘိညာဉ်လမ်းတို့ဖြစ်၏။

အချုပ်

(၁) ဣ-မ-ဒိဗ်-ပ-ပု-ဒိဗ်-ဝိ-အာ၊ ဤရှစ်ဖြာ၊ မှတ်ပါ ဝိဇ္ဇာပြ။

(၂) ဝိ-အာ-နှစ်ချက်၊ နိဗ္ဗာန်ထွက်၊ ခြောက်ချက် လောကီရ။

## စရဏ ၁၅ ပါး

### (၁) သီလသံဝရ

သီလကိုလုံခြုံအောင်စောင့်ရှောက်ခြင်း။

### (၂) ဣန္ဒြိယသံဝရ

မျက်စိစသော ဣန္ဒြေတို့၌ လုံခြုံအောင်စောင့်ရှောက် ထိန်းသိမ်းခြင်း။

### (၃) ဘောဇနေမတ္တညုတာ

စားသောက်ရာ၌ အတိုင်းအရှည်ကိုသိခြင်း။

### (၄) ဇာဂရိယာနုယောဂတာ

နိုးကြားခြင်းနှင့် ယှဉ်သောလုံ့လရှိခြင်း။

## သူတော်ကောင်းတရား (၇) ပါး

### (၁) သဒ္ဓါ

ဘုရား၊ တရား၊ သံဃာနှင့်ကံကံ၏အကျိုးကိုယုံကြည်ခြင်း။

### (၂) သတိ

ကုသိုလ်ကောင်းမှု၌၊ မမေ့မလျော့ခြင်း။

### (၃) ဟိရိ

မကောင်းမှုမှရှက်ခြင်း။

### (၄) ဩတ္တပ္ပ

မကောင်းမှုမှလန့်ခြင်း။

(၅) ဗဟုဿုတ

အကြားအမြင်များခြင်း။

(၆) ဝီရိယ

အားထုတ်ရဲရင့်ခြင်း။

(၇) ပညာ

ကောင်းစွာသိမြင်ခြင်း။

## စတုတ္ထဈာန်လေးပါး

(၁) ပဌမဈာန်

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ အင်္ဂါငါးပါး ရှိသောပဌမဈာန်။

(၂) ဒုတိယ ဈာန်

ပီတိ သုခ၊ ဧကဂ္ဂတာ၊ အင်္ဂါ သုံး ပါး ရှိသော ဒုတိယ ဈာန်။

(၃) တတိယဈာန်

သုခ ဧကဂ္ဂတာ၊ အင်္ဂါနှစ်ပါး ရှိသော တတိယ ဈာန်။

(၄) စတုတ္ထဈာန်

ဥပေက္ခာ၊ ဧကဂ္ဂတာ၊အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်၊ ရူပါဝစရ ဈာန်လေးပါးတည်း။

မှတ်ချက်။ ။သိ- ဈာန်- ဘော-ဇာ၊ သဒ္ဓမ္မာ၊လေးဖျာဈာန၊ စရဏ။

## ဝိဇ္ဇာစရဏဂုဏ်တော်

### အထူး ရှင်း လင်း ချက်

မေး။ မြတ်စွာဘုရားသည် ဝိဇ္ဇာ သုံးပါးကို ဘယ်အခါ၌ ရတော် မူပါသနည်း။

ဖြေ။ မြတ်စွာဘုရားသည်၊ ဗောဓိ မဏ္ဍိုင်၌ နေမဝင်မီ မာရ်နတ်သားကို အောင်မြင်တော်မူပြီး နောက်၊ ပုဗ္ဗေနိဝါသဉာဏ်တော်ရပါသည်။ မိုးသောက်ယာမ်၌ အာသဝက္ခယ ဉာဏ်တော် ရပါသည်။

မေး။ မြတ်စွာဘုရားသည်၊ စရဏ ၁၅ ပါးကို ဘယ်အခါ၌ ရတော် မူပါသနည်း။

ဖြေ။ ဒုက္ကရစရိယ ကျင့်တော်မူစဉ်ကပင် စရဏ ၁၅ ပါးနှင့် ပြည့်စုံပြီး ဖြစ်ပါသည်။ ထို့ကြောင့်မြတ်စွာ ဘုရားသည် လောကမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ မြင်ခြင်း ငှာ စွမ်းနိုင်သော အသိဉာဏ် ဝိဇ္ဇာတရားနှင့် အကျင့် စရဏ တရားနှစ်ပါး ပြည့်စုံတော် မူသော ကြောင့် ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်ထူးကို ရပါသည်။

မေး။ ဝိဇ္ဇာတရား စရဏတရားတို့သည်၊ ပစ္စေက ဗုဒ္ဓါနှင့် သာဝက တပည့်သား သံဃာတော်တို့မှာ ပြည့်စုံ ပါလေသလော)။

ဖြေ။ ပြည့်စုံပါ၏၊ ထိုသို့ပြည့်စုံသော်လည်း မြတ်စွာဘုရား ကဲ့သို့ ပြည့်စုံခြင်းမဟုတ်ပါ၊ မြတ်စွာဘုရား၏ ဝိဇ္ဇာ ဂုဏ်နှင့် ပြည့်စုံခြင်းမှာ သဗ္ဗညုတဉာဏ်ကို ပြည့်စေ၍

တည်၏။ စရဏာဂုဏ်နှင့် ပြည့်စုံခြင်းမှာ မဟာကရုဏာတော်ကို ပြည့်စေ၍ တည်၏။ ပစ္စေကဗုဒ္ဓါနှင့် တပည့်သား သံဃာတော်တို့၏ ဝိဇ္ဇာစရဏသမ္ပန္နမှာ သဗ္ဗညုတဉာဏ် မဟာကရုဏာတော်ကို ပြည့်စုံစေ၍ မတည်နိုင်ပါ။ သဗ္ဗညုတဉာဏ်ဆိုသည်မှာ အလုံးစုံသော သတ္တဝါတို့ အကျိုးမဲ့သော တရားတို့ကို သိသောဉာဏ်ဖြစ်ပါသည်။ မဟာကရုဏာတော်မှာ အကျိုးမဲ့ကို ကြဉ်၍ အကျိုးရှိသည်တို့ကိုသာ ယှဉ်စေတော် မူတတ်ပါသည်။ တပည့်သား သာဝကတို့မှာ အကျိုးမဲ့ကိုကြဉ်၍ အကျိုးရှိသည်ကိုယှဉ်သော်လည်း၊ ကောင်းသော အကျင့်ရှိသော သုပ္ပဋိပန္နသာ ဖြစ်သည်။ ထို့ကြောင့်၊ သဗ္ဗညု မြတ်စွာဘုရား၏ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်သည် ပစ္စေကဗုဒ္ဓါသာဝက မဆက်ဆံသော ဂုဏ်တော်ဖြစ်သည်။

× × ×

## သုဂတောဂုဏ်တော်

မေး။ သုဂတော ဂုဏ်တော်ကိုဖြေကြားပါ။

ဖြေ။ အဋ္ဌကထာတွင် သုဂတအနက် ငါးချက်ပြ၏။ ထို ငါးချက်သော အဖြေစကားတို့ကို ရေးသားပါလျှင် များစွာ ကျယ်ဝန်းနေမည် ဖြစ်သောကြောင့် ပဌမ အချက် ကောင်းသော စကားကိုသာ ဆိုတော်မူ သောကြောင့် သုဂတောဂုဏ်တော်နှင့် ပြည့်စုံတော်

မူပေ၏ဟု ဂုဏ်တော် တပိုဒ်ကိုသာလျှင် ပြကြား ပါအံ့။

ကောင်းသော စကားကို ဆိုတော်မူသောကြောင့် သုဂတဂုဏ်တော်ဟု ဆိုရာ၌ မကောင်းသောစကားကို မဆိုဟု အဝုတ္တသိဒ္ဓိနည်းအားဖြင့်သိသင့်၏။ ကောင်းသော စကားဆိုသည်မှာ လောက၌ လူတို့ပြောဆို ဆိုးမသော စကားခြောက်ခွန်း တို့တွင် လေးခွန်းသော စကားကို ဖယ်၍ နှစ်ခွန်းသော စကားကိုသာ မြတ်စွာဘုရား ပြောဆိုတော်မူလေ့ရှိ၏။

## စကားခြောက်ခွန်း

၁။ မှန်လည်း မမှန်၊ အကျိုးလည်းမရှိ၊ သူတပါး မနှစ်သက်သောစကား။

၂။ မှန်လည်း မှန်၏၊ အကျိုးလည်းမရှိ၊ သူတပါးမနှစ်သက်သောစကား။

၃။ မှန်လည်းမှန်၏ အကျိုးလည်းရှိ၏၊ သူတပါးမနှစ်သက်သောစကား။

၄။ မှန်လည်း မမှန်၊ အကျိုးလည်းမရှိ၊ သူတပါးနှစ်သက်သောစကား။

၅။ မှန်လည်း မှန်၏၊ အကျိုးလည်းမရှိ၊ သူတပါး မနှစ်သက်သောစကား။

၆။ မှန်လည်း မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတပါး နှစ်သက်သော စကား။

*ဤစကား၆ ခွန်းတွင် နံပါတ် ၃ နှင့် နံပါတ် ၆ စကားနှစ်ခွန်းကိုသာ ဘုရားရှင်သုံးစွဲတော်မူပါသည်။

## စကားခြောက်ခွန်း

မေး။ (၁) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတပါးလည်း မနှစ်သက်သော စကား၏ အဓိပ္ပာယ်ကို ဖြေရှင်းပါ။

ဖြေ။ သီလနှင့်ပြည့်စုံသောသူကို သီလမရှိဟူ၍၎င်း၊ အမျိုးကောင်းသားကို စဏ္ဍာလသားဟူ၍၎င်း၊ ဤစကားသည် မဟုတ်မမှန်လုပ်ကြံ၍ ပြောသောစကားဖြစ်၏။ ထိုစကားပြောခြင်းကြောင့် ပြောသူမှာ အကျိုးလည်း တစုံတရာမျှမရှိ အပြောခံရသူကလည်း မနှစ်သက်သော မုသားဝါဒ လိမ်လည်ပြောဆိုသောစကားမျိုး ဖြစ်၍ ဘုရားရှင်ပယ်ရှားတော်မူပါသည်။

မေး။ (၂) မှန်လည်းမှန်၏။ အကျိုးလည်းမရှိ၊ သူတပါး မနှစ်သက်သော စကား၏ အဓိပ္ပာယ်ကို ဖြေရှင်းပါ။

ဖြေ။ မိမိသား သမီးတပည့်တို့ကို လိမ္မာအောင် တတ်အောင် သွန်သင် ဆုံးမဩဝါဒပေးခြင်းကင်းလျက် စဏ္ဍာလကို စဏ္ဍာလဟူ၍၎င်း၊ အကျိုးအကန်းဖြစ်သောသူကို အကျိုးအကန်းဟူ၍၎င်း၊ ဤသို့မှန်သည့်

အတိုင်းခေါ်သော်လည်း ခေါ်သူမှာအကျိုးလည်း မရှိ အခေါ်ခံရသူကလည်း မနှစ်သက်သော ဖရုသဝါစာကြမ်းတမ်းသော စကားမျိုးဖြစ်၍ ဘုရားရှင်ပယ်ရှားတော်မူပါသည်။

မေး။ (၃) မှန်လည်းမှန်၏။ အကျိုးလည်းရှိ၏။ သူတပါး မနှစ်သက်သော စကား၏ အဓိပ္ပာယ်ကိုဖြေရှင်းပါ။

ဖြေ။ ဒေဝဒတ်သည် သံဃာသင်းခွဲသောကံကြောင့် သေသည် အခြားမဲ့၌ အဝီစိ ငရဲသို့ရောက်၍ ကြီးစွာသော ဆင်းရဲခြင်း ခံစားရအံ့ဟု ဘုရားရှင်မိန့်တော်မူခြင်း စကားသည် မှန်လည်းမှန်၏။ ကြားနာရသူတို့ တရားရ၍ အကျိုးလည်းရှိ၏။ ဒေဝဒတ်ဂိုဏ်းသားတို့ စိတ်မှာကား နှစ်သက်ခြင်းမဖြစ်၊ ထိုစကားမျိုးသည် မှန်သော သစ္စဝါစာ စကားဖြစ်၍ ဘုရားရှင်သုံးစွဲပြောဆိုတော်မူပါသည်။

မေး။ (၄) မှန်လည်းမမှန်၊ အကျိုးသည်းမရှိ၊ သူတပါး နှစ်သက်၏ ဆိုသော စကား၏ အဓိပ္ပာယ်ကို ဖြေရှင်းပါ။

ဖြေ။ ရွှေယုန်နှင့်ရွှေကျား သက်ငယ်ရိပ်သွားသည်၊ လက်မ သောက်ရှိသော လူကလေးကဆင်ပြောင်ကြီးကို သတ်သည်၊ သတ္တဝါသတ်၍ နတ်ပူဇော်ပါလျှင် နတ်ရွာသို့ ရောက်မည်စသော စကားမျိုးသည် မှန်လည်းမမှန် ပြောသူမှာလည်း အကျိုးမရှိ နားထောင်သူတို့မှာ နှစ်သက်၏။ ထိုစကားမျိုးသည် သိမ်ဖြင်းသေး

နှုတ်သော သမ္ဗလာပစကားဖြစ်၍ ဘုရားရှင်ပယ်တော်မူပါသည်။

မေး။ (၇) မှန်လည်းမှန်၏။ အကျိုးလည်းမရှိ၊ သူတပါး နှစ်သက်သော စကား၏ အဓိပ္ပာယ်ကို ဖြေရှင်းပါ။

ဖြေ။ ငြူစူနှင့်ငမ်တို့၏ နှစ်ယောက်အကြားကိုကွဲပြားအောင် ဂုံးဘိုက်သော ဝိသုဏဝါစာ စကားမျိုးဖြစ်၍ ဘုရားရှင် ပယ်ရှားတော်မူပါသည်။

မေး။ (၆) မှန်လည်းမှန်၏။ အကျိုးလည်းရှိ၏။ သူတပါး နှစ်သက်သောစကားအဓိပ္ပါယ်ကိုဖြေပါ။

ဖြေ။ ဒါနနှင့်စပ်သောစကား၊ သီလနှင့်စပ်သော စကား တို့ကို မှန်ကန်ချစ်ဖွယ် နူးညံ့သိမ်မွေ့စွာပြောသော စကားကို ဘုရားရှင်သုံးစွဲပါ၏။

— — —

## လောကဝိဒူဂုဏ်တော်

မေး။ လောကဝိဒူ ဂုဏ်တော်၏အကြောင်းကို ဖြေရှင်းပါ။

ဖြေ။ မြတ်စွာဘုရားသခင်သည် သတ္တလောက သင်္ခါရ လောက ဩကာသလောက တည်းဟူသော လောက သုံးပါးကို သိမြင်တော်မူသောကြောင့် လောကဝိဒူ ဂုဏ်ကိုရတော်မူ၏။

### သတ္တလောက

သတ္တလောကဆိုသည်မှာ သတ္တက၊ ခန္ဓာအာယတနတို့ကို စွဲ၍ အခြေလေးချောင်း၊ လူနတ်ဗြဟ္မာစသည်တို့ဖြင့် အမည်

ပညတ် အခေါ်အဝေါ်သမုတ်အပ်သော ဝိညဉ်ရှိရာ=အစု၊ အာရုံငါးပါး၌နိုးကပ်စွဲလမ်းတတ်သော သတ္တဝါအပေါင်း တို့ကို သတ္တဟုခေါ်၏။

မဂဓခေါ်=သတ္တ။ သက္ကဋခေါ်=သတွ၊ ၎င်းသတွကို သတွာခေါ်သည်။ရေးသားသောအခါ သတ္တဝါဟုရေးသည်၊ ထိုသို့ရေးခြင်းသည် မဂဓနှင့်မြန်မာ ရောနှော၍ ရေးခြင်း ဖြစ်သည်။

လောက=ကအကုသိုလ် ကုသိုလ်နှင့်တကွ အကျိုးတရား တို့၏ တည်ရာကို လောကဟုခေါ်သည်။ ကုသိုလ် အကုသိုလ် အကျိုး တရားတို့၏ တည်ရာ သတ္တဝါတို့ကို သတ္တ လောကဟု ခေါ်သည်။

## ဩကာသလောက

ဩကာသလောကဆိုသည်မှာ ဩကာသ-က သတ္တဝါ တို့၏တည်ရာ သုံးဆယ့်တဘုံကိုခေါ်သည်။ လောက-က ဖြစ်တတ် ပျက်တတ်ခြင်းကိုခေါ်သည်။

ဖြစ်တတ် ပျက်တတ်သော သတ္တဝါတို့၏ တည်ရာကို ဩကာသလောကဟုခေါ်သည်။

## သင်္ခါရလောက

သင်္ခါရလောကဆိုသည်မှာ သင်္ခါရက ကံ, စိတ်, ဥတု, အဟာရဘည်းဟူသော အကြောင်းတရား လေးပါးတို့ဖြင့် ပြုပြင်စီရင်အပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ခေါ် သည်။ လောက-က ဖြစ်တတ်ပျက်တတ်ခြင်းကို ခေါ်သည်။

ကံစိတ် ဥတုအာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ဖြင့် ပြုပြင်စီရင်အပ်သော ခန္ဓာငါးပါးရုပ်နာမ် တရားတို့သည် ဖြစ်တတ်ပျက်တတ်သောကြောင့် သင်္ခါရ လောကဟုခေါ်သည်။

သတ္တလောကသိမြင်ပုံ

မြတ်စွာဘုရားသခင်သည် သတ္တလောကကို သိမြင်တော် မူပုံမှာ အလုံးစုံသောသတ္တဝါအပေါင်းတို့ကို ဤသတ္တဝါ၏ ဝမ်းအတွင်း၌ နှလုံးသွင်း၍ ဤသို့ရှိ၏။ အနုသယရှိ၏ဟု သတ္တဝါတို့၏စိတ်ထဲတွင် စွဲဝင်လျက်နေသော အလိုဆန္ဒကို လည်းကောင်း၊ ကိန်းအောင်း၍နေသော အနုသယကိလေသာ ကိုလည်းကောင်း သိတော်မူသည်။

သတ္တဝါတို့၏ ရာဂ၊ ဒေါသ၊ မောဟ စသော စရိုက်တို့ကို ဤသတ္တဝါရာဂစရိုက်လွန်ကဲ၏။ ဤသတ္တဝါ ဒေါသစရိုက် လွန်ကဲ၏ စသဖြင့် ခွဲခြမ်း၍သိတော်မူသည်။

ဤသတ္တဝါ ကျွတ်ထိုက်၏၊ ဤသတ္တဝါ မကျွတ်ထိုက်ဟု ခွဲခြား၍သိမြင်တော်မူခြင်း၊ သတ္တဝါအပေါင်းတို့၏ အဇ္ဈတ္တ အတွင်းသဏ္ဍာန်၌ တည်ရှိသောတရားကို အကုန်အစင်သိမြင် တော်မူသောကြောင့် သတ္တလောကကို သိမြင်သည်ဟုခေါ် ရပါသည်။

ဩကာသလောကသိမြင်ပုံ

မြတ်စွာဘုရားသည် ဩကာသလောက သတ္တဝါတို့၏ တည်ရာ သုံးဆယ့်တဘုံကို အကုန်အစင်သိမြင်တော်မူပုံမှာ တောတောင်ရေမြေ သမုဒ္ဒရာတို့၏တည်ရာ ဤမဟာပထဝီ

မြေကြီးသည်ယူဇနာပေါင် ၂၄၀,၀၀၀ နှစ်သိန်းလေးသောင်း အထုရှိ၏။ ထိုမြေကြီးသည် ယူဇနာပေါင်း လေးသိန်း ရှစ်သောင်း အထုရှိသော ရေပြင်ကြီးပေါ်၌ တည်ရှိနေ၏။ ထို ရေ ထု ကြီး သည် ယူဇနာ ၉၆၀,၀၀၀ ကိုး သိန်း ခြောက်သောင်း အထုရှိသော လေပြင်ကြီးပေါ်၌တည်ရှိ၏။ ထိုရေထုအောက်၌ တစုံတရာ ညိတွယ်ရန်မရှိသော လဟာပြင် ဟော္ဘာကာသ ကောင်းကင်ကြီးရှိနေ၏။

ယူဇနာပေါင်း ၂၄၀,၀၀၀ နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည် သမုဒ္ဒရာကြီးလေးစင်းတို့ဖြင့် ပိုင်းခြားအပ်သော၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်းဟူ၍ ကျွန်းကြီးလေးကျွန်းနှင့်တကွ မြင့်မိုရ်တောင်ကြီးတခုရှိ၏။

ထိုမြင့်မိုရ်တောင်ကြီး၌ ယုဂန္ဓရတောင်၊ ဣသန္ဓရတောင်၊ ကရဝိကတောင်၊ သုဒဿနတောင်၊ နေမိန္ဓရတောင်၊ ဝိနတကတောင်၊ အဿကဏ္ဏတောင်ဟူ၍ တောင်စဉ် (၇) ထပ်တို့ဖြင့် ဝန်းရံပတ်လည်ရှိနေ၏။

ထိုတောင်စဉ် (၇) ထပ်တို့၏ အကြား၌ သီတာ တခုစီ တခုစီ ခြား၍နေ၏။ သီတာ (၇)တန်တို့ဖြင့် မြင့်မိုရ်တောင်ကြီးကိုဝန်းရံလျက်တည်နေကြောင်း အကြွင်းအကျန်မရှိအောင် ဉာဏ်တော်ဖြင့် သိမြင်တော်မူ၏။

ထိုကျွန်းကြီးလေးကျွန်းသမုဒ္ဒရာကြီးလေးစင်းတို့၏ ပြင်ပ၌ စကြာဝဠာတောင်ကြီးသည် ယူဇနာ ၈၂၀၀၀ (ရှစ်သောင်း

နှစ်ထောင် အမြင့်ဆောင်လျက် စက်ဝန်းကဲ့သို့ပတ်၍ ခြံရံနေ နေသည်၊ ယင်းကို စကြာဝဠာတခုဟု ခေါ်၏။

ထိုစကြာဝဠာ၌ နေလနက္ခတာရာတို့သည် လည်းကောင်း ပြဟ္မာ့ဘုံ နှစ်ဆယ်တို့သည် လည်းကောင်း၊ အဆင့်ဆင့်တည် ရှိကြကုန်၏။ ထိုပြဟ္မာ့ဘုံ ( ၂၁တို့တွင် အထက်ဆုံးကို သတ္တာဝါ တို့၏ ဘဝဖြစ်ရာ အဆုံးစွန် အမြတ်ဆုံးဖြစ် သောကြောင့် ဘဝဂ်ဟုခေါ်၏။ထိုဘဝဂ်၏အထက်၌ကောင်းကင်ကို လေဟာ ပြင်ပိ၍နေ၏။ ထိုအကြောင်းတို့ကိုဘုရားရှင်ကိုယ်တော်မြတ်၏ ဉာဏ်တော်၌ အကြွင်းမရှိအောင် သိမြင်တော်မူ၏။

(ဘဝဂ်-က၊ဘဝ၊ အဂ္ဂ- အထက်၊ ဘုံထွတ်ဘုံဖျားဖြစ်၏။ သူပြည်မှ ယူဇနာ ၇၀၇၅,၆၀၀၀ကွာဝေး၍ ကမ္ဘာ ၈၄၀၀၀ နာမ်သက်ရှည်သော ပြဟ္မာတို့၏နေရာ၊ နေဝသညာ၊ နာသညာ ယတနဘုံကို ဘဝဂ်ဟုခေါ်သည်။

ထိုဆိုအပ်ခဲ့ပြီးသော ကျွန်းကြီးလေးကျွန်း၊ မြင့်မိုရ်တောင် တခု၊ စကြာဝဠာတို့ဖြာ ဝိုင်းခြားလျက် နတ် ပြဟ္မာနှင့်တကွ လောကကြီးကို စကြာဝဠာတိုက်ဟူ၍လည်းကောင်း၊ လောက ဓာတ်တခုဟုလည်းကောင်း ခေါ်၏။

ထိုစကြာဝဠာလောက ဓာတ်ပေါင်း တသောင်းသည် ဖြစ်အတူ ပျက်အတူ တပြိုင်တည်းဖြစ်ကြကုန်၏။

## ဇာတိခေတ်

ထိုစကြာဝဠာ တိုက်ပေါင်းတသောင်းသည် ဘုရားရှင် ပဋိသန္ဓေတည်တော်မူသောအခါ တပြိုင်နက် တုန်လှုပ်ရာဖြစ် သောကြောင့် ဇာတိခေတ်ဟူ၍လည်း ခေါ်သည်၊ တနည်း

အားဖြင့် စကြာဝဠာတိုက်ပေါင်း (တထောင်)သည် စူဠ လောကဓာတ်တခုတည်းဟုလည်းခေါ်သည်။

ထိုစူဠလောကဓာတ် တခုကို ၁၀၀နှင့်မြှောက်သော် စူဠ လောက ဓာတ်ပေါင်း ၁၀၀ဖြစ်၏။ သို့မဟုတ်၊ စကြာဝဠာ တိုက်ပေါင်း (တသိန်း) ဖြစ်၏။ ထိုတသိန်းသော စကြာ ဝဠာလောကဓာတ်ကို မဇ္ဈိမလောကဓာတ်ဟုခေါ်၏။ (ဋ္ဌသဟ သိဒလောကဓာတ်လည်း မည်၏။)

ထိုစကြာဝဠာ ပေါင်း စူဠ လောကဓာတ် တထောင်။ တထောင် သုံးလီနှင့် မြှောက်သော်စကြာဝဠာ ပေါင်း ကုဋေ တသိန်းဖြစ်၏။ ထိုစကြာဝဠာကုဋေတသိန်းကို မဟာလော ကဓာတ်ဟုလည်း ခေါ်၏။

## မှတ်ချက်

(တထောင်သုံးလီ မြှောက်ဆိုရာ၌၊ တထောင်ကိုတည်၊ တထောင်နှင့်မြှောက်၊ တသန်းဖြစ်၏။ ထို တသန်းကိုလည် တထောင်နှင့်မြှောက်—ကုဋေ-ရာဖြစ်၏။ ထိုကုဋေတရာကိုတည် တထောင်နှင့်မြှောက်၊ ကုဋေသိန်းဖြစ်၏။ (တိသဟဿိ- ထောင်ဖြင့်သုံးကြိမ်မြှောက်ခြင်းတည်း)

### အာဏာခေတ်

ထိုစကြာဝဠာတသိန်းသည် ဘုရားရှင်တို့ ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ၌ အသီးသီးသော စကြာဝဠာမှ နတ်၊ ဗြဟ္မာအပေါင်းတို့ လာရောက်တရား နာယူကြသည်

ဖြစ်၍၊ ဘုရားရှင်၏ဩဇာအာဏာပြန့်နှံ့ရာ ဖြစ်သောကြောင့် အာဏာခေတ်ဟူ၍ခေါ်၏။

စကြာဝဠာတခုတခု၌ ကျွန်းကြီးလေးကျွန်း မြင့်မိုရ်တောင် နေလ,နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ ၂၀။ အသီးသီးရှိသော စကြာဝဠာပေါင်း ကုဋေတသိန်း တည်ရှိသည်၊ ထို့ကြောင့်-

ကျွန်းကြီးလေးကျွန်းပေါင်း- ကုဋေတသိန်း
နေလအစုံပေါင်း ကုဋေတသိန်း၊
မြင်မိုရ်တောင်ပေါင်း ကုဋေတသိန်း၊
နတ်ပြည်ခြောက်ထပ်ပေါင်း ကုဋေတသိန်း၊

ဗြဟ္မာပြည် ၂၀ ပေါင်းကုဋေတသိန်း။ ဤသို့ တည်ရှိကြကုန်၏။

ထိုမှတပါးလည်း အရှေ့ အနောက် တောင်မြောက်ဖီလာ အားဖြင့် တည်ရှိကုန်သော စကြာဝဠာတို့သည် အဆုံးမရှိ အတိုင်း အရှည်မသိလောက်အောင် များပြား ကျယ်ဝန်း သောကြောင့် စကြာဝဠာအနန္တဟူ၍ ခေါ်ကြရလေ၏။ ထိုသို့ ဩကာသလောကို သိတော်မူသော မြတ်စွာဘုရားသည် လောကသုံးပါးကို အကြွင်းမရှိ သိမြင်တော် မူသောကြောင့် လောကဝိဒူဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

## အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

မေး။ ပုရိသဒမ္မဆိုသည်ကား လွန်ကဲသော ဆုံးမနည်းတို့ဖြင့် ဆုံးမခြင်းငှါ ထိုက်ကုန်သော အထူးသဖြင့် ဆုံးမ ထိုက်ကုန်သော ယောကျ်ားတို့စမ်းအား၊ ယောကျ်ား တို့ မာန်တို့ဖြင့် ခက်ထန် သောင်းကျန်း၍ နေကြကုန် သော လူထူး၊ ပုဏ္ဏားထူး၊ ရဟန်းထူး၊ ဘီလူးထူး၊ နတ်ထူး၊ ဗြဟ္မာထူး၊ တိရစ္ဆာန်ထူးတို့ကို၊ ယဉ်ကျေး အောင် ဆုံးမမှု၌ အတုမရှိသည်ဖြစ်၍ ခွန်အားမာန် တက် ဆိုဆုံးမခက်သော သတ္တဝါတို့ကို ယဉ်ကျေး အောင်ဆုံးမတော်မူတတ်၏ဟု ဆိုသောစကားအရ မြတ်စွာဘုရား ဆုံးမအပ်သော၊ တိရစ္ဆာန်ဆိုးကြီးများ မှာနာဠာဂိရိဆင်၊ အပလာလနဂါးတို့ ဖြစ်ပါသည်။ လူဆိုးကြီးများမှာ-အင်္ဂုလိမာလခိုးသူကြီး၊ သစ္စကပရိ ဗိုဇ်၊ ဥပါလိသူကြွယ် စသော သူတို့ ပေတည်း။ ရဟန်းဆိုးများမှာ ဥ ရုဝေလကဿပ၊ ပါတိကပုတ္တ အစရှိသည်တို့ပေတည်း။ ပုဏ္ဏားဆိုးကြီး များမှာ ဥဒကပုဏ္ဏား၊ အစရှိသည်တို့ပေတည်း။ ဘီလူးဆိုးကြီး မှာ၊ အာဠဝက၊ သူစိလောမ၊ ခရလောမ၊ စသော ဘီလူးဆိုးတို့ပေတည်း။ နတ်ဆိုးနတ်ကြမ်းကြီးများမှာ ဗက ဗြဟ္မာကြီးပေတည်း။ ထိုနတ်ဆိုး၊ နတ်ကြမ်း တို့သည်ယဉ်ကျေးသော အဖြစ်သို့ စင်စစ်မရောက် သေးသော်လည်း ဘုရားရှင် ကိုယ်တော်မြတ်၏ တန်ခိုး

တော်အစွမ်းကို သိသောအခါမှစ၍၊ မာန်မထောင်ဝံ့တော့ဘဲရှောက်လွဲနေကြကုန်၏။

ထိုကဲ့သို့တိရစ္ဆာန်ဆိုး၊ ဘီလူးဆိုး၊ လူဆိုး၊ နတ်ဆိုး၊ ဗြဟ္မာဆိုး၊ အမျိုးမျိုးသော သတ္တဝါတို့ကို ဒုတ်မပါ၊ ဒါးမပြ၊ ဒေါသမရှိ၊မေတ္တာရေသွန်းလောင်းဘိ၍ ကပ်ငြိလျက်နေသော မာန်တရားတို့ကို ပယ်ရှားအောင် ဆုံးမတော်မူခြင်း၌ အတုမရှိသောကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ပန်းဆင်မြန်းတော်မူပါသည်။

× × ×

## သတ္တာဒေဝမနုဿာနံ ဂုဏ်တော်

မေး။ သတ္တာဒေဝမနုဿာနံ ဂုဏ်တော်အကြောင်းကို ရှင်းလင်း ဖြေကြားပါ။

ဖြေ။ မြတ်စွာဘုရားသခင်သည် ယခုဘဝ မသေမီအတွင်း ခံစားခွင့် ရရှိသောအကျိုး၊ သေသည်၏အခြားမဲ့၌ ဖြစ် လတံ့သော ဘဝ အထူးထူးတို့၌ ခံစားခွင့် ရရှိသော မဂ်အကျိုး ဖိုလ်အကျိုး၊ နိဗ္ဗာန်ရောက်နိုင် မြင်နိုင်သောအကျိုး။ ဤအကျိုးသုံးပါးတို့ကိုသတ္တဝါတို့ခံစားခွင့် ရရှိစေရန် သတ္တဝါတို့သန္တာန်ဝယ် ဤလွန်းအနုအရင့်၊ ပါရမီထောက်ချင့်၍ သင့်လျော်အောင် ဟောပြောဆုံးမတတ်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသောကြောင့် သတ္တာဒေဝမနုဿာနံ ဂုဏ်တော်ထူးကို ရရှိပါသည်။

တနည်းအားဖြင့် လှည်းအပေါင်းတို့၏ အချုပ်အချာ ဥက္ကဋ္ဌဖြစ်သောလှည်းမှူးကြီးသည် မိမိလှည်းသားအပေါင်းတို့ကို သဲပေါသော ခရီး၊ ခိုးသားပေါသောခရီး၊ ရေရှားသော ခရီးကြမ်းမှ ရှောင်လွှဲ၍ ကောင်းသောခရီးသို့ရောက်အောင် ပို့ဆောင်သကဲ့သို့ ထို့အတူ လှည်းမှူးနှင့် တူသော ဘုရားရှင်သည် လှည်းသားနှင့်တူသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား အပါယ်လေးပါးတည်း ဟူသော ခရီး ပဋိသန္ဓေ နေခြင်းတည်း ဟူသော ခရီး၊ ဘေးရန်အပေါင်းတို့မှ ထုတ်ဆောင်၍ ဘေးကင်းရာနိဗ္ဗာန်သို့ လမ်းညွှန်တော်မူတတ်သောကြောင့် သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ထူးကို ရတော်မူ၏။

× × ×

## ဗုဒ္ဓဂုဏ်တော်

မေး။ ဗုဒ္ဓဂုဏ်တော်ကို ဖြေရှင်းပါ။

ဖြေ။ ဗုဒ္ဓဂုဏ်တော်ကား သစ္စာလေးပါးကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓဟု ခေါ်ပါသည်။ ဗုဒ္ဓဂုဏ်သည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပုဒ်တွင် ပါဝင်နေသဖြင့် အထူးမရှင်းလင်းတော့ပါ။

အထူးသဖြင့်—

သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပုဒ်ဖြင့် သစ္စာလေးပါတရားတို့ကို အကျဉ်းအားဖြင့်ရင်း၊ အကျယ်အားဖြင့်ရင်း ပိုင်းခြား၍ သိတော်မူ၏။

ဗုဒ္ဓဂုဏ်ပုဒ်ကား။ ။သစ္စာလေးပါးကို သိတော်မူသည့်အပြင် သိအပ်သမျှသော ဉေယျဓမ်တရားငါးပါးကို မသိမမြင်နိုင်သည့်အတွက် ပညတ်တင်၍ မခေါ်ဝေါ်တတ်သောကြောင့် သူတပါးအား တရားမဟောပြောနိုင်ပါ။

ဘုရားရှင်တို့မှာကား သစ္စာလေးပါး တရားတို့ကို အကုန်အစင်သိမြင်တော်မူသည့်ပြင် သတ္တဝါတို့အား သသစ္စာလေးပါးသိအောင် ဤတရားကား ဒုက္ခသစ္စာဖြစ်သည်၊ ဤတရားကား သမုဒယသစ္စာ ဖြစ်သည်၊ ဤတရားကား မဂ္ဂသစ္စာဖြစ်သည်၊ ဤတရားကား နိရောဓသစ္စာ ဖြစ်သည်။ ဤသို့ အမည်ပညတ် တင်၍ ဒေသနာဉာဏ်တော်ဖြင့်ဟောတော်မူနိုင်သောကြောင့် ဗုဒ္ဓဂုဏ်တော်ဟု ဆိုသည်။

[ဉေယျံဓမ်ငါးပါးကား သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တွင်ပါပြီး]

× × ×

## ဘဂဝါဂုဏ်တော်

မေး။ ဘဂဝါဂုဏ်တော်၏အကြောင်းကို ဖြေရှင်းပါ။

ဖြေ။ ဘဂဝါ ဂုဏ်တော်သည် ဘဂ-တပုဒ်၊ ဝါ- တပုဒ်ရှိ၏။ ဘဂပုဒ်ကို ဘုန်းဟူ၍ မြန်မာပြန်၏။ ဝါပုဒ်က ရှိခြင်း၊ မြန်မာပြန်၍ ဘဂဝါ ဘုန်းတော်နှင့် ပြည့်စုံတော်မူသောကြောင့်ဘဂဝါဂုဏ်တော်ဟုဆိုသည်။ ဘုန်းတော်ခြောက်ပါးရှိ၏။ ထိုခြောက်ပါးကား—

ဘုန်းတော်ခြောက်ပါး

(၁) ဣဿရိယ

လောကီအရာ၌ စိတ်တော်ကိုအစိုးရသောဘုန်းတော်။

(၂) ဓမ္မ

လောကုတ္တရာအရာ၌စိတ်တော်ကိုအစိုးရသောဘုန်းတော်။

(၃) ယသ

အခြံအရံ ပရိသတ်နှင့် ပြည့်စုံတော်မူသော ဘုန်းတော်။

(၄) သိရီ

ယောကျ်ားမြတ်လက္ခဏာ ၃၂-ဖြာနှင့်ပြည့်စုံ၍ကြက်လရေ ရှိသော ဘုန်းတော်။

(၅) ကာမ

စိတ်တော်အလိုရှိသမျှ ပြီးစီးအောင်မြင်သော ဘုန်းတော်။

(၆) ပယတ္တ

ကြီးမားမြင့်မြတ်သော ဝီရိယနှင့် ပြည့်စုံသောဘုန်းတော်။

ဤကား ဘုန်းတော်ခြောက်ပါးဖြစ်၏။

ထိုခြောက်ပါးသော ဘုန်းတော်တို့တွင် ဣဿရိယ ဘုန်းတော်မှ ဘုန်းတော်ရှစ်ပါး ကွဲထွက်ပြန်၏။

ကွဲထွက်လာသော

ဘုန်းတော်ရှစ်ပါးကား

(၁) အဏိမာ

ကိုယ်တော်ကို ငယ်အောင် ဖန်ဆင်းတော် မူနိုင်သော ဘုန်းတော်။

(၂) အဟိမာ

ကိုယ်တော်ကို အလိုရှိတိုင်း ကြီးအောင် ဖန်ဆင်းတော်မူနိုင်သော ဘုန်းတော်။

(၃) မဟိမာ

အလိုရှိရာအရပ်သို့ ခဏချင်းကြွတော်မူနိုင်ခြင်းဘုန်းတော်။

(၄) လဃိမာ

ကိုယ်တော်ကို အလွန် လျင်မြန်ပေါ့ပါးစွာ ရှိအောင် ပြုစွမ်းနိုင်သော ဘုန်းတော်။

(၅) ပါကမ္မ

အဆင်းအရောင်အမျိုးမျိုး ခဏချင်း ဖန်ဆင်းတော်မူနိုင်သော ဘုန်းတော်။

(၆) ဣသိတာ

မိမိ ကိုယ်စိတ်၌လည်းကောင်း၊ ဂုဏ်း သံ သာ ၌ လည်းကောင်း၊ လောကကြီးတခုလုံးကို အစိုးရသော ဘုန်းတော်။

(၇) ဝသိတာ

စျာန်ဝင်စားရာ၊ အဘိညာဉ် ဝင်စားရာတို့၌ ဝသီတော်ငါးပါးကို လျင်မြန်စွာ လေ့လာဝင်စားတော် မူနိုင်သော ဘုန်းတော်။

(၈) ယတ္ထကာမာ ဝသာယိတာ

ဣဒ္ဓိဝိဓ တန်ခိုး ဖန်ဆင်းရာ၌ အဓိဋ္ဌာန်သော အတိုင်းကာလ၊ ဌာနကို မလွန်ကျူးစေဘဲ ပြီးဆုံးစေတော်မူသောကြောင့် ဘဂ....ဝါ ဂုဏ်မည်းတော်မူ၏။

အမှာ။　။ဘုန်းရှိသောသူကို ဘုန်းရှင်ဟုခေါ်၏။ နောက် ဘုရားဟု ခေါ်၏။ ရဟန်းဖြစ်လျှင် ဘုန်းကြီးဟု ခေါ်၏။ ထိုသို့ခေါ်ခြင်းမှာ၊ ဘဂဝါဒ္ဒါဘုန်းတော် ဟူသော စကားမှ ဆင်း သက် လာဟန် တူ၏။ (ဤကား ဘုရားဂုဏ်တော်ကိုးပါး အကျဉ်းချုပ် အဖွင့်ဖြစ်သည်)။

× × ×

# ဆန္ဒမွန်

- စိတ်အကြံ ပေါက်ကြပါစေ။
- အစိဋ္ဌာန် မြောက်ကြပါစေ။
- ဗိမာန် ပေါက်ကြပါစေ။
- နိဗ္ဗာန် ရောက်ကြပါစေ။

# တရားဂုဏ်တော်

## ခြောက်ပါးပါဠိ

(၁) သွာက္ခာတော ဘဂဝ တော ဓမ္မော
(၂) သန္ဒိဋ္ဌိကော
(၃) အကာလိကော
(၄) ဧဟိပဿိကော
(၅) ဩပနေယျိကော
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ပါဠိ အနက်

### သွာက္ခာတော ဘဂဝတောဓမ္မော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေး၀၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်သည်၊ သွာက္ခာတော၊ အစ လယ် အဆုံး သုံးပါးစလုံး ကောင်းခြင်းနှင့် ပြည့်စုံတော်မူသောကြောင့် သွာက္ခာတ ဂုဏ်မည်တော် မူ၏။

## မြန်မာပြန်

အစ၊အလယ်၊အဆုံး သုံးပါးစလုံး ကောင်းခြင်းကြောင့် သွာက္ခာတ ဂုဏ်နှင့်ပြည့်စုံတော်မူသောတရားတော်။

## သန္ဒိဋ္ဌိကော ဘဂဝတောဓမ္မော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေး၀၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပေါင်းစပ်၊ ကိုးပါးသော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော၊ အရိယာရှစ်ရပ်၊ ပုဂ္ဂိုလ်မြတ် တို့သာ သိမြင်အပ်သောကြောင့် သန္ဒိဋ္ဌိက ဂုဏ်တော် မည်၏။

## မြန်မာပြန်

အရိယာ ရှစ်ရပ်၊ ပုဂ္ဂိုလ်မြတ်တို့သာ သိမြင်အပ်သောကြောင့် သန္ဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်။

## အကာလိကော ဘဂဝတောဓမ္မော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေးပါးတရားတော်မြတ်သည်၊ အကာလိကော၊ မိမိအခြားမဲ့၌၊ဖိုလ်လေးပါးဟူသော အကျိုးကို အခါမလင့် ပေးတတ်သောကြောင့်၊ အကာလိကော ဂုဏ်တော်မည်တော်မူ၏။

## မြန်မာပြန်

မဂ်လေးပါး တရားတော်သည်၊ မိမိ၏ အခြားမဲ့၌ ဖိုလ်လေးပါး တရားတော်ကို အခါမလင့် အကျိုးပေးတတ်သောကြောင့်၊ အကာလိက ဂုဏ် နှင့် ပြည့်စုံတော်မူသော တရားတော်။

## ဟေဝိပဿိကော ဘဂဝတောဓမ္မော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေး၀၊ ဖိုလ်လေးတန် နိဗ္ဗာန်ပေါင်းစပ် ကိုးပါးသော တရားတော်မြတ်သည်၊ ဧဟိပဿိကော၊လာလှည့် ရှုလှည့် အစီအရင်ကို ခံထိုက်သောကြောင့်၊ ဧဟိပဿိက ဂုဏ်မည်တော်မူ၏။

### မြန်မာပြန်

သာသနာတော်အတွင်းသို့ ပဥ္စင်းအဖြစ် ရှင်သာမဏေအဖြစ်သို့ ပြုရန် လာလှည့်၊ ဝိပဿနာ တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အချက်၊ မြင်အောင် ရှုလှည့် ဟူသော အစီအရင်ကို ခံထိုက်သောကြောင့် ဧဟိပဿိက ဂုဏ်နှင့် ပြည့်စုံတော် မူသော တရားတော်။

## ဩပနေယျိကော ဘဂဝ တော ဓမ္မော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေး၀၊ ဖိုလ်လေးတန် နိဗ္ဗာန် ပေါင်း စပ် တရား တော် မြတ် သည်၊ ဩပနေယျိကော၊ ပုဆိုး ဥသျှောင်၊ မီးစွဲလောင်သော်လည်း မငြိမ်းဘဲ၊ လျစ်လျူရှုလျက် မိမိ၏ စိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်သောကြောင့် ဩပနေယျိက ဂုဏ်မည်၏။

### မြန်မာပြန်

ပုဆိုးဥသျှောင် မီးစွဲလောင်သော်လည်း မငြိမ်းသတ်ပဲ၊ လျစ်လျူရှုလျက် မိမိ၏စိတ်၌ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို ကပ်ငြိ၍ ဆောင်ခြင်း၌ ထိုက်သောကြောင့် ဩပနေယျိက ဂုဏ်မည်သော တရားတော်။

## ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ

ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေးဝ၊ ဖိုလ်လေးတန် နိဗ္ဗာန်တရားတော်မြတ်သည်၊ ဝိညူဟိ၊ ပညာရှိ တိဟိတ်ပုဂ္ဂိုလ်တို့သည်၊ ပစ္စတ္တံ၊ အသီးအသီး မိမိစိတ်၌၊ ဝေဒိတဗ္ဗော၊ သိမြင်ခံစားအပ်၏။

(အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်) ဟု ဆိုအပ်သော၊ ဟိတ်သုံးပါးနှင့် ပဋိသန္ဓေ နေသော သူကို၊ တိဟိတ်-ပညာရှိ ပုဂ္ဂိုလ်ဟု ခေါ်၏)။

မြန်မာပြန်

ပညာရှိ တိဟိတ်ပုဂ္ဂိုလ်သည် အသီးသီး မိမိတို့၏စိတ်၌ သိမြင်ခံစားတတ်သောကြောင့်၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်နှင့် ပြည့်စုံသော တရားတော်။

## သွာက္ခာတ ဂုဏ်တော်

မေး။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသောကြောင့် သွာက္ခာတ ဂုဏ်တော်ဟု ဆိုရာ၌ ဘယ်ကဲ့သို့ အစ အလယ်၊ အဆုံး ကောင်းခြင်းကို ခေါ်ပါသလဲ။

ဖြေ။ ဤသွာက္ခာတ ဂုဏ်တော်မှာ—

၁။ သောတာပတ္တိမဂ်

၂။ သကဒါဂါမိမဂ်

၃။ အနာဂါမိမဂ်
၄။ အရဟတ္တမဂ်

ဤလေးပါးကို မဂ်လေးပါးဟု ခေါ်သည်။
ဖိုလ်လေးပါး ဆိုသည်မှာ—

၁။ သောတာပတ္တိဖိုလ်
၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ်
၄။ အရဟတ္တဖိုလ်

ဤလေးပါးကို ဖိုလ်လေးပါးဟု ခေါ်သည်။

၁။ နိဗ္ဗာန်တပါး
၂။ ပရိယတ် တပါး

ဤတရား ၁၀ ပါးကို လောကုတ္တရာတရား ၁၀ ပါးဟု ခေါ်သည်။

ထို ၁၀ ပါးသော တရားသည် သွာက္ခာတ ဂုဏ်တော် တပါးတည်း၌သာ ပါဝင်ပါသည်။ ကျန် ဂုဏ်တော် ၅ပါးမှာ လောကုတ္တရာ တရား ၉ပါးနှင့်သာ သက်ဆိုင်ပါသည်။ ပရိယတ္တိခေါ် ပရိယတ် တရားဆိုသည်မှာ ပိဋကတ် သုံးပုံ၊ ပါဠိ၊ ထိုပိဋကတ် သုံးပုံ ပါဠိတော်၏ အဖွင့် အဋ္ဌကထာ၊ ထိုအဋ္ဌကထာ၏ အနက်အဓိပ္ပာယ်တို့ကို ဖွင့်ပြသော ဋီကာ အစရှိသော ကျမ်းဂန်တို့ကို ပရိယတ္တိ၊ သို့မဟုတ်၊ ပရိယတ်ဟု ခေါ်သည်။

ထိုပရိယတ္တိတရားကို ဟောကြားရာ၌ အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသည့်အပြင် အနက်သဒ္ဒါပုဒ်ဗျည်းတို့နှင့်လည်း ပြည့်စုံသောကြောင့် မြတ်စွာဘုရားသခင်သည်၊ ဘယ်နေရာကမှ ချို့ယွင်းခြင်း မရှိရအောင် အလုံးစုံစင်ကြယ်သော အကျင့်မြတ်ကိုပြ၍ ကောင်းစွာဟောကြားအပ်သော တရားတော်ကို သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်ဆိုရပါသည်။

(အစ၏ ကောင်းခြင်းဆိုသည်မှာ) ဂုဏ်တော် ၉-ဆိုင် အဖုံးအခိုင်တို့နှင့်မှိုင်မှိုင်ဆိုင်ဆိုင်ဘုရားရှင်ပွင့်ထွန်းလာခြင်းကို အစ၏ကောင်းခြင်းဟုခေါ်ပါသည်။

(အလယ်၏ကောင်းခြင်းဆိုသည်မှာ)ထိုပွင့်ထွန်းလာသော ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်မြတ်ကို အလယ်၏ကောင်းခြင်းဟုခေါ်ပါသည်။

(အဆုံး၏ကောင်းခြင်းဆိုသည်မှာ) မြတ်စွာ ဘုရား ၏ တပည့်သားသာဝကတို့နှင့်ပြည့်စုံခြင်းကို အဆုံး၏ကောင်းခြင်း ဟု ခေါ်ပါသည်။

တနည်းမှာ—

အကျင့်သီလသည်၊ အစ၏ကောင်းခြင်း၊ သမာဓိသည် အလယ်၏ကောင်းခြင်း၊ ပညာသည်၊ အဆုံး၏ကောင်းခြင်း ဟုခေါ်သည်။ သာသနာတော်၌ အစတရေးကလေးမျှသာ ဖြစ်သော သီလစောင့်ရှောက်မှုကြောင့် အပါယ်လေးပါးမှ လွန်မြောက်၍ လူ့ရွာနတ်ပြည်သို့ ရောက်ရှိနိုင်ရုံမျှသာ ရှိသေး၏၊ ဈာန်မဂ်ဖိုလ်တရားတို့ကို မရောက်နိုင်သေးပါ။

အလယ်၏ကောင်းခြင်း သမာဓိတရားကြောင့် ဈာန်၏ အကျိုးဖြစ်သော ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ရုံမျှသာ ရှိသေး၏၊ (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ တရားတော်တို့ကို မရသေးပါ)

အဆုံး၏ကောင်းခြင်း၊ ပညာတရားခေါ်သော ဝိပဿနာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးတို့ဖြင့် ရုပ်နာမ် ခန္ဓာစသော တရားတို့ကို ပွားများမှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင် ရောက်နိုင်သော တန်ခိုးသတ္တိ ရှိ၍ တရားတော်မြတ်သည်၊ အစ၊ အလယ်၊ အဆုံးသုံးပါးလုံး ကောင်းခြင်းနှင့်ပြည့်စုံသောကြောင့် သွာက္ခာတ-ဂုဏ်တော်ဟု ခေါ်ပါသည်။

## သန္ဒိဋ္ဌိက-ဂုဏ်တော်

မေး။ ကိုးပါးသော လောကုတ္တရာ တရားသည် အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်သာ ကောင်းစွာသိမြင်အပ်သော ကြောင့် သန္ဒိဋ္ဌိက-ဂုဏ်တော်ဟုဆိုရာ၌ ဘယ်ကဲ့သို့ သိမြင်ပါသနည်း။

ဖြေ။ သန္ဒိဋ္ဌိက-ဂုဏ်တော် ဆိုသည်မှာ သူတပါးတို့က ဤတရားသည် ဤကဲ့သို့ဘဲဟုတဆင့်စကားပြောကြား ချက်လည်းမဟုတ် မိမိစိတ်သဘောအရ ဤတရား သည် ဤသို့ထင်ပါရဲ့ဟု တွေးဆထင်မြင်ချက်လည်း မဟုတ်၊ မိမိကိုယ်တိုင် မဂ်ပညာဖြင့်နိဗ္ဗာန်အာရုံအထူး ကို မြင်နိုင်၏။ ထိုမဂ်ပညာသည် ကိလေသာရန်သူ တို့ကို အကုန် ပယ်ဖျက်နိုင်၏၊ မဂ်ပညာမှသာ ကိလေသာတရားတို့ကို ပယ်ဖျက်၍ နိဗ္ဗာန်၏အာရုံ

အထူးကို ကိုယ်တိုင် ဒိဋ္ဌသိမြင်ရလေသောကြောင့် တရားမြတ်သည် သန္ဒိဋ္ဌိက–ဂုဏ်တော်နှင့် ပြည့်စုံသည် ဟု ဆိုရပါသည်။

## အကာလိက–ဂုဏ်တော်

မေး။ အခါမလင့် အကျိုး ပေး တတ် သော ကြောင့် လောကုတ္တရာတရား ၉-ပါးသည် အကာလိက-ဂုဏ်နှင့် ပြည့်စုံ၏ဟုဆိုရာ၌ ဘယ်ကဲ့သို့ အခါမလင့်အကျိုးကို ပေးသနည်း။

ဖြေ။ လောကုတ္တရာတရား ၉-ပါးသည် အခါမလင့်အကျိုး ပေး၏ဆိုရာ၌မဂ်တရားဟူသောကုသိုလ်အခြားမဲ့၌ဖိုလ် တရားဟူသောအကျိုးဝိပါက်ကိုဆက်ခါခံစားရသော ကြောင့် တရားတော်မြတ်သည် အခါမလင့်အကျိုး ကိုပေးသော အကာလိက–ဂုဏ်တော်နှင့် ပြည့်စုံသည် ဟု ဆိုပါမည်။

အကျယ်အားဖြင့် နိရောဓသမာပတ်မှထ၍ ကြွတော်မူ သော အနာဂါမ်ပုဂ္ဂိုလ်တို့အား လှူဒါန်းရသောကုသိုလ်သည် အမြတ်ဆုံးဟုဆိုရသော်လည်း ငါးရက် ခုနစ်ရက် စသော အချိန်ကွာ၊ နေ့ရက်ကွာခြားပြီးမှ အကျိုးပေး၏။ မဂ် လေးပါးတရားသည် နေ့ရက်ကွာခြားခြင်းမရှိဘဲ အကျိုးပေး ပါသည်။

**ပေးပုံမှာ**

သောတာပတ္တိမဂ်သည် မိမိဖြစ်ပြီးသည် အခြားမဲ့ကာလ၌ ဖိုလ်ဟူသောအကျိုးကို ပေး၏။

သကဒါဂါမိမဂ်သည် မိမိဖြစ်ပြီးသည်အခြားမဲ့ကာလ၌ ဖိုလ်ဟူသောအကျိုးကို ပေး၏။

အရဟတ္တမဂ်သည်မိမိဖြစ်ပြီးသည်အခြားမဲ့၌ဖိုလ်ဟူသော အကျိုးကို ပေး၏။

ဤသို့မဂ်လေးပါးတရားသည် အခါမလင့် ဖိုလ်ဟူသော အကျိုးကိုပေးသောကြောင့် အကာလိက-ဂုဏ်တော်ဟုခေါ်ပါသည်။

## ဧဟိပဿိက–ဂုဏ်တော်

မေး။ လာ လှည့် ရှု လှည့် ဟု သော အစီရင်ကို ခံထိုက်သောကြောင့် လောကုတ္တရာ တ ရား ၉-ပါးသည် ဧဟိပဿိက-ဂုဏ်နှင့်ပြည့်စုံ၏ဆိုရာ၌ ဘယ်ကဲ့သို့ လာလှည့် ရှုလှည့် ဟုသောအစီရင်ကို ခံထိုက်ပါသနည်း။

ဖြေ။ ဧဟိပဿိက-ပုဒ်၌ ဧဟိ=ကလာလှည့်၊ ပဿ=က ရှုလှည့်၊ ပဋမအချက်ဧဟိလာလှည့်—ဟုသော တိုက်တွန်းချက်စကား၏ အဓိပ္ပာယ်မှာ ဘုရားရှင်အသုံးအမ သာသနာတော်အတွင်း လာလှည့်ဟု ခေါ်ခြင်းကို ပြ၏။

(ပဥ္စင်းအဖြစ် ရှင်အဖြစ်ကို၊ သာသနာတော် အတွင်းဟု ခေါ်သည်။)

ပဿ-ရှုလှည့်- ဟုသော စကား၏ အဓိပ္ပါယ်မှာ—

ဘုရားရှင်ဟောထားအပ်သော လောကုတ္တရာတရားတော်ကိုကျင့်ခြင်း၊ သမ္မာဒိဋ္ဌိနယ်အပါအဝင် ဝိပဿနာဉာဏ်ဖြင့်

ရုပ်နာမ်တရားတို့ကို၊ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို၊ မြင်အောင် ရှုစေခြင်းငှာ၊ အစီအရင်ကိုပြ၏။

ထို့ကြောင့် မှန်ကန်ဖြောင့်မတ် ဖြူစင်သန့်ရှင်းသော တရားတော်မြတ်ဟု သိစေခြင်းငှာ၊ ရဲရဲဝံ့ဝံ့ တင်းတင်းမာမာ၊ လာလှည့်ရှုလှည့်ဟု နှစ်မျိုးဖြင့် အစီရင်ခံထိုက်သောကြောင့် ဧဟိပဿိက- ဂုဏ်တော်ဟုဆိုပါသည်။

## ဩပနေယျိက- ဂုဏ်တော်

မေး။ ပုဆိုးဥသျှောင်၊ မီးစွဲလောင်သော်လည်း မငြိမ်းသတ်သေးဘဲ လျစ်လျူရှုလျက်၊ မိမိစိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်သောကြောင့် တရားတော်မြတ်သည် ဩပနေယျိက ဂုဏ်တော်ဟု ဆိုရာ၌၊ ဘယ်ကဲ့သို့ကပ်၍ ဆောင်ပါသလဲ။

ဖြေ။ ဩပနေယျိကော၊ ကပ်၍ ဆောင်ယူခြင်းငှာထိုက်၏။ ဩပနေယျိကော၊ နိဗ္ဗာန်သို့ရောက်အောင်ကပ်၍ ဆောင်တတ်၏။ ဤသို့ အနက်နှစ်မျိုးထွက်သည်။

ပဌမ-အနက်၊ ကပ်၍ဆောင်ယူခြင်းငှာထိုက်၏ဟု ဆိုရာ၌ မဂ်လေးပါး၊ ဖိုလ်လေးပါးတရားကို မိမိစိတ်၌ ဝိပဿနာဘာဝနာ၏ အစွမ်းဖြင့် သိမြင်အောင်ကပ်၍ ဆောင်ယူထိုက်သောဂုဏ်ကို ဩပနေယျိက ဂုဏ်ဟုဆိုသည်။

ဒုတိယ- အနက်၊ နိဗ္ဗာန်သို့ရောက်အောင် ကပ်၍ဆောင်ယူထိုက်၏။ ဆိုရာ၌ နိဗ္ဗာန်တရားကို မိမိစိတ်ဖြင့် မျက်မှောက်အတွေ့အထိဖြစ်အောင် ဆောင်ယူထိုက်၏။ ထင်ရှားစေဦးအံ့၊ မဂ်လေးပါးတရားသည် တရားကျင့်သူ ပုဂ္ဂိုလ်အား၊ ဝဋ္ဋမှ ကယ်တင်၍၊ နိဗ္ဗာန်သို့ ဆောင်ယူတတ်၏။ ဖိုလ်တရားနှင့်

နိဗ္ဗာန်တရားသည်ဝင်မှလွှတ်လာသောအရိယာပုဂ္ဂိုလ်များမျက်မှောက်ပြုခြင်းအားဖြင့် အတွေ့အထိပြု၍ကပ်၍ ဆောင်ယူအပ်သောဂုဏ်ကို ဩပနေယျိကဂုဏ်ဟုခေါ်သည်။

အချုပ်အားဖြင့် မဂ်လေးပါးကို၊ ဝိပဿနာ ဘာဝနာ၏ အစွမ်းဖြင့် ကပ်၍ ဆောင်ယူရမည်။ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြု၍ ဆောင်ယူရမည်ဆိုလို၏။

မိမိ၏ အဝတ်ပုဆိုးစသည့်ကို၊ မီးစွဲလောင်သော်လည်း မီးကို မငြိမ်းဘဲ လျစ်လျူရှု၍ တရားရအောင် ရှေးဦးစွာ အားထုတ်ပါဟု ဆိုလို၏။ ပုဆိုးစသည် မီးစွဲလောင်၍ မငြိမ်းမသတ်ပါလျှင် ပုဆိုးစမီးလောင်၍ သေဆုံးရခြင်းတို့မှ တပါး အပါယ်လေးပါးသို့ မရောက်နိုင်၊ ပုထုဇဉ်ဘဝနှင့် သက္ကာယဒိဋ္ဌိလက်ကိုင်ထား၍ သေဆုံးပါလျှင် အပါယ်လေးပါးသို့ ရောက်နိုင်သောကြောင့် မီးကိုရှေးဦးစွာ မသတ်ဘဲ တရားကို ရှေးဦးစွာ ဘာဝနာ၏ အစွမ်းဖြင့် ကပ်၍ ဆောင်ယူခြင်း၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို၊ မျက်မှောက်ပြုခြင်းအားဖြင့် အတွေ့အထိပြု၍ ကပ်၍ ဆောင် ယူ ခြင်း ကို ဩပနေယျိကဂုဏ်တော် ဟုခေါ်ပါသည်။

## ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

မေး။ တရားတော်မြတ်သည် ပညာရှိ ပုဂ္ဂိုလ်တို့ အသီးသီး မိမိစိတ်၌ သိအပ်၊ ခံစားအပ်၏ ဆိုရာ၌ ဘယ်ကဲ့သို့ သိအပ် ခံစားအပ်ပါသနည်း။

ဖြေ။ ဝိညူဟိ၊ ပညာရှိတို့သည် –ဟုဆိုရာ၌၊ ပညာရှိဆိုသော်လည်း၊သာမညပညာကလေး တတ်ရုံမျှ တတ်သောသူကို

ဆိုသည်မဟုတ်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်တရား၏ အနှစ်အရသာကို ကျကျနနသိသော တိဟိတ်ပုဂ္ဂိုလ်ပညာရှိကြီးတွေကိုဆိုသည်။ ပစ္စတ္တံ ပုဒ်က ပညာရှိကြီး အသီးသီးတို့၏ စိတ်၌ဆိုသည်။ ဝေဒိတဗ္ဗော-ပုဒ်ကမိမိကိုယ်တိုင်လောကုတ္တရာ တရား-၉-ပါး၏ အရသာကို သိမြင်ခံစားအပ်သောကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်ဟုဆိုသည်။

(ပဋိသန္ဓေကပင် ဥာဏ်နှင့် ယှဉ်၍လာသော တိဟိတ်ပုဂ္ဂိုလ်ကို ဝိညူဟုဆိုသည်။)

(ပဝတ္တိအခါ၌၊ မြင်မှု၊ ကြားမှုကြံစသည်မှုဖြင့် ပညာရှိ၍လာသောသူကို ပဏ္ဍိတဟုဆိုသည်)။

# သံဃာ့ဂုဏ်တော်

## ကိုးပါးပါဠိ

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၅။ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊

၆။ ပါဟုနေယျော

၇။ ဒက္ခိဏေယျော

၈။ အဉ္ဇလိ ကရဏီယော

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃာ့ဂုဏ်တော်- ပါဠိအနက်

### သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်၊ သုပ္ပဋိပန္နော၊ မည်တော်မူ၏။

ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်စွာ ကျင့်တော်မူသောကြောင့်၊ ဥဇုပ္ပဋိပန္န၊ မည်တော်မူ၏။

ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊တပည့်သား သံဃာတော်သည်၊ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူတတ်သောကြောင့် ဉာယပ္ပဋိပန္န၊ မည်တော်မူ၏။

ဒက္ခိဏေယျော

ဒက္ခိဏေယျော၊သံသရာအကျိုးငှာရည်မှန်း၍လှူဒါန်းသည်ကို ခံတော်မူထိုက်သောကြောင့်၊ ဒက္ခိဏေယျမည်တော်မူ၏။

အဉ္စလိကရဏီယော

အဉ္စလိကရဏီယော၊ လက်အုပ်ချီမိုးရှိခိုးခြင်းကိုခံယူတော်မူထိုက်သောကြောင့် အဉ္စလိကရဏီယော မည်တော်မူ၏။ တော်မူ၏။

အနုတ္တရံ ပုညခေတ္တံ လောကဿ

လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏၊ အနုတ္တရံ၊ မြင့်မြတ် သာလွန်သော၊ ပုညခေတ္တံ၊ ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ၊လယ်ယာမြေကောင်းသဘွယ် ဖြစ်တော်မူသောကြောင့်၊ ပုညခေတ္တမည်တော်မူ၏။

သံဃာဂုဏ်တော် ကိုးပါးအချုပ်

(၁) သုပ္ပဋိပန္န။ = ကောင်း စွာ ကျင့် တော် မူ ဂုဏ်တော်။

(၂) ဥဇုပဋိပန္န = ဖြောင့်မတ်စွာ ကျင့်တော်မူသော ဂုဏ်တော်။

(၃) ဉာယပဋိပန္န = နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူသော ဂုဏ်တော်။

(၄) သာမီစိပဋိပန္န = အရိုအသေပြုထိုက်အောင် ကျင့်တော်မူသော ဂုဏ်တော်။

(၅) အာဟုနေယျော = အဝေးမှ ဆောင်ယူ အပ်သော လှူဒါန်းဘွယ် ဝတ္ထုကို ခံယူထိုက်သော ဂုဏ်တော်။

(၆) ပါဟုနေယျော = ဧည့်သည်တို့အား ရည်စူး၍ ထားအပ်သော လှူဒါန်းဘွယ် ဝတ္ထုကို ခံယူထိုက်သော ဂုဏ်တော်။

(၇) ဒက္ခိဏေယျော = သံသရာအကျိုးငှာ ရည်မှန်း၍ လှူဒါန်းအပ်သော အလှူကို ခံယူထိုက်သော ဂုဏ်တော်။

(၈) အဉ္စလိကရဏီယော = လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူထိုက်သော ဂုဏ်တော်။

(၉) အနုတ္တရံပုညက္ခေတ္တံ လောကဿ = လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ်ဖြစ်တော်မူသော ဂုဏ်တော်။

### လူနှင့်ဆက်ဆံသော ဂုဏ်တော်လေးပါး

* ဤ သံဃာ့ဂုဏ်တော် ၉—ပါးတို့တွင် ၁၊ ၂၊ ၃၊ ၄ နံပါတ် ဂုဏ်တော်လေးပါးသည် အကျင့်သီလ စင်ကြယ်စွာ၊ ကျင့်သော ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံပါသည်။

* နိဗ္ဗာန်ကို လိုလား၍၊ သုပ္ပဋိပန္န စသော ဂုဏ်တော် လေးပါးအတိုင်း ကျင့်ပါလျှင် လူပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ရဟန်းဟု ခေါ်နိုင်ပါသည်။

### အကြောင်းဂုဏ်တော် ငါးပါး

* နံပါတ် ၅၊၆၊၇၊၈၊၉၊ ဂုဏ်တော်ငါးပါးသည် အကျင့် သီလ ပြည့်စုံခြင်းဖြင့် ရရှိအပ်သော ကြောင့် အကြောင်း ဂုဏ်တော် ၅-ပါးဟု ခေါ်ပါသည်။

### မိမိအကျိုး သူတပါးအကျိုး

* နံပါတ် ၁၊၂၊၃၊၄၊ ရှိ ဂုဏ်တော်လေးပါးသည် မဂ်ဖိုလ် ရခြင်းဖြစ်သော မိမိအကျိုးနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ် ၍ မိမိအကျိုးနှင့် ပြည့်စုံသော ဂုဏ်တော်လေးပါး ဖြစ်ပါ၏။

* နံပါတ် ၅၊၆၊၇၊၈၊၉၊ ရှိသော ဂုဏ်တော်ငါးပါးသည် ပေးလှူသော ပုဂ္ဂိုလ်၏ ရည်ရွယ်ချက်အတိုင်း အကျိုးပြည့်စုံ ခြင်း၏ အကြောင်းဖြစ်၍ သူတပါး အကျိုး ပြည့်စုံသော ဂုဏ်တော်ငါးပါးဖြစ်သည်။

### ပုထုဇဉ်သံဃာ၊ အရိယာသံဃာ ဆက်ဆံပုံ

သံဃာ့ဂုဏ်တော် ကိုးပါးတို့တွင် ၁၊ ၂၊ ၃၊ ၄၊ ရှိသော ဂုဏ်တော်လေးပါးသည် ပုထုဇဉ်သံဃာ၊ အရိယာ သံဃာ

နှစ်ပါးစလုံးပင် ဆက်ဆံပါသည်။ နံပါတ် ၅၊ ၆၊ ၇၊ ၈၊ ၉ ရှိသော ဂုဏ်တော်ငါးပါးသည် ပရမတ္ထသံဃာ အရိယာတို့နှင့် ဆက်ဆံပါသည်။

*　　　*　　　*

## သံဃာဂုဏ်တော် ၉-ပါး၊ တပုဒ်စီ ရှင်းလင်းချက်

### (သုပ္ပဋိပန္န)

မေး။ ကောင်းစွာ ကျင့်တော်မူသောကြောင့် သုပ္ပဋိပန္န- ဂုဏ်တော်ဆိုရာ၌ ဘယ်ကဲ့သို့ အကျင့်မျိုးကို ကောင်းစွာကျင့်သည်ဟု ခေါ်ပါသလဲ။

ဖြေ။ ကောင်းစွာကျင့်သော အကျင့်ဆိုသည်မှာ မြတ်စွာဘုရား ဟောကြား ပညတ်တော် မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ် သုံးဖြာတွင် ပါဝင်သော တရားတော်အတိုင်း ဖြောင့်မတ်စွာ ကျင့်ခြင်းကိုကောင်းစွာကျင့်သော အကျင့်ဟု ဆိုပါသည်။ ထိုစကား ထင်ရှားအောင်ပြရလျှင် ကာမဂုဏ်တရားတို့ကို လူတို့ကဲ့သို့ ချမ်းသာစွာ ခံစား၍ ကျင့်သော အကျင့်ဆိုး အကျင့်ယုတ် တပါး၊ မိမိ ခန္ဓာကိုယ် ပင်ပန်းအောင် ဆူးပေါ် အိပ်ခြင်း၊ ရေငုတ်ခြင်း၊ မီးကင်ခြင်းစသောအမှုတို့ကိုကိလေသာခေါင်းပါးစေတတ်သော တရားဟုထင်မှတ်လျက် ကျင့်သော

အကျင့်ဆိုး အကျင့်ယုတ်တပါး ဤအယုတ်တရားနှစ်ပါးတို့ကို ပယ်ရှားစွန့်ပစ်၍ မဇ္ဈိမပဋိပဒါခေါ်သော အလတ်စားမဂ္ဂင်ရှစ်တန် တရားမှန်ကိုကျင့်ခြင်းသည် ကောင်းစွာကျင့်သော အကျင့်ဟု ခေါ်ပါသည်။

## ဥဇုပ္ပဋိပန္န

မေး။ ဖြောင့်မတ်စွာကျင့်တော်မူသောကြောင့် ဥဇုပ္ပဋိပန္န ဂုဏ်တော်ဟုဆိုရာ၌ ဘယ်ကဲ့သို့အကျင့်မျိုးကို ဖြောင့်မတ်စွာကျင့်သော အကျင့်ဟု ခေါ်ပါသလဲ။

ဖြေ။ ဖြောင့်မတ်စွာကျင့်သော အကျင့်ဆိုသည်မှာ အကြင်ရဟန်းသည် ဘုရားအဆုံးအမအတိုင်း ကျင့်သော်လည်း မိမိသတင်းထင်ရှား၍ လာဘ်လာဘပေါ်များစေရန် ကိုယ်နှုတ်စိတ်ထား ဟန်ဆောင်လှည့်စား၍ ကောက်ကျစ်စဉ်းလဲသောဥာဏ်ဖြင့် ကျင့်သော အကျင့်မျိုးမဟုတ်စေဘဲစိတ်ထားဖြူစင်စွာကျင့်ခြင်းကို ဖြောင့်မတ်စွာ ကျင့်သည်ဟုခေါ်ပါသည်။

## ဉာယပ္ပဋိပန္န

မေ။ နိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူသောကြောင့် ဉာယပ္ပဋိပန္န-ဂုဏ်တော်ဟုဆိုရာ၌ ဘယ်ကဲ့သို့အကျင့်မျိုးကို နိဗ္ဗာန်အကျိုးငှာ ကျင့်သော အကျင့်ဟု ခေါ်ပါသလဲ။

ဖြေ။ နိဗ္ဗာန်အကျိုးငှာ ကျင့်သောအကျင့်ဆိုသည်မှာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်အောင်ကျင့်သော တရားကို

နိဗ္ဗာန်အကျိုးငှာ ကျင့်သောအကျင့်ဟုခေါ်သည်။ ထိုနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သောတရားကား မဂ်ပညာ ဖိုလ်ပညာပင်ဖြစ်သည်။ ထိုမဂ် ပညာဖိုလ်ပညာခေါ် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနှစ်ပါး။ ဝိပဿနာနှစ်ပါးသည် မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဝါယမ၊ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်သုံးပါး၊ သမာဓိခေါ် သမထတရားကိုရမှသာလျှင် ဖြစ်မြောက်နိုင်ပါသည်။ ထိုသမာဓိတရားသည်လည်း သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါး၊ သီလတရားနှင့် ပြည့်စုံမှရနိုင်ပါသည်။ ထိုသို့ သီလ သမာဓိ ပညာ ကျင့်စဉ်အတိုင်း နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသောစိတ်ဖြင့် ကျင့်သောပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်အကျိုးငှာ ကျင့်သည်ဟု ခေါ်ပါသည်။

## သာမိစိပ္ပဋိပန္န

မေး။ အရိုအသေပြုထိုက်အောင် ကျင့်တော်မူသောကြောင့် သာမိစိပ္ပဋိပန္န ဂုဏ်တော်ဟုဆိုရာ၌ ဘယ်ကဲ့သို့အကျင့်မျိုးကို အရိုအသေပြုထိုက်အောင် ကျင့်သောအကျင့်ဟု ခေါ်ပါသလဲ။

ဖြေ။ အရိုအသေပြုထိုက်အောင်ကျင့်တော်မူသည်ဟုဆိုသည်မှာ ဘုရားရှင်သာသနာတော်အတွင်းသို့ ရဟန်းသာမဏေအဖြစ်သို့ ရောက်သည့်နေ့ကစ၍ ရှေးလူဖြစ်စဉ်ကအမူအရာ အပြောအဆို အနေအထိုင်မှစ၍

ဤလောကကြီးမှာ မနေထိုင်တော့ပဲ ကျင့်ဝတ်သိက္ခာ ပုဒ်ဦးလာသောအကျိုး ရဟန်းအပြော၊ ရဟန်းသွား၊ ရဟန်းစား၊ ရဟန်းလာ၊ သီလကိုလုံခြုံစွာ ကျင့်ရမည်။

ထိုအခါဘာသာဝင် တကာတကာမအပေါင်းတို့သည် ဤအရှင်ကောင်းကား မင်္ဂိုလ်ရကြောင်း အကျင့်ကိုကျင့်၏။ သီလသိက္ခာနှင့် ပြည့်စုံ၏ဟု ယုံကြည်သောအားဖြင့် လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းစသောဝတ်နိဗ္ဗတ်တို့ကို ပြုကြကုန်၏။ ထိုသို့သီလသိက္ခာလုံခြုံစွာ ကျင့်ခြင်းကို အရိုအသေပြုထိုက်အောင် ကျင့်သည်ဟုခေါ်သည်။

လောကုတ္တရာတရား ၉-ပါးနှင့် လျော်သောအကျင့်ကို ကျင့်ခြင်းသည် အရိုအသေပြုထိုက်အောင် ကျင့်ခြင်းမည်၏။

## အာဟုနေယျ

မေး။ အဝေးမှဆောင်ယူအပ်သော လှူဒါန်းဘွယ်ဝတ္ထုတို့ကို ခံယူထိုက်သောကြောင့် အာဟုနေယျဂုဏ်တော်ဟုဆိုရာ၌ ဘယ်ကဲ့သို့ခံယူထိုက်ပါသလဲ။

ဖြေ။ အရိယာသံဃာတော်အပေါင်းသည်၊ အစုံအားဖြင့် ရေတွက်ပါလျှင် လေးယောက်ရှိပါသည်။ အသီးအသီး တခုစီတခုစီ ရေတွက်ပါလျှင် ရှစ်ယောက်ဖြစ်ပါသည်။အစုံအားဖြင့် လေးယောက်ဆိုသည်မှာ–

**ပဌမတစုံ**

(၁) သောတာပတ္တိမဂ်၌တည်သော ပုဂ္ဂိုလ်တယောက်
(၂) သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်တယောက်

**ဒုတိယတစုံ**

(၃) သကဒါဂါမိမဂ်၌တည်သော ပုဂ္ဂိုလ်တယောက်
(၄) သကဒါဂါမိဖိုလ်၌ တည် သော ပုဂ္ဂိုလ်တယောက်

**တတိယတစုံ**

(၅) အနာဂါမိမဂ်၌တည်သော ပုဂ္ဂိုလ်တယောက်
(၆) အနာဂါမိဖိုလ်၌တည်သော ပုဂ္ဂိုလ်တယောက်

**စတုတ္ထတစုံ**

၇။ အရဟတ္တမဂ်၌တည်သော ပုဂ္ဂိုလ်တယောက်
၈။ အရဟတ္တဖိုလ်၌တည်သော ပုဂ္ဂိုလ်တယောက်

ဤကား အစုံအားဖြင့် လေးယောက်သော ယောကျ်ား မြတ်ပုဂ္ဂိုလ်တို့ ဖြစ်သည်။

အသီးသီးရေတွက်ပါလျှင် ရှစ်ယောက်သော ယောကျ်ား မြတ်တို့ ဖြစ်ပါသည်။

အစုံအားဖြင့် ရေတွက်ခြင်းမှာ အကြောင်းနှင့် အကျိုး ဆက်သွယ်နေပုံကို ပြရန် ရေတွက်ခြင်း ဖြစ်ပါသည်။

အသီးသီးရေတွက်ခြင်းမှာ အကြောင်းနှင့်အကျိုး မဆက် သော ရေတွက်နည်းဖြစ်ပါသည်။

မဂ် ဖြစ်ဆဲခဏ၊ ဖိုလ် ဖြစ်ဆဲဇဏကိုစွဲ၍ ပရမတ္ထသဘော အစစ်အမှန်ကို သိစေလိုသောကြောင်၊ အစုံအားဖြင့်သော်

ရင်း၊ အသီးသီး အားဖြင့်သော်ရင်း ရေတွက်ခြင်း ဖြစ်ပါသည်။

ဤသို့ အစုံအားဖြင့် လေးယောက် အသီးသီး အားဖြင့် ရှစ်ယောက်သော သံဃာတော်သည်—

အဝေးမှ ဆောင်ယူအပ်သော အလှူကိုခံယူခြင်းငှာ ထိုက်သောကြောင့် အာဟုနေယျဂုဏ်ဟုဆိုပါသည်။

အဝေးမှ ဆောင်ယူအပ်သော အလှူကို၊ အဘယ်ကြောင့် ခံထိုက်ပါသနည်းဟု မေးအံ့။ ထိုအာဟုန-ခေါ် အဝေးမှ ဆောင်ယူလှူဒါန်းအပ်သော အလှူသည် မြင့်မြတ်သော အကျိုးကို ပေးတတ်သောကြောင့် ခံယူ ထိုက် ပါသည်။ ထိုစကား ခိုင်မာစေရန်။ အဋ္ဌကထာ၌—

တဿ မဟပ္ဖလ ကရဏတော တိ အာဟုနေယျော။

တဿ-ထိုအဝေးမှ ဆောင်ခဲ့သော အလှူ၏။ မဟပ္ဖလ ကရဏတော၊ အကျိုးကြီးမြတ်သည်၏အဖြစ်ကို ပြုတတ်သောကြောင့်၊ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ၊ ယုတ္တော၊ သင့်၏၊ ဣတိ၊ ဣတိကာရဏာ ထို့ကြောင့်၊ အာဟုနေယျော၊ အာဟုနေယျ မည်၏။

## ပါဟုနေယျ

မေး။ ဧည့်သည်တို့အကျိုးငှာ ရည်ဆောင်၍ ထားအပ်သော အလှူကို ခံထိုက်သောကြောင့်၊ ပါဟုနေယျ- ဂုဏ်ဟု ဆိုရာ၌ ဘယ်ကဲ့သို့ ခံယူထိုက်ပါသလဲ။

ဖြေ။ ပါဟုနေယျဆိုသည်မှာ၊ ရှေးအခါက ကျွမ်းဘူးသော

မိတ်ဆွေ၊ သွေးသားစပ်သော ဉာတိ စသော ဧည့်သည်တို့လာလျှင် ကျွေးမွေးမည်ဟု ပြုပြင် စီမံ ချက်ပြုတ်ထားအပ်သော အလှူဝတ္ထုကို၊ ပါဟုန-ဟု ခေါ်သည်။

ထို ပါဟုန အလှူဝတ္ထုကို ဧည့်သည်တို့အား မလှူဒါန်းဘဲ သံဃာတော်အား ပေးလှူပါလျှင် ခံယူလိုက်သောကြောင့်၊ ပါဟုနေယျဂုဏ်တော်ဟု ခေါ်ပါသည်။

## ဒက္ခိဏေယျ

မေး။ တမလွန်လောကကိုရည်၍ ပေးလှူအပ်သော အလှူကို ခံထိုက်သောကြောင့်၊ ဒက္ခိဏေယျ-ဂုဏ်ဆိုရာ၌ ဘယ်ကဲ့သို့ ခံယူထိုက်ပါသလဲ။

ဖြေ။ တမလွန်လောကကိုရည်၍ ပေးလှူအပ်သော အလှူကို ခံယူထိုက်သည်ဆိုရာ၌ ကုသိုလ်ကံနှင့် ထိုကုသိုလ်ကံ၏ အကျိုးဖြစ်သော နောင်တမလွန်ဘဝ အဆက်ဆက်တို့၌ လူနတ်၊ နိဗ္ဗာန် သုံးတန်သော အကျိုးစီးပွား ခံစားလို၍ ပေးလှူအပ်သော အလှူမျိုးကို ဒက္ခိဏေယျဟု ခေါ်သည်။ ထိုအလှူကို ခံယူထိုက်သောကြောင့် ဒက္ခိဏေယျ ဂုဏ်ဟု ဆိုပါသည်။

## အဉ္ဇလိကရဏီယ

မေး။ လက်အုပ်ချီမိုး ရှိခိုးခြင်းငှာ ခံယူထိုက်သောကြောင့် အဉ္ဇလိကရဏီယ-ဂုဏ်တော်ဟု ဆိုရာ၌ အဘယ်ကဲ့သို့ ရှိခိုး ခံထိုက်ပါသလဲ။

ဖြေ။ ဤအဉ္ဇလိ ကရဏီယ-ပုဒ်၌၊ အဉ္ဇလိ၊ လက်အုပ်ချီခြင်းကို၊ ကရဏီယ၊ ပြုထိုက်၏ဟု ဆိုသည်မှာ၊ သံဃာတော်သည်—

၁။ ကောင်းစွာကျင့်ခြင်း။
၂။ ဖြောင့်မတ်စွာ ကျင့်ခြင်း။
၃။ နိဗ္ဗာန်အကျိုးငှာ ကျင့်ခြင်း။
၄။ အရိုအသေ ပြုထိုက်အောင် ကျင့်ခြင်း။

ဤဂုဏ်လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့ဖြစ်သောကြောင့် ကောင်းမှုအလိုရှိသောသူတို့၏ ရှိခိုးခြင်းငှာ ခံထိုက်ပါသည်။ ရှိခိုးတတ်သော သူမှာလည်း တကြိမ်မျှပင် ရှိခိုးရသော်လည်း ဘဝအသခြေမရေမတွက် နိုင်အောင် အကျိုးပေးစွမ်းနိုင်သောကြောင့် ရှိခိုးခြင်းကို ခံထိုက်သော အဉ္ဇလိကရဏီယ၏ ဂုဏ်တော်ဟု ခေါ်ပါသည်။

## အနုတ္တရံ ပုညက္ခေတ္တံ လောကဿ

မေး။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ ဂုဏ်ပုဒ်ကို ဖြေရှင်းပါ။

ဖြေ။ လောကဿ၊ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်း၏၊ အနုတ္တရံ၊ မြင့်မြတ်လှသော၊ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဘွယ် ဖြစ် တော် မူ သော ကြောင့် ပုညက္ခေတ္တ ဂုဏ်တော် မည်တော်မူ၏– ဟူသည်မှာ

ပေါင်းမြက် ထူပေါ၍ ကျတ်တီး ကုန်း လယ်မြေ၌ ကောင်းသော မျိုးစေ့ စိုက်သော်လည်း စပါးထွက် မတိုးသကဲ့သို့၊ သုပ္ပဋိပန္န စသော ဂုဏ်တော် ကင်း၍ အကျင့်သီလ ညံ့ဖျင်းသော ပုဂ္ဂိုလ်တို့အား များစွာ လှူဒါန်း သော်လည်း လှူဒါန်းသလောက် အကျိုး မများပါ။ ကောင်းမွန်သော မြေ၌ အနည်းငယ် စိုက်ပျိုးသော်လည်း များစွာထွက်သကဲ့သို့ သုပ္ပဋိပန္န ဂုဏ်တော်လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား အနည်းငယ်မျှ လှူဒါန်းရသော်လည်း အကျိုးများစွာ ဖြစ်ထွန်းနိုင်ပါသည်။

ခလောကဿ၊ ပုဒ်က- လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ကို ဆိုပါသည်။ အနုတ္တရံပုဒ်က မြင့်မြတ်သောဟု ဆိုပါသည်။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏ မြင့်မြတ်လှသော ကောင်းမှုမျိုးတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ် ဖြစ်သော ဂုဏ်တော်ဟုခေါ်ပါသည်။

## ဘဂဝတော သာဝကသံဃော

မေး။ သံဃာဂုဏ်တော် ၉ ပါး တပုဒ်စီ ဖြေကြား၍ ထင်ရှားစွာ သိရပေပြီ၊ သုပ္ပဋိပန္န ဂုဏ်ပုဒ်နှင့်တွဲနေသော ဘဂဝတော သာဝကသံဃောပုဒ်၌၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော- ဟူသောပုဒ်ကို ရှင်းလင်းစွာ ဖြေပါ။

ဖြေ။ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်တို့ကို၊ သာဝက၊ မြန်မာလို ဘုရားတပည့်ဟု ဆိုပါသည်။ ထိုသာဝက မဂ်ဖိုလ်မရသေးသော ပုဂ္ဂိုလ်တို့ကို ပုထုဇဉ် သာဝက။ မဂ်ရပြီးသော ပုဂ္ဂိုလ်တို့ကို အရိယာ သာဝက ဟူ၍ သာဝက နှစ်မျိုးရှိပါသည်။ သို့သော် ပုထုဇဉ် သာဝကမှာ လားရာ ဂတိလည်း မမြဲသေး၊ ဆရာလည်း မမြဲသေး၍ သာဝက အစစ်ဟု မခေါ်နိုင်ပါ။

တနည်းအားဖြင့် ခေါ်နိုင်ပုံမှာ ပုထုဇဉ်ရဟန်း သာမဏေတို့သည် မိမိတို့ စောင့်ရှောက်အပ်သော သီလအတွက် အသက်ကို မငဲ့ညှာဘဲ စောင့်ရှောက်သော (သီလဝန္တသိက္ခာကာမ) ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ သာဝကအစစ်ဟုပင် ခေါ်နိုင်ပါသည်။

လူ ပုထုဇဉ်မှာ သောတာပန်ဖြစ်ထိုက်သော အင်္ဂါလေးပါးနှင့် ပြည့်စုံပါလျှင် သာဝက ယောကျ်ား၊ သာဝိကာမိန်းမ ဟူ၍လည်းကောင်း၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမဟူ၍ လည်းကောင်း၊ သာသနာတွင်းသား၊ သာသနာတွင်းသမီးဟူ၍လည်းကောင်း ခေါ်နိုင်ပါသည်။

## သောတာပတ္တိမဂ် ရခြင်း အင်္ဂါလေးပါး

သောတာပန် မဖြစ်မီ—

၁။ သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ခြင်း

၂။ သူတော်ကောင်းတရားကို နာကြားရခြင်း
၃။ လေ့လာ သင်ကြား၊ မှတ်သားသမျှ အဓိပ္ပာယ် ပေါ်အောင် အသင့်အတင့်အားဖြင့် နှလုံးသွင်းရခြင်း။
၄။ မဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း အားလျော်စွာ ကျင့်ကြံ အားထုတ်ရခြင်း။

## သောတာပန်ဖြစ်ပြီး အင်္ဂါလေးပါး

၁။ ဗုဒ္ဓဿာဝေစ္စ ပသာဒ = ဘုရား ဂုဏ်တော်၌ ချွင်းချက်မရှိ သက်ဝင် ယုံကြည်ခြင်း။
၂။ ဓမ္မဿာဝေစ္စပသာဒ = တရား ဂုဏ်တော်၌ ချွင်းချက်မရှိ သက်ဝင်ယုံကြည်ခြင်း။
၃။ သံဃဿာဝေစ္စပသာဒ = သံဃာ့ ဂုဏ်တော်၌ ချွင်းချက်မရှိ သက်ဝင် ယုံကြည်ခြင်း။
၄။ သီလသမ္ပန္န = ငါးပါး သီလနှင့် ပြည့်စုံခြင်း။

အထက်ပါ အင်္ဂါ လေးပါးမှာ သောတာပန် မဖြစ်မီ ဖြစ်စေခြင်းငှာ အင်္ဂါ လေးပါး ဖြစ်ပြီး၊ အောက်ပါအင်္ဂါ လေးပါးမှာ သောတာပန်ဖြစ်ပြီးသော အင်္ဂါလေးပါး ဖြစ်ပါသည်။

ထိုအင်္ဂါလေးပါးတွင်–

ဗုဒ္ဓသာ မြတ်စွာဘုရား၏ ဂုဏ်တော်၌ အဝေစ္စပသာဒ သက်ဝင်ယုံကြည်ခြင်း သဒ္ဓါဆိုသည်မှာ သာမည ပါးစပ်က ရွတ်ဘတ်နေရုံမျှ သဒ္ဓါမျိုးမဟုတ်ဘဲ၊ မတုန်မလှုပ်၊ အဟုတ် သက်ဝင် ယုံကြည်သော သဒ္ဓါမျိုးကို ဆိုပါသည်။ (တရား၊ သံဃာ ဂုဏ်လည်း ထို့အတူ မှတ်ပါ)။

(သံဃ-ပုဒ်ကို ကန်တော့ခဏ်းမှာ ပြခဲ့ပြီး ကြည့်ပါ)။

မြတ်စွာဘုရား၏ တပည့်သား သာဝက သံဃာတော် အရှင်ကောင်း အရှင်မြတ်တို့ကို အလှူဒါန ပေးကမ်းလှူဒါန်း သောအခါ၌ ဖြစ်စေ၊ သံဃာတော် ဂုဏ် ကိုးပါးကို ပွားများ အောက်မေ့ ဆင်ခြင်သောအခါ၌ ဖြစ်စေ၊ ပုဂ္ဂိုလ်၏ အထည် ဒြပ် အမည် သညာကို အမှတ်မထားဘဲ ဘုရားရှင်၏ တပည့် သား သံဃာတော်များ ဟူ၍သာ စိတ်မှာ မှတ်သား ကြ ပါကုန်။

# အမှားပြင်ဆင်ချက်

| မျက်နှာ၊ | ကြောင်းရေ၊ | အမှား၊ | အမှန် |
|---|---|---|---|
| ၆၃ | ၂ | အချိန့်ကောင်း၊ | အချိန်ကောင်း |
| ၁၁၅ | ၇ | ဂုဏ်ခတော့်ပေါ်သို့၊ | ဂုဏ်တော်ပေါ်သို့ |
| ၁၀၇ | ၁၃ | ဘမာဓေဒဝ၊ | သမာဒေဝ |
| ၂၃၁ | ၁ | ပုတီး(၁၁)လုံး၊ | ပုတီး(၁၃)လုံး |
| ။ | ၁၂ | ဝိဇ္ဇာစရဏသမ္ပန္နော၊ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ။ | ၃ | သမ္မာသမ္ဗုဒ္ဓေါ၊ | သမ္မာသမ္ဗုဒ္ဓေါ |
| ၂၅၂ | ၇ | ။ | ။ |
| ၃၇၆ | ၂၂ | ယင်းတိုက်တော်၌၊ | ယင်းတိုက်တော်၌ |

# နိဂုံးချုပ်အမှာ

ယနေ့လူငယ်အများအပြား၊ ပုတီးစိပ်ကြသည်၊ ယနေ့လူငယ်များ ဘုရားကျောင်းကန်သို့ သွား၍- ဝတ်တက်ပုတီးစိပ်ကြသည်။ ယနေ့လူငယ်များတွင် ဤသို့ အများအပြားပုတီးစိပ်ကြသည်ကို တွေ့ရခြင်းအတွက်၊ ဝမ်းသာ ကြည်နူးသော ပီတိဖြစ်ရပါသည်။

ယနေ့လူငယ်သည် နောင်တခေတ်တွင် ထွန်းသစ်လာမည့်လူကြီးလောင်းလျာများဖြစ်သည်။

ယနေ့လူငယ်များသည် နောင်တခေတ်တွင် လူကြီးများလုပ်သောအခါ ဤအမွေကို ရင်မှာပိုက်၍၊ သူတို့၏ သားစဉ်မြေးဆက်များအား ပေး၍ သွားမည်သာဖြစ်သည်။ ဤအမွေသည် ကောင်းသောအမွေ၊ အမွန်မြတ်ဆုံး သောအမွေဖြစ်ပါသည်။

ထို့ကြောင့် ယနေ့လူငယ်ပုတီးသမားများကို၊ ဝမ်းသာအဲလဲစွာ ကြိုဆိုပါသည်။ လေးစားအပ်သော ပုဂ္ဂိုလ်များ အဖြစ်ကြည်ညိုပါသည်။ ထိုသို့ ကြည်ညိုသော ပီတိဖြစ်ရသည်မှာ ဘုရား၊ တရား၊ တည်းဟူသော အေးမြသည့် အရိပ်အာဝါသကြောင့်သာ ဖြစ်ပါသည်။

ပုတီးသမားတိုင်းသည်၊ ဘုရား၏ ဂုဏ်တော် တရား၏ ဂုဏ်တော်၊ သံဃာ၏ ဂုဏ်တော်များကိုချည်း ပွားများအားထုတ်ကြသည်ဖြစ်၍၊ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်း၊ ယဉ်ကျေးခြင်း၊ ရည်မွန်ခြင်းဟူသော သွင်ပြင် လက္ခဏာရပ်များသည် ရောင်ပြန်ဟပ်၍ နေမည်မှာ အလွဲပါ။

ထို့ကြောင့် ယနေ့ပုတီးသမား လူငယ်များအား ယဉ်ကျေးသိမ်မွေ့သော လူငယ်များအဖြစ် တွေ့ရမည်သာ ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မယဉ်ကျေးသူများကို ယဉ်ကျေးအောင် သွန်သင်ဆုံးမတော်မူသော မြတ်စွာဘုရား၏ ကြီးမားသော ဂုဏ်ကျေးဇူးများကြောင့်ဖြစ်ပါသည်။

ဤစာအုပ်သည် ယနေ့ပုတီးသမား လူငယ်များအတွက် အဓိက ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် 'စရဏ' ပိုင်းနှင့် 'ဝိဇ္ဇာ' ပိုင်းများကို ပိုင်းခြားစွာ ပြသထားပါသည်။ အဘတ်နိုင်ဆုံး ရှင်းလင်းထားပါသည်။

ထို့အပြင် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူး များကို ချီးကျူးဖော်လှစ်ထားပါသည်။

ဤစာအုပ်ကို ဘတ်ရှုရသောအားဖြင့် ဘုရားဆိုသော ရတနာ တရားဆိုသောရတနာ၊ သံဃာဆိုသောရတနာ

များကို တဖွားဖွားသိရှိ နားလည်လာမည် ဖြစ်ပါသည်။ ဤသို့သိရှိနားလည်လာသဖြင့် ရတနာမြတ်သုံးပါးတို့အပေါ်၌ ပို၍ အလေးအနက်ထားတတ်လာပါမည်။

ဤသို့ဆိုလျှင် စာရေးသူ၏မေတ္တာနှင့် စေတနာတို့သည် ပေါ်လွင်၍လာပေပြီ–

ဤသို့ဆိုလျှင် စာရေးသူ၏ ရည်ရွယ်ချက်သည်၊ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်လေပြီဟု ယုံကြည်မိပါသတည်း။

အရှင်—သုသုက

— — —

# ဆန္ဒမွန်

– စိတ်အကြံ ပေါက်ကြပါစေ။

– အစိဋ္ဌာန် မြောက်ကြပါစေ။

– ဗိမာန် ပေါက်ကြပါစေ။

– နိဗ္ဗာန် ရောက်ကြပါစေ။

## နှလုံးအေးတဲ့ဆေး

—ရောက်တဲ့အရပ်မှာ — ပျော်အောင်နေ

—တွေ့တဲ့လူနဲ့ — သင့်အောင်ပေါင်း

—ရှိတာလေးနဲ့ — လှအောင်ဝတ်

—ရတာလေးနဲ့ — ဝအောင်စား

—ပြုပြင်သည်က — အနိစ္စ

—မခံသာသည်က — ဒုက္ခ

—ကိုယ့်သဘောအတိုင်း မဖြစ်တာက — အနတ္တ

—ပြိုင်လာရင် အရှုံးပေး — နှလုံးအေးတဲ့ဆေး

—သွားနဲ့မခြား — သက်သတ်လွတ်စားကာ

မေတ္တာ ပွားနိုင်ကြပါစေ